
www.burmeseclassic.com



# လမင်းကို ထောင်ပေါက်မှ ကြည့်ခြင်း

- မြသန်းတင့် -

www.burmeseclassic.com

www.burmeseclassic.com

## မြသန်းတင့်

# လမင်းကိုထရံပေါက်မှကြည့်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀/ ၂၀၀၀ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၉/ ၂၀၀၀ (၁)

■

**စီစဉ်သူ**

ကိုမြင့်ထွန်း

■

**ပုံနှိပ်ခြင်း**

ပထမအကြိမ် - (နိုဝင်ဘာလ၊ ၂၀၀၀)
အုပ်ရေ - (၁၀၀၀)

■

မျက်နှာဖုံးပန်းချီ - နေမျိုးဆေး
ကာလာခွဲ - Alpha
အတွင်းဖလင် - ဇမ္ဗူအေး

■

**မျက်နှာဖုံးပုံနှိပ်**

ဒေါ်စိန်စိန် (၀၅၄၀၄) ရောင်စဉ်အော့ဖ်ဆက်
အမှတ် (၁၆၃) ၄၈လမ်း၊ ဗိုလ်တထောင်။

■

**အတွင်းပုံနှိပ်သူ**

ဒေါ်စိန်စိန် (၀၅၄၀၄) ရောင်စဉ်အော့ဖ်ဆက်
အမှတ် (၁၆၃) ၄၈လမ်း၊ ဗိုလ်တထောင် ရန်ကုန်မြို့။

■

**ထုတ်ဝေသူ**

ဒေါ်ရွှေအိမ် (၀၁၂၉၉) တိုင်းလင်းစာပေ
၆၅၊ အုပ်စု ၃/ဃ၊ အောင်သဒ္ဓါလမ်း
စော်ဘွားကြီးကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

■

**တန်ဖိုး**

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ လမင်းကိုထရံပေါက်မှကြည့်ခြင်း ၁

၂။ စာအုပ်တန်း ၁၀

၃။ တံခါးအိုတစ်ချပ်၏ ခန္ဓာဗေဒကိုခွဲစိတ်ကြည့်ခြင်း ၁၇

၄။ တပေါင်းညတစ်ည၌ ခေတ်ကိုသုံးသပ်ကြည့်ခြင်း ၂၇

၅။ မတ်တပ်ရပ်လိုက်ပြီ ၃၃

၆။ လက်ပစ်ဗုံးသေတ္တာထဲက ဂန္ထဝင်စာအုပ်များနှင့်အလှတရား ၄၀

၇။ ဝါကျင့်နေသော စာရွက်များ ၅၂

၈။ ဦးသန့်၏မြန်မာဝတ္ထုရှည်ဝေဖန်ရေး ၅၉

၉။ သခင်ကိုယ်တော်မှိုင်းနှင့်ဂန္ထလောက ၆၆

၁၀။ ခေတ်စမ်း၏ကိုယ့်ကိုကိုယ်ဝေဖန်ရေး ၇၄

၁၁။ ချိုးဖျက်၍မရသော သမိုင်းမှတ်တိုင်များ ၈၃

၁၂။ ဝတ္ထုနှင့်ဝေဖန်ရေး ၉၀

၁၃။ မြင်းကို အတင်းရေသောက်ခိုင်း၍မရနိုင် ၉၇

၁၄။ အကန်းနှင့်အမြုံ ၁၀၉

၁၅။ ဘာသာပြန်ဗေဒ ပြဿနာများ ၁၁၈

၁၆။ နှင်းမှုန်ကြားပွင့်နှင့် အယ်ဒီတာ့စားပွဲ ၁၄၀

၁၇။ မွန်းရှိုင်းနှင့်မွန်ပါနာဆေ ၁၅၂

၁၈။ မဂ္ဂဇင်းအိပ်မက်များ ၁၆၃

၁၉။ လက်ဖက်ရည်ဆိုင်ထဲမှ ဖြတ်သန်းစီးဆင်းသွားသောရေအလျဉ် ၁၆၉

၂၀။ ကြွေသွားသော ရွက်နုပွင့်သစ်များ ၁၈၁


၂၁။ သဇင်နံ့၊ နှင်းနံ့တို့သင်းပျံ့သောထွေလာခရီး ၁၈၆

၂၂။ ဆရာကြီး၏ရှားပါးစာအုပ်တစ်အုပ် ၁၉၃

၂၃။ တရုပ်ဂန္ထဝင် ဝတ္ထုကြီးသုံးပုဒ် ၂၁၁


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လမင်းကိုထရံပေါက်မှကြည့်ခြင်း

အခမ်းအနားကို တက်ရောက်လာတဲ့ စာရေးဆရာကြီးများနဲ့ စာပေမိတ်ဆွေများ ခင်ဗျား။

ဒီနေ့ ဖြူးမြို့ မိတ်ဆွေများ စာကြည့်အသင်း စာပေဆုပေးပွဲမှာ စကားပြောခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျေးဇူးတင်ပါတယ်။ ဒီနေ့ စာပေဆုပေးပွဲဟာ ထူးခြားတဲ့ လက္ခဏာနှစ်ချက်ကို ဆောင်ပါတယ်။ တစ်ချက်ကတော့ ဒီစာပေဆုဟာ စာဖတ်သူများက ပေးတဲ့ဆုဖြစ်လို့ပါပဲ။ နောက်တစ်ချက်ကတော့ ဖြူးမြို့မိတ်ဆွေများ စာကြည့်အသင်းက အမှုဆောင်လူငယ်များဟာ သူတို့မြို့မှာမလုပ်ဘဲ သူများရပ်ရွာစာရေးဆရာတွေ ရှိရာကိုလာပြီး ဆုပေးတဲ့ပွဲ ဖြစ်လို့ပါ။ သူများရပ်ရွာမှာ ကိုယ်က အိမ်သည်လုပ်ပြီး ဧည့်သည်တွေကို ဖိတ်ခေါ်ကျင်းပရတာဟာ တော်တော်စွန့်စားရတဲ့ ကိစ္စဖြစ်ပါတယ်။ တော်တော် တာဝန်ကြီးတဲ့ကိစ္စဖြစ်ပါတယ်။ တော်တော်လည်း ငွေကုန်ကြေးကျများတဲ့ ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် ဒီဆုပေးပွဲဟာ ထူးခြားတဲ့ လက္ခဏာနှစ်ချက်ရှိတယ်လို့ ကျွန်တော်ပြောခြင်း ဖြစ်ပါတယ်။

အမှန်ကတော့ ကျွန်တော်ဟာ ဒီစင်မြင့်ပေါ်ကို တက်ရောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဟောပြောစရာ အကြောင်းမရှိပါဘူး။ ဒီစင်မြင့်နေရာဟာ ကျွန်တော့်နေရာ မဟုတ်ပါဘူး။ ရှေ့တန်းမှာ ထိုင်နေကြတဲ့ ဆရာကြီးတက်တိုး၊ဆရာမကြီးဒေါ်နုယဉ်၊ ဆရာကြီးထင်လင်း၊ ဆရာကြီးတက္ကသိုလ်နေဝင်းတို့ရဲ့နေရာဖြစ်ပါတယ်။ သူတို့သာလျှင် ဒီနေရာမှာ ရပ်ပြီးပြောသင့်ပါတယ်။ ဒီပုဂ္ဂိုလ်ကြီးတွေဟာ အသက်အားဖြင့်၊ ဂုဏ်အားဖြင့်၊ ပညာအားဖြင့် ကျွန်တော်ထက်ကြီးမြင့်တဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ တကယ်တော့ ဒီနေရာဟာ သူတို့ရပ်ပြောရမယ့် နေရာဖြစ်ပါတယ်။

ဒါပေမယ့် ဆရာကြီးတွေဟာ အသက်ကလည်းကြီး၊ (အင်္ဂလိပ်တွေပြောလေ့ရှိသလို)"ရက်စက်သော တိတ်ဆိတ်မှု"ကိုလည်းဆောင်နေကြတဲ့အတွက် အသက်မကြီးတကြီးဖြစ်တဲ့ ကျွန်တော်က "ရက်စက်သော ဆူညံမှု"ကိုပြုလုပ်နေရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်ရဲ့ "ရက်စက်သော ဆူညံမှု" အတွက် ခွင့်လွှတ်ပါလို့ တောင်းပန်ချင်ပါတယ်။

ကျွန်တော် ဒီအခမ်းအနားမှာ ပြောဖို့ အချက်ငါးချက်လောက်ကို စိတ်ထဲမှာ မှတ်လာခဲ့ပါတယ်။ အဲဒါတွေကတော့ . . .

(၁) စာအုပ်ဆိုတာ ဘာလဲ၊
(၂) စာကို ဘယ်လိုဖတ်ကြမလဲ၊
(၃) ဘယ်လိုအချိန်အခါမှာ ဘယ်လိုစာတွေကို ဖတ်ကြမလဲ၊
(၄) ဘယ်အရွယ်မှာ စာဖတ်ရင် ဘယ်လိုအကျိုးသက်ရောက်မှုကို ရစေသလဲဆိုတာနဲ့
(၅) စာဖတ်ရာမှာ ဘယ်လိုသဘောထားမျိုးနဲ့ ဖတ်ရမလဲ ဆိုတဲ့အချက်များဖြစ်ပါတယ်။

ဒီအချက်တွေဟာ ကျွန်တော့်ခေါင်းထဲက၊ ကျွန်တော့်ဦးနှောက်ထဲက ထွက်လာတဲ့ အတွေးတွေ မဟုတ်ပါဘူး။ ဆရာသမား ပညာရှိနစ်ဦးက ပြောခဲ့တဲ့အဆိုအမိန့်များကို ကျွန်တော်မှတ်သားထားတဲ့ အချက်များ ဖြစ်ပါတယ်။ ဒီအချက်တွေကို ကျွန်တော်သဘောကျလွန်းလို့ စာအုပ်ထဲမှာ မှတ်သားထားပြီး မကြာခဏ ပြန်ဖတ်လေ့ရှိပါတယ်။ ကျွန်တော့်ကိုယ်ပိုင်အတွေးတွေကို ပြောတာထက် ပညာရှိများရဲ့ အဆိုအမိန့်က ပိုပြီး တန်ဖိုးရှိတဲ့အတွက် ဒီအချက်များကို ဖောက်သည်ချရခြင်းဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပညာရှိ နှစ်ဦးကတော့ ၁၉ ရာစုမှာ ပေါ်ထွန်းခဲ့တဲ့ အင်္ဂလိပ်စာပေအနုပညာဝေဖန်ရေးဆရာ၊ ပန်းချီဝေဖန်ရေးဆရာ၊ ဗိသုကာဝေဖန်ရေးဆရာ၊ စာတမ်းဆရာ ဂျွန်ရပ်စကင်း ဖြစ်ပါတယ်။ နောက်ပညာရှိတစ်ဦးကတော့ ၁၇ ရာစုနှစ်က ပေါ်ခဲ့တဲ့ တရုတ်စာဆို ကျန်းကျောက်ရဲ့အဆိုအမိန့် ဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ အဆိုအမိန့်တွေကို ပေါင်းပြီးကျွန်တော် ပြောသွားပါမယ်။

**(၁) စာအုပ်ဆိုတာ ဘာလဲ။**

ပညာရှိတစ်ယောက်၊ စာရေးဆရာတစ်ယောက်က ရိုးသားစွာနဲ့ စေတနာရှိစွာ ရေးသားထားတဲ့ စာပုဒ်ဟာ စာအုပ်တစ်အုပ်ပဲ။ စာအုပ်တွေထဲမှာ မကောင်းတာတွေ၊ အပေါ်ယံကျတာတွေ၊ ကရော်ကမည်ရေးထားတာတွေ၊ ဟန်လုပ်ရေးထားတာတွေ ပါကောင်းပါနိုင်တယ်။ ဒါပေမယ့် ကိုယ်ကမှန်ကန်စွာ ဖတ်တတ်လို့ရှိရင် အဲဒီအထဲမှာ ကောင်းမွန်တဲ့ အပိုင်းအစတွေ တွေ့လိမ့်မယ်။ အဲဒီ အပိုင်းအစတွေဟာ စာအုပ်ပဲ။

စာအုပ်အမျိုးအစား အားလုံးကို ခွဲကြည့်လိုက်ရင် နှစ်မျိုးပဲရှိတယ်။ တစ်မျိုးက ခဏလောလောဆယ် ဖတ်ရမယ့်စာအုပ်၊ ခ နာရီပိုင်းသာ ခံတဲ့ စာအုပ်ဖြစ်တယ်။ နောက်တစ်မျိုးကတော့ ရေရှည်ဖတ်ရမယ့်စာအုပ်၊ ခေတ်တိုင်း ခေတ်တိုင်း ခံတဲ့စာအုပ် ဖြစ်ပါတယ်။ နာရီပိုင်းသာခံတဲ့စာ၊ ခဏချက်ချင်းဖတ်ရမယ့်စာပေဆိုတာကတော့ ဗဟုသုတကို ပေးတဲ့စာတွေဖြစ်ပါတယ်။ သတင်းစာတို့၊ ဂျာနယ်တို့ဟာ တစ်နေ့လုံးဖတ်ရမယ့် စာတွေမဟုတ်ပါဘူး။ မနက်ပိုင်းဖတ်လိုက်ရင် ကုန်သွားတာပဲ။ ခေတ်တိုင်း ခံတဲ့ စာဆိုတာကတော့ ခံစားချက်၊ အတွေးအခေါ်ကိုလှုံ့ဆော်ပေးတဲ့ စာဖြစ်ပါတယ်။

ဒီစာအုပ် အမျိုးအစားနှစ်ခုကို ရပ်စကင်းက နောက်တစ်နည်းပြောပါသေးတယ်။ အသံကို ပွားစေတဲ့ စာအုပ်နဲ့ အသံကို ထိန်းသိမ်းထားတဲ့ စာအုပ်လို ပြောပါသေးတယ်။ အသံကို ပွားစေတဲ့ စာအုပ်ဆိုတာ လူပေါင်းများစွာကို တစ်ခါတည်း မပြောနိုင်တဲ့အတွက်၊ တစ်နေရာတည်းမှာ ပြောလို့ မရတဲ့အတွက် ကူးယူပုံနှိပ်ပြီး ပြောရတာ။ တိုင်းမဂ္ဂဇင်းတို့၊ ဘာတို့ဆိုတဲ့သတင်းမဂ္ဂဇင်းတွေဟာတစ်ချိန်တည်း၊ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



ရာတည်းမှာ ပြောလို့မဖြစ်နိုင်တဲ့အတွက် အဲဒီထဲမှာပါတဲ့ သတင်းတွေကို ပွားပြီး၊ ကူးယူပြီး ဖြန့်ဝေရတယ်။ ဒါကြောင့်မို့ အသံကို ပွားစေတဲ့ စာအုပ်လို့ ရပ်စကင်းက ခေါ်ပါတယ်။ အသံကို ထိန်းသိမ်းပေးတယ်ဆိုတဲ့ စာအုပ်ကတော့ အတွေးအခေါ်များ၊ အဆိုအမိန့်များ၊ ခံစားချက်များကို နောင်မှာ ပျောက်ကွယ်မသွားအောင် နောင်လာနောက်သားတွေ မှတ်နိုင်ဖတ်နိုင်အောင် ထိန်းသိမ်းထားတဲ့ စာအုပ်တွေပါ။

ဒီနှစ်မျိုးကိုပဲ ရပ်စကင်းက နောက်တစ်နည်း ထပ်ပြောပါသေးတယ်။ စကားပြောထားတဲ့ စာအုပ်နဲ့ စာရေးထားတဲ့ စာအုပ်လို့ သူက ခေါ်ပါတယ်။ စကားပြောထားတဲ့ စာအုပ်ဆိုတာ မနှစ်က ဒီနေရာမှာ ဘယ်လိုရာသီဥတုရှိခဲ့တယ်။ လမ်းပန်းက ဘယ်လိုရှိတယ်။ စားသောက်ဆိုင်က ဘယ်နှစ်ဆိုင်ရှိတယ်၊ ဘယ်နားမှာ ဘာဘုရားရှိတယ်ဆိုတဲ့ စာမျိုးတွေပါ။ သူတို့ အဲဒီလိုစာတွေကို ဘယ်လောက်ပဲ လှပခန့်ညားတဲ့ သားရေးဖုံးကြီးတွေနဲ့ ချုပ်ထားသည်ဖြစ်စေ၊ အဲဒီစာအုပ်ဟာ တစ်ကယ့်စာအုပ်မဟုတ်ဘူး။ ပြောပြထားတဲ့ စာအုပ်ဖြစ်တယ်။ တကယ့်စာအုပ်ကတော့ ရေးပြထားတဲ့စာအုပ်၊ ဖတ်ပြီး သိရုံရေးထားတဲ့ အရာမဟုတ်မဟုတ်ဘဲ ဖတ်ပြီးခံစားရအောင် ရေးထားတဲ့ စာအုပ်လို့ပြောတယ်။

သုတစာပေနဲ့ ရသစာပေကို ပြောတာပါပဲ။ ဒီတော့ စာအုပ်ဟာ အမျိုးအစားခွဲလိုက်ရင် နှစ်မျိုးပဲ ရှိတယ်။ တစ်မျိုးက ရေတိုခံတဲ့စာအုပ်နဲ့နောက်တစ်မျိုးက ရေရှည်ခံတဲ့စာအုပ်၊ တစ်နည်းပြောရရင် သုတစာအုပ်နဲ့ ရသစာအုပ်။ ဒါပါပဲ။

ဒီနေရာမှာ ရေတိုခံတဲ့ စာအုပ်ဟာ မကောင်းဘူး။ ရေရှည်ခံတဲ့ စာအုပ်မှ ကောင်းတယ်လို့ အဆိုးအကောင်း ပြောတာမဟုတ်ဘူး။ နှစ်မျိုးစလုံးဟာ စာကောင်းချည်းပဲ။ ဒါပေမယ့် တစ်မျိုးက ရေတိုအတွက် ဖတ်တာ။ သုတအတွက် ဖတ်တာ။ နောက် တစ်မျိုးက ရေရှည်အတွက် ဖတ်တာ၊ ရသအတွက် ဖတ်တာ၊ အဲဒါကို ပြောနေတာ။

## (၂) စာကို ဘယ်လို ဖတ်ကြမလဲ။

စာဖတ်တဲ့ လူတစ်ယောက်ဟာ ရွှေတွင်းတူးသမားတစ်ယောက်နဲ့ တူတယ်။ ကျွန်တော်အနေနဲ့ ကြည့်လိုက်ရင် လျှပ်စစ်စွမ်းအားစုတွေဟာ မြေကြီးထဲမှာရှိတဲ့ ရွှေတွေကို ဘာဖြစ်လို့ တစ်ခါတည်း တောင်ပံပ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်အသင့်ဖြစ်နေအောင် အလွယ်တကူ ပို့မပေးလိုက်သလဲ၊ ဘာဖြစ်လို့ မြေကြီးထဲမှာ ဟိုတစ်စ သည်တစ်စ ရှိနေရသလဲလို့ မချင့်မရဲ ဖြစ်ချင်စရာပဲ။ ဒီလိုဆိုရင် ကျွန်တော်တို့အတွက် ရွှေတူးရတာ မလွယ်ပေဘူးလား။ ခုတော့ ကျွန်တော်တို့မှာ တူးလိုက်ရတာ။ မြေအောက်မှာ အနက်ကြီး၊ အချိန်ကုန်ရတယ်။ လူပင်ပန်းရတယ်။ စိုးရိမ်သောကဖြစ်ရတယ်။ တစ်ခါတလေမှာ ဘာမှမရဘဲ အချည်းနှီးဖြစ်ရတယ်။

သဘာဝကြီးက ရွှေတွေကို မြေကြီးပတ်ကြားအက်တွေမှာ ဟိုတစ်စ သည်တစ်စ နည်းနည်းစီပဲ သိုမှီးထားတယ်။ ဘယ်နေရာမှာဘာရှိတယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ ပင်ပန်းကြီးစွာ ရက်ပေါင်းများစွာ တူးပေမယ့် ရွှေလေးတစ်စကို ရချင်မှ ရတာ။

ပညာရှိတွေရဲ့ အကောင်းဆုံးသော အသိဉာဏ် ပညာတွေဟာလည်း ထိုနည်းလည်းကောင်းပဲ။ ဒီတော့ စာအုပ်ကောင်းတစ်အုပ်ကို ကောက်ကိုင်ပြီး ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ကြည့်ရလိမ့်မယ်။ ငါဟာ ရွှေတူးသမားတစ်ယောက်လိုလုပ်နိုင်ပါ့မလား။ ကိုယ့်ပေါက်တူးတွေ၊ဂေါ်ပြားတွေ၊ လက်နက်ကိရိယာတွေ ကောင်းရဲ့လား။ ကျန်းမာရေးကောင်းရဲ့လား။ စိတ်ဓာတ်ကြံ့ခိုင်ရဲ့လား။ အဲဒီမေးခွန်းတွေ မေးဖို့လိုတယ်။ ဒီမေးခွန်းတွေဟာ အရေးကြီးပါတယ်။ ခင်ဗျား ခွဲချေထုထောင်းပြီး အရည်ကျိုရမယ့် ကျောက်ခဲတုံးတွေဟာ စာရေးဆရာရဲ့ စကားလုံးတွေ ဖြစ်ပါတယ်။ ခင်ဗျား သုံးရမယ့် ပေါက်တူးတွေ၊ ဂေါ်ပြားတွေဟာ ခင်ဗျားရဲ့ အလေးထားမှု၊ စိတ်အားထက်သန်မှု၊ စိတ်ရှည်မှု၊ ပညာအခံတို့ဖြစ်ပါတယ်။ ခင်ဗျားရဲ့ မီးဖိုဟာ ခင်ဗျားရဲ့ ကိုယ်ပိုင်စဉ်းစားဉာဏ်၊ ကိုယ်ပိုင်အတွေးအခေါ်ဖြစ်ပါတယ်။ ရွှေရှိမယ်လို့ ထင်ရတဲ့စာအုပ်ကို ခင်ဗျားဖတ်ပြီ။ ခင်ဗျားပညာအခံတွေနဲ့ ခင်ဗျား မျှော်လင့်ချက်ဆိုတဲ့ ပေါက်တူးတွေ၊ ဂေါ်ပြားတွေနဲ့ တူးပြီ။ အဲဒါတွေကို ခင်ဗျားကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်အတွေးအခေါ်ဆိုတဲ့ မီးဖိုပေါ်မှာ ကျိုလိုက်ပြီ။ အဲဒီအခါမှာ တစ်ချို့သော ကျောက်ခဲတွေဟာ အဖြုန်းတွေဖြစ်ပြီး၊ အချို့သော ကျောက်ခဲတွေမှာ ရွှေစတွေ ပါလာတာ ကိုတွေ့ရလိမ့်မယ်။ ဒါကြောင့် ရွှေလေးတစ်စကို လိုချင်ရင် ကိုယ့်မှာ လက်နက်ကိရိယာ ရှိရလိမ့်မယ်။ စာအုပ်တစ်အုပ်ကို ဖတ်ပြီဆိုရင် ကိုယ့်မှာ လက်နက်ကိရိယာ ရှိရလိမ့်မယ်။ စိတ်ရှည်မှုနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်အားထက်သန်မှုတို့၊ ကိုယ်ပညာအခံတို့ ဆိုပါတော့။ စကားလုံးတွေကို ထုထောင်းခွဲ ချေပြီး ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်အတွေးနဲ့ မီးပြင်းတိုက်ကျိုရလိမ့်မယ်။ စာအုပ်တစ်အုပ်ကို ဆယ်မျက်နှာလောက် ဖတ်ပြီး အဲဒီဆယ်မျက်နှာလောက်ထဲက စာလုံးတွေ တစ်လုံးချင်းရဲ့ အဓိပ္ပာယ်ကို တိတိကျကျ၊ သေသေချာချာ နားလည်ပြီဆိုရင် တစ်စုံတစ်ခုသော အတိုင်းအတာအထိ စာပေကျွမ်းကျင်သူတစ်ဦးလို့ ခေါ်နိုင်တယ်။ စာတတ်ခြင်း မတတ်ခြင်းဟာ အဲဒီစကားလုံးတွေကို တိကျစွာ နားလည်ခြင်း မလည်ခြင်းပေါ်မှာတည်တယ်။ ပညာသင်ကြားခြင်းရဲ့ ရည်ရွယ်ချက်ဟာ ရာထူးရဖို့မဟုတ်၊ အမှားနဲ့အမှန်ကို ဆုံးဖြတ်တတ်ဖို့၊ တရားမှုနဲ့ မတရားမှုကို ခွဲခြားတတ် ဖို့ ဖြစ်ပါတယ်။

ဒါဟာ စာကို ဘယ်လို ဖတ်မလဲဆိုတာနဲ့ ပတ်သက်လို့ ရပ်စကင်းက ပြောခဲ့တဲ့ စကားဖြစ်ပါတယ်။

## (၃) ဘယ်အချိန်အခါမှာ ဘယ်စာတွေကို ဖတ်ကြမလဲ။

ဒါကိုတော့ တရုတ်ပညာရှိ ကျန်းကျောက်က ဒီလိုပြောပါတယ်။ ရှေးဟောင်း ဂန္ထဝင်ကိုဖတ်ချင်ရင် ဆောင်းတွင်းမှာ ဖတ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆောင်းတွင်းမှာ စိတ်ဟာ ပျံ့လွင့်ခြင်းကင်းပြီးတည်ငြိမ်တဲ့အတွက် ဖြစ်တယ်။ သမိုင်းကို နွေရာသီမှာဖတ်ရမယ်။ ဘာဖြစ်လို့လဲဆိုရင် နွေရာသီမှာ နေ့ဟာရှည်လျားပြီး အချိန်များများရလို့ဖြစ်တယ်။ ဒဿနကို ဆောင်းဦးပေါက်မှာဖတ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆောင်းဦးပေါက်ဟာ နှစ်သက်စဖွယ် စိတ်ကူးတွေကို ပေါ်ပေါက်စေတယ်။ ခေတ်ပေါ်စာပေကို နွေဦးပေါက်မှာဖတ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ နွေဦးမှာ သဘာဝလောကကြီးဟာ အသက်ပြန်ဝင်လာလို့ဖြစ်တယ်လို့ သူကပြောတယ်။ သေသေချာချာ စဉ်းစားကြည့်ရင် ဒီအဆိုအမိန့်ဟာ တော်တော်မှတ်သားဖို့ကောင်းပါတယ်။

## (၄) စာပေဟာ ဘယ်အသက်အရွယ်ကို ဘယ်လိုအကျိုးသက်ရောက်မှု ရှိစေသလဲ။

သူက လူငယ်အရွယ်မှာ စာဖတ်ရတာဟာ လမင်းကိုထရံပေါက်ကြား၊ နံရံအက်ကြားက ချောင်းကြည့်ရတာနဲ့ တူတယ်။ လူငယ်ဆိုတော့ အတွေ့အကြုံမရင့်သန်သေးဘူး။ အတွေးအခေါ် မလေးနက်သေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့ ရိုးတိုးရိပ်တိတ်ပဲ မြင်လိုက်ရတယ်။ လူလတ်ပိုင်းအရွယ်မှာ စာဖတ်ရတာဟာ လမင်းကိုအိမ်ရှေ့တလင်းပြင်က ရပ်ကြည့်ရတာနဲ့တူတယ်။ ကိုယ့်ပတ်ဝန်းကျင်ကို မြင်နိုင်ပြီ။ လရောင်ဘယ်လောက်လင်းသလဲ။ ပတ်ဝန်းကျင်မှာ လရောင်ဖြာပုံဟာ ဘယ်လိုအနေအထား ရှိသလဲဆိုတာ အကဲခတ်ခွင့်ရပြီ။ လူကြီးပိုင်းမှာ စာဖတ်ရတော့ လမင်းကို လသာဆောင် ဝရန်တာပေါ်က တက်ကြည့်ရတာနဲ့တူတယ်ကိုယ့်နောက်မှာ အတွေ့အကြုံတွေ အများကြီးကျန်ရစ်ခဲ့ပြီ။ ပတ်ဝန်းကျင်ကို ခြုံငုံသုံးသပ်နိုင်ပြီ။

ခရီးသည်ကောင်းတစ်ယောက်ဟာ သွားလေရာရာမှာ ရှုခင်းကို မြင်တတ်တယ်။ သူ့အဖို့ စာအုပ်တွေနဲ့ သမိုင်းဟာလည်းရှုခင်းပဲ။ ဝိုင်အရက်နဲ့ ကဗျာဟာလဲရှုခင်းပဲ။ လမင်းနဲ့ပန်းပွင့်ဟာလဲ ရှုခင်းပဲ။ အလားတူပဲ စာဖတ်ကောင်းသူတစ်ယောက်ဟာလဲ သွားလေရာရာမှာ စာအုပ်ကို ပဲမြင်တယ်။ သူအဖို့ တောင်နဲ့ရေဟာစာအုပ်ပဲ။ စစ်တုရင်ခုံနဲ့ ဝိုင်အရက်ဟာလည်း စာအုပ်ပဲ။ လမင်းနဲ့ပန်းပွင့်ဟာလဲ စာအုပ်ပဲ။

**(၅)စာဖတ်ရာမှာ ဘယ်လိုသဘောထားမျိုးနဲ့ ဖတ်ရမလဲ။**

စာအုပ်တစ်အုပ်ကိုဖတ်ရာမှာ ပညာရှိတွေရဲ့အဆုံးအမကို နာခံလိုတဲ့ ဆန္ဒရှိရမယ်။ ဆရာသမားတွေရဲ့ အတွေးအခေါ်တွေထဲကို ဝင်ရောက်နိုင်အောင် ကြိုးစားရမယ်။ သူတို့နဲ့အတူနေထိုင်ပြီး သူတို့ခံစားချက်တွေကို ခွဲဝေခံစားနိုင်အောင် ကြိုးစားရမယ်။

ဒါတွေတော့ ရပ်စကင်းနဲ့ကျုန်းကျောက်တို့ရဲ့ အဆိုအမိန့်တွေ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ စာဖတ်တာအရေးကြီးပုံနဲ့ ပတ်သက်လို့ ရပ်စကင်းရဲ့ ဟောပြောချက်ထဲကစာတစ်ပုဒ်ကို ကျွန်တော်ဖတ်ပြပါမယ်။ ကောက်နုတ်ချက်က နည်းနည်းရှည်တဲ့အတွက် ကျွန်တော်အလွတ်မရပါဘူး။ ဒါကြောင့်မို့ ဖတ်ပြရတာကိုခွင့်လွှတ်ကြပါ။

ဒီစကားတွေကိုပြောခဲ့တဲ့အချိန်ဟာ ၁၉ ရာစုနှစ်ရဲ့ ဒုတိယပိုင်းကာလ ဖြစ်ပါတယ်။ အဲဒီတုန်းက အင်္ဂလန်နပိုလီယန်စစ်ပွဲတွေပြီး လို့ ကရိုင်းမီးယားစစ်ပွဲကို တိုက်နေချိန်ဖြစ်တယ်။ အာဖရိကမှာ စစ်ပွဲတွေ တိုက်နေချိန်ဖြစ်တယ်။ အရှေတိုက်မှာ အာဖဂန်စစ်ပွဲကိုတိုက်နေချိန် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မြန်မာပြည်မှာ ဒုတိယစစ်ပွဲကိုတိုက်ပြီးချိန် ဖြစ်တယ်။ အရှေ့ဖျား မှာ ဘိန်းစစ်ပွဲကို တိုက်နေချိန်ဖြစ်တယ်။ တစ်နည်းပြောရရင် ဗြိတိသျှအင်ပါယာကြီးကို ချဲ့ထွင်နေချိန်ဖြစ်ပါတယ်။

အဲဒီအချိန်မှာ ရပ်စကင်းဟာ ဒီစကားတွေကိုပြောခဲ့ခြင်းဖြစ်ပါတယ်။ သူ့စကားကို ကျွန်တော်ကောက်နုတ်ဖော်ပြပြီး ဖတ်ပြပါမယ်။ နားထောင်ကြည့်ကြပါ။

ကြီးမြတ်တဲ့လူမျိုးတစ်မျိုးဟာ ဒီစစ်ပွဲမှာဘယ်ဘက်ကမှန်သလဲ၊ ဘယ်ဘက်က မှားသလဲဆိုတာမကြည့်ဘဲ၊ ဒီစစ်ပွဲပြီးရင် ငါတို့ကုန်အရောင်းအဝယ် ဘယ်လိုနေမလဲ၊ ငါတို့ အမြတ်တွေ ဘယ်လောက်ရမလဲဆိုတာကိုပဲတွေးပြီး စစ်မြေပြင်မှာလူငယ်တွေ နေ့စဉ်နဲ့အမျှသေနေကြတာကို လက်ပိုက်ကြည့်မနေဘူး။

ကြီးမြတ်တဲ့လူမျိုးတစ်မျိုးဟာ သစ်ကြားသီးခြောက်လုံးလောက်ခိုးမိတာနဲ့ ကလေးတွေကိုထောင်ထဲမပို့ဘူး။ ကြီးမြတ်တဲ့လူမျိုးတစ်မျိုးဟာ ဆင်းရဲသားတွေရဲ့စုငွေနဲ့ ချမ်းသာနေကြတဲ့ ဘဏ်သူဌေးကြီးတွေ ခိုးဝှက်နေတာကို ဒီအတိုင်းလက်ပိုက်ကြည့်မနေဘူး။

ကြီးမြတ်တဲ့လူမျိုးတစ်မျိုးဟာ တောင်တရုတ်ပင်လယ်တစ်ဝိုက်မှာ လက်နက်အပြည့်အစုံ တပ်ဆင်ထားတဲ့ သင်္ဘောကြီးတွေနဲ့အမြောက်ကြီးတွေချိန်ပြီး သူများတိုင်းပြည်ကိုသွားပြီး ဘိန်းရောင်းနေတာကို ဒီအတိုင်း လက်ပိုက်ကြည့်မနေဘူး။

ကြီးမြတ်တဲ့လူမျိုးတစ်မျိုးဟာ ပိုက်ဆံပေးမလား၊ အသက်ပေးမလားဆိုတဲ့ လမ်းဓားပြတို့ထက် ပိုကဲပြီး ပိုက်ဆံရော၊ အသက်ရော ပေးလို့နှစ်ခုစလုံးကို တောင်းနေတဲ့ ဓားပြအကြီးစားတွေ ဓားပြတိုက် နေတာကို ဒီအတိုင်းလက်ပိုက်ကြည့်မနေဘူး။

ကျွန်တော်တို့တစ်တွေဟာ ဘာဖြစ်လို့လူတွေစာဖတ်ဖို့အကြောင်းကို ပြောနေရသလဲ။ ခုအခြေအနေမှာ ကျွန်တော်တို့လူမျိုးဟာ စာမဖတ်နိုင်ဘဲ ဖြစ်နေတယ်။ ဒီလို စိတ်ဓာတ်ပျက်ပြားနေတဲ့ လူမျိုးတစ်မျိုးဟာ စာမဖတ်ချင်ဘဲဖြစ်နေတယ်။ ဘယ်လောက်ကြီးကျယ်တဲ့ စာရေးဆရာက ရေးခဲ့တဲ့ စာပဲဖြစ်စေ စိတ်ဓာတ်ပျက်ပြားနေတဲ့ လူမျိုးတစ်မျိုးဟာ နားဝင်မှာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ခုလက်ရှိအခြေအနေမှာ ကျွန်တော်တို့အင်္ဂလိပ်လူမျိုးဟာ လေးနက်တဲ့အတွေးအခေါ်ပါတဲ့ စာတွေကိုဖတ်နိုင်မှာ မဟုတ်ဘူး။ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ ဖုံးနေတဲ့အတွက် ဘယ်အတွေးအခေါ်ကိုမှလည်း လက်ခံနိုင်မှာ မဟုတ်ဘူး။"

"လူမျိုးတစ်မျိုးဟာ စာပေကိုအထင်သေးနေရင်၊ သိပ္ပံပညာကို အထင်သေးနေရင်၊ အနုပညာကို အထင်သေးနေရင်၊ သဘာဝကို အထင်သေးနေရင်၊ မေတ္တာကရုဏာကို အထင်သေးနေရင်၊ ပိုက်ဆံနောက်ကိုသာ ငမ်းငမ်းတက်လိုက်နေရင် အဲဒီလူမျိုးဟာ ရေရှည်တည်တံ့နိုင်မှာ မဟုတ်ဘူး။"

ကျွန်တော်ပြောခဲ့တဲ့စကားတွေဟာ ရင့်သည်းတယ်လို့များထင်ကြရင် သည်းခံနားထောင်ကြပါ။

ရပ်စကင်းရဲ့ စကားပါ။ ဒါပါပဲ။ ကျေးဇူးတင်ပါတယ်။

■

**(၁၉၉၄၊ ဒီဇင်ဘာ ၅ ရက်၊ ရန်ကုန်မြို့၊ ဝိုင်အမ်စီအေခန်းမတွင် ကျင်းပသော ဖြူးမြို့မိတ်ဆွေများ စာကြည့်အသင်း စာပေဆုပေးပွဲ အခမ်းအနားတွင် ပြောသည့်စကား)**



www.burmeseclassic.com

www.burmeseclassic.com

# စာအုပ်တန်း

ကျွန်တော်သည် ခပ်လှမ်းလှမ်းမှရပ်၍ စာအုပ်တန်းကိုငေးကြည့်နေမိလေသည်။ ငယ်ငယ်တုန်းကတော့ စာအုပ်တန်းမှန်သမျှကိုရောက်သည်။ မြက်ပင်ကိုဆိတ်ဝါးသလို စာအုပ်တွေကို တစ်အုပ်ပြီးတစ်အုပ်ကောက်လှန်ပြီး မြည်းစမ်းကြည့်သည်။ ဘာရယ်လို့မဟုတ်။ ရှေ့နားကစာကို ကောက်ဖတ်လိုက်၊ အလယ်နားလောက်ကို ကောက်လှန်လိုက်၊ အမြီးပိုင်းကို ကျော်ကြည့်လိုက်၊ စိတ်မဝင်စားလျှင် ထိုစာအုပ်ကိုချပြီးနောက်တစ်အုပ်ကို ကောက်လှန်ပြန်သည်။ သည်လိုဖြင့် စာအုပ်တန်းတစ်လျှောက်တွင် တစ်ဆိုင်ပြီးတစ်ဆိုင် စာအုပ်ပုံတွေကြားထဲတွင် တစ်အုပ်ပြီးတစ်အုပ် ကောက်မြည်းကြည့်သွားသည်။ ဆိတ်တစ်ကောင်လျှောက်သွားပြီး မြက်ပင်ကလေးတစ်ဆုပ်ကို တဖြုတ်ဖြုတ်ကောက်ဝါးလိုက်၊ တဖန်တစ်နေရာသို့လျှောက်သွားပြီး မြက်တစ်ဆုပ် ကောက်ဝါးလိုက်ဖြင့် မြက်ခင်းကျယ်ကြီးတစ်ခုလုံး နေရာအနှံ့လျှောက်သွားနေသော်လည်း စား၍မဝနိုင်သလို စာအုပ်တောထဲတွင် ကျွန်တော်လျှောက်သွားခဲ့သည်။ စာအုပ်တန်းသို့ရောက်တိုင်း ကျွန်တော်သည် မြက်ခင်းပြင်ကျယ်ကြီးတွင် ဆိတ်မြက်စားသလိုမဝနိုင်၊ မတင်းတိမ်နိုင်ဘဲ စာအုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



သမျှကို ကောက်မြည်းကြည့်သည်။ မကြိုက်လျှင် နောက်တစ်အုပ်ကို ကောက်မြည်းသည်။ ကြိုက်လျှင် ဝယ်လာခဲ့သည်။

ငယ်ငယ်တုန်းကတော့ အချိန်လည်းရသည်။ မျက်စိအမြင်အား ကလည်းကောင်းသေးသည်။ ယခုတော့ ငယ်ငယ်တုန်းကလို စာအုပ်တွေ့ သမျှကို မဝါးနိုင်တော့ပြီ။ စာအုပ်တန်းကိုရောက်လျှင် စာအုပ်တွေ့သမျှ ကို လှန်ချိန်မရတော့။ မျက်စိအားကလည်း နည်းလာပြီ။ စာအုပ်ဆိုင် တန်းများတွင် ခင်းထားသော ရောင်စုံပြိုးပြက်နေသည့် စာအုပ်များကိုသာ မြင်ရသည်။ သို့ရာတွင် ခပ်လှမ်းလှမ်းမှ စာအုပ်များကိုမူ ခေါင်းစဉ် များကို ဖတ်၍ မသဲကွဲတော့။ စာအုပ်တိုင်း စာအုပ်တိုင်းကို ကပ်ကြည့်နေ ၍လည်းမဖြစ်။ ဆိုင်ရှင့်မျက်နှာကိုလည်း ကြည့်ရသေးသည်။ စာအုပ်မြင် သမျှအား ကောက်ကိုင်နေသည်ကို ကြိုက်ပုံမရ။ ထို့ကြောင့် စာအုပ် တန်းရောက်လျှင် ကျွန်တော်သည် ငယ်ငယ်တုန်းကလို စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် မမွှေးနိုင်တော့။ အဝေးမှလှမ်းကြည့်ရုံသာ တတ်နိုင် တော့သည်။ သို့ရာတွင် ခေါင်းစဉ်တွေကို သဲကွဲခြင်းမရှိ။

ကျွန်တော်တို့ငယ်ငယ်တုန်းက စာအုပ်တန်းသည် သည်လောက် လည်း စာအုပ်အမျိုးအမည်မစုံ။ သည်လောက်လည်း အရေအတွက်မ များ။ ထိုစဉ်က စာအုပ်ဆိုင်ကြီးဆို၍ ဆူးလေဘုရားလမ်းက စမတ်အင် မူကာဒမ်၊ ပန်းဆိုးတန်းက စီးတီးဘွတ်ကလပ်၊ ကုန်သည်လမ်းက သည် အက်ဂျူကေးရှင်းနယ် ဘွတ်စတောနှင့် စပတ်လမ်း(ဗိုလ်အောင်ကျော် လမ်း)က စတင်းဒတ်လစ်ထရေးချားဟောက်စ် လောက်ပဲရှိသည်။ ထို ဆိုင်ကြီးများက စာအုပ်သစ်တွေကိုတင်ကြသည်။ သို့ရာတွင် စာအုပ် သစ်တိုင်းကို ကျွန်တော်မဝယ်နိုင်။ တစ်ခါက ကျွန်တော်သည် ဆမ္မား ဆက်မွန်၏ စာအုပ်ကိုမဝယ်နိုင်သဖြင့် စမတ်အင်မူကာဒမ်သို့ နေ့စဉ် သွား၍ဖတ်သည်။ နောက်တော့ အစောင့်ကုလားကသိ၍ စာအုပ်ကိုသိမ်း ထားလိုက်သဖြင့် မဖတ်ရတော့။ ထိုစာအုပ်ကိုမေးတော့ ဝယ်သွားပြီ၊ မရှိ တော့ဟု ပြောလိုက်သည်။ အမှန်ကတော့ မဝယ်သေး။ ကျွန်တော့်ရှေ့မှာ ပင် လူတစ်ယောက် ထိုစာအုပ်ကိုလာဝယ်ရာ စားပွဲအံဆွဲထဲတွင်သိမ်းထား ရာမှ ထုတ်ရောင်းလိုက်သည်ကိုမြင်ရသည်။

နောက်တော့ စမတ်အင်မူကာဒမ်၏မြေးက ကျွန်တော့်အား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားမှန်းသိသွားကာ မဝယ်နိုင်သည့်တိုင် စာအုပ်လာဖတ်မှန်းသိလျှင် ကြည်ကြည်ဖြူဖြူခွင့်ပြုသည်။ သူ့တပည့်ကုလားများအားလည်း ကျွန်တော်စာအုပ်လာဖတ်လျှင် ဖတ်ခွင့်ပေးလိုက်ပါဟု ပြောထားသည်။

“တို့ဆိုင်က တို့အဘိုးတွေလက်ထက်ကတည်းက ဖွင့်လာတဲ့ဆိုင်။ မြန်မာပြည်ကို အင်္ဂလိပ်သိမ်းပိုက်ပြီးကတည်းကဖွင့်တာ။ တို့အဘိုးကစာအုပ် ဝါသနာပါတယ်။ ဒါကြောင့်မို့ ဒီစာအုပ်ဆိုင်ကို ဖွင့်ထားတာ။ မင်းတို့ကျောင်းသားတွေဖတ်ချင်တဲ့ စာအုပ်ရှိရင်လဲ ပြောကြ၊ ငါမှာပေးမယ်၊ ပိုက်ဆံမရှိရင်လဲ ငါ့ဆိုင်မှာလာဖတ်နိုင်တယ်” ဟုခွင့်ပေး သည်။ နောင်တွင် သူနှင့်ကျွန်တော်သည် ခင်မင်ရင်းနှီးသော မိတ်ဆွေ များဖြစ်လာခဲ့ကြလေသည်။

သူသည် တစ်ခါတစ်ခါတွင် ကျွန်တော်လိုချင်သော စာအုပ်ကို သူ့နိုင်ငံခြားငွေထဲမှထုတ်၍ မှာပေးတတ်သည်။ မှာလိုက်လျှင် ဘယ်လောက်မှမကြာ။ တစ်ပတ်အတွင်း စာအုပ်ရောက်လာသည်။ မှတ်မှတ်ရရ အင်္ဂလိပ်စာရေးဆရာ ရာဖောက်စ်ရေးသည့် ‘ဝတ္ထုနှင့်ပြည်သူ’ ဆိုသော စာအုပ်ကို သူမှာပေးသဖြင့် ကျွန်တော်ဖတ်ရခြင်း ဖြစ်သည်။ အခြားစာအုပ်တွေလည်း အများကြီး။

ကျွန်တော်သည် ထိုစာအုပ်ဆိုင်ကို ဘယ်မျှ စွဲလမ်းနေသနည်းဆိုလျှင်ထိုစာအုပ်ဆိုင် (ဆူးလေဘုရားလမ်းဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်နေရာ) ကလေးကို ယခုတိုင် အိပ်မက်ထဲတွင် မကြာခဏမြင်မက်တတ်ပါသည်။

ပန်းဆိုးတန်းရှိ စီးတီးဘွတ်ကလပ်မှာ သူ့ထက်အခင်းအကျင်းကျယ်ပြီး သူ့ထက်စာအုပ်ပိုစုံသည်။ သူ့ဆိုင်မှာ ကျောင်းသုံးစာအုပ်ပါရောင်းသဖြင့် ပိုပြီးစုံခြင်းဖြစ်သည်။ အပြင်စာအုပ်မှာမူ စမတ်အင်မူကာဒမ်လောက်စုံလင်ခြင်းမရှိ။ ကုန်သည်လမ်းရှိ သည်အက်ဂျူကေးရှင်းနယ်ဘွတ်စတောနှင့်ဗိုလ်အောင်ကျော်လမ်းရှိ စတင်းဒတ်လစ်ထရေးချားဟောက်စ်တို့မှာမူ စွယ်စုံကျမ်းကြီးများ၊ ဘာသာရပ်ဆိုင်ရာ စာအုပ်ကြီးများကို ရောင်းလေ့ရှိကြသည်။

စာအုပ်ဆိုင်ကြီးများအနီးသို့ မကပ်နိုင်သည့်အခါတွင် ကျွန်တော်သည် လမ်းဘေးစာအုပ်တန်းသို့ လျှောက်သွားနေတတ်သည်။ ဆူးလေ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလမ်း၊ မောင်ဂိုမာရီလမ်း(ဗိုလ်ချုပ်လမ်း) တစ်လျှောက်မှာ စာအုပ်ဟောင်းရောင်းသည့် ဆိုင်ကလေးတွေ အများကြီးရှိသည်။ အချို့လည်း ဆိုင်ခန်းကလေးတွေနှင့် ရောင်းကြသည်။ အချို့ကလည်း ပလက်ဖောင်းပေါ်တွင် ဇန်းကလေးခင်းပြီး ရောင်းကြသည်။ သို့ရာတွင် ယခုခေတ် စာအုပ်တန်းလို တစ်စုတစ်ဝေးတည်းမဟုတ်။ ဟိုနားတွင်တစ်ဆိုင်၊ သည်နားတွင်တစ်ဆိုင်၊ ပျောက်တိပြောက်ကျား။ ရေကျော်တစ်ဝိုက်တွင် နည်းနည်းပါးပါးရှိသည်။ ထိုမှလွန်လျှင် ဗိုလ်အောင်ကျော်လမ်းထောင့်နားတစ်ဝိုက်တွင် နှစ်ဆိုင်၊ သုံးဆိုင်။ ထိုမှလွန်လျှင် ပန်းဆိုးတန်းနားတွင် သုံးလေးဆိုင်၊ မဟာဗန္ဓုလပန်းခြံလမ်းတွင် လေးငါးဆိုင်၊ ထို့နောက် ကွန်တီနင်တယ်အောက်မှာ ခပ်စိပ်စိပ် တွေ့လာရသည်။ အနောက်ဘက်သို့ လျှောက်လာလျှင် မောင်ထော်လေးလမ်းထောင့်နားတွင် နည်းနည်းပါးပါး၊ ရွှေဘုံသာလမ်းနားတွင် နည်းနည်းပါးပါး။

ညနေတိုင်းစာအုပ်တန်းသို့ ကျွန်တော်ရောက်သွားလျှင် နဖူးပြောင်ပြောင်၊ ကတုံးဆံတောက်ပါးပါး၊ မျက်လုံးပြူးပြူး၊ အသားညိုညို ခပ်ဖိုင့်ဖိုင့်၊ အရပ်ပြတ်ပြတ် လူကြီးတစ်ယောက်ကို ကျွန်တော်အမြဲလိုလို တွေ့ရတတ်သည်။ ထီးကောက်ကြီးတစ်ချောင်းကို လက်မောင်းတွင်ချိတ်ထားပြီး စာအုပ်တစ်အုပ်နှစ်အုပ်ကို လက်တွင်အမြဲကိုင်ထားတတ်သည်။ ဆေးပြင်းလိပ်ကြီးကလည်း ဘယ်တော့မှချွတ်သည်မရှိ။ အမြဲခဲထားတတ်လေသည်။

သူသည် ကျွန်တော့်ကိုတွေ့လျှင် အမြဲပြုံး၍နှုတ်ဆက်တတ်သည်။ တစ်ခါတစ်လေတွင် ကွန်တီနင်တယ်အောက်က စာအုပ်ဆိုင်တွေရှေ့မှာတွေ့တတ်သည်။ ရွှေဘုံသာလမ်းထောင့်က ဆိုင်လေးတစ်ဆိုင်တွင် တွေ့တတ်သည်။ တစ်ခါသော် ကျွန်တော်သည် ဗိုလ်ချုပ်လမ်းနှင့် ၂၇ လမ်းထောင့်က စာအုပ်ဆိုင်ကလေးတစ်ဆိုင်တွင် ထိုင်၍ စာအုပ်တစ်အုပ်ကို ကြည့်နေသည်။ စာအုပ်ကလက်တစ်ဝါးသာသာမျှသာရှိသည့် စာအုပ်ကလေး၊ အောက်စဖို့ တက္ကသိုလ် စာအုပ်တိုက်မှထုတ်သည့် အက်ဒွင်အာနိုး၏ 'အာရှတိုက်၏အလင်းရောင်' ဆိုသည့်စာအုပ်။

စာအုပ်ဆိုင်ကလေးမှာ ကုလားကြီးတစ်ယောက်ရောင်းနေသည့် စာအုပ်ဆိုင်ဖြစ်သည်။ ပလက်ဖောင်းပေါ်တွင် အဝတ်ကလေးခင်း၍



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကလေး ဆယ့်လေးငါးအုပ်ကိုရောင်းနေသည့် ဆိုင်ကလေးဖြစ်သည်။ ကျွန်တော်က အာနိုး၏စာအုပ်ကို ဟိုလှန်သည်လှန်လုပ်နေသည်။ ဗုဒ္ဓ၏ဖြစ်တော်စဉ်ကို ကဗျာဖြင့်ဖွဲ့ထားသည့် စာအုပ်ဖြစ်သည်။

ထိုစဉ် 'ကိုရင်လေး ဘာစာအုပ်တွေများ ဖတ်နေသလဲ' ဟုမေးလိုက်သဖြင့် လှည့်ကြည့်လိုက်သောအခါတွင် ဆေးပြင်းလိပ်ကို အမြဲခဲထားတတ်သည့် ထိုလူကြီးဖြစ်နေသည်။

ကျွန်တော်က စာအုပ်အမည်ကို ပြောလိုက်သည့်အခါတွင် ထိုလူကြီးသည် အနားသို့ကပ်လာကာ ဆေးပြင်းလိပ်ကို ပါးစပ်မှ ချွတ်လိုက်ပြီး လေသံကလေးဖြင့် 'ဒီစာအုပ်က သိပ်ကောင်းတဲ့စာအုပ် ကိုရင်လေးရ။ နိမိတ်ကြီးလေးပါးကို မြင်ပြီးတောထွက်တော်မူတဲ့ညကျ တော့ . . . ယသော်ဓရာ၊ ယခု ငါသွားသော ခရီးသည် ခရီးတကာတို့အနက် အဝေးဆုံးခရီး ဖြစ်၏ . . . လို့ဆိုပြီး ယသော်ဓရာကိုနှုတ်ဆက်တဲ့အခန်းဟာ ဖတ်ရင်းကြက်သီးမွေးညင်းထလောက်တယ်' ဟုဆိုကာ အာနိုး၏ ကဗျာထဲမှ စာသားများကိုရွတ်ပြနေသည်။

ထိုလူကြီးသည် လေအေးကလေးဖြင့် အမျှင်မပြတ်ပြောနေသည်။ နားထောင်လို့ ကောင်းသည်။ ဟာသပါသည်။ တောမတ်စ်ဂရေး ၏ တမ်းချင်းများအကြောင်း၊ ဘော့စဝဲနှင့်ဂျွန်ဆင်တို့အကြောင်း၊ အော်လီ ဗာ ဂိုးလ်စမစ်အကြောင်း၊ ဓားပိန်ယိမ်းဆရာ ဦးမောင်ကြီးနှင့် တောင်လုံးပြန် ဆရာခတို့၏ ပြဇာတ်အကြောင်း၊ ပီမိုးနင်းအကြောင်း။

ထိုလူကြီးမှာ အခြားသူမဟုတ်ပါ။ ဆရာကြီး ဖေယျဖြစ်သည်။ ကျွန်တော်သည် 'မြတ်လေးရွှေဓားဗိုလ်'ဝတ္ထုများမှအစရေးအင်္ဂလိပ် ခေတ် 'ရွှေပြည်တော်' သတင်းစာထဲတွင်ပါသည့်ဖေယျ၏ဝတ္ထုတိုကလေးများနှင့် 'ယင်းတိုက်နရိုန်' စသည့်ဝတ္ထုတိုကလေးများ အလယ်၊ စာပေဆောင်းပါးများနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများအဆုံး အားလုံးလောက်ကို ဖတ်ခဲ့ဖူးပါသည်။ တစ်ခါတွင် ကျွန်တော်သည် ရန်ကုန်မြို့က စာအုပ်ဟောင်းရောင်းသည့် လမ်းဘေးစာအုပ်ဆိုင်ကလေးများအကြောင်း ရေးထားသည့် ဆောင်းပါးတိုကလေးတစ်စောင်ကို ဖတ်မိပါသည်။

သူ့ဆောင်းပါးကလေးကို ဖတ်မိသည့်အခါတွင်မှ ရန်ကုန်မြို့တွင် လမ်းဘေးစာအုပ်ဟောင်းဆိုင်ကလေးများ ပေါ်လာသည့်ကိစ္စတွင်



www.burmeseclassic.com

www.burmeseclassic.com



ဇေယျ၏ကျေးဇူးမကင်းကြောင်းကို ကျွန်တော်ပြန်စဉ်းစားမိပါသည်။ ဇေယျက စာအုပ်ရောင်းသည့် ကုလားများအား ပဲခူးကလပ်၊ ဂျင်မခါနာကလပ်၊ မေရီးမရင်းကလပ်၊ ကန်တော်ကြီးဘုတ်ကလပ် စသည့် မျက်နှာဖြူကလပ်များနှင့် မျက်နှာဖြူအိမ်များတွင် အင်္ဂလိပ်စာနယ်ဇင်းများကို ဖတ်ပြီးလျှင် လွှင့်ပစ်ထားတတ်ကြောင်း၊ ယင်းတို့ကို နောက်ဖေးတန်းလျားမှ ထမင်းချက်များ၊ ဘဏ္ဍာစိုးများနှင့်ပေါင်းပြီး ထိုစာအုပ်များကို ယူ၍ရောင်းသင့်ကြောင်းဖြင့် အကြံပေးဖူးသည်။ ဤသို့ဖြင့် ရန်ကုန်မြို့တွင် လမ်းဘေးစာအုပ်အဟောင်းဆိုင်ကလေးများ ပေါ်လာခြင်းဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။ ဇေယျသည် စာအုပ်ချစ်သူတစ်ဦးဖြစ်သည်။ နောင်ပြန်ကြားရေးဝန်ကြီးဌာန ညွှန်ကြားရေးဝန်ဖြစ်လာသည့် အခါတွင်လည်း ဇေယျသည်ထီးကောက်ကို လက်မောင်းတွင်ချိတ်ပြီး စာအုပ်တန်းကို လမ်းသလားမြဲဖြစ်ပါသည်။ ဒူးနာပြီး ကောင်းစွာလမ်းမလျှောက်နိုင်တော့မှပင် ရပ်တော့သည်။

စာအုပ်တန်းသို့ ရောက်သွားခြင်းသည် ဘုရားပွဲလူအုပ်ကြီးတစ်အုပ်ထဲသို့ ရောက်သွားသည်နှင့်တူသည်ဟု ကျွန်တော်ထင်ပါသည်။ ညစ်ပတ်နံစော်နေသောလူများ၊ ပျော်ရွှင်နေသောလူများ၊ အလစ်သုတ်ရန်စောင့်ဆိုင်းနေသောလူများ၊ မုန်းစရာကောင်းသောလူများ၊ အဖိုးတန်သောလူများ၊ တန်ဖိုးမရှိသောလူများ စသည်ဖြင့် ဘုရားပွဲတစ်ခုတွင် လူမျိုးစုံတွေ့နိုင်သကဲ့သို့ စာအုပ်တန်းတစ်ခုတွင် အဖိုးတန်သော စာအုပ်များ၊ အဖိုးမတန်သော စာအုပ်များ၊ စိတ်ညစ်ညူးဖွယ်စာအုပ်များ၊ ကြည်နူးစရာကောင်းသောစာအုပ်များ၊ အသုံးဝင်သောစာအုပ်များ၊ အသုံးမဝင်သောစာအုပ်များ၊ ကိုယ်လိုချင်သော စာအုပ်များစသည်ဖြင့် အမျိုးစုံကိုတွေ့နိုင်ပါသည်။

အင်္ဂလိပ်စာရေးဆရာ ဂရေဟမ်ဂရင်းက 'စာအုပ်ဈေး' ဆိုသောသူ၏ ရသစာတမ်းတစ်စောင်၌ 'စာအုပ်ဈေးသည်အသုံးဝင်သော အချက်အလက်အတိုအထွာများကို ကောက်ယူစုဆောင်းနိုင်သည့် နေရာဖြစ်သည်။ ဥပမာအားဖြင့်–စာအုပ်တန်း၌ 'ပတ်ဝန်းကျင်' သန့်ရှင်းရေး စာအုပ်ထုတ်ဝေရေးကုမ္ပဏီမှ ထုတ်ဝေသော 'ရေမြောင်းများ သန့်ရှင်းနည်း' စာအုပ်'၊ 'တောနယ်သို့ သွားရောက်သူများအတွက် နတ်ဗေဒင်မေးနည်း'



www.burmeseclassic.com

www.burmeseclassic.com



'ရေအောက် ကြေးနန်းကြိုး ဆက်သွယ်ခြင်း ပညာ'၊ 'ရီကာဂိုရဲဘက်ဘိုင်တို့ တွေ့ရသောပြဿနာများ' စသည့်စာအုပ်တို့ဖြစ်သည်' ဟုရေးခဲ့ဖူးပါသည်။

မှန်ပါသည်။ စာအုပ်တန်းတွင် ကျွန်တော်တို့လိုချင်သော စာအုပ်များကိုလည်းရနိုင်၍ ကျွန်တော်တို့ လုံးဝစိတ်ဝင်စားခြင်း မရှိသော သစ်တန်တွက်နည်း၊ ဆေးမြီးတို ကုထုံးကျမ်း၊ ဆပ်ပြာချက်နည်း၊ နှင်းဆီကိုင်းဆက် စိုက်ပျိုးနည်း စသည့် စာအုပ်များကိုလည်း တွေ့ရတတ်ပါသည်။

သို့ရာတွင် ကျွန်တော်တို့စိတ်မဝင်စားသော စာအုပ်ပုံများထဲ တွင် တစ်ခါတစ်ရံ ကျွန်တော်တို့ကလေးဘဝကို ပြန်၍လွမ်းစေသည့် စာအုပ်များကိုလည်း တွေ့ရတတ်ပါသည်။

တစ်လောက ကျွန်တော်သည် စာအုပ်အဟောင်းဆိုင်တစ်ဆိုင်ရှေ့တွင်ထိုင်ရင်း ကျွန်တော်ဖတ်ချင်နေသည့် စာအုပ်သုံးလေးအုပ်ကိုတွေ့သဖြင့် ဝမ်းသာသွားကာဈေးမဆစ်ဘဲ ဝယ်လာခဲ့ပါသည်။ ထိုစာအုပ်များမှာ ကျွန်တော်တို့ငယ်ငယ်က ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းနှင့် စတုတ္ထတန်းတို့တွင်သင်သည့် ဒေါင်းတံဆိပ် မြန်မာဖတ်စာများနှင့် ဦးဖေမောင်တင်၏မူလတန်း မြန်မာဖတ်စာသစ် စာအုပ်များဖြစ်ပါသည်။

စာအုပ်တန်းသို့သွားရသည်မှာ ကလေးဘဝကို ပြန်သွားရသကဲ့သို့ ပျော်စရာ၊ လွမ်းစရာ ကောင်းပါသည်။

ယခုကျွန်တော့် မျက်စိအားနည်းလာသည့်အတွက် စာအုပ်တန်းကို မှန်မှန်မသွားနိုင်တော့ပြီ။ ကျွန်တော်သည် စာအုပ်တန်းကိုအဝေးမှသာ ငေးကြည့်နေမိလေသည်။ ■

**(၁၉၈၉၊စက်တင်ဘာ၊ပွင့်ဖွယ်တော်မဂ္ဂဇင်း)**



www.burmeseclassic.com

www.burmeseclassic.com

## တံခါးအိုတစ်ချပ်၏ ခန္ဓာဗေဒကို ခွဲစိတ်ကြည့်ခြင်း

မနေ့ညက စာတစ်ပုဒ်ဖတ်ဖြစ်ပါတယ်။

အင်္ဂလိပ်စာရေးဆရာ ရောဗတ်လင်းရေးတဲ့ အက်ဆေးလေးတစ်ပုဒ်ပါ။ အက်ဆေးကိုတစ်ချို့က အက်ဆေးလို့ပဲခေါ်ပြီး တချို့ကတော့ စာတမ်း၊ ရသစာတမ်း၊ စာတမ်းငယ် စသဖြင့် အမျိုးမျိုးပြန်ဆိုကြတယ်။ ကျွန်တော်ကတော့ ရသစာတမ်းဆိုတာကို သဘောကျတယ်။ ကြီးတာငယ်တာတွေကို ထားပါတော့။

ရောဗတ်လင်းဆိုတဲ့ စာရေးဆရာက ရသစာတမ်းတွေ၊ ကဗျာတွေ အတ္ထုပ္ပတ္တိတွေကို ရေးလေ့ရှိပါတယ်။

ခေတ်သစ် အင်္ဂလိပ်စကားပြေအရေးအသားမှာ ထင်ရှားတဲ့သူတစ်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အထင်ပြောရရင်တော့ သူ့စကားပြေဟာ တော်တော်ကို ချောပါတယ်။ သူ့စကားပြေကို ဖတ်လိုက်ရတာဟာ တသွင်သွင်စီးနေတဲ့ ရေစီးထဲမှာ မျောလိုက်သွားရသလို ငြိမ့်အေးနေပါတယ်။

ကျွန်တော် ဖတ်လိုက်မိတဲ့ သူ့ရသစာတမ်းကလေးက 'မြည်နေ


www.burmeseclassic.com

www.burmeseclassic.com



သော တံခါး' တဲ့။

သူ့စာတမ်းရဲ့အဓိပ္ပါယ်က ကျွန်တော်နားလည်သလောက်ပြော ရရင် ဒီလိုပါ။

သူ့အိမ်ရှေ့ကတံခါးဟာ ဖွင့်လိုက်ပိတ်လိုက်ရင် ကျပ်နေလို့တကျွီကျွီမြည်နေတယ်။ တံခါးပတ္တာကလည်း သံချေးတက်နေပြီ။ သစ်သားတွေကလည်း ဟောင်းနွမ်းနေတော့ တချို့နေရာတွေမှာ ကျုံ့ဝင်ပြီး တချို့နေရာတွေမှာ ကားထွက်နေပြီ။ ဒါ့ကြောင့် သူ့တံခါးဟာ ဖွင့်လိုက် ပိတ်လိုက်တိုင်း တကျွီကျွီမြည်နေတယ်။ ဖွင့်ချင်ရင် ပုခုံးစောင်းနဲ့တိုက်ပြီး ဖွင့်ရတယ်။ ဒါတောင် သိပ်မပွင့်ဘူး။ တစ်ကိုယ်စာဝင်သာရုံကလေးဘဲ ဟသွားတယ်။ ပိတ်တော့လည်း ကျပ်လွန်းလို့မနည်းဆွဲပြီး ပိတ်ရတယ်။ ဒီတံခါးကိုမပြင်ဘဲထားတာ တော်တော်ကြာပြီ။

တစ်ညနေတော့ သူအိမ်ပြန်လာတယ်။ ခါတိုင်းလို တံခါးကို အားစိုက်ဖွင့်လိုက်တော့ တံခါးဟာ အသာကလေးပွင့်သွားပြီး လူတောင် အားလွန်ပြီး အထိုး လဲကျတော့မလို ဖြစ်သွားတယ်။ ခါတိုင်းကျပ်နေတဲ့ တံခါးကို ဖွင့်ကြည့်၊ ပိတ်ကြည့်တယ်။ တံခါးက အသာကလေးနဲ့ဖွင့်လို့ ပိတ်လို့ရနေတယ်။ ဘယ်လိုဖြစ်တာလဲ၊ လက်စသတ်တော့သူမရှိတုန်းမှာ လက်သမားလာပြီး သူ့တံခါးကို ပြင်ပေးသွားတာကိုး။

ဒီတင် သူ့စိတ်ထဲမှာနည်းနည်း မကျေမနပ်ဖြစ်သွားတယ်။ သူက ကျပ်နေတဲ့ တံခါးကိုမှဖွင့်လေ့ပိတ်လေ့ရှိနေတော့ အဲဒီတံခါးနဲ့ကျင့်သားရနေပြီ။ သက်သက်သာသာ၊ လွယ်လွယ်ကူကူ ဖြစ်တာကိုသိပ်ဘဝင်မကျချင်ဘူး။ အသစ်လုပ်ထားတာကို သူဘဝင်မကျချင်ဘူး။

ဒီနေရာမှာ ကျွန်တော်သူ့စာကို ဆက်မဖတ်သေးဘဲ စဉ်းစားတယ်။ နို့ နေစမ်းပါဦး။ သူ့တံခါးဟောင်းကြီး ကျပ်နေတာကို ပြင်ပေးသွားတာ မကောင်းဘူးလား။

အရင်တုန်းက ခက်ခက်ခဲခဲ ဖွင့်ရတဲ့တံခါး ချောချောမောမော ဖွင့်လို့ရသွားတာ မကောင်းဘူးလား။ ဘာဖြစ်လို့ ဘဝင်မကျချင်သလိုလို ဖြစ်ရတာလဲ။

ဒီမှာတင် သူ့အဆိုဟာ ကျွန်တော့်အဖို့စဉ်းစားစရာ ဖြစ်လာပြီ။ ဒါနဲ့ ကျွန်တော် ဆက်ဖတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက သူဒီလိုဘဝင်မကျချင်သလိုလို ဖြစ်ရတာဟာ အသစ်ကို မကြိုက်လို့ ဖြစ်ရတာများလားမသိဘူးဆိုပြီး လောကမှာ လူတန်းစား နှစ်မျိုးရှိတဲ့အကြောင်း၊ တစ်မျိုးက အသစ်ကိုကြိုက်တဲ့ လူတန်းစားဖြစ်ပြီး တစ်မျိုးက အသစ်ကို မကြိုက်တဲ့လူတန်းစားဖြစ်တဲ့ အကြောင်း၊ ကျွန်တော်တို့အားလုံးဟာ တစ်ခါတလေမှာ အသစ်ကိုကြိုက်ပြီး တစ်ခါတစ်လေမှာ အဟောင်းကိုကြိုက်တဲ့အခါရှိတတ်ကြောင်း၊ တစ်ချိန်တည်းမှာပဲ အသစ်ကိုလည်းကြိုက်၊ အဟောင်းကို ကြိုက်တာမျိုးလည်းရှိတတ်ကြောင်း စပြီးပြောတယ်။

ဒီမှာတင် သူ့အတွေးဟာ အသစ်နဲ့အဟောင်းကိစ္စကို ရောက်သွားတယ်။ ပထမတုန်းကတော့ တံခါးပျက်ကို ပြင်တဲ့အကြောင်းက စတယ်။ အသစ်ဖြစ်သွားတဲ့တံခါးကို သူမကြိုက်ချင်သလိုလိုဖြစ်တဲ့ အကြောင်းကိုပြောတယ်။ နောက်တော့အဲဒီကနေပြီး အသစ်နဲ့ အဟောင်းကိစ္စကို ရောက်သွားပြီး အဲဒီအကြောင်းကို ဆက်ပြောတော့တယ်။

ဒီစကားဆက်ကလေးဟာ တော်တော်အရေးကြီးတယ်လို့ ထင်တယ်။ ရသစာတမ်းဆိုတာ ဘယ်သို့ ဘယ်ညာစသည်ဖြင့် ပညာရှင်တွေရဲ့ အနက်ဖွင့်ဆိုချက်တွေ အမျိုးမျိုးရှိတယ်။

ဒါပေမယ့် စာကိုယ်နဲ့ကင်းပြီး သဘောတရားသက်သက်၊ အနက်ဖွင့်ဆိုချက်သက်သက်ချည်း ဖြစ်နေတော့ တစ်ခါတစ်လေမှာ ဝေဝါးနေတတ်တယ်။ မပီမပြင် ဖြစ်နေတတ်တယ်။

ဆေးကျောင်းသားကို ခန္ဓာဗေဒသင်ရင် သဘောတရားချည်းပဲ သင်လို့မရဘူး။ အရိုးစုကြီးထောင်ပြီးသင်မှပိုပြီး သဘောပေါက်တယ်။ ခုလည်း ကျွန်တော့်ရှေ့မှာ အရိုးစုတစ်ခု ရောက်နေတယ်။ ဒီအရိုးစုကို ထောက်ပြီး ဘယ်သင်းကကျောရိုး၊ ဘယ်သင်းက လက်ဖျံရိုး၊ ဘယ်သင်းက တင်ပါးဆုံရိုး၊ ဘယ်သင်းက ညှပ်ရိုး၊ ဘယ်သင်းက မေးရိုး၊ ဘယ်သင်းက ပါးရိုး စသည်ဖြင့် ခွဲခြားလို့သင်ရင်ပိုပြီး သဘောပေါက်လွယ်တယ်။

ခု စာရေးဆရာ ရှောဗတ်လင်းက ကျွန်တော့်ကို အရိုးစုတစ်စု ထောင်ပြထားသည်။

ပထမ သူတံခါးကျပ်တာကိုပြောတယ်၊ နောက် သူ့တံခါးပြင်လို့



www.burmeseclassic.com

www.burmeseclassic.com



အသစ်ဖြစ်သွားကိုပြောတယ်၊ အဲဒီလို အသစ်ဖြစ်တာကို သူဘဝင်မကျချင်တဲ့အကြောင်းပြောတယ်။ ပြီးတော့မှ အဲဒီကနေပြီး အသစ်နဲ့အဟောင်းကိစ္စကိုပြောသွားတယ်။ အသစ်ကို သူသဘောမကျချင်သလိုလို ဖြစ်တဲ့ကိစ္စကို ပြောသွားတယ်။

ရုပ်ရှင်သဘောနဲ့ ပြောရရင် 'ကပ်' ပြောင်းသွားပြီ။ 'အခန်း' ပြောင်းသွားပြီ။ တံခါးအကြောင်း မဟုတ်ဘူး။ အသစ်နဲ့အဟောင်းကိစ္စကို ရောက်သွားပြီ။

သူဟာ အသစ်တိုင်းကို မကြိုက်တာတော့ မဟုတ်ဘူး။ သမ္မတရုစဗဲ့ရဲ့ စီးပွားရေးစီမံကိန်းသစ်ကို သူကြိုက်တယ်။ ဂျေရုဆလင်မြို့သစ်ကို သူသဘောကျတယ်။ နှစ်သစ်ကို သူကြိုဆိုတယ်။ ဘဝသစ်ကို သူမျှော်မှန်းတယ်။

ဒါပေမယ့် အခါခပ်သိမ်း အသစ်ကိုကြိုက်တာတော့မဟုတ်ဘူး။ ဥပမာ သူငယ်ငယ်တုန်းကတောမှာ ဖိုခုံလောက်နဲ့ ထင်းမီးနဲ့ထမင်းချက်ရတာကို သဘောကျတယ်။ မီးသွေးဖိုတွေပေါ်လာတာကို သဘောမကျဘူး။

တံစဉ်နဲ့ ကောက်ရိတ်တဲ့နေရာမှာ ကောက်ရိတ်စက်တွေ ပေါ်လာတာကို သဘောမကျဘူး၊ မြင်းနဲ့ လယ်ထွန်တဲ့နေရာမှာ လယ်ထွန်စက်တွေပေါ်လာတာကို သဘောမကျဘူး၊ လှည်းဘီးရာဖောက်ကြီးတွေထင်နေတဲ့ တောလမ်းကလေးနေရာမှာ ပြောင်ချောနေတဲ့ ကတ္တရာလမ်းတွေ ပေါ်လာတာကိုသဘောမကျဘူး။ လမ်းပေါ်က တအီအီမြည်နေတဲ့ထင်းလှည်းသံရဲ့နေရာမှာ မော်တော်ကားစက်သံပေါ်လာတာကို သဘောမကျဘူး။

ချုပ်ပြောရရင် တချို့လူတွေဟာပြောင်းလဲမှုကို သဘောကျပြီး တချို့လူတွေဟာ ပြောင်းလဲမှုကို သဘောမကျဘူးလို့ သူကဆိုတယ်။

ဒီမှာတင် သူ့စာကိုဆက်မဖတ်သေးဘဲ ကျွန်တော်စဉ်းစားကြည့်ပြန်တယ်။ ပထမ တံခါးပြင်တာ၊ နောက် အသစ်အဟောင်းကိစ္စ၊ ခု . . ပြောင်းလဲမှု၊ ဒါမှမဟုတ် အပြောင်းအလဲကိစ္စ။ တစ်ဆင့်ပြီးတစ်ဆင့်နွယ်ပြီး ပြောသွားတယ်။ တံခါးအိုကလေးတစ်ချပ်ကို ပြင်တဲ့ကိစ္စကနေပြီး အသစ်ကိစ္စ၊ အပြောင်းအလဲကိစ္စကို နှီးနွှယ်ပြောသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အက်ဆေးလို့ခေါ်တဲ့ စာပေပုံသဏ္ဍာန်၊ ရသစာတမ်းလို့ခေါ်တဲ့ စာပေပုံသဏ္ဍာန်ကို ကျွန်တော်နည်းနည်း သဘောပေါက်သလိုလို ဖြစ်လာတယ်။

ဟုတ်ပြီ။ ဒီလိုဆိုရင် ရသစာတမ်းဆရာဟာ စကားပြေအရေးအသားမှာ ကောင်းရမယ်။ ဒါက နံပါတ်တစ်အချက်။ ရသစာတမ်းဆရာဟာ စကားပြေအရေးမကောင်းရင် ဖြစ်ကိုမဖြစ်ဘူး။ ဒါက အနည်းဆုံးလိုအပ်ချက်ပဲ။ ဒါပေမယ့် စကားပြေအရေးကောင်းရုံနဲ့ ရသစာတမ်းဆရာ မဖြစ်သေးဘူး။

အကြောင်းအရာတစ်ခုကနေပြီး အခြားအကြောင်းအရာတစ်ခုကို လိမ္မာပါးနပ်စွာ နီးနွှယ်ဆက်စပ်ပြောတတ်ရမယ်။

ခု ရောဗတ်လင်းကိုပဲကြည့်လေ။ တံခါးအိုကနေ အသစ်အဟောင်းကိစ္စ၊ အဲဒီကနေ အပြောင်းအလဲကိစ္စကို လိမ္မာပါးနပ်စွာ ရောက်အောင်ပြောသွားတယ်။

သူပါးနပ်တော့ စကားစပ်ဟာ ဘယ်လိုကနေဘယ်လိုရောက်သွားမှန်းမသိလိုက်ရဘူး။ ဒါက နံပါတ်နှစ်လိုအပ်ချက်။

ဒါပေမယ့် ဒါနဲ့လည်းမပြီးသေးဘူး။ သူဆက်စပ်ပြောသွားတဲ့နောက် အကြောင်းအရာသစ်ဟာ အတွေးတစ်ခုကို ပေးနိုင်ရမယ်။

သူက သူဟာ ဖောက်တွေထင်နေတဲ့ လှည်းလမ်းကလေးကို ကတ္တရာလမ်းထက် သဘောကျတယ်တဲ့။ တအီအီမြည်နေတဲ့ ထင်းလှည်းသံကို မော်တော်ကားသံထက် သဘောကျတယ်တဲ့။

သူပြောမှပဲ ကျွန်တော်စဉ်းစားမိတယ်။

တောမှာမွေးလာတဲ့ ကျွန်တော်ဟာ တစ်ခါတစ်ခါမှာ သူ့လိုပဲ။ တအီအီမြည်နေတဲ့ ထင်းလှည်းသံကိုလွမ်းတယ်။

ကျေးငှက်သံတွေစိုးစိုးစီစီနဲ့ သစ်ပင်တွေစိမ်းစိုနေတဲ့ကြားက မြေနီတောလမ်းကလေးကို သတိရတယ်။

အသေးစားလက်မှုကုန်ထုတ်လုပ်ရေးနေရာမှာ စက်မှုဝါဒပေါ်ပေါက်လာတာကို မကြိုက်ချင်သလိုလိုပဲ။

တောလှည်းလမ်းပေါ်က နွားချေးပုံတွေအနီးမှာ လယ်ထွန်စက်ကကျတဲ့ အင်ဂျင်ဝိုင်တွေကိုမြင်ရတာကို မနှစ်သက်သလိုလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



မြို့ပြရိပ်မှာခိုလှုံနေပေမယ့် ကျေးလက်ခံစားမှုဟာ ကျန်နေတုန်းပဲ။ ဟဲဗီးမက်တယ်တွေကို နားထောင်နေရပေမယ့် မြမြမောင်းမောင်းကို လွမ်းနေတုန်းပဲ။

ဒစ္စကိုဂီတရဲ့နရီစည်းချက်ဟာ ဆူညံပူညံမြန်ဆန်လွန်း တယ်လို့ထင်ပြီး သုံးချက်စည်းမှသာ ငြိမ့်ညောင်းပျော့ပျောင်းပြီး နားဝင်ပီယံဖြစ်တယ်လို့ ထင်နေတုန်းပဲ။

ခေတ်ပေါ်နရီစည်းချက်ဟာမြန်လွန်းပြီး ခေတ်ဟောင်းရဲ့နရီစည်းချက်ဟာ နှေးလွန်းနေတယ်။ တစ်ခါတလေမှာ ခေတ်ပေါ်ကဗျာဟာ နိမိတ်ပုံတွေနဲ့ထွေပြားဝေဝါးလွန်းပြီး ခေတ်ပေါ်မတိုင်မီကဗျာဟာလည်း ရိုးစင်းလွန်းနေတယ်။

ဒါဟာ ကျွန်တော်တို့မျိုးဆက်ရဲ့စိတ်ဓာတ် အခြေအနေပဲထင်ပါရဲ့။

၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ကမ္ဘာကြီးမှာ စက်မှုနည်းပညာတော်လှန်ရေးတွေ ပေါ်ပေါက်နေတယ်။ ဒါနဲ့အတူ လူတွေရဲ့စိတ်ဓာတ်အတွေးအခေါ်တွေဟာလည်း ပြောင်းနေတယ်။

ဒါ့ကြောင့် ကျွန်တော်တို့မျိုးဆက်ဟာ အသစ်နဲ့အဟောင်းကြားထဲမှာအသစ်ကိုကြိုက်ပြီး တစ်ခါတလေမှာလည်း အဟောင်းကိုတမ်းတနေတတ်တယ်။

ဒါဟာ ကျွန်တော်တို့တွင် မဟုတ်ပါဘူး။ အင်္ဂလန်မှာ စက်မှုတော်လှန်ရေးကြီးပြီးတော့အဲဒီတော်လှန်ရေးကြီးနောက် ပေါ်ပေါက်လာတဲ့ မျိုးဆက်ဟာလည်း ဒီလိုပဲ အသစ်နဲ့အဟောင်းကြားမှာ တွေဝေပြီး ခွဲမရ ဖြစ်နေတယ်။

တခြားကို မကြည့်ပါနဲ့။ အင်္ဂလိပ်စာရေးဆရာတွေဖြစ်တဲ့ ဒီအိတ်လော့ရင့်တို့၊ ဒီရသစာတမ်းကိုရေးတဲ့ ရောဗတ်လင်းတို့၊ အဲဗလင်ဝေါတို့၊ ဟားရိုးနီကိုလ်ဆန်တို့၊ တီအက်စ်အီလီယော့တို့ ဆိုတဲ့ စာရေးဆရာတွေဟာလည်း ဒီအတိုင်းပါပဲ။

သူတို့ဟာ အသစ်ကိုတွေ့ပေမယ့် အသစ်နဲ့အထာ မကျသေးဘူး။ အဟောင်းကို တစ်ခါတလေမှာ တမ်းတနေမိကြသေးတယ်။

ကျွန်တော်ဟာ ရောဗတ်လင်းရဲ့စာတမ်းကိုဖတ်ပြီး တွေးနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြီးတော့ သူ့စာတမ်းကို ဆက်ဖတ်တယ်။

ရောဇတ်လင်းက တောလမ်းကလေးတွေကိုလွမ်းတဲ့အကြောင်း၊ ပြောင်ချောနေတဲ့ကတ္တရာလမ်းကို သူမကြိုက်တဲ့အကြောင်းရေးထားတယ်။ ဒါပေမယ့် ပြောင်ချောနေတဲ့ကတ္တရာလမ်းကို သူမကြိုက်တာ ၊ တောလမ်းကလေးကိုသူလွမ်းတာဟာ ရိုးရိုးသားသား၊ မှန်မှန်ကန်ကန် လွမ်းတာမှဟုတ်ရဲ့လားလို့ သူ့ကိုယ်သူ မေးထားတယ်။

တောလမ်းကလေးကိုသူလွမ်းတာဟာ ရိုးရိုးသားသား၊ မှန်မှန်ကန်ကန်၊ သဘောတဖြောင့်တည်းနဲ့ လွမ်းတာမဟုတ်ဘူး။ တောလမ်းကလေးကိုလွမ်းတာဟာ ရာသီဥတုသာယာတုန်း၊ သွားလို့လာလို့ကောင်းတုန်းမှာသာ လွမ်းတာတဲ့။ မိုးတွေစိုရွဲပြီး ရွံ့ဗွက်တွေထနေတဲ့ ရာသီမျိုးမှာတော့ အဖေတို့၊ အဘိုးတို့ခေတ်က တောလမ်းကလေးကို ပြန်မသွားချင်တော့ဘူးတဲ့။ သူဟာ ခေတ်မီသူဖြစ်လာတယ်တဲ့။

ရေနွေးငွေ့နဲ့ မောင်းတဲ့မီးရထား ပေါ်လာပြီးနောက်ပိုင်းမှာ အသစ်အဆန်းတွေအများကြီး ပေါ်လာခဲ့တယ်။

ဥပမာ ငါးဖမ်းတဲ့စက်လှေတွေ ပေါ်တယ်။ သူ့စိတ်ထဲမှာ နေဝင်ရီတရော ပင်လယ်ပြင်မှာရွက်တွေ၊ လင်းယဉ်တွေ အဖွေးသားနဲ့တံငါလှေတွေမြင်ရတာကို သူသတိရတယ်။ တံငါလှေဟာ ပင်လယ်ငှက်လို ပင်လယ်နဲ့ ခွဲမရတဲ့အရာဖြစ်တယ်။ ခုတော့ အဲဒီရွက်ဖွေးဖွေး တံငါလှေတွေပျောက်သွားပြီး ငါးဖမ်းစက်လှေတွေ ပေါ်လာတယ်။ ဒါကိုသူ သဘောမကျချင်ဘူး။

အသစ်တွေနဲ့ကင်းလို့ ရသလားဆိုတော့ ကင်းလို့မရဘူး။ ဒါပေမယ့် သူ့မှာအထာမကျနိုင်ဘူး။ မော်တော်ကားနဲ့သွားရတာ အချိန်ကုန်သက်သာတယ်။ လူသက်သာတယ်။ ဒါပေမယ့် သူအထာမကျသေးဘူး။ မကောင်းဘူးလားလို့ မေးရင်ကောင်းတယ်။ ဒါပေမယ့် သူ့မှာကျင့်သားမရသေးဘူး။ အလားတူပဲ။

ဝတ်စားဆင်ယင်ပုံမှာလည်း သူ့မှာအထာမကျနိုင်ဘူး။ အပြောင်းအလဲတစ်ခုကို ချက်ချင်းမခံယူတတ်ဘူး။ သူများတွေ ဖိနပ်ရှည်ကြီးတွေချွတ်ပြီး ရှူးဖိနပ်တွေစီးကုန်ကြပြီ။ ဒါပေမယ့် သူကရှူးဖိနပ်ကို မကြိုက်သေးဘူး။ ဖိနပ်ရှည်ကြီးကို စီးနေတုန်းပဲ။ သူများတွေက



www.burmeseclassic.com

www.burmeseclassic.com



ကုတ်အင်္ကျီအပေါ်အိတ်မှာ လက်ကိုင်ပဝါလေးကိုထည့်နေကြပြီ။ သူက အတွင်းအိတ်မှာ ထည့်နေတုန်းပဲ။ သူသာမိန်းမတစ်ယောက် ဖြစ်ခဲ့ရင်သူများတွေ ဝတ်လို့စားလို့ရိုးသွားတော့မှ အဲဒီအဝတ်အစားမျိုးဟာ သူနဲ့အထာကျလိမ့်မယ်လို့ ထင်တယ်တဲ့။

ဒီလိုနဲ့ အသစ်ဟာ သူနဲ့အထာမကျပုံ၊ အပြောင်းအလဲကို သူချက်ချင်း လက်မခံတတ်ပုံတွေကိုရေးသွားပြီးနောက် အကြောင်းအရာတစ်ခုကို ဆက်ပြန်တယ်။

အဲဒါကတော့ အမျိုးသမီးတွေရဲ့စိတ်နေစိတ်ထား။ အမျိုးသမီးတွေဟာ အမျိုးသားတွေထက်အပြောင်းအလဲကို လွယ်လွယ်နဲ့လက်ခံတတ်တယ်လို့ သူထင်တယ်တဲ့။

သူတို့မှာ ဝတ်စားဆင်ယင်မှု တစ်ခုကနေတစ်ခုကို ပြောင်းရာမှာ ဘာမှအခက်အခဲ မရှိသလိုပဲ။ အမျိုးသမီးတွေ ဝတ်စားဆင်ယင်မှုပြောင်းသလို နိုင်ငံရေးအယူအဆတွေကိုလည်း မကြာခဏ ပြောင်းနေရရင် ကမ္ဘာကြီးမှာတော်လှန်ရေးနဲ့ တန်ပြန်တော်လှန်ရေးတွေ မကြာခဏ ဖြစ်နေမှာပဲလို့တောင် သူကတ်သီးကတ်သတ် တွေးလိုက်သေးတယ်။

ဒါပေမယ့် နောက်ဆုံးကျတော့ မနှစ်သက်မှုဆိုတာဟာ တွေ့ဖန်များလာရင်၊ အထာကျသွားရင်ပျောက်သွားတတ်တယ်လို့ သူကဆိုတယ်။

အထူးသဖြင့် အစွဲအလမ်းကြီးသူတွေဟာ အသစ်တစ်ခု၊ အပြောင်းအလဲတစ်ခုကို ကြိုက်ခဲတယ်။ ဒါပေမယ့် ကြာတော့လည်း အကျင့်ဖြစ်သွားပြီး၊ အထာကျသွားပြီး မနှစ်သက်မှုဟာ ပျောက်သွားတတ်တယ်လို့ သူကဆိုတယ်။ ဒါကို သူကစိတ်ဓာတ်ခိုင်တယ်လို့ ပြောရမလားမသိဘူးလို့လည်း စဉ်းစားစရာပြောထားတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ်ကြာတော့လည်း အသစ်တစ်ခုနဲ့အထာကျပြီး မနှစ်သက်တာတွေဟာပျောက်သွားတတ်တာပါပဲတဲ့။

ခုဆိုရင် သူ့ တံခါးကိုအလွယ်တကူ ဖွင့်နိုင်သွားတဲ့အတွက် သူ့စိတ်ထဲမှာ ပျော်သလိုလိုဖြစ်နေပြီလို့ သူကအဆုံးသတ်ထားတယ်။သူပြောတာ ဟုတ်သလိုလိုပဲ၊ စတီရီယိုတေးတွေပေါ်ကာစက အဲဒီသီချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကျွန်တော်နားထောင်လို့မရဘူး။ နရီမြန်လွန်းနေတယ်။ ဆူညံလွန်းနေတယ်။ ခု နားထောင်ဖန်များတော့လည်း ခြွင်းချက်အချို့မှအပ သူတို့ကို ကျွန်တော်သဘောကျချင် သလိုလိုဖြစ်လာတယ်။

အနှစ်နှစ်ဆယ်တေးတွေကို နားထောင်ရတာလေးပြီး အသက်မပါသလိုလို၊ နေးကွေးနေသလိုလို ထင်လာတယ်။

ပါတိတ်စကို ရှပ်အင်္ကျီချုပ်ဝတ်တာကို ကလက်သလိုလို ထင်ခဲ့တယ်။ ခုတော့ ပင်စင်စားဆိုရင် ပါတိတ်ရှပ်အင်္ကျီဝတ်မှ ပင်စင်စားပိုပီသတယ်လို့ စိတ်ထဲမှာအလိုလို ထင်လာတယ်။

'ထီးခေါက်နှင့်ခေါက်ထီး'ဆိုတဲ့ ကျွန်တော့် စာတစ်ပုဒ်မှာ ခေါက်ထီးကိုစကိုင်ရတာ အားမရသလိုဖြစ်ခဲ့ပေမယ့် နောက်တော့ ခေါက်ထီးကိုကိုင်ရတာ ပေ့ါပါးတယ်၊ ဝန်ကျဉ်းတယ်လို့ ထင်လာတဲ့အကြောင်း ကျွန်တော်ရေးခဲ့ဖူးတယ်။

ရောဗတ်လင်းရဲ့ရသစာတမ်းဟာ တော်တော်ကောင်းကောင်းတဲ့ ရသစာတမ်းတစ်ပုဒ်ပါပဲ။ သူ့စာတမ်းကို သရုပ်ခွဲကြည့်လိုက်တော့ ရသစာတမ်းတစ်စောင်ဟာ နံပါတ်တစ်၊ စကားပြေ ကောင်းရမယ်။ နံပါတ်နှစ်၊ ပါးနပ်လိမ္မာစွာနဲ့ အကြောင်းအရာ တစ်ခုကနေတစ်ခုကို ကူးပြောင်းဆက်စပ်သွားရမယ်။ နံပါတ်သုံး ကူးပြောင်းသွားတဲ့ အကြောင်းအရာများဟာလည်းတွေးစရာတစ်ခု၊ သို့မဟုတ် အများကို ပေးနိုင်ရမယ်။ တစ်နည်းပြောရရင် ပိုးဥကလေးတစ်ဥထဲက ပိုးချည်မျှင်ကလေးကို ဆွဲထုတ်လိုက်သလို အတွေးစများ ဖြစ်နေရမယ်။ စ၊ လယ်၊ ဆုံး သိပ်သည်းကျစ်လျစ်နေရမယ်လို့ ကျွန်တော်ထင်တယ်။

ရောဗတ်လင်းရဲ့ 'မြည်နေသောတံခါး'မှာ စစချင်း သူ့တံခါးကျပ်နေတာကလေး ချောင်သွားတာကိုပြောတယ်။ နောက်တော့ အသစ်ကို သူမကြိုက်တာ၊ အပြောင်းအလဲကို သူမကြိုက်တာပြောတယ်။ မကြိုက်ပေမယ့် အဲဒီအသစ်တွေ၊ အဲဒီအပြောင်းအလဲတွေဟာ အသုံးဝင်နေတာကို ပြောတယ်။

အမျိုးသမီးတွေဟာ အမျိုးသားတွေထက် အပြောင်းအလဲနဲ့ အသစ်ကို ပိုပြီးလက်ခံလေ့ရှိတာကို ပြောတယ်။ သူ့ ကိစ္စမှာတော့ သူဟာ အပြောင်းအလဲနဲ့အသစ်ကို ဖြည်းဖြည်းမှလက်ခံတတ်တာကိုပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ အသားကျသွားပြီး အဲဒီအပြောင်းအလဲ၊ အဲဒီအသစ်ကို နှစ်သက်လာတတ်တာကိုပြောတယ်။ နောက်ဆုံးမှာ သူ့တံခါးက လေးဖွင့်ရ၊ ပိတ်ရ လွယ်ကူသွားတာကို သူတဖြည်းဖြည်း သဘောကျလာတဲ့အကြောင်းကိုပြောပြီး နိဂုံးချုပ်တယ်။

ပြောလိုက်တာကတော့ တံခါးအိုလေး တစ်ချပ်အကြောင်းပါပဲ။ ဒါပေမယ့် အဲဒီတံခါးအိုကလေးအကြောင်းပြုပြီး တွေးစရာတွေကို အများကြီး တင်ပြထားပါတယ်။

ကျွန်တော်ဟာဒီရသစာတမ်းကို ဖတ်တာလေးငါးကြိမ် ရှိပါပြီ။ ဒါပေမယ့် ဘယ်တော့ဖတ်ဖတ်မရိုးနိုင်ဘူးလို့ ထင်နေပါတယ်။

ရသစာတမ်းတစ်ပုဒ်ရဲ့ ခန္ဓာဗေဒကို စမ်းသပ်ခွဲစိတ် ကြည့်ခြင်းပါ။ ■

**(အမှတ် ၁၀၊ ရန့်သစ်မဂ္ဂဇင်း)**



www.burmeseclassic.com

www.burmeseclassic.com

# တပေါင်းညတစ်ည၌ ခေတ်ကို သုံးသပ်ကြည့်ခြင်း

တပေါင်းညတစ်ည၌ ရေးဖော်တစ်သိုက်နှင့် စကားလက်ဆုံကျမိကြသည်။ ရေးဖော်များမှာ စာရေးဆရာ၊ ကဗျာဆရာနှင့် ဝေဖန်ရေးဆရာ၊ ဝတ္ထုတိုဆရာတို့ပါကြသည်။ ကျွန်တော်တို့သည် စပိုက်ဒါသစ်ခွခက်တွေကြားထဲက ပိတောက်ပွေးစားပွဲတွင်ထိုင်ကာ ကော်ဖီကြမ်းသောက်ရင်း စကားကောင်းနေကြသည်။ အမျိုးသမီးစာရေးဆရာမတစ်ဦး၏ ဝတ္ထုတိုတစ်ပုဒ်အကြောင်း၊ မဂ္ဂဇင်းများအကြောင်း၊ ကဗျာအကြောင်း၊ စာပေဝေဖန်ရေးအကြောင်း . . .။

နိမိတ်ပုံဝါဒ၊ သရုပ်ဖော်စာပေ၊ ဝေဖန်ရေးသဘောတရား စသည့် စကားလုံးများသည် နက်စ်ကဖီး ကော်ဖီနံ့၊ စပိုက်ဒါသစ်ခွပန်းနံ့များနှင့်အတူ တပေါင်းည၏လေထဲတွင် စီးဆင်းမျောပါနေကြသည်။

"ပေဖူးလွှာထဲမှာပါတဲ့ ဆရာရဲ့အင်တာဗျူးက ကဗျာအကြောင်းဖွင့်ဆိုသွားတာတွေကိုတော့ လူငယ်တွေ သဘောကျကြပါတယ်။ ဒါပေမယ့်ဒီနေ့ခေတ်ဟာ ကဗျာရဲ့ရွှေခေတ်လို့ ပြောတာကိုတော့ သိပ်ဘဝင်မကျကြဘူးဆရာ" ဝတ္ထုတိုရေးဆရာက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေဖူးလွှာမဂ္ဂဇင်းက ဝင်းငြိမ်းနှင့်တွေ့ဆုံမေးမြန်းခန်း၌ ယနေ့လူငယ်ကဗျာဆရာများသည် အတွေးရဲကြောင်း၊ အရေးရဲကြောင်း၊ အမြင်ရဲကြောင်း၊ သူတို့သုံးသွားသည့်နိမိတ်ပုံများသည် လတ်ဆတ်ကြောင်း၊ သူတို့အတွေးများကလည်း ဆန်းသစ်ကြောင်း၊ အကြောင်းအရာများကလည်း ကောင်းကြောင်း၊ အကြောင်းအရာ ကောင်းသည်ဟုဆိုခြင်းမှာ ပြောင်းလဲနေသောခေတ်ကြီးကို ထင်ဟပ်နိုင်ကြောင်း၊ လူထု၏ဘဝနှင့် နီးစပ်ကြောင်း၊ ယနေ့ခေတ်ကို ကဗျာ၏ရွှေခေတ်ဟု ပြောနိုင်ကြောင်းဖြင့် ကျွန်တော်ပြောခဲ့သည်။

သူပြောသည့် ဘဝင်မကျဆိုသည့်အချက်မှာ ကဗျာ၏ရွှေခေတ်ဆိုသည့် စကားလုံးဖြစ်သည်။

ရွှေခေတ်ဆိုသည်မှာ တင်စား၍ပြောလိုက်သော စကားလုံးတစ်လုံးမျှသာ။ ရိုးရိုးပြောလျှင်ကဗျာခေတ်ဟု ဆိုလိုသည့်သဘောဖြစ်သည်။ ယနေ့ခေတ်သည်ကဗျာခေတ် ဟုတ်သလား၊မဟုတ်ဘူးလား။ မဂ္ဂဇင်းများတွင် ကဗျာတွေကိုတသီးတသန့် နေရာပေးရသည့်ခေတ် ဟုတ်သလား၊ မဟုတ်ဘူးလား။ ကဗျာစပ်သူဦးရေ၊ တစ်နည်း ကဗျာဆရာဦးရေများသည့်ခေတ် ဟုတ်သလား၊ မဟုတ်ဘူးလား ဆိုသည့်အချက်သည် ပြဿနာ၏သော့ချက်ဖြစ်သည်။

သည်အချက်များဖြင့် ကျွန်တော်စံထား၍ပြောခဲ့ခြင်း ဖြစ်သည်။

ဤတွင် ခေတ်ဆိုသော စကားလုံး၏အဓိပ္ပာယ်ကို စဉ်းစားစရာဖြစ်လာသည်။ အဘိဓာန်ဆရာတို့က အတ္တဗေဒဖြင့် အနက်ဖွင့်ကြသည်။ ခေတ်ဆိုသည်မှာ တည်နေရာ၊ အပိုင်းအခြား၊ နယ်ဟု တိုက်ရိုက် အနက်ထွက်သည်။ ခေတ်ဆိုသည်မှာ ခေတ္တဟူသော ပါဠိစကားဖြစ်ပြီး မျိုးစေ့တို့ စိုက်ပျိုးရာလယ်မြေ၊ သတ္တဝါအမျိုးမျိုးတို့ဖြစ်ပွားရာလောကကြီးဟု လယ်တီဆရာတော်က သူ၏ဂမ္ဘီရကဗျာကျမ်းတွင် အနက်ဖွင့်သည်။ နောက်ဆရာတို့က ခေတ်ဆိုသည်မှာ မျက်မှောက်ကာလ၊ တစ်စုံတစ်ရာဖြစ်ပျက်၍ မပြီးသေးသောအချိန်အခါဟု ဆိုကြသည်။

'အိမ်ရှေ့မင်းဖြစ်၊ စံသည့်ခေတ်လည်း၊ အနှစ်ရှစ်သောင်း၊ လေးထောင်ပေါင်းသည့်'ဟု မဃဒေဝလင်္ကာသစ်ဆရာကဆိုသည်။ ဦးကြင်ဥက 'ငါ့ခေတ် တော်တလှဲ့၊ ကုသိုလ်ကံနဲ့မွဲချိန်မို့'ဟု ပါပဟိန် ပြဇာတ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ရေးသည်။ တည်ဆဲကာလတစ်ခုဟု အနက်ဖွင့်ကြသည်။

ဘောဂဗေဒပညာရှင်တို့က ကုန်လုပ်ရေးစနစ်များ၊ ကုန်လုပ်စွမ်းအားစုများ၊ ကုန်စည်ဖြန့်ဖြူးရေး စနစ်များ စသည့် အခြေခံစီးပွားရေးအဆောက်အအုံများ ပြောင်းလဲမှုကို ကြည့်၍ ခေတ်ကိုပိုင်းခြားကြသည်။ မြေယာကုန်လုပ်ရေးစနစ်၊ မြေယာကုန်လုပ် စွမ်းအားစုနှင့် မြေယာကုန်ဖလှယ်ရေး တို့ကိုတည်၍ ထိုခေတ်ကို မြေရှင်ပဒေသရာဇ်စနစ်ခေတ်ဟု ခေါ်ကြသည်။ စက်မှုကုန်လုပ်ရေးစနစ်များ၊ စက်မှုကုန်လုပ်စွမ်းအားစုများ ပေါ်ထွန်းလာကြသည့်အခါတွင် ထိုခေတ်ကိုအရင်းရှင်ခေတ်ဟု သတ်မှတ်ကြသည်။

လူမှုဗေဒပညာရှင်များနှင့် သမိုင်းပညာရှင်တို့ကမူ စံများ၊ တန်ဖိုးများဖြင့် ခေတ်တစ်ခေတ်ကို သတ်မှတ်ကြသည်။ တစ်ချိန်က စံအဖြစ်ထားခဲ့သောအရာသည် နောက်တစ်ချိန်တွင် စံအဖြစ်မှ လျော့ကျသွားကာ စံအဖြစ်သတ်မှတ်သော အခြားအရာတစ်ခု ပေါ်ပေါက်လာခဲ့သည်။ တစ်ချိန်က အလေးအနက်ထားခဲ့သောတန်ဖိုးတစ်ခုသည် နောက်တစ် ချိန်တွင် မှေးမှိန်သွားခဲ့သည်။ ခေတ်သည် စံများ၊ တန်ဖိုးများ အပေါ်တွင် အမှီပြုနေသည်ဟု သမိုင်းဆရာများနှင့် လူမှုဗေဒပညာရှင်များက ယူဆကြသည်။

တစ်ခါက ကျေးကျွန်အရောင်းအဝယ်လုပ်ခြင်း၊ အရွယ်မရောက်သည့် ကလေးငယ်များကို အလုပ်ကြမ်းလုပ်ခိုင်းခြင်း စသည် တို့သည် လူ့ကျင့်ဝတ်နှင့် ထိခိုက်ခြင်းမရှိသောအရာဟု ယူဆခဲ့ကြသည်။ နောက်ပိုင်းတွင် ထိုအရာများသည် လူ့ကျင့်ဝတ်ကို ထိခိုက်စေသည့်အရာ၊ လူ့ကျင့်ဝတ်နှင့် မညီသည့်အရာဟု ယူဆလာခဲ့ကြသည်။ စံများ၊ တန်ဖိုးများ ပြောင်းသွားသည့်သဘောပင်။

ထို့ကြောင့် ခေတ်ကို သတ်မှတ်ရာတွင် အခြေခံစီးပွားရေးစနစ်ကို သတ်မှတ်သည့် အစုများရှိသကဲ့သို့ တန်ဖိုးများ၊ စံများကို ကြည့်၍ သတ်မှတ်သည့်အစုများ ရှိနေခဲ့ကြသည်။ အချိန်ကာလ တစ်ခုတွင် တန်ဖိုးဟောင်းများနှင့် တန်ဖိုးသစ်များ၊ စံဟောင်းများနှင့် စံသစ်များသည် ပဋိပက္ခ ဖြစ်နေတတ်ကြသည်။ တန်ဖိုးဟောင်း၊ စံဟောင်းသည် ရှေ့တန်းရောက်နေရာမှ ရုတ်တရက် ဖယ်ပေးခြင်းမရှိ။ တန်ဖိုးသစ်များ၊



www.burmeseclassic.com

www.burmeseclassic.com



စံသစ်များကလည်း ရှေ့တန်းသို့ အတင်းတက်ရန် ကြိုးစားလာကြသည်။ စံဟောင်း တန်ဖိုးဟောင်းက လွှမ်းမိုးအနိုင်ယူသွားလျှင် တန်ဖိုးဟောင်း၊ စံဟောင်းများ၏ခေတ်သည် တည်ရှိမြဲတည်ရှိသည်။ စံသစ်များ၊ တန်ဖိုးသစ်များက လွှမ်းမိုးအနိုင်ရသွားလျှင် ခေတ်သစ်တစ်ခုသို့ ကူးပြောင်းသွားပေသည်။ စံဟောင်း၊ တန်းဖိုးဟောင်းတို့ ကျဆုံးချုပ်ငြိမ်းသွားသော အချိန်သည် စံသစ်၊ တန်ဖိုးသစ်တို့ မွေးဖွားလာသောအချိန်ဖြစ်သည်။

မြန်မာလူမှုအဆောက်အအုံတွင် တစ်ခါကပွဲစားကြီးများ၊ ကုန်သည်ကြီးများသည် လွှမ်းမိုးတွင်ကျယ်ခဲ့ကြသည်။ ထိုအချက်ကို ဝတ္ထုများထဲမှာပင် တွေ့နိုင်သည်။ ဦးလတ်၏ 'ရွှေပြည်စိုး' ဝတ္ထုထဲမှ ဇာတ်လိုက် မောင်သောင်းဖေ၏ဖခင်သည် လမ်းမတော်မှ ပွဲစားကြီး ဦးရာကျော် ဖြစ်သည်။ သားကိုဘိလပ်သို့လွှတ်၍ ပညာသင်နိုင်သည် အထိ သူတို့တွင်ကျယ်ကြသည်။ ပီမိုးနင်းက 'ပွဲစားကြီး ဂရာရွှတ်ကို မြာချွတ်ခန်း' ဝတ္ထု ရေးခဲ့သည်။ မြန်မာ့နိုင်ငံရေးတွင် ခေါင်းဆောင်ခဲ့သော တူသာသင်းအဖွဲ့တွင် ဦးဘတူ၊ ဦးဖိုးသာ၊ ဦးသင်းမောင် စသူများသည် မြေရှင်ကြီးများ၊ ကုန်သည် ပွဲစားကြီးများ ဖြစ်ခဲ့ကြသည်။ ထိုနောက်တွင် ဘိလပ်ပြန်ဝတ်လုံတော်များ ခေတ်စားလာခဲ့သည်။ သူတို့နောက်တွင် အိုင်စီအက်စ်များ ခေတ်စားလာခဲ့ပြန်သည်။ ဤသည်မှာ တန်ဖိုးများပြောင်းလာသည့် သဘောပင်ဖြစ်လေသည်။

ခေတ်တစ်ခေတ်တွင် တန်ဖိုးများ၊ စံများသည် ယှဉ်တွဲတည်ရှိနေကြသည့်တိုင် တန်ဖိုးတစ်ခု၊ စံတစ်ခုသည် ရှေ့တန်းသို့ရောက်လာသည့် အခါတွင် ထိုတန်ဖိုး၊ ထိုစံကိုအစွဲပြု၍ ခေတ်ကို အမည်တတ်ကြရိုးထုံးစံရှိသည်။

အမျိုးသမီးတို့၏အပြင်အဆင်တွင် ဘီးဆံပတ်တွေ ခေတ်စားသည့်ခေတ်က ထိုခေတ်ကို ဘီးဆံပတ်ခေတ်၊ ကျစ်ဆံမြီးတွေ ခေတ်စားသည့်ခေတ်ကို ကျစ်ဆံမြီးခေတ်၊ အမောက်တွေ ခေတ်စားသည့်ခေတ်ကို အမောက်ခေတ်။ ပိုနီတေးခေတ်စားသည့်ခေတ်ကို ပိုနီတေးခေတ်။ ဆံတို ဂုတ်ဝဲတွေ ခေတ်စားသည့်ခေတ်။ ဝတ်စားဆင်ယင်မှုတွင် အင်္ကျီပါး ခေတ်။ ထိုခေတ်အကြောင်းကို မဟာဆွေက 'အင်္ကျီပါး' ဆိုသည့် ဝတ္ထု ရှည်ကြီး တစ်ပုဒ်ရေးခဲ့သည်။ ပင်နီချောနှင့် ယောထမီခေတ်။ လက်ပွ



www.burmeseclassic.com

www.burmeseclassic.com



ခေတ်။ လက်ပြတ်ခေတ်။ လက်တိုခေတ်။ လက်စကခေတ် စသည်ဖြင့် ဝတ်စားဆင်ယင်မှုတန်ဖိုးများ ပြောင်းသွားသည်ကိုလိုက်၍ ခေတ်ကို သတ်မှတ် ခေါ်ဝေါ်ကြသည်။

စာပေတွင်လည်း ထို့အတူပင် ဖြစ်သည်။ ရွှေတောင်ဆရာလွမ်းတို့၊ တောင်လုံးပြန် ဆရာခတို့၊ ဆင်ဖြူကျွန်းဆရာသင်တို့၊ ဒါးပိန်ယိမ်းဆရာဦးမောင်ကြီးတို့ခေတ်ကို ပြဇာတ်ခေတ်ဟုခေါ်သည်။ ထို ခေတ်တွင် ပြဇာ အလွမ်းမိုးဆုံးသော စာပေပုံသဏ္ဍာန် ဖြစ်သည့် ပြဇာတ်စာပေကို အစွဲပြု၍ ပြဇာတ်စာပေခေတ်ဟုခေါ်ကြခြင်း ဖြစ်ဟန်တူသည်။ ထိုနောက် နှစ်ပဲတန်ဝတ္ထုကလေးများ ခေတ်စားလာခဲ့ကြသည်။ ထိုခေတ်ကို စာအုပ်တိုက်ကိုအစွဲပြု၍ ရွှင်ပျော်ပျော်ခေတ်ဟု ခေါ်ကြသည်။ ထိုနောက် လေးပဲတန် ဝတ္ထုခေတ်။ ထိုနောက် ခေတ်စမ်းခေတ်။ နဂါးနီခေတ်။

တန်ဖိုးတွေစံတွေ ပြောင်းသည်နှင့်အမျှ ခေတ်တွေလည်းပြောင်းသွားခဲ့ကြသည်။

ခေတ်စမ်းပြီးသည့်နောက်တွင် ကဗျာသည် မှေးမှိန်သွားခဲ့သည်။ စကားပြေက လွှမ်းမိုးသွားသည်။ ပေါ်ထွက်လာသော ကဗျာများမှာလည်း ဆန်းသစ်မှုမရှိလှ။ ကဗျာသည်နောက်ကျ၍ ကျန်ရစ်ခဲ့သည်။ စကားပြေက ရှေ့သို့ရောက်နေသည်။

ဤသည်မှာ ၁၉၇၀ ပိုင်း တစ်ဝက်လောက်အထိ ဖြစ်သည်ဟုဆိုသင့်သည်။ ထို့နောက်ပိုင်းတွင်ကား မြန်မာကဗျာသည် အရေအတွက်ရော၊ အရည်အချင်းပါအများကြီး ပြောင်းသွားလေသည်။ ပုံသဏ္ဍာန်တွင် လွတ်လပ်မှုကို ရှာဖွေလာခဲ့ကြသည်။ အကြောင်းအရာတွင် ခေတ်ပြိုင်ဝေဒနာပီပြင်စွာ ဖော်ပြနိုင်အောင် ကြိုးစားလာကြသည်။ ကဗျာစပ်သူများမှာ အများအားဖြင့် လူငယ်များဖြစ်ကြပြီး အရေအတွက်မှာလည်းများပြားလာသည်။ တစ်ချို့တစ်လေ မဂ္ဂဇင်းများတွင် ဖော်ပြနေသောကဗျာများ၊ မဂ္ဂဇင်းတိုက်များသို့ ရောက်လာသောကဗျာများကို ကြည့်လျှင်ထိုအချက်ကိုသိနိုင်ပေသည်။ ယခင်ကကဗျာသည် မဂ္ဂဇင်းတွင် စာဖြည့်သဘောလောက်သာပါလာရာမှ သူ့ကိုသီးသန့်နေရာပေးကာ ရုပ်ပုံတွေဝေဝေဆာဆာဖြင့်ဖော်ပြလာကြသည်။ ကဗျာပရိသတ်ကလည်း နှစ်နှစ်ခြိုက်ခြိုက် ဖတ်ကြသည်။ ကဗျာစာအုပ်တွေ ထုတ်ဝေလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ပြီးခေတ်၌ ကဗျာ၏အင်အားသည် သည်မျှလောက်တစ်ခါမျှ ထုထည်မကြီးခဲ့ဟုပင် ဆိုနိုင်ပေသည်။

ဤသဘောကိုရည်ရွယ်၍ ကဗျာ၏ရွှေခေတ်ဟု ကျွန်တော်ဆိုခဲ့ခြင်း ဖြစ်ပေသည်။ သို့ရာတွင် တန်ဖိုးသစ်တစ်ခု၊ စံသစ်တစ်ခုသည် အလွယ်တကူဖြင့် ပေါ်ထွက်လာခဲ့ခြင်းမဟုတ်ပေ။ တန်ဖိုးဟောင်း၊ စံဟောင်းတို့၏ခုခံမှုကြားမှ လူးလွန့်တိုးထွက်လာခဲ့ရခြင်း ဖြစ်လေသည်။

အားပြိုင်နေသောတန်ဖိုးများထဲမှ တန်ဖိုးတစ်ခုသည် ရှေ့တန်းသို့တိုးထွက်ကာလွှမ်းမိုးထားသည်နှင့် ထိုတန်ဖိုးသည် ခေတ်၏သင်္ကေတ ဖြစ်သွားခဲ့သည်သာ ဖြစ်လေသည်။

ကျွန်တော်တို့သည် စပိုက်ဒါသစ်ခွပင်များကြားတွင် ထိုင်ရင်း ခေတ်ဆိုသော စကားလုံး၏အနက်ကို ကြိုးစားရှာဖွေနေကြလေသည်။ ကျွန်တော်တို့သောက်နေသည့် ကော်ဖီဆိုင်ကလေးသည် တစ်ခါက အိမ်ကြီးရှင်တစ်ဦး၏ ပန်းဥယျာဉ်ကြီးဖြစ်၏။ ယခုမူ အိမ်ကြီးရှင်များက ဆိုင်ဖွင့်သည့်ခေတ်ဖြစ်သဖြင့် ထိုနေရာတွင် ကော်ဖီဆိုင်ရောက်လာရခြင်း ဖြစ်သည်။

ဤသည်လည်း ခေတ်တစ်ခုကို ဖော်ပြသော တန်ဖိုးသစ်တစ်ခု၊ ပြယုဂ်သစ်တစ်ခု မဟုတ်လော။ ■

(၁၉၈၉၊ ဧပြီလ၊ စွယ်တော်)



www.burmeseclassic.com

www.burmeseclassic.com

## မတ်တတ်ရပ်လိုက်ပြီ

အခုတစ်လောတွင် ကျွန်တော်သည် မိတ်ဆွေတစ်ယောက်ထံမှ ငှားလာသည့် အမေရိကန်စာရေးဆရာကြီး အိုင်းဇာက်ဘာရှီးဗစ်ဆင်းဂါး ၏ဝတ္ထုတိုပေါင်းချုပ်တစ်အုပ် ဖတ်နေသည်။ ဘာရှီးဗစ်ဆင်းဂါးသည် ဝတ္ထုတိုတွေ ဘယ်မျှရေးခဲ့သည်မသိ။ ကျွန်တော်ဖတ်ဖူးသည့် ဝတ္ထုတို ပေါင်းချုပ်ပင်လျှင်သုံးလေးအုပ်ရှိနေပြီ။ ဘာရှီးဗစ်ဆင်းဂါးသည် စာတော် တော်လေးရေးနိုင်သူ ဖြစ်သည်။ အမေရိကန်ပြည်သား ရေဝတီလူမျိုး ဖြစ်၍ သူရေးသည့်ဝတ္ထုရှည်ကြီးတွေကလည်း မနည်း။ 'မြေကျွန်' ဆို သည့်ဝတ္ထုကြီးမှာ မြေကျွန်ခေတ်က ပိုလန်ပြည်တွင် နေခဲ့ကြသော ရေဝတီမြေကျွန်တို့ အကြောင်းကို ဖွဲ့ထားသည့်ဝတ္ထုကြီးဖြစ်၍ မြေကျွန် တို့၏လွတ်မြောက်ရေးအရေးတော်ပုံကို တခမ်းတနားဖွဲ့ထားလေသည်။

သူ့ဝတ္ထုတိုများတွင် အများအားဖြင့် ရေဝတီအမျိုးသားတို့၏ ယဉ်ကျေးမှု၊ ရေဝတီတို့၏ စိတ်ဓာတ်၊ ရေဝတီတို့၏ဓလေ့ထုံးစံ၊ ရေဝတီ တို့၏ ဘဝတို့ကို ပီပြင်စွာရေးခြယ်ပြထားတတ်သည်။ ဘာရှီး ဗစ်ဆင်း ဂါးသည် စာတော်တော်လည်း စာရေးနိုင်သူဖြစ်သည်။ သူသည် အမေ ရိကန်ပြည်တွင်နေထိုင်ပြီး ကမ္ဘာအနှံ့သို့ ခရီးသွားခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



စာရေးတော့လည်း အင်္ဂလိပ်ဘာသာ၊ ရေဝတီဘာသာတို့ဖြင့် မျိုးစုံရေးသည်။ တစ်ခါတစ်ရံတွင် အင်္ဂလိပ်လို တိုက်ရိုက်ရေးပြီး တစ်ခါတစ်ရံတွင်လည်း ရေဝတီလိုရေးသည်။ ရေဝတီဘာသာဖြင့် သူရေးသော ဝတ္ထုများကို အင်္ဂလိပ်ဘာသာသို့ သူကိုယ်တိုင်ပြန်ဆိုသည်။

ကျွန်တော် ဖတ်နေသော ဝတ္ထုတိုပေါင်းချုပ်တွင်ပါသည့် ဝတ္ထုတိုအများစုမှာ ရေဝတီလိုရေးပြီး သူကိုယ်တိုင် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသော ဝတ္ထုတိုများဖြစ်လေသည်။

သူ့ဝတ္ထုတိုပေါင်းချုပ်ထဲတွင် 'မဂ္ဂဇင်း' ဆိုသည့် ဝတ္ထုတိုလေးတစ်ပုဒ်ကို ကျွန်တော်သွားတွေ့သည်။ ဇာတ်လမ်းက မဂ္ဂဇင်းထုတ်ချင်နေသော သူ့သူငယ်ချင်းတစ်ယောက် အကြောင်းဖြစ်သည်။ ထိုစဉ်က သူတို့နှစ်ယောက်သည် အသက်နှစ်ဆယ်ကျော် သုံးဆယ်အတွင်း။ ပိုလန်ပြည် စစ်မဖြစ်မီ ပိုလန်ပြည်တွင် ရောက်နေကြသူ။ သူ့ သူငယ်ချင်းက မဂ္ဂဇင်းတစ်စောင် ထုတ်ချင်သည်။ သူက မဂ္ဂဇင်းမထုတ်ဖို့ ဖျက်သည်။ မဂ္ဂဇင်းထုတ်ဝေရေးလုပ်ငန်းသည် မည်မျှစိတ်ပျက်စရာကောင်းကြောင်း၊ မည်မျှငွေကုန်ကြေးကျများကြောင်း၊ ကိုယ့်တွင်ငွေကြေးတောင့်တင်းခြင်း မရှိဘဲ မဂ္ဂဇင်းမထုတ်သင့်ကြောင်း၊ ဝါသနာကြောင့် မဂ္ဂဇင်းထုတ်ဝေကြသည့် စာပေသမားတော်တော်များများ ပြုတ်ကုန်ကြကြောင်း၊ မဂ္ဂဇင်းထုတ်ဝေရေးလုပ်ငန်း ဆိုသည်မှာ စာပေဝါသနာတစ်ခုတည်းရှိရုံဖြင့် မလုံလောက်ကြောင်းဖြင့် သူ့ကိုကန့်ကွက်သည်။

သူတို့နှစ်ယောက်သည် ပိုလန်ပြည် ဝါဆောမြို့က လက်ဖက်ရည်ဆိုင်ကလေးတစ်ဆိုင်ထဲတွင် စကားပြောနေကြခြင်း ဖြစ်သည်။ သို့ရာတွင် သူ့ သူငယ်ချင်းသည် သူ့စကားကိုနားမဝင်ပါ။ သူငယ်ချင်းသည် ဝါဆောတွင်မဂ္ဂဇင်းတစ်စောင်ထုတ်သည်။ ဘာရှီးဗစ်ဆင်းဂါးက မဂ္ဂဇင်းထုတ်သည့် သူ့ သူငယ်ချင်းအား 'ခင်ဗျား ဘာဖြစ်လို့မဂ္ဂဇင်း ထုတ်ချင်တာလဲ' ဟုမေးသည်။

'လူ့လောကကြီးကို ပြုပြင်ဖို့၊ ကယ်တင်ဖို့' ဟုသူကဖြေသည်။

အလိုလေး၊ တယ်လို့လည်းကြီးကျယ်လှပါကလား။ သူ့သူငယ်ချင်းသည် စိတ်ကူးယဉ်သည်ဟု ဘာရှီးဗစ်ဆင်းဂါးက မှတ်ချက်ချသည်။ သူ မဂ္ဂဇင်းမထုတ်၍ ဘာမှမဖြစ်။ သူမဂ္ဂဇင်းထုတ်တော့လည်း လောက



www.burmeseclassic.com

www.burmeseclassic.com



ကြီးသည် ဘာမျှကိုပြောင်းလဲသွားခြင်းမရှိ။ သူ့လမ်းမသူ သွားမြဲသွားလျက်သာရှိသည်။

သူ့မဂ္ဂဇင်းသည် မကြာမီပြုတ်သွားသည်။

သူ့သူငယ်ချင်းသည် လောကကြီးကို ပြောင်းလဲပစ်မည်ဟု ကြိမ်းဝါးခဲ့၏။ သို့ရာတွင် လောကကြီးကဘာမျှမပြောင်း။ သူကသာ ပြောင်းလဲခြင်း ခံလိုက်ရသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်သည့်အခါတွင် သူတို့နှစ်ယောက် ကွဲသွားကြသည်။ သူကပြင်သစ်ပြည်နှင့် အမေရိကန်ပြည်သို့ ရောက်သွားသည်။ သူ့သူငယ်ချင်းမှာ နာဇီအကျဉ်းစခန်းထဲသို့ ရောက်သွားသည်။ သို့ဖြင့် နှစ်ပေါင်းနှစ်ဆယ်လောက် ကြာသွားသည်။

သူသည် အောင်မြင်သော စာရေးဆရာတစ်ဦး ဖြစ်နေပြီ။ နယူးယော့တွင်နေထိုင်ကာ စာအုပ်တွေကို တစ်အုပ်ပြီးတစ်အုပ် ရေးနေသည်။ တစ်နေ့တွင် ပြင်သစ်ရှိ ထုတ်ဝေသူတစ်ဦးနှင့် စကားပြောရန် ပါရီသို့ သူရောက်သွားသည်။ ပါရီသို့ရောက်သည့်အခါ ရေဝတီမိတ်ဆွေများမှ တစ်ဆင့် သူ့သူငယ်ချင်းအကြောင်းကို ကြားရသည်။ သူ့သူငယ်ချင်းသည် နာဇီအကျဉ်းထောင်စခန်းမှ လွတ်လာပြီးနောက် အမျိုးသမီးတစ်ယောက်နှင့် ရည်ငံကာ လက်ထပ်ခဲ့ကြသည်။ ထို့နောက် ပါရီသို့ ပြောင်းလာခဲ့ကြသည်။ သူ့ သူငယ်ချင်းမိန်းမက အလုပ်အကိုင်ကောင်းသည်။ အထည်ဆိုင်ကြီးတစ်ဆိုင်ဖွင့်၍ အောင်မြင်သွားသည်။ သူတို့နေသည့် တိုက်ခန်းကလည်း အထက်တန်းကျသည်။ သူတို့ ဘဝတွင် ဘာမျှလိုလေ သေးမရှိ။ သူ့ သူငယ်ချင်းသည် အငြိမ်မနေနိုင်။ ငယ်စဉ်က ဝါဆောတွင် မဂ္ဂဇင်းတစ်စောင်ထုတ်သလို ပါရီတွင်လည်း မဂ္ဂဇင်းလေးတစ်စောင် ထုတ်ချင်သည်။ မိန်းမကကန့်ကွက်သည်။ အပေါင်းအသင်းတွေက ဖျက်ကြသည်။ သို့ရာတွင် နားမထောင်၊ မဂ္ဂဇင်း တစ်စောင်ထုတ်ရာ စီးပွားပျက်ပြီးရှိသမျှလေးကုန်သွားသည်။ လင်မယားလည်း ကွဲသွားကြတော့ သည်။

ဘာရှီးဗစ်ဆင်းဂါး၏ ဝတ္ထုတိုကလေးမှာ ဤမျှသာဖြစ်သည်။ လောကကြီးကို ပြောင်းလဲချင်သူတစ်ယောက် လောကကြီး၏ ပြောင်းလဲခြင်းကို ခံလိုက်ရသည့် ဇာတ်လမ်းသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဘာရီးဗစ်ဆင်းဂါး၏ ဝတ္ထုတိုကလေးကို ဖတ်ရင်း ကျွန်တော်တို့ဆီက မဂ္ဂဇင်းထုတ်ချင်နေသူများအကြောင်းကို သတိရနေသည်။

တစ်နေ့တွင် ကျွန်တော်ထံသို့လူတစ်ယောက် ရောက်လာသည်။ ထိုလူမှာ အသားညိုညို၊ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါးနှင့်ဖြစ်ပြီး အသက် ၆၀ကျော်ခန့် ရှိလေပြီ။ ကျွန်တော်သူ့ကို တစ်ခါမျှမတွေ့စဖူး။ ကျွန်တော့် မိတ်ဆွေထဲက မဟုတ်။ ထို့ကြောင့် သူ့ကိုကျွန်တော် အကဲခတ်နေသည်။

'ကျွန်တော် တပ်ကြပ်ကြီး မောင်ကို(အငြိမ်းစား)ပါ'

သူကသူ့ကိုယ်သူ စတင်မိတ်ဆက်သည်။ တပ်ကြပ်ကြီး မောင်ကို(အငြိမ်းစား)ဆိုသည့် အမည်ကို ကျွန်တော်ဘယ်မှာ ကြားဖူးပါလိမ့်။ ထိုနာမည်သည် ကျွန်တော်ကြားဖူးသော နာမည်ဖြစ်သည်။

"ကျွန်တော် အရင်တုန်းက သွေးသောက်မဂ္ဂဇင်းမှာ စာပေကလေးတွေ ရေးခဲ့ဖူးပါတယ်"

သြော် ဟုတ်ပေသားပဲ။ လွန်ခဲ့သည့်နှစ်ပေါင်းသုံးဆယ်ကျော်ခန့်က သွေးသောက်မဂ္ဂဇင်းတွင် သူ့ဝတ္ထုတိုကလေးတွေ မကြာခဏ ပါတတ်သည်။ ထို့နောက် ပျောက်သွားသည်။ တစ်ခါမျှသူ့စာများကိုမတွေ့တော့။ မေ့သလောက်ရှိနေပြီ။ ယခုမူ တပ်ကြပ်ကြီးမောင်ကို(အငြိမ်းစား)သည် မထင်မှတ်ဘဲ ပြန်ပေါ်လာသည်။ သူသည်စာပေလောကတွင် ရင်းနှီးကျင်လည်ခဲ့သူမဟုတ်။ သူ့ဘာသာသူ စာရေးနေသူဖြစ်သည်။ စာရေးဆရာတွေ အသိုင်းအဝိုင်းမှာ သူ့ကိုမတွေ့ရတတ်။

"ဟုတ်ကဲ့ ကျွန်တော်မှတ်မိပါပြီ ဦးမောင်ကို။ ဆို ကျွန်တော် ဘာလုပ်ပေးရမလဲ၊ မဂ္ဂဇင်းထုတ်မလို့လား"

ကျွန်တော့်ထံ မဂ္ဂဇင်းထုတ်ဝေသူများ မကြာခဏစာမူလာ၍ တောင်းတတ်ကြသည်။ ယခုတလောတွင် ပို၍မဂ္ဂဇင်းတွေအများကြီး ထွက်လာကြသည်။ ပေါ်လာလိုက်၊ ပျောက်သွားလိုက်။တစ်ချို့ မဂ္ဂဇင်းများသည်လဲကျသွားကြသည်။ သို့ရာတွင် မကြာခဏပြန်၍ ကုန်းရုန်းထလာကာ စာအုပ်ဆိုင်များပေါ်တွင် ရောက်လာတတ်ကြသည်။ ကျွန်တော့်ထံစာမူလာတောင်းသည့် မဂ္ဂဇင်းထုတ်မည့်သူများကို ကျွန်တော်ဖျက်လေ့ရှိပါသည်။မဂ္ဂဇင်းအလုပ်သည်အလွန်အလုပ်များ၍အလွန်မသေချာသော



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဖြစ်ပါသည်။ မျှော်လင့်စရာမရှိလှ။ ရှိသမျှ ငွေကလေးသာ ကုန်သွားကြသည်။ ခဏကြာတော့ ရပ်သွားကြသည်။

ကျွန်တော်တို့ကိုယ်တိုင် ၁၉၅၀ခုနှစ် တစ်ဝိုက်တုန်းက 'စာပေသစ်' မဂ္ဂဇင်းကို ထုတ်ခဲ့ကြသည်။ ဖွဲ့မာန်တွေအပြည့်။ သတ္တိတွေအပြည့်။ သို့ရာတွင် ကျွန်တော်တို့ မဂ္ဂဇင်းလေးသည် လေးပတ်မျှသာထုတ်လိုက်ရပါသည်။ နောက်တော့အားကုန်ပြီး ရပ်တန့်သွားလေသည်။ ဒါတောင်ဟိုတုန်းကစရိတ်တွေ သည်လောက်မကြီး။ ကျွန်တော်တို့တွင် လုပ်ချင်ဇောသာရှိပြီး ကျန်တာဘာမျှမရှိ။ ငွေအင်အားတောင့်တင်းခြင်း မရှိ။ ကျွမ်းကျင်မှုမရှိ။ ထုတ်လုပ်ရေးအတတ်ပညာမရှိ။ စိတ်ဓာတ်ကလွဲ၍ ဘာမျှမရှိ။

သို့ဖြင့် ဇွတ်လုပ်ခဲ့ကြရာ ကျွန်တော်တို့မဂ္ဂဇင်းသည် လေးပတ်မျှသာ ခံလိုက်ပါသည်။ စာပေအမြတ်အစွန်းတော့ နည်းနည်းပါးပါး ရှိချင်ရှိနိုင်ပါသည်။ ဒါလေးနှင့်ဘဲ ဖြေသိမ့်ရပါသည်။

ယခုတပ်ကြပ်ကြီးမောင်ကို(အငြိမ်းစား) ကိုလည်း ကျွန်တော် ဖျက်ပါသည်။ သို့ရာတွင် ယခင် မဂ္ဂဇင်းထုတ်ဝေသူများလို ဦးမောင်ကို 'တပ်ကြပ်ကြီးမောင်ကို(အငြိမ်းစား)သည်လည်း ကျွန်တော့် ကန့်ကွက်ချက်ကို လက်မခံပါ။

"ကျွန်တော်စလုပ်နေပြီ ဆရာ။ ခုတော်တော်စုံနေပြီ။ ဆရာ့ကို အားနာတာနဲ့ ကော်ပီမတောင်းတော့ဘူးလို့ပဲ။ ဒါပေမယ့် ပထမဆုံး စာစောင်မှာ ပါစေချင်တာနဲ့ လာခဲ့တာ။ တစ်ချို့ ဝတ္ထုတွေကို ရိုက်တောင်နေပြီ"

ကဲ . . . ကျွန်တော်ဘာများ တတ်နိုင်ပါဦးမည်နည်း။

ကျွန်တော်က ကျွန်တော့်တွင် ခန်းဆက်တွေများနေသဖြင့် မရေးနိုင်ကြောင်း နောက်တစ်ပတ်မှ ရေးပေးနိုင်မည်ဖြစ်ကြောင်း၊ ခွင့်လွှတ်စေလိုကြောင်း တောင်းပန်သည်။ သို့ရာတွင် တပ်ကြပ်ကြီးမောင်ကို (အငြိမ်းစား) သည် လက်မခံပါ။

"ကျွန်တော့် မဂ္ဂဇင်းက နတ်သျှင်နောင်လို့ အမည်ပေးထားပါတယ်ဆရာ။ ကြိုက်သလိုရေးနိုင်ပါတယ်။ ဆောင်းပါးရေးရေး၊ ဝတ္ထုရေးရေး ကြိုက်ရာကိုရေးပါ။ ပထမဆုံးစာစောင်မှာ ပါစေချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



တပ်ကြပ်ကြီးမောင်ကို အတန်တန်ပြောသဖြင့် ကျွန်တော်ရက်ချိန်းပေးလိုက်သည်။ ထို ချိန်းသည့်နေ့ပင် ဦးမောင်ကိုသည် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါသည်။ သို့ရာတွင် ကျွန်တော်တစ်လုံးမှ မရေးဖြစ်ခဲ့ပါ။ နောက်တစ်ခါ ချိန်းပြန်သည်။ မပြီး။ နောက်တစ်ခါချိန်းပြန်သည်။ တစ်လုံးမှ မရေးရသေး။ တပ်ကြပ်ကြီးမောင်ကိုက ကော်ပီခထုတ်ပေးသည်။ ကျွန်တော်လက်မခံလိုက်ပါ။ နောက်တစ်ခါ ချိန်းပြန်သည်၊ မရေးဖြစ်ပါ။ နောက်တစ်ခါချိန်းပြန်သည်။ မရေးဖြစ်ပါ။ ကျွန်တော်မျက်နှာပူလှပြီ။ နောက်တစ်ပတ်ထုတ် စာစောင်မှရေးပါမည်ဟု ပြောသည်။ သူလက်မခံ။

ဆောင်းပါးတစ်ပုဒ်ရေးရသည့်အချိန်က ဘာမျှမကြာ။ စိတ်ကူးရသည့် အချိန်ကတော့ကြာသည်။ ဘာကိုရေးရမည်နည်း။ အကြောင်းအရာကို ရေး၍မရ။

သူနှင့်စကားပြောနေရင်း ကျွန်တော်ဖတ်နေသည့် ဘာရီးဇစ်ဆင်းဂါး၏ ဝတ္ထုတိုပေါင်းချုပ်ထဲမှ ‘မဂ္ဂဇင်း’ဆိုသည့် ဝတ္ထုတိုကလေးတစ်ပုဒ်ကို သွားသတိရသည်။ လောကကြီးကို ပြောင်းလဲပစ်ချင်သည့်လူတစ်ယောက် လောကကြီး၏ပြောင်းလဲခြင်းကို ခံလိုက်ရသည့်အကြောင်း။

မဂ္ဂဇင်းထုတ်ဝေသူများသည် စာရေးဆရာဖြစ်ချင်သူများကဲ့သို့ပင် တော်တော်စိတ်ကူးယဉ်သည့်သူများဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။ သူတို့တွင် မျှော်မှန်းချက်တွေရှိသည်။ ငွေရေးကြေးရေး မျှော်မှန်းချက်များ မဟုတ်။ လောကကြီး၊ အနည်းဆုံးစာပေလောကကြီးကိုပြောင်းလဲချင်သည့် စိတ်ကူးဖြစ်သည်။ ဖတ်ရသည့် မဂ္ဂဇင်းတွေကို အားမရ။ သည်တော့ ကိုယ်ပိုင်စိတ်ကူးနှင့်ကိုက်သည့် မဂ္ဂဇင်းကလေးတစ်စောင်ကို ထုတ်ချင်ကြသည်။ ကိုယ်ထုတ်သည့် မဂ္ဂဇင်းသည် စာပေလောကတွင် ထူးထူးခြားခြား ဖြစ်စေချင်သည်။ စာဖတ်ပရိသတ်များကြားတွင် အရှိန်အဝါရှိစေချင်သည်။ ထို့ကြောင့် မဂ္ဂဇင်းထုတ်ရန် ထိုမျှစိတ်သန်နေကြခြင်းဖြစ်သည်။ မဂ္ဂဇင်းတစ်စောင် အောင်မြင်ဖို့ဆိုသည်မှာ တော်တော်မလွယ်ပါ။

စိတ်ကူးမျှော်မှန်းချက်ကြီးစွာဖြင့် မဂ္ဂဇင်းထုတ်ဝေခဲ့ကြသော်



www.burmeseclassic.com

www.burmeseclassic.com



လည်းအချို့မဂ္ဂဇင်းများသည် လမ်းတစ်ဝက်တွင် ကျဆုံးသွားခဲ့ကြသည်။ တစ်ချို့ကတစ်လထုတ်ပြီး ရပ်သွားသည်။ အချို့က နှစ်လ၊ သုံးလထုတ်ပြီး ရပ်သွားကြသည်။ သို့ရာတွင် သူတို့အရှုံးမပေး။ နောက်ထပ် မဂ္ဂဇင်းတစ်စောင်ထုတ်ရန်၊ နောက်တစ်ခါ ကုန်းရုန်းထရန် ကြိုးစားကြပြန်သည်။ တစ်ချို့လည်းပြန်၍ မတ်တတ်ထနိုင်ကြသည်။ အချို့လည်းပြန်၍မထ နိုင်ကြတော့။

မည်သို့ဖြစ်စေ၊ သူတို့စိတ်ဓာတ်သည် ချီးကျူးစရာပင် ဖြစ်ပါသည်။

ယခုလည်း တပ်ကြပ်ကြီးမောင်ကို(အငြိမ်းစား)သည် ဗာရီးဗစ်ဆင်းဂါး၏ ဝတ္ထုတိုထဲက ဂါဒီးနားကဲ့သို့ မဂ္ဂဇင်းတစ်စောင်ထုတ်ရန် မတ်တပ်ရပ်နေလေပြီ။ တပ်ကြပ်ကြီးမောင်ကို၏မဂ္ဂဇင်းသည် ခြေလှမ်းသစ်များ လှမ်းနိုင်ပါစေဟု . . . . ။ ■

(၁၉၈၉၊ နိုဝင်ဘာ၊ နတ်သျှင်နောင်၊ အမှတ် ၁)



www.burmeseclassic.com

www.burmeseclassic.com

# လက်ပစ်ဗုံးသေတ္တာထဲက ဂန္တဝင်စာအုပ်များနှင့် အလှတရား

တစ်လောက ဆိုဗီယက်စာပေမဂ္ဂဇင်းတွင် 'စာပေဝေဖန်ရေး' ဟူသော ဆောင်းပါးတစ်စောင်ကို ဖတ်လိုက်ရသည်။ 'စာပေဝေဖန်ရေး'ဟု ခေါင်းစဉ်တပ်ထားသော်လည်းမည်သူ့စာအုပ်ကိုမှ ဝေဖန်ခြင်းမဟုတ်ပေ။ ယခုခေတ် ဆိုဗီယက်ယူနီယံတစ်ဝန်းနှင့်တကွ ကမ္ဘာတွင်နာမည်ကြီးနေသည့် ကားဂျစ်အမျိုးသားစာရေးဆရာ ချင်းဂစ်ဇ်အက်တမားတော့ဗ်နှင့် ဆိုဗီယက်စာပေမဂ္ဂဇင်းမှ သတင်းထောက်တစ်ဦးဖြစ်သူ ကော်ကင်တို့ တွေ့ဆုံမေးမြန်းသည့် အကြောင်းများကို ရေးသားထားခြင်းဖြစ်သည်။

ကျွန်တော်တို့ စာပေလောကတွင် ခေတ်စားနေသောစကားနှင့် ပြောရလျှင် ထိုအခန်းသည် စာရေးဆရာနှင့်တွေ့ဆုံမေးမြန်းသော အင်တာဗျူးပင်ဖြစ်၏။ လူငယ်စာရေးဆရာများအနုပညာအရည်အသွေး မြင့်မားလာအောင် မည်သို့လုပ်ဆောင်သင့်ကြောင်း၊ စာရေးဆရာကောင်း တစ်ယောက်ဖြစ်ရန် မည်သို့သော အရည်အချင်းများ ရှိအပ်ကြောင်းကို စာရေးဆရာက သူ့အတွေ့အကြုံများဖြင့်နှိုင်းယှဉ် ပြောသွားသည်။

ထိုတွေ့ဆုံမေးမြန်းခန်းကို ဘာကြောင့်စာပေဝေဖန်ရေးဟုခေါင်း



www.burmeseclassic.com

www.burmeseclassic.com



စဉ်တပ်ထားသည်ကို ကျွန်တော်စဉ်းစားကြည့်ပါသည်။ကျွန်တော်တို့ ဆီတွင်မူ စာရေးဆရာတစ်ယောက် ရေးသောစာအုပ်ကို ဝေဖန်ချက်ရေး သည့်အခါတွင်မှ ထိုဝေဖန်ချက်ဆောင်းပါးကို စာပေဝေဖန်ရေးဟုခေါ် ကြသည်။ သည်နေရာတွင်ပင် အနည်းငယ်ကွဲပြားသေး၏။ စာအုပ် ကောင်းကြောင်းတွေကိုချည်း ရေးနေလျှင်ဝေဖန်ရေးဟုမခေါ်။ ထိုစာအုပ် ၏ အပြစ်အနာအဆာ၊ ချွတ်ယွင်းချက်တို့ကိုရေးမှ ဝေဖန်ရေးဟု ကျွန် တော်တို့အများအားဖြင့် နားလည်နေကြသည်။ သူတို့ဆီတွင်မူ ဤသို့ ဟုတ်ဟန်မတူ။စာပေသဘောတရားပါသောစာများ၊ စာပေအယူအဆနှင့် စပ်လျဉ်းသော စာများအားလုံးကို စာပေဝေဖန်ရေးဟု သိမ်းကျုံးခေါ်ပုံ ရသည်။

စာရေးဆရာ အက်တမားတော့ဗ်သည် ဆိုဗီယက်ယူနီယံတွင် တော်တော်လူကြိုက်များသည့် စာရေးဆရာဖြစ်ကြောင်းဖြင့် ရုရှားမိတ် ဆွေများကပြောသံကို ကျွန်တော်ကြားဖူးပါသည်။

"ခင်ဗျားတို့ဆီမှာ နောက်တက်လာတဲ့ စာရေးဆရာတွေ၊ အထူး သဖြင့် စစ်ပြီးကာလမှာ ထင်ရှားလာတဲ့စာရေးဆရာတွေထဲက ဘယ်သူ ပေါ်ပြူလာအဖြစ်ဆုံးလဲ၊ဘယ်သူ့စာအုပ်ကို အဖတ်များဆုံးလဲ" ဟု ရုရှား မိတ်ဆွေများနှင့် အခွင့်ကြုံတိုင်း ကျွန်တော်မေးကြည့်ရာ သူတို့အားလုံး၏ အဖြေများထဲတွင် အက်တမားတော့ဗ်၏နာမည်သည် အမြဲတမ်းပါနေ တတ်သည်။

ကျွန်တော်သည် အောက်တိုဘာတော်လှန်ရေး မတိုင်မီက ရုရှား ဝတ္ထုတော်တော်များများ ဖတ်ဖူးပါသည်။ အောက်တိုဘာတော်လှန်ရေး မတိုင်မီကာလသည် ရုရှားစာပေ၏ ရွှေခေတ်ကြီးဖြစ်သည်ဟု ပညာရှင် များက သတ်မှတ်ကြပါသည်။

အင်္ဂလိပ်တက်ကာစက ကျွန်တော်လုပ်နေသော အဖွဲ့အစည်း သို့လူတစ်ယောက်က စာအုပ်တွေလာလှူသည်။ ထိုမြို့ရှိ ဘုရားရှိခိုး ကျောင်းကို အင်္ဂလိပ်ကဗုံးကြဲရာ ထိုဘုရားရှိခိုးကျောင်း စာကြည့်တိုက်မှ စာအုပ်များကို သူယူထားလိုက်ခြင်းဖြစ်သည်။ စာအုပ်ကြီးတွေက အထူ ကြီးတွေ။ သူကစာပေဝါသနာလည်းမပါ။ အင်္ဂလိပ်စာလည်း ကောင်း ကောင်းမတတ်။ ထို့ကြောင့် ကျွန်တော်တို့ကို လာလှူခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်များမှာ လက်ပစ်ဗုံးသေတ္တာလေးလုံးနှင့်အပြည့်။ ကျွန်တော်သည် ဂန္ထဝင်စာအုပ်များနှင့် လက်ပစ်ဗုံးသေတ္တာတို့ဝိရောဓိဖြစ်နေကြပုံကို ကြည့်၍ စစ်အနိဋ္ဌာရုံကိုပြသော နိမိတ်ပုံတစ်ရပ်ကိုသွား၍ မြင်မိသေးသည်။ စာအုပ်နှင့်လက်ပစ်ဗုံးသေတ္တာ၊ ဘုရားစင်ပေါ်တွင် တင်ထားသည့်ကြေးအမြောက်ဆန်ခွံထဲမှ နှင်းဆီပွင့်။ ထိုအရာများသည် စစ်နှင့်ငြိမ်းချမ်းရေးတို့၏နိမိတ်ပုံများပင် မဟုတ်လော။ စာဖွဲ့စရာ၊ ကဗျာဖွဲ့စရာ၊ ပန်းချီရေးစရာအကြောင်းများ မဟုတ်လော။

လက်ပစ်ဗုံးသေတ္တာတွေက အင်္ဂလိပ်လက်ပစ်ဗုံးထည့်သည့်သေတ္တာတွေ၊ ချိတ်ကလေးတွေကို ဖွင့်ကြည့်လိုက်သည့်အခါတွင် စာအုပ်ထူထူကြီးတွေ၊ အင်္ဂလိပ်စာရေးဆရာကြီးများ၏ ဂန္ထဝင်စာအုပ်ဝတ္ထုကြီးတွေ၊ ကမ္ဘာ့ဝတ္ထုတိုအတွဲပေါင်းချုပ်အတွဲကြီးတွေ၊ ရုရှားဂန္ထဝင်ဝတ္ထုကြီးတွေကို ကျွန်တော်တွေ့ရသည်။ စာအုပ်တိုင်းတွင် 'ခင်ကြူ၊ ခင်အေး၊ ခင်ဌေး ကောင်းမှု'ဟု စာတန်းထိုးထားသည်။

စေတနာရှင်က လေးငါးခြောက်နှစ်မျှသာရှိသေးသော သူ့သမီးငယ်များ၏ အမည်ကို ရေးထိုးထားခြင်းဖြစ်သည်။

ကျွန်တော်လုပ်နေသောအဖွဲ့အစည်းတွင် ကျွန်တော်မှာ စာဖတ်ဝါသနာအကြီးဆုံးဖြစ်ရာ ထိုစဉ်က တာဝန်ခံဖြစ်သော ကိုအောင်သူ(သံမဏိမောင်မောင်)က . . .

"ကဲ ခင်ဗျားဒီလောက်တောင် စာဖတ်ချင်တဲ့လူ ဖတ်ပေတော့" ဟုကျွန်တော့်ကို စာအုပ်ထည့်ထားသည့် လက်ပစ်ဗုံးသေတ္တာကြီးလေးလုံး အပိုင်စားပေးသည်။

ကျွန်တော်ဝမ်းသာ၍မဆုံး။ ကျွန်တော်သည် စာအုပ်ရူးဖြစ်ပါသည်။ လူတစ်ယောက်လျှင် ဝါသနာတစ်ခုစီရှိကြရာ အချို့မှာအစားအသောက်ကို ခုံမင်ပါသည်။ အချို့ကား ကစားခုန်စားကို ဝါသနာပါပါသည်။ အချို့မှာလူတွေနှင့် ရောနှောစကားပြောရခြင်းကို ဝါသနာပါပါသည်။ ကျွန်တော်ကား အစားအသောက်ကိုလည်း သည်လောက်မခုံမင်ပါ။ လူတွေနှင့်လည်း ရောရောနှောနှောမနေတတ်ပါ။ တစ်ယောက်တည်းနေပြီးစာအုပ်တွေနှင့် နေချင်သူဖြစ်ပါသည်။

ထိုအကျင့်မှာ ကောင်းသောအကျင့်မဟုတ်ပါ။ စာအုပ်နှင့်ပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်လာလျှင် ကျွန်တော်တွင်အားနည်းချက်ရှိပါသည်။ ကျွန်တော်ကြိုက်သော စာအုပ်ဆိုလျှင် ကျွန်တော်သည်အမြဲသိမ်းထားချင်ပါသည်။

လူတစ်ယောက်တွင် ရောဂါတစ်မျိုးစီရှိတတ်ရာ ကျွန်တော့် ရောဂါမှာ စာအုပ်ရူးရောဂါ ဖြစ်ပါသည်။

ကျွန်တော်သည် စာအုပ်ကြီးတွေကို ကြည့်ကာ ပီတိဖြစ်နေသည်။ သို့ရာတွင် ခက်သည်ကကျွန်တော်သည် အင်္ဂလိပ်စာကို ကောင်းကောင်းမဖတ်တတ်။ ဒုတိယကမ္ဘာစစ်ဖြစ်သည့်အချိန်တွင် ကျွန်တော်သည် ပဥ္စမတန်းကျောင်းသားအရွယ်မျှသာရှိသေးရာ ထိုမျှလောက်ကြီးသော စာအုပ်ကြီးများကို ကျွန်တော်မဖတ်နိုင်။ မဖတ်တတ်။ ငယ်စဉ်ကျောင်းသားတုန်းက အင်္ဂလိပ်စာကို ဝါသနာပါသော်လည်း ကျောင်းပညာတို့လို့တန်းလန်းဖြင့် စစ်ဖြစ်သွားသည်။ ဂျပန်ခေတ်ရောက်သည့်အခါတွင်လည်း အင်္ဂလိပ်စာမဖတ်ရတော့။ မြန်မာစာသာ အဖတ်များခဲ့သည်။

ယခု ကျွန်တော်အင်္ဂလိပ်ဂန္ထဝင်ဝတ္ထုကြီးများကို တွေ့ရလေပြီ။ စက္ကူဖုံးများမဟုတ်။ စာကြည့်တိုက်များအတွက် အကောင်းစားရိုက်နှိပ်ထားသည့် စာအုပ်ကြီးများဖြစ်သည်။ ထိုအထဲတွင် ဒစ်ကင်း၏ ဝတ္ထုကြီးများက အတွဲအပြည့်။ ကမ္ဘာ့ဝတ္ထုတိုပေါင်းချုပ်အုပ်တွဲကြီးများကလည်း ဆယ့်နှစ်စုံရှိသည်။ နိုင်ငံတကာမှ ဝတ္ထုတိုတွေအကုန်ပါသည်။

ကျွန်တော်သည် ထိုစာအုပ်ကြီးများရပြီး မျောက်အုန်းသီးရသည့်နှယ်ဖြစ်နေသည်။ ထိုစာအုပ်ကြီးများကိုရသော်လည်း ကျွန်တော်မဖတ်တတ်။ ကျွန်တော့်အင်္ဂလိပ်စာက ငါးတန်းအင်္ဂလိပ်စာ။ သို့ရာတွင် အင်္ဂလိပ်စာကို ဝါသနာပါသဖြင့် ဟိုရောက်သည်ရောက် ချောက်တီးချောက်ချက် ဖတ်ဖူးသည့်အတွေ့အကြုံတော့ရှိသည်။

ကျွန်တော်သည် ဒစ်ကင်း၏စာအုပ်ကြီးများကို အရင်မဖတ်သေးဘဲ ကမ္ဘာ့ဝတ္ထုတိုပေါင်းချုပ်တွေကို အရင်စဖတ်သည်။ အစတွင် ကောင်းကောင်းနားမလည်။ ဦးထွန်းငြိမ်း၏ အဘိဓာန်စာအုပ်အသေးစားတစ်အုပ်ကိုရှာပြီး ထိုစာအုပ်ကြီးများထဲမှဝတ္ထုတိုများကို ကြိုးစားဖတ်ကြည့်သည်။ သို့ရာတွင် အဘိဓာန်ကပေးသော အနက်အတိုင်း ပြန်ကြည့်သည့်အခါ အဓိပ္ပာယ်မရှင်းဘဲဖြစ်နေသည်။ ထိုအခါတွင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သည် အဘိဓာန်ကိုအားမကိုးတော့ဘဲ ထိုစာလုံးကို မသိသည့်အတိုင်း ထားပစ်ခဲ့သည်။ တစ်နေရာတွင် ပြန်တွေ့သည့်အခါကျမှ ထိုစကားလုံးသည် ထိုအနက်ကို ဆောင်ကြောင်းသိလာပါသည်။

သို့ဖြင့်ကျွန်တော်သည် ထိုစာအုပ်ကြီးတွေအားလုံးကို နားမလည်သည့်တိုင် နားလည်သလောက် ကြိုးစားဖတ်သည်။ တာဝန်ဖြင့် နယ်သို့ထွက်လျှင် ကျွန်တော့်ဟေးဗားဆက်ခေါ် စစ်လွယ်အိတ်ထဲတွင် တစ်အုပ်တော့ အမြဲပါလာပြီး ရောက်လေရာမှာ ဖတ်သည်။ တစ်ခေါက်နှင့်နားမလည်လျှင် အခေါက်ခေါက်ဖတ်သည်။

အဘိဓာန်ကို လှန်သည်။ သိသူတတ်သူများထံ မေးသည်။

ကံအားလျော်စွာပင် ကျွန်တော်ရသည့် ကမ္ဘာဝတ္ထုတိုပေါင်းချုပ်အုပ်တွဲကြီးများထဲမှတစ်တွဲတွင် ပိုလန်စာရေးဆရာမ ရိမာယာရိဒီဝပ်ဖ် ရေးသည့် အေနိုက်စ်ထရပ်ဂျဒီ ဆိုသည့် ဝတ္ထုကလေးတစ်ပုဒ်ကိုသွားတွေ့သည်။ ထိုဝတ္ထုကလေးအားမှီးထားသည့် ဒဂုန်တာရာရေးသော 'နေရစ်တော့သက်လယ်ရယ်' ဆိုသည့်ဝတ္ထုတိုကလေးကို တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်းတစ်စောင်တွင် ကျွန်တော်ဖတ် လိုက်ဖူး၏။ ထိုဝတ္ထုတိုနှင့် ဒဂုန်တာရာမှီးထားသည့် မြန်မာဝတ္ထုတိုကို ကျွန်တော်တိုက်ဖတ်သည်။ ရသစာပေဘာသာပြန်ကို ပထမဆုံးဓာတ်ခွဲ ကြည့်ခြင်းပေတည်း။

ထိုပေါင်းချုပ်စာအုပ်ကြီးထဲတွင် တော်လ်စတွိုင်း၊ ချက်ကော့၊ ဂေါ်ကီ၊ ဘူနင်၊ ဂါရှင်၊ ပွတ်ရှကင်းစသူတို့၏ဝတ္ထုတိုများကို တော်တော်များများတွေ့ရသည်။ ကျွန်တော်သည် သူတို့ဝတ္ထုတိုများအားဖတ်ရင်း နိုင်ငံတကာစာပေ၏သဘောကို စမ်းမိသလိုလို ရှိလာသည်။ အထူးသဖြင့် အောက်တိုဘာတော်လှန်ရေး မတိုင်မီ ရုရှားဝတ္ထုတိုများသည်ပို၍ဖတ်ကောင်းပြီး ပို၍ဘဝနှင့်နီးစပ်သည်ဟု ကျွန်တော်ထင်ပါသည်။

အောက်တိုဘာတော်လှန်ရေးပြီးသည့်နောက်ပိုင်း ဝတ္ထုများကို နောင်တွင် ကျွန်တော်ဖတ်ကြည့်သည့်အခါ ငယ်ငယ်ကဖတ်ရသည့် ရုရှားဝတ္ထုကလေးများလောက် အရသာမတွေ့တော့။ သူတို့နှင့်ကျွန်တော်တို့ သည် လူနေမှုစနစ်ချင်း၊ ပတ်ဝန်းကျင်ချင်း၊ ဘဝချင်း ကွာခြားသော ကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။ အရသာသိပ်မတွေ့တော့။



www.burmeseclassic.com

www.burmeseclassic.com



ဆိုဗီယက်စာရေးဆရာများထဲတွင်အာရင်ဘတ်၊ ပက်စတာနက်၊ ဖီဒင်၊ ဩစထရောစကီးနှင့် ကထားယက် စသူတို့လောက်သာ ကြိုက်တော့သည်။ ကျန် စာရေးဆရာများကို အရသာမတွေ့တော့။

ယခုနောက်ပိုင်းတွင် ရုရှားမိတ်ဆွေများပြောသဖြင့် ချင်းဂစ်ဇ် အက်တမားတော့ဗ်၏စာအုပ်များကို ရှာဖတ်ကြည့်သည်။ အက်တမားတော့ဗ်သည် ကားဂျစ်အမျိုးသားဖြစ်ပြီး ၁၉၂၈ခုနှစ်တွင် မွေးသည်။ 'အပျိုစောသောကြိုးကြာ'၊ 'ဂျမီလာ'၊ 'နေရစ်တော့ ဂျူဆာရီ' စသည့်ဝတ္ထုများကို ကျွန်တော်ဖတ်ကြည့်၏။ သူ့ဝတ္ထုများမှာ ဝတ္ထုတိုလည်းမဟုတ်။ ဝတ္ထုရှည်လည်းမဟုတ်ပဲ ဝတ္ထုလတ်များဖြစ်သည်။

သူ့ဝတ္ထုထဲတွင် အောက်တိုဘာတော်လှန်ရေးကြီးမတိုင်မီက စာရေးဆရာကြီးများ၏ အရိပ်အငွေ့၊ အနံ့အသက်ကို ကျွန်တော်ပြန်တွေ့ရသည်။ သူ့ဝတ္ထုများကို ရုရှားတွေကြိုက်နေကြခြင်းမှာ ထိုအချက်ကြောင့်ဖြစ်လိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ ကျွန်တော်လည်း သူ့ဝတ္ထုများကို ကြိုက်သဖြင့် များမကြာမီက 'မိုးအဆုံး မြေအဆုံး' အမည်ဖြင့် ဂျမီလာဝတ္ထုကို ဘာသာပြန်ခဲ့ပါသည်။

သူ့အကြောင်းကို ကျွန်တော်သတိပြုမိ၍ဖတ်နေစဉ် ဆိုဗီယက်စာပေမဂ္ဂဇင်းတွင် သူနှင့်ဆိုဗီယက်စာပေမဂ္ဂဇင်းကိုယ်စားလှယ်တို့ တွေ့ဆုံမေးမြန်းခန်းကို ဖတ်လိုက်ရ၏။ သူ့တွေ့ဆုံမေးမြန်းခန်းတွင် စိတ်ဝင်စားစရာ၊ စဉ်းစားစရာတွေပါသည်။ သူ့အဖြေများကိုဖတ်ပြီး ကျွန်တော့်ခေါင်းထဲတွင် အတွေးအချို့ပေါ်လာရာ သူ့အဖြေနှင့်ကျွန်တော့်အတွေးကို တင်ပြပါသည်။

*

မေး။ ။ကျွန်တော်တို့ရဲ့ အနာဂတ်စကားပြေ အရေးအသားတိုးတက်ခြင်းရှိ မရှိဆိုတဲ့ကိစ္စဟာ ကျွန်တော်တို့ရဲ့ လူငယ်မျိုးဆက်တွေထဲက စကားပြေအရေးအသားကောင်းတဲ့ စာရေးဆရာတွေပေါ်ထွက်လာခြင်းရှိ မရှိဆိုတဲ့ အချက်ပေါ်မှာ တည်နေတယ်လို့ ဆောင်းပါးတစ်စောင်မှာဆရာရေးခဲ့ပါတယ်။စာရေးဆရာတစ်ယောက် ရှိရမယ့် အရည်အချင်းတွေထဲမှာ 'ဘက်စုံပညာရေး၊ ရသအမြင်နဲ့ဒဿန' တို့ရှိရမယ်လို့လဲ ဆရာပြောသွားပါတယ်။ ဒီတော့ ကျွန်တော်တို့လူငယ်စာရေးဆရာ



www.burmeseclassic.com

www.burmeseclassic.com



တွေထဲမှာ ဒီအရည်အချင်းတွေ ချို့တဲ့နေတယ်လို့ ဆရာမြင်ပါသလား။

ဖြေ။ ။ လူငယ်စာရေးဆရာတွေတင် မဟုတ်ပါဘူး။ လူကြီးပိုင်း စာရေးဆရာတွေအတွက်လဲ ဒီအတိုင်းပါပဲ။ ရသစာပေကို ဖန်တီးရာမှာ သူဟာအကုန်လုံးကို သိမြင်ပြီးပြီ။ သူ့မှာ အသိပညာပိုင်းအရရော၊ အတတ်ပညာပိုင်းအရရော လုံလောက်ပြီ။ ဒါမှမဟုတ်လဲ ဝတ္ထုတစ်ပုဒ်ကို ရေးပြီးသွားတာနဲ့ သူ့မှာပြောစရာကုန်ပြီ။ တစ်ချို့ပြောသလို ပြောရရင် ဦးတည်ချက်တစ်ခုကို အပြည့်ရောက်သွားပြီလို့ ပြောနိုင်ပြောရဲတဲ့ လူကြီးပိုင်းစာရေးဆရာရယ်လို့ကော ရှိလို့လား၊ ဒီလို ပြောတဲ့ စာရေးဆရာမျိုးရှိရင် သူ့ကိုကျွန်တော်တို့ အားမကျသင့်ဘူးလို့ ထင်တယ်။ ဒီလို ပြောလိုက်ခြင်းဟာ ကိုယ့်မှာခံစားချက်တွေ ကုန်ခမ်းသွားပြီလို့ ပြောလိုက်တာနဲ့ အတူတူပါပဲ။ ရေးစရာ မရှိတော့လို့ စာရေးဆရာအဖြစ်က ရပ်စဲသွားတဲ့၊ စာဆက် မရေးတော့တဲ့ စာရေးဆရာတစ်ယောက်ရဲ့ ကျဆုံးခန်းကတော့ တစ်မျိုးပေါ့လေ။ ကျွန်တော်ဆိုလိုတဲ့ ဘက်ပေါင်းစုံပညာရေးဆိုတာနဲ့ ပတ်သက်လို့ တစ်နေ့မှာ ကျွန်တော်ရှင်းပြပါဦးမယ်။ ကျွန် တော်တို့ဟာ ကျွန်တော်တို့ ရှာဖွေသောက်သုံးလို့ရတဲ့ ဗဟုသုတ အသိပညာတွေကို ကိုယ့်ပင်ကိုအရည်အသွေးနဲ့ တစ်ထပ်တည်းဖြစ်သွားအောင် စုပ်ယူနိုင်ရမယ်။ ကျွန်တော်တို့စိတ်ဓာတ်ရဲ့ အနှစ်သာရဖြစ်အောင် လုပ်ယူနိုင်ရမယ်။ ဒီလို မလုပ်နိုင်ရင် ကျွန်တော်တို့ရတဲ့ အသိပညာတွေဟာ ဝိညာဉ်မဲ့တဲ့ အသိပညာမဲ့ဘဲ ဖြစ်မှာပဲ။ ပဏ္ဍိတ်အတုအယောင်ပဲ ဖြစ်မှာပဲ။ ဒီလိုအသိ ပညာမျိုးဟာ တစ်နေ့မှာ ကိုယ့်အပေါ်ကို ပိကျလာမယ့် ဝန်ထုပ်ဝန်ပိုးကြီး ပဲ ဖြစ်မှာပဲ။

မေး ။ ။ ဒီလိုဆိုရင် ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေတဲ့ အသိပညာမျိုး ပိုင်ရှင်မဖြစ်ရလေအောင် ဘာလုပ်သင့်သလဲ။

ဖြေ ။ ။ ကျွန်တော့်သဘော ပြောရရင်တော့ အဲဒီအဖြစ်က လွတ်ဖို့ နည်းလမ်းကတော့ ကိုယ့်အနုပညာခံစားမှု အရည်အသွေး တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဖို့ပဲလို့ထင်တယ်။ ဒါဟာ ဒြပ်မဲ့ အတွေ့အကြုံအရ ပြောနေတာ မဟုတ်ပါဘူး။ တကယ့် ဒိဋ္ဌကျတဲ့ အတွေ့အကြုံအရ ပြောတာပါ။ ကျွန်တော်နဲ့တကွ ရေးဖော် ရေးဖက်များဟာ အနုပညာ အကောင်းနဲ့အဆိုး၊ အညံ့နဲ့အကောင်းကို ခွဲခြားသိဖို့အတွက် နှစ်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



များစွာ လေ့လာဆည်းပူး ခဲ့ရပါတယ်။ ရုတ်တရက်ကြည့်ရင်တော့ ဒါ များ ဘာခက်လို့တုန်းလို့ ထင်ကောင်း ထင်ကြမှာပဲ။ ဒါပေမယ့် စာ ကောင်းပေကောင်းကို ဖတ်တတ်ဖို့ဟာ အချိန်များစွာ၊ အားထုတ်မှုများစွာ ကို ဖြုတ်သန်းပြီးမှ ရရှိလာတာချည်းပါပဲ။ စာအုပ်တစ်အုပ်ကို ကောက် ကိုင်ပြီး စာပိုဒ်တစ်ပိုဒ်ကို ဖတ်လိုက်ရုံ၊ စကားအသုံးအနှုန်းကို ကြည့်လိုက် ရုံ၊ ဝါကျဖွဲ့စည်းပုံတစ်ခုကိုကြည့်လိုက်ရုံ၊ အထူးသဖြင့် အဲဒီစာအုပ်ထဲမှာ ပါတဲ့ အတွေးအခေါ်ကို ကြည့်လိုက်ရုံနဲ့ အဲဒီစာအုပ်ဟာ အချိန်ကုန်ခံပြီး အဆုံးတိုင်ဖတ်ထိုက်တဲ့ စာအုပ်ဟုတ်မဟုတ်ဆိုတာ ခွဲခြားခန့်မှန်းကြည့် နိုင်ဖို့အတွက် အချိန်များစွာ၊ အားထုတ်မှုများစွာကို ဖြုတ်သန်းပြီးမှ ရနိုင် ပါတယ်။

✱

ကျွန်တော်သည်ချင်းဂစ်ဖ်အက်တမားတော့ဗ်၏ တွေ့ဆုံမေးမြန်း ခန်းကို ရှေ့ဆက်မဖတ်နိုင်သေးဘဲ သူ့စကားများကို ပြန်၍စဉ်းစားကြည့် သည်။ အက်တမားတော့ဗ်က စာရေးဆရာတစ်ယောက် ဖြစ်ဖို့အတွက် အရည်အချင်းသုံးမျိုးလိုသည်ဟု ဆိုသွားပါသည်။

ယင်းသုံးမျိုးကို (All round Education, Aesthetic and Philosophical Competence) ဟု အင်္ဂလိပ်လို သုံးသွားပါသည်။

ဘက်စုံပညာရေး၊ ရသပညာအပြင်နှင့် ဒဿနဟု အနက်ထွက် မည်ထင်ပါသည်။ ထိုအချက်သုံးချက်သည် လူငယ်စာရေးဆရာတွေ ရော၊ လူကြီးပိုင်း စာရေးဆရာတွေအတွက်ပါ မရှိမဖြစ်သည့် အချက်သုံး ချက်ဟု သူကဆိုပါသည်။ ထိုအချက် သုံးချက်ကို အက်တမားတော့ဗ်က အကျယ်ရှင်းမပြပါ။ ထို့ကြောင့် ကျွန်တော့်ဘာသာ တွေးယူရပါသည်။

ဘက်စုံပညာရေးဆိုသည်မှာ အတန်းပညာ၊ ကျောင်းပညာကို ဆိုလိုခြင်းဟုတ်ဟန် မတူပါ။ ဘဝအတွေ့အကြုံစုံရမည်။ စာဖတ်စုံရ မည်ဟု ပြောလိုခြင်းဖြစ်ပုံရပါသည်။ (ရုရှားစာရေးဆရာကြီး) ဂေါ်ကီ သည် ဘဝများစွာတွင်ကျင်လည်ခဲ့ဖူးပါသည်။ ပေါင်မုန့်ဖုတ်သမား၊ လှေ ထိုးသမား၊ ပန်းကန်ဆေးသမား၊ သင်္ဘောကူလီ၊ အစေခံ၊ ရှေ့နေစာရေး၊ ပြည့်တန်ဆာခေါင်း၊ အိမ်တွင် လက်တိုလက်တောင်းလုပ်ရသူ၊ ထမင်း ချက်၊ ငှက်ခတ်သမား၊ ဘုရားကားရေးသူ၊ ဆေးဆိုးသမားဘဝ စသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အထွေထွေကို ကျင်လည်ခဲ့ဖူးပါသည်။ ဝမ်းတစ်ထွာကို ကျောင်းရင်းစာပေ မျိုးစုံဖတ်ခဲ့ပါသည်။

သို့ဖြင့်နောင်တွင် ဂေါ်ကီသည် ဘဝသရုပ်ဖော်စာပေလမ်းကြောင်းကို ရှေ့ဆောင်လမ်းပြခဲ့သည့် မီးရှူးတန်ဆောင် ဖြစ်လာခဲ့ပါသည်။

ကျွန်တော်တို့ မြန်မာစာရေးဆရာများထဲတွင်လည်း ပီမိုးနင်းသည် ဘဝစုံသူဖြစ်ပါသည်။ ပီမိုးနင်းသည် ခရစ်ယာန်တရားဟောဆရာလုပ်ဖူးပါသည်။ စာရေး၊ ကျောင်းဆရာ စသည့်အလုပ်များကို လုပ်ဖူးပါသည်။ နဖာကလော်လုပ်၍ ရောင်းဖူးပါသည်။ ခေါင်းကိုက်ပျောက်ဆေးလုပ်၍ ရောင်းဖူးပါသည်။ သူတောင်းစားများ၏ဘဝကို သိအောင်ဆိုကာ သူကိုယ်တိုင် သူတောင်းစားလုပ်ကြည့်ဖူးပါသည်။ ပီမိုးနင်းသည် စာရေးဆရာလိုနေပြီး စာရေးဆရာလိုသေသွားခဲ့ပါသည်။

ဘက်စုံပညာရေးဆိုသည့် စကားလုံးတွင် ဘဝအတွေ့အကြုံစုံရုံမျှမက စာလည်းစုံအောင်ဖတ်ဖို့ လိုသည်ဆိုသည့် သဘောမျိုးအကြုံးဝင်နေသည်ဟု ကျွန်တော်ထင်ပါသည်။ စာရေးဆရာသည် ဘဝအတွေ့အကြုံ စုံရုံမျှဖြင့်မလုံလောက်ပါ။ ဘဝမှရသည့် အတွေ့အကြုံများသည် သူ့အဖို့အကြမ်းထည်သာ ရှိပါသေးသည်။ တနည်းပြောရလျှင် ထိုအရာများသည် သူ့အဖို့ကုန်ကြမ်းမျှသာ ဖြစ်သည်။ ထိုကုန်ကြမ်းများကို ကုန်ချောဖြစ်အောင် လုပ်တတ်ဖို့လိုသေးသည်။ စာအုပ်များသည် အခြားသူရရှိထားသော ကုန်ကြမ်းများကို အချောသပ်ပေးလိုက်သော ကုန်ချောများဖြစ်ရာ ထိုကုန်ချောများမှ ကျွန်တော်တို့တစ်တွေ အဆင်သင့်လုပ်ပြီးသားအသိပညာများကို ရရှိနိုင်ပါသည်။

သူတို့၏လက်ရာ အနုအကြမ်းကို ခန့်မှန်းနိုင်ပါသည်။ စာဖတ်ရမည်ဆိုရာတွင်လည်း တစ်မျိုးတည်းကို ဆိုလိုခြင်းဟုတ်ဟန် မတူပါ။ စာကိုလည်း စုံအောင်ဖတ်ရမည်ဟု ဆိုလိုချင်ပုံရပါသည်။ စာရေးဆရာသည် မိမိနှင့်တိုက်ရိုက်သက်ဆိုင်သော အနုပညာဆိုင်ရာ စာပေတို့ကိုသာမက ဓာတုဗေဒ၊ ရူပဗေဒ၊ နက္ခတ္တဗေဒစသည့် သိပ္ပံဆိုင်ရာစာပေများ၊ လောကုတ္တရာစာပေများ၊ လောကီပညာရပ်ဆိုင်ရာ စာပေများကိုလည်းဖတ်သင့်သည်ဟု ဆိုလိုဟန်တူပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရုံနှင့် မလုံလောက်သေးပါ။ ထိုစာတို့ကိုဖတ်ပြီး မိမိနှင့် တသားတည်းဖြစ်သွားအောင် စုပ်ယူဝါးမျိုသင့်ကြောင်း၊ မိမိစိတ်ဓာတ်၏ 'အနှစ်သာရ' ဖြစ်အောင် လုပ်ယူသင့်ကြောင်း၊ ထိုသို့မလုပ်နိုင်က ထို စာအုပ်များမှရသောအသိသည် ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေကာ ပဏ္ဍိတ်အတု အယောင်မျှသာဖြစ်မည်ဟု အက်တမားတော့ဗ်က ပြောသွားပါသည်။ စာအုပ်ထဲမှရသော အသိတို့ကို လက်တွေ့တွင် အသုံးချတတ်အောင်၊ စာအုပ်ကြီးမဆန်အောင် လုပ်ရမည်ဟု ဆိုလိုဟန်တူပါသည်။

ဒုတိယအဖြေထဲတွင် အက်တမားတော့ဗ်က ထိုသို့စာအုပ်ကြီး မဆန်ရလေအောင်၊ဝန်ထုပ်ဝန်ပိုးမဖြစ်ရလေအောင်လုပ်သည့် တစ်ခုတည်း သောနည်းလမ်းမှာ မိမိ၏အနုပညာခံစားမှုအရည်အသွေးကို မြင့်တက် အောင်လုပ်ရမည်ဟု ပြောသွားပါသည်။ ထိုသို့အနုပညာ ခံစားမှုအရည် အသွေးကို မြင့်မားအောင်လုပ်ရာတွင် နှစ်ပရိစ္ဆေဒများစွာကို ဖြတ်သန်းရ သည်။ထိုသို့ ဖြတ်သန်းပြီးမှသာ စာကောင်းပေကောင်းတို့ကို ဖတ်တတ် လာခဲ့ကြောင်းဖြင့် ပြောသွားပါသည်။

သူပြောသည့်စကားကို ကျွန်တော့်အတွေ့အကြုံဖြင့် ကျွန်တော် စဉ်းစားကြည့်ပါသည်။ ကျွန်တော်တို့ငယ်ငယ်တုန်းက တွေ့သမျှစာကို ဖတ်ခဲ့ပါသည်။ အကောင်းအဆိုး မရွေးတတ်သေးပါ။ စာညံ့တို့ကိုပင် ကြိုက်ခဲ့ပါသေးသည်။ စာကောင်းပေကောင်းတို့ကို သိပ်မကြိုက်ချင်ပါ။ ဖတ်လည်း မဖတ်ချင်ပါ။ သို့ရာတွင် စာဖတ်သက်ရင့်လာသည့်အခါ၊ အတွေ့အကြုံအထိုက်အလျောက် ရလာသည့်အခါတွင် စာကောင်းကို ရွေး တတ်၍ ဖတ်ချင်လာသည်။

အက်တမားတော့ဗ် ဆိုလိုသည့် ဘက်စုံပညာရေးဆိုသည်မှာ ထိုသဘောပင်ဖြစ်လိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

စာရေးဆရာအတွက် ဒုတိယလိုအပ်သည့် အရည်အချင်းမှာ ရသပညာအမြင်ဖြစ်ပါသည်။ အင်္ဂလိပ်လို(Aesthetic Competence) ဟု ဆိုလိုပါသည်။

ရသစာပေကို ဖန်တီးသည့် စာရေးဆရာသည် ရသပညာအမြင် ထက်သန်ရပါလိမ့်မည်။ ရသပညာအမြင်ထဲတွင် အရာဝတ္ထု၏အလှ၊ စကားလုံး၏အလှ၊ အနက်အဓိပ္ပါယ်၏အလှ၊ အကြောင်းအရာ၏အလှ၊



www.burmeseclassic.com

www.burmeseclassic.com



အသံ၏အလှ၊ အမြင်၏အလှ၊ ရနံ့၏အလှ စသည်တို့ အကုန်ပါလိမ့်မည်ဟု ထင်ပါသည်။ ရသကို ခံစားကြရာတွင် လူမျိုးတစ်မျိုးနှင့်တစ်မျိုး မတူကွဲပြားခြားနားကြပါသည်။ ကိုယ်မွေးဖွားကြီးပြင်းလာရာ ပတ်ဝန်းကျင်အလျောက် ကွဲပြားကြပါသည်။ မြန်မာ့လူမျိုးတို့၏ ရသအမြင်နှင့် အခြားလူမျိုးတို့၏ ရသအမြင်သည် အခါခပ်သိမ်း မတူနိုင်ပါ။

ကျွန်တော်ငယ်ငယ်က မြမြမောင်းမောင်းပတ်ပျိုးကို နားထောင်ဖူးပါသည်။ မြမြမောင်းမောင်းပတ်ပျိုးထဲမှ စာသားများကိုကြားလိုက်ရလျှင် ရင်ခုန်တတ်ပါသည်။ 'မိန်ရာသီ ခါမှီလသာခေါင်၊ မြလွှာမှောင်တောင်ခိုးမြူး၊ ရွှေဖီဖူးပေါ်တော့မယ်လေ့လေ့၊ မေ့ရက်ကယ်နေနိုင်တယ်' ဆိုသည့် စာသားများကို တွေ့လိုက်လျှင် ကျွန်တော်ရင်ထဲတွင် တပေါင်းဝေဒနာပေါ်လာတတ်ပါသည်။ယမုန်နာပတ်ပျိုးကြီးကို ကြားလိုက်ရလျှင် နဒီကမ်းစပ်၊ တိမ်လှိုင်း၊ လေ့ငယ်၊ ကိုတံငါ၊ ဟင်္သာမောင်နှံတို့ကို မြင်ယောင်ကာ နဒီကို လွမ်းလာပါသည်။ ထိုစကားလုံးများ၏အလှတွင် ကျွန်တော်ယစ်မူးမေ့မြော နေမိပါသည်။ ကျွန်တော်လွမ်းသောနဒီသည် ဧရာဝတီဖြစ်ပါသည်။ ချင်းတွင်းဖြစ်ပါသည်။ မစ္စစပီမဟုတ်ပါ။ ဖော်လဂါမဟုတ်ပါ။ မတ်တွန်းသည် နဒီဘွဲ့တစ်ခုခုကိုကြားလျှင် မစ္စစပီမြစ်ကြီးကို လွမ်းကောင်းလွမ်းပါလိမ့်မည်။ ဂေါကီသည် လေ့ထိုးသား တို့၏ညာသံကိုကြားလျှင် ဖော်လဂါမြစ်ကြီးကို လွမ်းကောင်းလွမ်းပါလိမ့်မည်။ သို့ရာတွင် ကျွန်တော်သည် မစ္စစပီကိုမလွမ်းပါ။ ဖော်လဂါကိုလည်းမလွမ်းပါ။ ကျွန်တော်လွမ်းသောနဒီမှာ ဧရာဝတီဖြစ်ပါသည်။ သူများတိုင်းပြည်က မြစ်ကိုလွမ်းနေသူသည် ကိုယ့်တိုင်းပြည်ကို မချစ်နိုင်ပါ။

ထိုရသအမြင်ရှိပါက ထိုအမြင်ကိုကြည်လင်အောင် လုပ်နိုင်ပါမှ ထိုအမြင်ကို ရှင်သန်အောင် လုပ်နိုင်ပါမှ ကိုယ်ကလည်းရသစာပေကို ဖန်တီးနိုင်မည် ဖြစ်ပါသည်။ သူများကို ရသအမြင်ပေးနိုင်မည် ဖြစ်ပါသည်။

အက်တမားတော့ဗ်ပြောသည့် တတိယအချက်မှာ ဒဿနဖြစ်ပါသည်။ (Philosophical Competence) ဟု သုံးသွားပါသည်။ ဤ အကြောင်းကိုမူ အထူးရေးစရာလိုမည်မထင်ပါ ရသစာပေတစ်ခုသည် ဒဿနမပါလျှင် ဘာမျှအဓိပ္ပါယ် မရှိတော့ပါ။ ဒဿနဆိုသည်မှာအမြင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ ထိုဒဿနသည် မှားကောင်းမှားမည်။ ဖောက်ပြန်ကောင်း ဖောက်ပြန်မည်။ မည်သို့ဖြစ်စေ၊ စာရေးဆရာ၏ စာတစ်ပုဒ်၊ ဝတ္ထုတစ်ပုဒ်သည် ဒဿနပါရမည်သာ ဖြစ်ပါသည်။ နိုင်ငံရေးဒဿနလား၊ လူမှုရေးဒဿနလား၊ အချစ်ဒဿနလား၊ အနုပညာဒဿနလား တစ်ခုခုတော့ ပါရမည်သာဖြစ်သည်။

ဒဿနမပါသော စာတစ်ပုဒ်ကို ဖတ်နေရခြင်းသည် စိတ်မနှံ့သူ တစ်ယောက် ပြောပြသောစကားကို နားထောင်နေရသည်နှင့် တူပါသည်။ ■

(၁၉၈၀၊ ဩဂုတ်လ၊ မိုးဝေ)



www.burmeseclassic.com

www.burmeseclassic.com

# ဝါကျင့်နေသောစာရွက်များ

မနုစ်မိုးကုန်ခါနီး နေရောင်ဝင်းပသည့် နေ့လယ်ခင်းတစ်ခုတွင် ကျွန်တော့်အိမ်သို့ ကိုမြင့်မောင်ရောက်လာသည်။ သူ့လက်ထဲတွင် ကြွတ်ကြွတ်အိတ်ဟု ခေါ်ကြသော ပလတ်စတစ်အတုပါးလွှာအိတ်ကို ကိုင်ထားသည်။

ကျွန်တော်သည် မလာစဖူး ကျွန်တော့်ဆီသို့ ရောက်လာသော ကိုမြင့်မောင်ကိုကြည့်၍ အံ့သြဝမ်းသာနေသည်။ သူနယ်မှာရောက်နေသည်ဟု သဲ့သဲ့တော့ကြားမိသည်။ သို့ရာတွင် ဘာတွေလုပ်နေသည်ကို ကျွန်တော်ကောင်းကောင်းမသိ။ သူနှင့်အနေဝေးခဲ့သည်မှာ ကြာလှပြီ။

သူနှင့်ကျွန်တော် ကွဲကွာသွားခဲ့သည့် နောက်တွင်ကျွန်တော်တို့ ကိုယ်ရေးကိုယ်တာဘဝတွင် ပြောင်းလဲမှုကြီးတွေကို တွေ့ခဲ့ကြသည်။ ကျွန်တော်တို့နိုင်ငံသည်လည်း ကြီးမားသော ပြောင်းလဲမှုကြီးများ၊ အကွေ့များကိုဖြတ်သန်းခဲ့ရသည်။ ဂျပန်ခေတ်တစ်လျှောက်လုံး သူနှင့်ကျွန်တော်တို့ နေ့စဉ်တွေ့ခဲ့ကြသည်။ စာတွေအတူဖတ်ခဲ့ကြသည်။ ရင်တွေအတူခုန်ခဲ့ကြသည်။ နောက်တော့ စစ်ကြီးပြီးသွားသည်။ လွတ်လပ်ရေး ရှသည်။ပြည်တွင်းစစ်ဖြစ်သည်။ ထို့နောက် ပြည်တော်သာခေတ်၊ ဖဆပလ



www.burmeseclassic.com

www.burmeseclassic.com



၁၀နှစ်၁၀မိုးခေတ်၊ အိမ်စောင့်အစိုးရခေတ်၊ ပထစခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် စသည်ဖြင့် နိုင်ငံရေးခေတ်တွေ အမျိုးမျိုးပြောင်းသွားခဲ့သည်။

ထိုခေတ်များအတောအတွင်း သူနှင့်ကျွန်တော် သိပ်မတွေ့ဖြစ်။ ကျွန်တော်က ရန်ကုန်တွင်ရှိသော်လည်း သူကအရာရှိဘဝဖြင့် ဟိုနယ်သည်နယ်ပြောင်းနေသည်။ သူ ရန်ကုန်ပြောင်းလာသည့်အခါတွင် လည်း မဆုံဖြစ်ကြ။ သူကသူ့အလုပ်နှင့်သူ။ ကိုယ်ကလည်း ကိုယ့်ကိစ္စနှင့်ကိုယ်။

တစ်ခါတစ်ရံ ယာဉ်တွေစီးဆင်းနေရာ ဆူးလေဘုရားလမ်းမပေါ်မှာ လှစ်ခနဲတွေ့လိုက်ရသည်။ တစ်ခါတစ်ရံ နီယွန်မီးရောင်ပြာလဲ့လင်းနေသည့် ဗိုလ်ချုပ်ဈေးရုံထဲမှာ ခဏတစ်ဖြုတ် တွေ့လိုက်ရသည်။ တစ်ခါတစ်ရံ လူရေစီးကြောင်းတွေ စီးဆင်းနေသော လမ်းဘေးပလက်ဖောင်းပေါ်မှာ တွေ့လိုက်ရသည်။ ဘာစကားမျှမပြောဖြစ်လိုက်။သည်လိုနှင့် သူနှင့်ကျွန်တော်ကြားတွင် နှစ်ကာလတွေ နံရံခြားသွားကြသည်။ ဘာလိုလိုနှင့် အနှစ်၄၀လောက် ကြာသွားပြီ။

ထိုနေ့ကမူ ကိုမြင့်မောင်သည် ကျွန်တော့်အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ပေါက်လာသည်။

"လာသာလာခဲ့ရတယ်၊ တွေ့မှတွေ့ပါ့မလားလို့၊ နေထိုင်ကောင်းတယ်မဟုတ်လား"

ကျွန်တော်က သူ့အမေးကိုမဖြေနိုင်။ ကျွန်တော်သိလိုသည့် မေးခွန်းတွေကို တစ်သီတစ်တန်းမေးသည်။ ဘယ်မှာနေသလဲ။ ဘာလုပ်နေသလဲ။ အလုပ်ကပင်စင်ယူပြီလား။ သားတွေ သမီးတွေကော။

သူက အနှစ်၄၀အတွင်း ဖြတ်သန်းခဲ့ရသည့် သူ့ဘဝကိုအတိုချုပ်ပြောပြသည်။ အလုပ်ကပင်စင်ယူပြီးပြီ။ ယခုရန်ကုန်မှ ၃၊ ၄နာရီ သွားရသည့်မြို့ကလေးတွင်နေသည်။ ဇနီးမှာဆုံးသွားပြီး ယခုသား သမီးများမှာ အိမ်ထောင်ခွဲနေသူနေပြီး အတူနေသူများလည်းရှိသည်။ လဆန်းတိုင်း ရန်ကုန်သို့လာ၍ပင်စင်ထုတ်ရသည်။ အချိန်မရသဖြင့် မဝင်ဖြစ်။ ယခုတစ်ခေါက်တွင်မူ အချိန်ယူ၍ လာတွေ့ခြင်းဖြစ်ကြောင်း ဖြင့် ရှည်လျားစွာပြောပြသည်။

"ခုကော ဘာလုပ်နေသလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ထုံးစံအတိုင်း ခြောက်ကပ်စွာရယ်သည်။

"ကိုယ်လုပ်တဲ့အလုပ်က ကိုယ်နဲ့ဘာမှမဆိုင်တဲ့အလုပ်၊ ကြားရရင် မောင်ရင်အံ့သြသွားမယ်"

သူသည် ရန်ကုန်တက္ကသိုလ်မှဘွဲ့ရခဲ့ပြီး အစိုးရဌာနတစ်ခုမှ အရာရှိတစ်ယောက်အဖြစ် အငြိမ်းစားယူသွားခဲ့ခြင်းဖြစ်သည်။ အနည်းဆုံး သူယခုလုပ်နေသည့်အလုပ်သည် သူအစိုးရအရာရှိလုပ်ခဲ့တုန်းက အလုပ်မျိုးနှင့်နီးစပ်သည့်အလုပ်မျိုးတော့ဖြစ်မည်ဟု ကျွန်တော်ခန့်မှန်းကြည့်သည်။

"စာတို့ဘာတို့ကော ဖတ်ဖြစ်သေးလား"

သူကခေါင်းကို ခပ်သွက်သွက်ယမ်းလိုက်ရင်း . . .

"ဘာစာမှ မဖတ်ဖြစ်ပါဘူး၊ မောင်ရင်တို့စာတွေကိုတောင် မဖတ်ဖြစ်ဘူး၊ ကလေးတွေပြောမှပဲ မောင်ရင်ဘာစာအုပ်တွေထွက်တယ်၊ ဘာရေးတယ်ဆိုတာ သိရတော့တယ်၊ သတင်းစာတော့ ဖတ်ဖြစ်ပါရဲ့၊ ဒါပေမယ့် ဒါလည်း နာရေးသာရေးကြော်ငြာလောက်ပဲ အဓိကထားဖတ်ဖြစ်တော့တယ်"

ကျွန်တော်သည် သူ့အတွက် စိတ်မကောင်းဖြစ်ရမလား၊ ဝမ်းသာရမလားဟု မဝေခွဲနိုင်ဘဲ ဖြစ်နေသည်။

ကဗျာဆရာ'တောမတ်စ်ဂရေး'၏ 'မသိမှုသည် သုခချမ်းသာ' ဆိုသည့်စာပုဒ်ကို ကျွန်တော်သွား၍သတိရနေသည်။ မဂ္ဂဇင်းလည်း မဖတ်။သတင်းစာလည်း မဖတ်။ ဘာကိုမျှမဖတ်။ ကျွန်တော်သည် ဘာကိုမျှမဖတ်ဘဲ နေနိုင်သော သူ့ကိုကြည့်၍ အံ့သြနေသည်။

"ခင်ဗျား စာမဖတ်ဘဲ နေနိုင်ရဲ့လား"

"နောက်တော့ နေသားကျသွားတာပေါ့ကွာ၊ ဟိုတုန်းကတော့လည်း တို့တစ်တွေ စာတွေကုန်းဖတ်ခဲ့ကြတာ မဟုတ်လား၊ စာဖတ်ရုံနဲ့ အားမရဘူး စာထဲပါတဲ့ အကြောင်းတွေကို ဆွေးနွေးကြ၊ ငြင်းကြ၊ ခုန်ကြ၊ တစ်ခါတစ်လေ တို့တစ်တွေ တစ်ညလုံးထိုင်ပြီး စာကြောင်းပေကြောင်း ပြောနေကြတာတွေလေ၊ အခုတော့ မဖတ်နိုင်တော့ဘူးကွ၊ ကိုယ်အလုပ်နဲ့ ကိုယ်ဆိုတော့ အလုပ်မှာပဲ နစ်မြုပ်သွားတယ်"

"ဒါကတော့ ဆင်ခြေပါဗျာ၊ စာဖတ်ချင်တဲ့လူဟာ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်များများ ဖတ်တာပါပဲ၊ ဂေါ်ကီတို့ ဘယ့်နှယ်လုပ်မလဲ၊ သူများအိမ်မှာ အိမ်စေလုပ်ရတယ်၊ အလုပ်လုပ်ရတယ်၊ ညသန်းခေါင်သန်းလွဲကျမှ အိပ်ရတယ်၊ အဲဒီတော့ မီးဖိုချောင်က ထပ်ခိုးလေးပေါ်မှာ ဖယောင်းတိုင်လေးနဲ့ ဖတ်ရတယ်၊ နောက်တော့ ဖယောင်းတိုင်ကုန်လို့ဆိုပြီး အိမ်ရှင်က ညမီးဖိုချောင်ပိတ်ရင် ဖယောင်းတိုင်ကို အတိုင်းအထွာနဲ့ထားပစ်ခဲ့တယ်၊ မနက်လင်းလို့ ဖယောင်းတိုင်တိုနေရင် အရိုက်ခံရတယ်၊ ဒီတော့ လသာတဲ့ညမှာ ကြေးလင်ပန်းလေးကို ပြောင်အောင်တိုက်၊ အဲဒီကြေးလင်ပန်းမှာလာထင်တဲ့ လရောင်ပြန်နဲ့ စာဖတ်ရတယ်၊ ဘယ်နှယ့်လုပ်မလဲ”

သူက ကျွန်တော်၏ ရှည်လျားသော ရှင်းပြချက်ကို နားထောင်နေသည်။ ထို့နောက်တွင် လွန်စွာလွယ်ကူရှင်းလင်းသည့် အဖြေကို ပေးသည်။

“ဒါက ဂေါ်ကီကိုးကွ၊ ငါကဂေါ်ကီမှမဟုတ်ပဲ”

ကျွန်တော်တို့နှစ်ယောက်သည် သူ့စကားကြောင့် ရယ်လိုက်ကြသည်။

“အဲဒီတုန်းကဂေါ်ကီငယ်ငယ်လေးရှိသေးတာကွ၊ ငါကအသက်ဖြဝကျော်နေပြီ၊ ပြီးတော့ဂေါ်ကီက စာရေးဆရာလုပ်မယ့်လူ၊ ငါကစာကိုအပျော်တမ်းဖတ်တာ၊ နောက်တစ်ချက်သူက စာနဲ့ပေနဲ့နီးစပ်တယ်၊ ငါကဘာစာပေနဲ့မှ နီးစပ်တာမဟုတ်ဘူး၊ ငယ်ငယ်တုန်းကဖတ်ခဲ့တာပဲရှိတယ်၊ ကြီးတော့ တိုင်းမ်မဂ္ဂဇင်းနဲ့နယူးဝိခ်မဂ္ဂဇင်းတို့လောက်တော့ဖတ်ဖြစ်ပါရဲ့၊ ဒါပေမယ့် နောက်တော့ အဲဒီမဂ္ဂဇင်းတွေက တို့လိုလူတွေဝယ်လို့မရဘူး မဟုတ်လား၊ ဒီတော့ မဖတ်ဖြစ်တော့ဘူးကွာ၊ အဲဒါတွေထက် အဓိကကျတဲ့ အကြောင်းကတော့ ငါ့အလုပ်က စာအုပ်နဲ့သိပ်ဝေးတဲ့ အလုပ်ကွ၊ ငါဘာ လုပ်နေသလဲဆိုတာလည်း မင်းမေးဦးလေ”

‘ဆိုပါဦး ဘာလုပ်နေလဲ’

“မုန့်ဟင်းခါးဖိုထောင်ထားတယ်ကွ၊ ညမှာဆန်စိမ်ရတယ်၊ မနက် ၃နာရီခွဲ ၄နာရီလောက်ထပြီး မုန့်ဟင်းခါးညှစ်ရတယ်၊ မုန့်ဟင်းခါးဆိုင်တွေကို မုန့်ဟင်းခါးရောင်းရတာ ဆိုတော့ မနက်အစောကြီးထပြီး လုပ်ရတာ”

ကျွန်တော်သည် အရာရှိဘဝမှအငြိမ်းစားယူပြီး မုန့်ဟင်းခါးညှစ်



www.burmeseclassic.com

www.burmeseclassic.com



နေသော သူ့ကိုကြည့်၍ အံ့အားသင့်နေသည်။

"အင်းလေ ဟုတ်တာပေါ့၊ မုန့်ဟင်းခါးညစ်တာနဲ့ စာအုပ်နဲ့ ဘယ်နီးစပ်ပါ့မလဲ"

"ငယ်ငယ်တုန်းကတော့လည်း တို့တစ်တွေ စာတွေဖတ်ခဲ့ကြတာပေါ့ကွာ။ အခုတော့ စာအုပ်နဲ့မနီးတော့ပါဘူး၊ အခုငါမင်းဆီလာတာကလည်း ငါ့ဆီမှာကျန်ရစ်ခဲ့တဲ့ စာအုပ်ကလေးတွေ မင်းကိုလက်ဆောင်လာပေးတာ၊ ငါ့ဆီမှာဆိုရင် အလကားပျောက်သွားမှာ မင်းဆီမှာဆိုတော့ အသုံးကျနိုင်တာပေါ့"

သူက ပါးစပ်တွင် ခဲထားသည့် မီးငြိမ်းနေသော ဆေးပေါ့လိပ်ကို ပြာခွက်ထဲသို့ချလိုက်ပြီး ကြွတ်ကြွတ်အိတ်ထဲမှ စာအုပ်တွေကိုထုတ်သည်။သူ့စာအုပ်များမှာ ဟောင်းနွမ်းဝါကျင့်နေလေပြီ။ အဖုံးများ ကိုမူပြန်ဖုံး၍ချုပ်ထားသည်။

"မင်းမှတ်မိဦးမလားမသိဘူး၊ ဂျပန်ခေတ်တုန်းကတို့ ဖတ်ခဲ့တဲ့ စာအုပ်ကလေးတွေလေ၊ အေးလေ၊ အထူးသဖြင့်မင်းပေါ့၊ အဲ တို့တစ်တွေ စာဖတ်ဝါသနာပါတာဟာ စာပေဘက်စိတ်ဝင်စားလာတာဟာ ဒီစာအုပ်တွေရဲ့ ကျေးဇူးပေါ့၊ တစ်နေ့က အိမ်ကိုရှင်းတော့ သေတ္တာထဲကဒီစာအုပ်တွေ ထွက်လာတယ်။ ငါလည်း ဒီစာအုပ်တွေကို မေ့သလောက်ဖြစ်နေပါပြီ။ ခုမှ တွေ့လို့ မင်းကိုလက်ဆောင်အဖြစ်လာပေးတာ . . ."

သူက စာအုပ်များကို စားပွဲပေါ်သို့တင်လိုက်သည်။ ပထမဆုံးကျွန်တော်တွေ့လိုက်ရသော စာအုပ်များမှာ 'ဂန္ထလောက' မဂ္ဂဇင်းများဖြစ်သည်။ ကျွန်တော်သည် ရှားရှားပါးပါး စာအုပ်တွေကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားသည်။ ထိုစာအုပ်များမှာ ဂျပန်ခေတ်က ကျွန်တော်တို့တစ်တွေ ဖတ်ခဲ့ကြသော စာအုပ်များဖြစ်သည်။

သူ့အဖေမှာ စာအုပ်ဝါသနာပါသူဖြစ်ရာ အိမ်တွင်စာအုပ် တော်တော်များများ ရှိသည်။ ထိုခေတ်က ထုတ်ဝေသောဘားမားဂျာနယ်၊ ဆယ်သန်းဂျာနယ်၊ စနေနဂါးနီဂျာနယ်၊ ဒီးဒုတ်ဂျာနယ်၊ သူရိယဂျာနယ်၊ မြန်မာ့အလင်းမဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်း စသည်တို့အပြင် နဂါးနီတိုက်မှ ထုတ်ဝေသည့်စာအုပ်များ ဝတ္ထုများလည်းရှိသည်။

ဂျပန်ခေတ်တုန်းက နေ့လယ်တိုင်လျှင် ကျွန်တော်တို့တစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်သို့သွားပြီး စာဖတ်ကြသည်။ ကျွန်တော်တို့တွင် ရှိသမျှစာအုပ်များကိုလည်း သူ့အိမ်သို့ပို့ထားပြီး သူ့အိမ်တွင် စာကြည့်တိုက်ကလေးတစ်ခု ထောင်ထားခဲ့ကြသည်။

"ဒီပြင်စာအုပ်တွေ မရှိတော့ဘူးကွ ဒါတွေပဲကျန်တော့တယ်"

ကျွန်တော်သည် သူပေးသည့်စာအုပ်များကို လှန်လှောကြည့်နေသည်။ 'ဂန္ထလောက' မဂ္ဂဇင်းတွေကို ကျွန်တော်မမြင်ရသည်မှာကြာပြီ။ ၁၉၅၃ခုနှစ် တစ်ဝိုက်လောက်တုန်းကျွန်တော့်တွင် 'ဂန္ထလောက'မဂ္ဂဇင်းတွေ အုပ်ရေ၁၀၀လောက်ရှိခဲ့ဖူးသည်။ အချို့မှာ လမ်းဘေးမှဝယ်ယူခဲ့ခြင်းဖြစ်သည်။ စာအုပ်များပေါ်တွင် မရင်နု၊ တောင်ပိုင်း၊ ကွမ်းခြံကုန်းမြို့' ဟု ရေးထားသည်။ ကဗျာဆရာမကြီးနုယဉ်၏ စာအုပ်များဖြစ်၍ တစ်နေ့တွင် ဆရာမကြီးကို ပြန်ပေးရန်(သို့မဟုတ်) စာကြည့်တိုက် တစ်ခုခုသို့ ပို့ရန် ဝယ်ယူခြင်းဖြစ်သည်။ အချို့မှာ တစ်တွဲလျှင် စာစောင်အစိတ်၊ သုံးဆယ်ခန့်ကို တစ်တွဲစီချုပ်ပြီးထားသည့် အုပ်တွဲကြီးများဖြစ်သည်။ သို့ရာတွင် ကဗျာဆရာတစ်ယောက်က တောင်းတောင်းပန်ပန်ငှားသွားပြီး ပြန်မရောက်လာတော့။ ထိုကဗျာဆရာကို ယနေ့တိုင်ကျွန်တော် မြင်တွေ့နေရသော်လည်း ကျွန်တော့်'ဂန္ထလောက' မဂ္ဂဇင်းများကိုမူ တစ်ခါမှ ပြန်မမြင်ရတော့။ အစတွင် ကျွန်တော်သူ့ထံတောင်းသေးသည်။ သူက ပြန်ပေးပါမည်ဟု ပြောသော်လည်း ရောက်မလာတော့ပါ။ နောက်တော့ ပျောက်သွားသလိုလို၊ခြစားသွားသလိုလို ပြောစကားနှင့်အတူ ကျွန်တော့် 'ဂန္ထလောက' မဂ္ဂဇင်းများသည်လည်း အစဆုံးပျောက်ကွယ်သွားခဲ့လေသည်။

ယခုတစ်ကြိမ်မှာမူ 'ဂန္ထလောက' မဂ္ဂဇင်းများကို ဒုတိယအကြိမ်ရခြင်းဖြစ်သည်။

"ဒီစာအုပ်ကလေးတွေဟာ မင်းတို့ငါတို့တွေ ငယ်ငယ်ကဖတ်ခဲ့တဲ့ စာအုပ်လေးတွေကွ၊ ငယ်ငယ်က ဖတ်ဖူးခဲ့တဲ့ စာအုပ်မဟုတ်ဘူးနော်၊ တို့ကိုယ်တိုင်ချုပ်၊ တို့ကိုယ်တိုင်အင်ဒါလိုင်းတားပြီးဖတ်ခဲ့တဲ့စာအုပ်၊ ဒီမှာ မင်း အင်ဒါလိုင်းလုပ်ထားခဲ့တဲ့ စာပုဒ်တွေ့ရဲ့လား။ ငါကောင်းကောင်း မှတ်မိတာပေါ့၊ စာအုပ်ထဲမှာ အန်ဒါလိုင်းလုပ်လို့ မင်းနဲ့ငါတောင် စကားများကြသေးတယ် မဟုတ်လား၊ ဒါကြောင့်မို့ ငါကောင်းကောင်း မှတ်မိ



www.burmeseclassic.com

www.burmeseclassic.com



နေတာ . . . ”

သူက ‘ဂန္ထလောက’ မဂ္ဂဇင်းထဲက ဆောင်းပါးတစ်စောင်ကို ထောက်ပြသည်။

“ဒီစာအုပ်ကလေးတွေဟာ တစ်ခြားလူတွေအဖို့တော့ အဖိုးတန်ချင်မှတန်မယ်၊မင်းနဲ့ ငါ့အဖို့တော့ အဖိုးတန်တယ်ကွ၊ အနည်းဆုံးအလွမ်းတန်ဖိုး(Sentimental Value) ပေါ့ကွာ၊ ငါ့အဖို့က ဒီစာအုပ်ကလေးတိုင်းမှာ အဖေ့ရဲ့လက်မှတ်ပါနေတယ်၊ ဘညို(၇.၅.၃၉)တဲ့ကွ၊ ခုဆိုရင် ၅၃ နှစ်ရှိသွားပြီ၊ မင်းအဖို့လည်း ဒီစာအုပ်ကလေးတွေဟာ မင်းကိုစာဖတ်ဝါသနာပါလာအောင် မြေတောင်မြှောက်ပေးလိုက်တဲ့ ဩဇာဓာတ်တွေ၊ တို့နှစ်ယောက်အဖို့တော့ လွန်ခဲ့တဲ့ နှစ်ပေါင်း၄၀ကျော်က တို့ဖတ်ခဲ့၊ တို့မှတ်ခဲ့၊ တို့ကိုင်ခဲ့တဲ့ စာအုပ်ကလေးတွေ၊ တကယ်ဆိုတော့ တို့တစ်တွေရဲ့ အတွေးအခေါ် အယူအဆတွေကို ဒီစာအုပ်တွေက စိုက်ပျိုးပေးလိုက်တာတွေပဲ မဟုတ်လား”

လူတစ်ယောက်၏ဘဝတွင် အတွေးအခေါ်ကို ပုံသွန်းပေးလိုက်သည့်အရာသည် ပတ်ဝန်းကျင်ဘဝနှင့် သူဖတ်သည့် စာအုပ်များ ဖြစ်ပေသည်။ သိသိသာသာဖြစ်စေ၊ မသိမသာဖြစ်စေ ဘဝနှင့်စာအုပ်သည် လူတစ်ယောက်၏ အတွေးအခေါ်ကို ပြဌာန်းပေးပေသည်။ ဟောင်းနွမ်းဝါကျင့်နေပြီဖြစ်သော ‘ဂန္ထလောက’ မဂ္ဂဇင်း စာအုပ်များကို လှန်လှောရင်း ကျွန်တော့်စိတ်သည် အတိတ်သို့ လွင့်ပါးနေသည်။ ■

**(၁၉၉၃၊ နိုဝင်ဘာ၊ ချယ်ရီ)**



www.burmeseclassic.com

www.burmeseclassic.com

## ဦးသန့်၏ မြန်မာဝတ္ထုရှည်ဝေဖန်ရေး

ကျွန်တော်သည် ၁၉၃၉ ခုနှစ်က ထုတ်ဝေခဲ့၍ ၁၉၄၃ ခုနှစ်တွင် ကျွန်တော်ဖတ်ခဲ့ရပြီး ကျွန်တော်လက်ထဲသို့ နောက်တစ်ကြိမ် ပြန်ရောက်လာသော ဂန္ထလောကမဂ္ဂဇင်း ကလေးကို တယုတယကိုင်ရင်း စာရွက်များကို အသာလှန်လှောနေသည်။ မဂ္ဂဇင်းစာအုပ်မှာ စစ်ဖြစ်ခါနီး ထုတ်ဝေသည့် ရှစ်ချိုးမဂ္ဂဇင်းဆိုက်အရွယ် မဟုတ်။ ရှည်မျောမျော ဒီမိုင်းဆိုက်ကလေးဖြစ်သည်။

စာမျက်နှာကလည်း နည်းနည်းကလေး။ ငါးဆယ်ခန့်သာ ရှိသည်။ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာနှင့်ဖြစ်ပြီး တစ်ဝက်ကအင်္ဂလိပ်စာကဏ္ဍဖြစ်ပြီး၊ နောက်တစ်ဝက်မှာ မြန်မာစာ ကဏ္ဍဖြစ်သည်။ အယ်ဒီတာအမည်ကို မတွေ့ရသော်လည်း ပန်းတနော်ဦးခန့်ဖြစ်လိမ့်မည်ဟုထင်ရသည်။ အင်္ဂလိပ်စာကဏ္ဍတွင် ကျေးလက်တောရွာသက်ကြီးပညာသင်ကြားရေး၊ ဖီးဘတ်စ် ကလောင်အမည်ခံသူ၏ မြန်မာလူမျိုးနှင့်ကဗျာ၊ ဒေါက်တာရာဒါကရှစ်ရှနန်၏ အိန္ဒိယအမျိုးသားနှင့်တက္ကသိုလ်၏အခန်းကဏ္ဍ၊ ပန်းတနော်ဦးသန့်၏ မြန်မာဝတ္ထုရှည် စသည့်ဆောင်းပါးများပါဝင်သည်။ မြန်မာစာ ကဏ္ဍတွင် သိပ္ပံမောင်ဝ၏ ရွှေးကောက်ပွဲ၊ တင်မောင်



www.burmeseclassic.com

www.burmeseclassic.com



မြင့် (သိပ္ပံမောင်ဝ)၏ ငါ၊ သိပ္ပ (သိပ္ပံ မောင်ဝပင်ဖြစ်မည်ဟု ယူဆရသည်) ၏ခင်ပျို့မောင်နှင့် ဇော်ဂျီ၏တိမ်မိလ္လာကဗျာတို့ကိုတွေ့ရသည်။

(နောင်တွင် ပြန်လည်ထုတ်ဝေသော ကဗျာပေါင်းချုပ်သစ်၌ ထိုကဗျာကို တိမ်လွှာဟု အမည်ပြောင်းထားပြီး နောက်ဆုံးအပိုဒ်ကို အသစ်ပြန်လည် ရေးထားသည်ကို တွေ့ရသည်။)

ယခုပြန်ဖတ်လိုက်သည့်အခါ၌ ၁၉၃၃ ခု၊ နိုဝင်ဘာလထုတ်၊ ဂန္ထလောကမဂ္ဂဇင်း၊ **ကျွန်ုပ်တို့၏ကဗျာစု** ဆိုသည့် ကဏ္ဍတွင် ဇော်ဂျီ၏ ကဗျာတစ်ပုဒ်ကို သွားတွေ့ရသည်။ ထိုကဗျာကို ကျွန်တော်ယခုသတိထား၍ဖတ်ကြည့်သည့်အခါ ဇော်ဂျီ၏ ကဗျာပေါင်းချုပ်များတွင် မပါဘဲ ကျန်ရစ်ခဲ့သည့် ကဗျာတစ်ပုဒ်ဖြစ်နေသည်ကို တွေ့ရသည်။ ဇော်ဂျီသည် ထိုကဗျာကို မေ့လျော့သွားသည်လား။ သို့မဟုတ် ရှာမတွေ့၍ လားတော့ မပြောတတ်ပါ။ ထိုကဗျာမှာ 'မျက်လုံးနီလာ'ဆိုသည့် ကဗျာဖြစ်ပါသည်။ သူ့ကဗျာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ငဲ့လို့ ပြုံးပါအုံ့
မျက်လုံးနီလာပျော်ရဲ့
ကေသာတော် နွဲ့နွဲ့နွမ်းငဲ့ပြင်
ကြွက်ဝမ်းပူ ဖြူဖြူဖွေးလိုပ
ခြေကလေး အသာလှဲ့ပြန်တော့
ဝင်းလဲ့လဲ့မြင်လိုက်သည်။
ယခင်ညဆီက
မြင်ရမည် အမျှော်ကြီးရယ်နှင့်
ဆီမီးတိုင် ရေ့မှာထွန်းကာပ
လွမ်းစရာ ဘယ်မသိသော်လဲ
လွမ်းမိသည် ဟန်မလုလေဘု
နွမ်းလျခဲ့ပြီ။
ပြောရအုံးမယ်နော်
မျက်လုံးအပြာလျှံငဲ့
ခါတရံ ဇော်တဖေ့မှာလ
ကြုံတွေ့သည် ဖလံကောင်တို့



www.burmeseclassic.com

www.burmeseclassic.com



အလျှံပြောင် မီးဝါတောက်မှာဖြင့်
လာရောက်ကာ ပျော်လို့ပါးရာက
အားနွဲ့ကာ အဝါသက်ရှာကြ
မီးကျက်၍ အသံမြည်
ဆီရည်က ကျဆင်း။
ငဲ့လို့ ပြုံးပါအုံ့
မျက်လုံးနီလာပျော်ငဲ့
သည်ခါသော် သည်ဆီမီးကိုဖြင့်
အပြီးတိုင် အမြန်သတ်ခါပ
ဖြူလုပ်သည် ခြေကလေးဆီသို့
ဖွေးရာရာ ပြေးကာလိုက်တော့မယ်
မဲမိုက်မှောင်တွင်း။ ။
(မူရင်းသတ်ပုံအတိုင်း)

ကျွန်တော်သည် အထက်ပါကဗျာကို ဇော်ဂျီ၏ကဗျာပေါင်းချုပ်သစ်တွင် လိုက်ရှာသော်လည်း မတွေ့ပါ။ ယခုတစ်ခေါက် ဂန္ထလောကမဂ္ဂဇင်းများကို ပြန်ဖတ်သည့်အခါတွင်မှ အသစ်ပြန်၍ တွေ့ခြင်းဖြစ်ပါသည်။

ထိုဂန္ထလောကမဂ္ဂဇင်းထဲတွင် နောက်ထပ် စိတ်ဝင်စားဖွယ်ကောင်းသည့် ဆောင်းပါးတစ်ပိုဒ်မှာ အင်္ဂလိပ်ဘာသာဖြင့်ရေးထားသည့် ပန်းတနော် အမျိုးသားအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသန့်၏ ဆောင်းပါးဖြစ်ပါသည်။ ဦးသန့်၏ဆောင်းပါးမှာ 'မြန်မာဝတ္ထုရှည် ဝေဖန်ရေးကောင်းလိုအပ်နေပြီ' ဆိုသည့်ဆောင်းပါးဖြစ်သည်။ ဦးသန့်၏ ဆောင်းပါးသည် မြန်မာဝတ္ထုရှည်ဝေဖန်ရေးနှင့် ပတ်သက်၍ အစောဆုံးပေါ်ခဲ့သော ဆောင်းပါးတစ်စောင်ဖြစ်မည်ဟု ကျွန်တော်ထင်ပါသည်။ ဦးသန့်၏ ဆောင်းပါးကို ဖတ်ကြည့်ပါ။

ဤဆောင်းပါးသည် မြန်မာဝတ္ထုရှည်၏ သမိုင်းကို အကြမ်းဖျင်း ခြေရာကောက်သည့်ဆောင်းပါး ဟုပင်ခေါ်နိုင်မည် မဟုတ်ပါ။ မြန်မာဝတ္ထုရှည်သည် ယခုမှ ပေါ်ထွန်းစသာ ရှိပါသေးသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်း နှစ်ခုအတွင်း၌ မြန်မာစာပေလောကသည် တော်



www.burmeseclassic.com

www.burmeseclassic.com



လှုန်ပြောင်းလဲမှုကြီးတစ်ခုကို ဖြတ်သန်းခဲ့ပါသည်။ စာပေရေးသားခြင်း အတတ်တွင်ဟောင်းနွမ်း၍ ခွန်အားနည်းသော အစဉ်အလာကို ဆန့်ကျင်တော်လှန်သည့်သဘောသည် ယနေ့ခေတ် မြန်မာစာရေးဆရာတို့၏ အရေးအသားထဲတွင် ထင်ရှားစွာ မြင်နေရပါသည်။ ဝတ္ထုနယ်ပယ်တွင် ပီမိုးနင်းသည် သူ၏အဆင့်အတန်းမြင့်သည့် ဝတ္ထုများဖြင့် ဦးဆောင်လမ်းပြခဲ့ပါသည်။ သူ၏အကြီးကျယ်ဆုံးသော ဝတ္ထုရှည်ကြီး နှစ်ပုဒ်ဖြစ်သည့် **နေရီရီနှင့် သဲမြညှာ** ဝတ္ထုတို့တွင် အချစ်အကြောင်းကို ရေးထားသော်လည်း (အချစ်အကြောင်း မရေးသော မြန်မာဝတ္ထုဟူ၍လည်း အဘယ်မှာလျှင် ရှိပါသနည်း) ထိုဝတ္ထုနှစ်ပုဒ်စလုံးမှာပင် ပီမိုးနင်းသည် သူခါတိုင်းရေးနေကျ ထုံးစံအတိုင်း အချစ်ကိုနူးညံ့သိမ်မွေ့သော လုပတင့်တယ်မှု၊ သင်းပျံ့မှုတို့ဖြင့် ထုံမွှမ်းထားပါသည်။ ပီမိုးနင်းသည် ထုံးတမ်း အစဉ်အလာဟောင်းများကို စတင်ဖီဆန်ခဲ့သူဖြစ်ပါသည်။ **နေရီရီ**ကို ပုံနှိပ်ထုတ်ဝေပြီးချိန်မှစ၍ နောင်တွင် လူငယ်ဝတ္ထုစာရေးဆရာ အများအပြား ပေါ်ပေါက်လာခဲ့သည်တွင် အချို့မှာ လွန်စွာအဆင့်အတန်း မြင့်သည့် ဝတ္ထုတိုများကို ရေးနိုင်လာခဲ့ကြပါသည်။ ယင်းတို့ အနက် ရွှေဥဒေါင်း၊ ဇေယျနှင့် မဟာဆွေတို့မှာ အထူးဦးစားပေး ဖော်ပြရမည့်သူများဖြစ်ပါသည်။ထိုဝတ္ထုရေးဆရာများ၊ အထူးသဖြင့်ပထမဝတ္ထုရေးဆရာနှစ်ဦးတို့လူကြိုက်အလွန်များလာသည့်အတွက် ၎င်းတို့လောက် အဆင့်မရှိသည့် လူငယ်စာရေးဆရာများအား ထိုသို့ဝတ္ထုကောင်းများကို ရေးနိုင်ရန် ကြိုးစားဖို့ အားပေးနှိုးဆော်သကဲ့သို့ ဖြစ်လာပါသည်။ သူတို့၏ရေးဟန်ကို အတုခိုးရန် ကြိုး စားလာခဲ့ကြပါသည်။ သူတို့၏ရေးဟန်သည် စံဖြစ်လာကာ ပုံစံကျသကဲ့သို့ ဖြစ်သွားပါသည်။ ထိုအခါမျိုးတွင် စာပေလောကတွင် ဖြစ်တတ်သည့်အတိုင်း စက်ယန္တယားဆန်ဆန် ငြီးငွေ့ဖွယ်ကောင်းသော ထပ်ပြန်တလဲလဲဖြစ်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။

သို့ရာတွင် ယခုအချိန်၌ ကျွန်တော်တို့တွင် အတော်အတန် အရည်အချင်းရှိသည့် စာရေးဆရာများ အများအပြား ပေါ်ထွက်လာခဲ့ပြီ ဖြစ်ပါသည်။ သူတို့သည် အင်္ဂလိပ်ဝတ္ထုများကို ဘာသာပြန်ဆိုခြင်း၊ မှီငြမ်းပြုခြင်း စသည်တို့ကို ပြုလုပ်ခဲ့ကြရာ အတော် အတန်အောင်မြင်မှု



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ရရှိခဲ့ကြပြီ ဖြစ်ပါသည်။ မြန်မာစာပေ၏ ဖြစ်ပေါ်တိုးတက်မှု တွင် ရာဇဝင် (သမိုင်း) ဝတ္ထုတို့ပေါ်ပေါက်လာရခြင်းမှာလည်း အဆင့် သစ်တစ်ခုဟု ဆိုသင့်ပါသည်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် ကာလအတန်ကြာကပင်လျှင် ရာဇဝင်ဝတ္ထုများကို ရေးသားကာ လမ်း သစ်ကို ခေါင်းဆောင်ခဲ့ပါသည်။ သို့ရာတွင်တစ်ခါတရံ၌ သူ့ဝတ္ထုများမှာ ရှည်လျားပြီး အနည်းငယ် ငြီးငွေ့ဖွယ်ကောင်းနေပါသည်။ ခံ့ညားမှုအရာ တွင်လည်းကောင်း၊ ရေးဟန်ကြွယ်ဝသည့်နေရာတွင် လည်းကောင်း၊ ဦးမောင်ကြီးကို မည်သူ့မျှ မမှီနိုင်သေးပါ။ သို့ရာတွင် ဝတ္ထုရေးဆရာ တစ်ဦးအနေနှင့်ကား ဦးမောင်ကြီးသည် လုံးဝအောင်မြင်သူ တစ်ဦး မဟုတ်ပါ။ နှောင်းလူတို့သည် သူ့ကို စာပေပညာရှင်တစ်ဦး အနေဖြင့် သတိရကောင်းရမည်ဖြစ်သည်တိုင် ဝတ္ထုရေးဆရာတစ်ဦးအနေနှင့်တော့ သတိရကြမည် မဟုတ်ပါ။ နောင်ပေါ်လာသည့် ဦးသိန်းမောင်မှာမူ **ရဲမြန်မာ** ဝတ္ထုကြောင့် ရာဇဝင် ဝတ္ထုရေးဆရာတစ်ဦးအနေဖြင့် ထင်ရှားစွာ အောင်မြင်လာခဲ့ပါသည်။ ဦးသိန်းမောင်သည် ဝတ္ထုနောက်ခံကို ကောင်း စွာ ဖွဲ့စည်းတည်ဆောက်ထားပြီး သုတေသနလုပ်ထားကြောင်းကို စာမျက်နှာတိုင်းတွင် ပေါ်လွင်နေပါသည်။

သို့ရာတွင် နောင်ပေါ်လာသည့် ဝတ္ထုရေးဆရာသစ်များကို ကြည့်လိုက်သည့်အခါတွင်မူ များစွာစိတ်ပျက်ခြင်း ဖြစ်ရပါသည်။ ၎င်းတို့သည် ဝတ္ထုရေးခြင်းအတတ်ပညာကို က,ကြီး ခ,ခွေးလောက် ကိုပင် နားလည်ကြပုံ မရပါ။ ခေတ်ပြိုင်ဝတ္ထုများထဲတွင် ခေတ်ပြိုင်လူ့ အဖွဲ့အစည်း၏အခြေအနေသည် ထင်ဟပ်နေရမည်ဖြစ်ပါသည်။ သို့ရာ တွင် အချို့သော ခြွင်းချက်များမှအပ ခေတ်ပေါ် မြန်မာဝတ္ထုသည် ထိုလုပ်ငန်းကို မလုပ်နိုင်ဘဲ ဖြစ်နေပါသည်။ ခေတ်ပြိုင် လူမှုဘဝကို သစ္စာရှိစွာ ဖော်ပြထင်ဟပ်သည့်အချက်ဆို၍ မြန်မာဝတ္ထုများထဲတွင် ရှာ၍မတွေ့ဘဲ ဖြစ်နေပါသည်။ မြန်မာဝတ္ထုရေးဆရာတို့ သည် မိမိတို့၏ ခွန်အားကို အတုခိုးခြင်းကိစ္စတွင်သာ အစွမ်းကုန် အသုံးချနေကြပါသည်။ ထိုသို့အတုခိုးထားသော စာပေများ၊ ဝတ္ထုများမှာလည်း အလွန်အဆင့် အတန်း နိမ့်နေပါသည်။ သို့ဖြစ်လျှင် ထိုသို့သော အညံ့စားစာပေများ သည်အဘယ်ကြောင့် ထိုမျှ အုံလိုက်ကျင်းလိုက် များပြားနေရပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားသော အကြောင်းအရာတစ်ရပ်မှာ မှန်ကန်၍ ဘက်မလိုက်သော ဝေဖန်ရေး မရှိသောကြောင့် ဖြစ်ပါသည်။ ယခုအချိန်၌ ဝေဖန်ရေး စွမ်းအားသည် အလွန်နည်းနေပြီး စာပေအနုပညာ၏ တိုးတက်မှုကို အကျိုးဖြစ်မည့် လမ်းကြောင်းမှ သွေးဖည်နေသောကြောင့် ဖြစ်ပါသည်။ မြန်မာဝတ္ထုတိုးတက်ရေးတွင် မြန်မာသတင်းစာနှင့် ဂျာနယ်များသည် များစွာအထောက်အပံ့ပေးနိုင်ပါသည်။စာနယ်ဇင်းတို့သည်အရည်အချင်းရှိသော ဝေဖန်ရေးဆရာတို့ကိုရှာဖွေသင့်ပါသည်။ စာရေးဆရာ အဟောင်းအသစ်တို့ ရေးသားထုတ်ဝေကြသော ဝတ္ထုသစ်များကို ဘက်လိုက်ခြင်းမရှိဘဲ ဝေဖန်သင့်ပါသည်။ ယခု လောလောဆယ် လိုအပ်နေသောအရာမှာ စာနယ်ဇင်းများ၏ ပုဂ္ဂိုလ်စွဲ မပါသော ဝေဖန်ရေးဖြစ်ပါသည်။ ]

ပန်းတနော်ဦးသန့်၏ မြန်မာဝတ္ထုရှည်ဝေဖန်ရေးနှင့် ပတ်သက်သည့်ဆောင်းပါးမှာ ဤမျှသာဖြစ်ပါသည်။ သို့ရာတွင် ဦးသန့်၏ဆောင်းပါးသည် အတော်အတန်ပြည့်စုံသည့် ဆောင်းပါးတစ်စောင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဦးသန့်က မြန်မာဝတ္ထုရှည်၏ အစသည် ပီမိုးနင်း၏ **နေရီရီနှင့်သဲမြည္ဘာ**ဖြစ်သည်ဟု မှတ်တိုင်စိုက်၍ကမ္ပည်းထိုးလိုက်ပါသည်။ ဤအချက်တွင် သဘောကွဲနိုင်သော်လည်း ပီမိုးနင်းသည် မြန်မာဝတ္ထုရှည်ကို လမ်းသစ်ထွင်ခဲ့သူ ဆိုသည်အချက်မှာမူ အငြင်းပွားဖွယ်မရှိဟု ထင်ပါသည်။ ဦးသန့်က ပီမိုနင်း၏နေရီရီပြီးသည့်နောက်တွင် ပေါ်ထွက်လာသည့် မြန်မာ့ဝတ္ထုရှည်ဆရာသုံးဦးကို ညွှန်းပါသည်။ ယင်းတို့မှာ ရွှေဥဒေါင်း၊ ဇေယျနှင့် မဟာဆွေတို့ဖြစ်ပြီး အထူးသဖြင့် ရွှေဥဒေါင်းနှင့် ဇေယျတို့ကိုညွှန်းပါသည်။ နောင်းခေတ် စာရေးဆရာတို့သည် ရွှေဥဒေါင်းနှင့် ဇေယျတို့၏ ဝတ္ထုမျိုးတို့ကို ရေးသားလာကြသည်ဟု ဆိုပါသည်။ ထိုနောက် ဦးသန့်က မြန်မာစာပေတွင် ရာဇဝင် (သမိုင်း) ဝတ္ထုပေါ်ပေါက်လာခြင်းသည် အဆင့်တစ်ရပ်သို့ ရောက်လာသည်ဟု ယူဆပါသည်။ လယ်တီ ပဏ္ဍိတဦးမောင်ကြီးသည် ရာဇဝင်ဝတ္ထုများစွာကို ရေးခဲ့သည့်တိုင် ဦးမောင်ကြီး၏ ရာဇဝင်ဝတ္ထုများသည် ရှည်လျားပြီး ငြီးငွေ့ဖွယ်ကောင်းသည်ဟု ဝေဖန်ပါသည်။ ဦးမောင်ကြီးသည် စာပေပညာရှင်တစ်ဦးဖြစ်သည့်တိုင် ဝတ္ထုရေးဆရာတစ်ဦးအနေဖြင့် အောင်မြင်ခြင်းမရှိဟု ဦးသန့်ကဆိုခဲ့ပါသည်။ ရာဇဝင်ဝတ္ထုရေးဆရာ အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်ကြီးထက် ဦးသိန်းမောင်ကပို၍ အောင်မြင်သည်ဟု ဦးသန့် ယူဆပါသည်။

ဦးသန့်သည် သူတို့နောက်တွင်ပေါ်လာသည့် 'ဝတ္ထုရေးဆရာအသစ်များ'ဆိုသည်ကို များစွာစိတ်ပျက်မိကြောင်း၊ ယင်းတို့မှာ ဝတ္ထုရေးသားခြင်း အတတ်ပညာ ကကြီး၊ ခကွေးကိုပင် နားမလည်ကြကြောင်းဖြင့် ပြင်းပြင်းထန်ထန် ဝေဖန်ရေးသားပါသည်။ ဦးသန့်သည် ထိုခေတ် (၁၉၃၃ ခုနှစ်တစ်ဝိုက်) ပေါ်ပေါက်ခဲ့သော အများကြိုက်ဝတ္ထုရေးဆရာများကို တော်တော်ပြင်းပြင်းထန်ထန် ဝေဖန်သွားခဲ့ပါသည်။ ဝတ္ထုသည် ခေတ်ပြိုင်လူမှုဘဝကို ထင်ဟပ်ပြရမည်ဟု စောစီးစွာကတည်းက မြင်ခဲ့ကြောင်းကို တွေ့နိုင်ပါသည်။ ယင်းသို့အညံ့စား စာပေများ တွင်ကျယ်နေကြခြင်းကို ဖြောင့်မတ်၍ ဘက်မလိုက်သော ဝေဖန်ရေးဆရာများကို ဖိတ်ခေါ်ကာ စာပေဝေဖန်ရေးကို လုပ်သင့်ကြောင်းဖြင့် ဆော်သြခဲ့ပါသည်။

ကျွန်တော်သည် ထိုဂန္ထလောကမဂ္ဂဇင်းကို ၁၉၄၃ ခုနှစ်က ဖတ်ခဲ့ရသော်လည်း ထိုစဉ်က အင်္ဂလိပ်စာကို ကောင်းစွာမဖတ်တတ်သေးသဖြင့် ဦးသန့်၏ဆောင်းပါးကို မဖတ်ဖြစ်ခဲ့ပါ။

၁၉၃၃ ခုနှစ်က ရေးခဲ့၍ ၁၉၄၃ ခုနှစ်တွင် ကျွန်တော်လက်ထဲသို့ရောက်ခဲ့သည့် ဂန္ထလောက ကို ၁၉၉၃ ခုနှစ်တွင် ကျွန်တော်ပြန်ဖတ်သည့်အခါ၌ ဦးသန့်၏ဆောင်းပါးကို ပထမဆုံးအကြိမ် ဖတ်ရခြင်းဖြစ်ပါသည်။

လွန်ခဲ့သည့် အနှစ်ခြောက်ဆယ်က ရေးခဲ့သည့်ဆောင်းပါးဖြစ်သည့်တိုင် ဦးသန့်၏ဆောင်းပါးသည် ခေတ်မီနေသေးသည်ကို တွေ့ရပါသည်။ ■

**(၁၉၉၄၊ ဂျူလိုင်၊ သရဖူ)**



www.burmeseclassic.com

www.burmeseclassic.com

## သခင်ကိုယ်တော်မှိုင်းနှင့် ဂန္ထလောက

ကျွန်တော့်စားပွဲပေါ်တွင်ရှိသည့် ဂန္ထလောကမဂ္ဂဇင်းများတွင် ၁၉၂၅ ခုနှစ်မှ ၁၉၂၇ ခုနှစ်လောက်အထိ မြန်မာစာကဏ္ဍဟူ၍ မပါသေး၊ အင်္ဂလိပ်စာကဏ္ဍကိုသာ တွေ့ရသည်။ အင်္ဂလိပ်စာကဏ္ဍတွင် စာအုပ်ဝေဖန်ချက်များ၊ စာအုပ်ကြော်ငြာများနှင့် ဂျေ၊ အက်စ် ဖာနီဘယ်၊ ဦးဖေမောင်တင်၊ ဦးခင်မောင် (တောသား)၊ ဦးကျော်မြင့်၊ မောင်သန့်၊ ဖီးဘတ်စ်အမည်ခံ သူရိယကန္တိ စသူတို့၏ ဆောင်းပါးများကိုတွေ့ရသည်။ သို့ရာတွင် ၁၉၂၇ ခုနှစ်နောက်ပိုင်းတွင်မှ မြန်မာစာကဏ္ဍပါလာလေသည်။ ဂန္ထလောက ဟူသော မြန်မာအမည်လည်း ပါလာလေပြီ။

မြန်မာစာကဏ္ဍတွင် သခင်ဘသောင်း၏ **ဆရာဝန်ပါပဲပြဇာတ်၊** သိပ္ပံမောင်ဝ၏ **လှအုံးမယ်**ဝတ္ထု၊ မောင်သန့်နှင့် မောင်ငွေခိုင်တို့ အခါအားလျော်စွာ ပြန်ဆိုရေးသားသည့် **မြို့ပြပုံပြင်များ၊** စသည်တို့ပါဝင်သည်။ ထို့နောက် အစမ်းစာများ၊ သိပ္ပံမောင်ဝ၏ **နှစ်တစ်ရာနှင့် စည်းစိမ်၊** စသည့်ဆောင်းပါး၊ ဝတ္ထုများကို စတင်တွေ့လာရသည်။ မောင်သန့်ပြန်သည့် **စလေအညာက ပုလွေဆရာ** ဆိုသည့်ကဗျာကိုလည်း တွေ့ရ သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်သန့်ပြန်သည့် စလေအညာက ပုလွေဆရာကို တွေ့ရသည့်အခါတွင် ကျွန်တော်သည် ငယ်ငယ်က ထိုဇာတ်လမ်းကို ပြဇာတ်ကခဲ့သည်ကို သတိရနေသည်။ စလေအညာက ပုလွေဆရာမှာ အင်္ဂလိပ်ကဗျာဆရာ ရောဘတ်ဘရောင်းနင်း၏ ကဗျာကို လေးလုံးစပ်ကဗျာပြန်ထားခြင်းဖြစ်သည်။ ကျွန်တော်တို့ကို စာသင်သည့် တတိယတန်း ဆရာဦးမောင်ကြီးက အတန်းထဲတွင် ကျွန်တော်တို့အား ထိုဘာသာပြန်ကို တစ်ယောက်တစ်ပိုဒ် ကဗျာအရွတ်ခိုင်းသည်။ တေးထပ်၊ လေးချိုး၊ ရတု၊ သဖြန်စသည့် ဂန္ထဝင်ကဗျာမဟုတ်ဘဲ လေးလုံးစပ်ခေတ်ပေါ်ကဗျာ ကိုရွတ်ဖူး၊ ရွတ်သံကြားဖူးသည်မှာ ထိုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်မည်ထင်သည်။ ဆရာဦးမောင်ကြီးက ကျောင်းကပွဲတွင် စလေအညာက ပုလွေဆရာကို ပြဇာတ်တင်သည့်အခါ ကျွန်တော်တို့ပင် ကပြရွတ်ဆိုရသည်။

ဟင်မလင်မြို့တွင် ကြွက်တွေသောင်းကျန်းကြပုံကို မောင်သန့်က စလေမြို့တွင် ကြွက်တွေသောင်းကျန်းပုံ နောက်ခံရှုခင်းပြောင်းပစ်လိုက်သည်။ စလေမှ ပုလွေဆရာက သူ့ပုလွေဖြင့် ကြွက်များကို ခေါ်သည့်အခန်းတွင် မောင်သန့်က "ကြွက်ဝ ကြွက်သိမ်၊ ကြွက်လိမ် ကြွက်ရိုး၊ ကြွက်ဆိုး ကြွက်ယုတ်၊ ကြွက်စုပ် ကြွက်မွဲ၊ ကြွက်မဲ ကြွက်ဖြူ၊ ကြွက်စူ ကြွက်နီ၊ ကြွက်လီ ကြွက်ညို၊ ကြွက်ဖို ကြွက်မ၊ ကြွက်လု ကြွက်အို၊လယ်ကြွက်ပျိုနှင့် အအို အနု အစုစုပေါင်း ကြွက်ထောင်သောင်းသည်" ဟု ကြွက်လောကကြီးအကြောင်းကို ဖွဲ့သွားခဲ့သည်။ ကျွန်တော်တို့က ကြွက်ကလေးတွေ လုပ်ရပြီး၊ ခပ်ကြီးကြီး အတန်းသား တစ်ယောက်က စလေအညာက ပုလွေဆရာလုပ်ရသည်။ ထိုစဉ်ကမူ မောင်သန့်၏ စလေအညာကပုလွေဆရာသည် ဘရောင်းနင်း၏ ကဗျာဖြစ်မှန်း မသိနိုင်ခဲ့ပါ။ ဆရာကလည်း (တတိယတန်းကလေးတွေ ဖြစ်၍ထင့်) ဘာမျှပြောမပြခဲ့ပါ။

ကြီးပြင်းလာ၍ တက္ကသိုလ်ဝင်တန်း၊ တက္ကသိုလ်သင်တန်း၊ စသည်တို့ ရောက်မှသာ ရောဘတ်ဘရောင်းနင်း၏ ကဗျာဖြစ်မှန်းသိလာရခြင်းဖြစ်သည်။

၁၉၃၁ ခုနှစ်၊ မေလထုတ်၊ ဂန္ထလောကမဂ္ဂဇင်း၊ ထိုနှစ်ဇွန်လနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဩဂုတ်လထုတ် ဂန္ထလောကမဂ္ဂဇင်း သုံးစောင်တို့ကို ယခုကျွန်တော်ပြန် ဖတ်ကြည့်လိုက်သောအခါ ငယ်ငယ်က ကျွန်တော်မဖတ်ခဲ့မိသော ဆောင်းပါးသုံးပုဒ်ကို သွားဖတ်မိလေသည်။ (ငယ်ငယ်ကပင် မဟုတ်ပါ။ ကြီးပြင်းလာသည့်အခါတွင်လည်း ထိုဆောင်းပါးသုံးပုဒ်ကို ကျွန်တော် မဖတ်ဖူးသေးပါ။)

အမှန်အားဖြင့် ဂန္ထလောကမဂ္ဂဇင်းသည် ဘားမားဘွတ်ကလပ် ခေါ် စာအုပ်တိုက်မှ ထုတ်ဝေပြီး တက္ကသိုလ်အသိုင်းအဝိုင်းများသာ ပါ ဝင်ရေးကြသည်ဟု ကျွန်တော်တစ်လျှောက်လုံး နားလည်ထားခဲ့သည်။ ယခု ဆောင်းပါးသုံးပုဒ်မှာ တက္ကသိုလ်အသိုင်းအဝိုင်းမှ မဟုတ်ပါ။ ဆရာ လွန်း (ဆရာကြီးသခင်ကိုယ်တော်မှိုင်း) ၏ဆောင်းပါးများ ဖြစ်ပါသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဂန္ထလောကမဂ္ဂဇင်းတွင် ရေးခဲ့သည်ကို ကျွန်တော်တစ်ခါမျှ မတွေ့ဖူးပါ။ ကြားလည်း မကြားဖူးခဲ့ပါ။ ယခုမှ ပထမဆုံးအကြိမ် တွေ့ဖူးခြင်းဖြစ်ပါသည်။ ထိုမျှမက ဆရာကြီး၏ကဗျာ များ၊ လေးချိုးများ၊ ဂဏ္ဍိကျမ်းများ၊ ဋီကာကျမ်းများ၊ ရာဇဝင်ကျမ်း များ၊ ဝတ္ထုများ (ဥပမာ – မှာတော်ပုံနှင့် ဓမ္မစေတီဝတ္ထု) ပြဇာတ်များတော် တော်များများကို ဖတ်ခဲ့ဖူးသည်တိုင် ဆောင်းပါးတိုကလေးများကိုမူ ကျွန် တော် တစ်ခါမျှ မဖတ်ဖူးခဲ့ပါ။

ယခု ဆောင်းပါးသုံးစောင်မှာ 'ခေတ်ကာလ ပြုပြင်ပြောင်းလဲ ရေး' ဆိုသည့်ဆောင်းပါး၊ 'မြန်မာစာပေ ဆုတ်ယုတ်ခြင်းအကြောင်း' ဆောင်းပါးနှင့် 'ပုန်ကန်ခြင်း အကြောင်း' ဆိုသည့် ဆောင်းပါးသုံးစောင် ဖြစ်သည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ခေတ်ဆိုသော ဝေါဟာရ ကို အနက်အဓိပ္ပာယ်ဖွင့်ကာ ခေတ်နှင့်ပတ်သက်သော သူ့အမြင်ကို ရေး သွားသည်။ ဆရာကြီး၏ဒဿနဟုလည်း ခေါ်နိုင်မည်ထင်သည်။ ဆရာ ကြီး သခင်ကိုယ်တော်မှိုင်းက ဤသို့ရေးသားခဲ့သည်။ (သတ်ပုံများကို ပြင်ထားပါသည်။)

. . . ခေတ်ဟူသော စကားသည် ပညတ်အခေါ် ဝေါဟာရ အတိုင်းပင် ကမ္ဘာအရှည်တည်တံ့သော အရာမျိုးမဟုတ်။ ချောင်းမ၊ မြစ် ရေသည် တစ်နေရာတွင် တည်တံ့မနေဘဲ အစဉ်သဖြင့်စီးဆင်းရွေ့လျား နေဘိသကဲ့သို့ လည်းကောင်း၊ အချိန်နာရီသည် အစဉ်ပြောင်းလဲနေဘိ



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့လည်းကောင်း၊ နေ့သည်နေ့သို့ ကူးပြောင်းသကဲ့သို့လည်းကောင်း၊ လသည် လသို့ ကူးပြောင်းသကဲ့သို့ လည်းကောင်း၊ နှစ်သည် နှစ်သို့ ကူးပြောင်းသကဲ့သို့လည်းကောင်း အစဉ်သဖြင့် ရွေ့လျောပြောင်းကြွနေသော အရာဖြစ်ပေသည်။ လွန်ခဲ့ပြီးသော အတိတ်က ခေတ်များလည်း လွန်ခဲ့ပေပြီ။ ပစ္စုပ္ပန်ခေတ်ကြီး ကျရောက်လျက်ရှိ၏။ နောင်အခါလည်း အနာဂတ်ခေတ်များ လာရောက်ဦးမည်ဖြစ်၍ ကမ္ဘာတည်သမျှ ကာလပတ်လုံး တစ်ခေတ်မှ တစ်ခေတ်သည် ပြောင်းလဲလျက်ရှိချေမည်။

သို့သော် ကိုယ့်ခေတ် ကိုယ်နှင့်သာဆိုင်သည်ဟု မှတ်ရမည်။ အချို့တို့မှာ မိမိတို့ခေတ်ကြီး တစ်ခုလုံးကို မကောင်းချလျက် 'အခုခေတ်ကာလ ရှေးကလို နေရာမကျပေါင်ကွယ်'ဟု ရှေးခေတ်ကို အောက်မေ့တမ်းတ ညည်းတွားကာ နေတတ်ကြသည်။ ထိုသူတို့မှာ ယခုခေတ်ကာလကြီး၏ ကောင်းသော အချက်အလက်တို့ကို သတိမူမိကြသော သူများမဟုတ်။ 'ဟောင်းတိုင်းကောင်းသည်' ဟု ထင်မှတ်ကြသော သူများသာ ဖြစ်ကြပေသည်။

အချို့တို့မှာကား မိမိတို့ခေတ်ကာလ မိုတိုကားလေးစီးရသည် ကိုပင် ရှေးကထက် အလွန်အကျူးအထူးကောင်းလှလေပြီဟု ထင်မှတ်လျက် မိမိတို့ဆင်းသက်ခဲ့ကြသော ဘိုးဘွားမိဘလက်ထက်ကို အထင်အမြင်သေးသိမ်လျက် ရှိတတ်ကြပေသည်။ ထိုသူတို့ကား 'မမြင်ဖူး မူးမြစ်ထင်' ဆိုသကဲ့သာ ဖြစ်ချေသည်။ မိမိတို့ မိုတိုကားစီးရသော ခေတ်မှသာလျှင် လူဖြစ်ကျိုးနပ်သည်ဟု ထင်ကြသော သူတို့အား၊ အမောင်တို့ ရှေးခေတ်များမှာ အမောင်တို့လို မိုတိုကားစီးရခြင်း၊ မီးရထားစီးရခြင်းများကား မရှိ၊ ဟုတ်မှန်ပါ၏။ သို့သော် အမောင်တို့ခေတ်တွင် အနော်ရထာမင်းစော၊ ဟံသာဝတီဆင်ဖြူများရှင်၊ အလောင်းမင်းတရား၊ မဟာဗန္ဓုလ တို့ကဲ့သို့ တိုင်းပြည်ပြု ဘုန်းအား၊ ရှန်းအား၊ နှလုံးအားဖြင့် သုံးပါးဗလ၊ ပြည့်ဝစုံလင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ရှိပါ၏လောဟု မေးမြန်းက မရှိဟု ဝန်ခံလျက် ငါတို့ခေတ်မှသာ ခေတ်မဟုတ်ပါတကားဟု တွေးတောမိကြပေလိမ့်မည်။

သို့သော် ဤအရာများကား အကြောင်းအားလျော်စွာသာ ပြဆိုလိုက်ခြင်း ဖြစ်ပေသည်။ စင်စစ် သူ့ခေတ်ကောင်းသည်၊ ငါ့ခေတ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ငြင်းခုံ မာန်တက်နေစရာမလို။ ပြဆိုခဲ့သည့်အတိုင်း ကိုယ့်ခေတ်ကိုယ်နှင့်သာ ဆိုင်သည်ဟု အမှတ်ထားကာ မိမိတို့ခေတ်ကို မိမိတို့လုံခြုံအောင် စောင့်ရှောက်ကြရန်သာ ဖြစ်ပေသည်။ ရှေးခေတ်များကို အပြစ်အနာရှာ၍ ကဲ့ရဲ့ရှုတ်ချ ပြောဆိုနေရန်မလို။ ထိုခေတ်များတွင် ကောင်းလျှင် ကောင်းသည့်အလျောက်၊ ဆိုးလျှင်ဆိုးသည့်အလျောက်၊ ဤသို့သောအကြောင်းရှိနေသဖြင့် ဤခေတ်တွင်သာ ဆိုးရလေသည်၊ ဤသို့သော အကြောင်းကြောင့် ဤခေတ်တွင် ကောင်းရလေသည်ဟု အကျိုးနှင့်အကြောင်း တိုင်းထွာဆင်ခြင်၍ ရှေးခေတ်များကို အတုယူနည်းခိုးလျက် မိမိတို့ဆရာအဖြစ် ထားသင့်ပေသည်။

ခေတ်ကာလ၏ အဆိုးအကောင်းမှာ လူတို့လက်တွင်းတွင် ဖြစ်ပေသည်။ အိုးထိန်းသည်၏ လက်တွင်းရှိ ရွှံ့စေးကဲ့သို့ ခေတ်ကာလဆိုသည်မှာ လူတို့ပြုပြင်ရခြင်း ဖြစ်သည်။ လူအပေါင်းတို့ လုံ့လ၊ ဝီရိယ၊ ဉာဏ်အမြော်အမြင် နုံ့နဲ့သေးကွေးသောအခါများ၌ ခေတ်ညံ့ခေတ်ဆိုးကြီးများ ဖြစ်တတ်ပေသည်။ လူတို့ လုံ့လ၊ ဝီရိယ၊ ဉာဏ်ပညာကြီးမားခိုင်ခံ့သောအခါများတွင် ရွှေမိုး၊ ငွေမိုး၊ စွေဖြိုးရွာသွန်း အတိုင်းထက်အလွန်ကောင်းမြတ်သော ခေတ်ကြီးများ ဖြစ်လာရကြောင်းကို ရှေးဟောင်းရာဇဝင်အစဉ်အလာများ၌ ထင်ရှားတွေ့မြင်နိုင်ကြပေသည်။

ယခုခေတ်တွင်ပင်လည်း တိုင်းကြီးပြည်ကြီးအသီးသီးတို့တွင် မျက်မြင်ဒိဋ္ဌ ဖြစ်လေသည်။ ထို့ကြောင့် ခေတ်ဆိုးလျှင် ခေတ်ကို အပြစ်မဆိုသာ။ ထိုခေတ်တွင်ရှိသော သူတို့ကိုသာ အပြစ်ဆိုစရာ ဖြစ်သောကြောင့် ငါတို့ခေတ်အတွက် ငါတို့တာဝန်ကြီးပေတကားဟု များများကြီးနှလုံးသွင်းအပ်ပေသည်။

ကျွန်ုပ်တို့ မြန်မာပြည်လက်ရှိခေတ်ကြီးကို တွေးတောကြံဆရှေ့နောက်တိုင်းတွာလိုက်သော် များစွာအရေးကြီးသော ကာလကြီးနှင့်ကြုံကြိုက်လျက် သတိမူမိသူတို့အဖို့ စိုးရိမ်ကြောင့်ကြဖွယ်ရာ ဖြစ်၍နေပေသည်။ ယခုအခါ မြန်မာလူမျိုးတို့မှာ လွန်ခဲ့သောခေတ်ကကဲ့သို့ ဖြစ်သမျှနှင့်ရောင့်ရဲခြင်းမရှိ၊ ရှေ့သို့ တိုးတက်လိုသောစိတ်၊ ကောင်းနိုးရာရာတို့ကို တက်လှမ်းဆွတ်ခူး အသုံးပြုလိုသောဆန္ဒဖြင့် ကာယစိတ္တနှစ်ဌာနလုံး၌ မငြိမ်သက်ဘဲ လှုပ်လှုပ်ရွရွ ပြောင်းရွှေ့နေသော ကြားခေတ် ကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြုံကြိုက်လျက် ရှိရပေသည်။ ယခုအခြေအနေကို ထောက်ဆသော်အိုးထိန်းစက်တွင် တင်ထားသောရွှံ့စေးကဲ့သို့ ဖြစ်နေပေသည်။ ပုံပန်းသဏ္ဌာန်ကျကျနန မရှိသေး။ အိုးထိန်းဆရာကြီးလက်က ညွှံ့လျှင်ညွှံ့သည့်အလျောက်၊ ကောင်းလျှင် ကောင်းသည့်အလျောက် ဖြစ်ရချေသည်။ သို့အတွက် အိုးထိန်းနှင့်တူသော ယခုခေတ်ရှိသူများက ချို့ယွင်းပျက်ပြယ်ခြင်းမရှိဘဲ ခိုင်ခံ့လှပသော အိုးသစ်အိုးကောင်း ဖြစ်လာစေရန် အထူးသဖြင့် ညွှန်ပြအားစိုက်၊ သတိဝိရိယကြီးရမည့် အခိုက်အခါကြီးဖြစ်နေပေသည်။

လူကို အစိုးရသည်မှာ စိတ်ပင်ဖြစ်သည်။ စိတ်ကို အစိုးရသည်မှာ ပညာဉာဏ်ပင်ဖြစ်သည်။ ပညာဉာဏ်ကို အစိုးရသည်မှာ ဗဟုသုတပင်ဖြစ်သည်။ ဗဟုသုတအကြားအမြင် အတတ်ပညာကိုမူကား ကျမ်းဂန်စာပေက အချုပ်ဖြစ်ပေသည်။ ကျမ်းဂန်စာပေသည် အချုပ်ဖြစ်၍ ခေတ်ကိုသော်လည်းကောင်း၊ လူကိုသော်လည်းကောင်း၊ ချုပ်ချယ်လျက်ကောင်းကျိုး မကောင်းကျိုး ပေးနိုင်သည်မှာ ရာဇဝင်တွင် သက်သေသာဓက အထင်အရှားပင်ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် အင်းဝမင်းဆက်နောက်ဆုံး၌ နိမိတ်မင်္ဂလာမရှိသော စာနှ၊ စာညွှံ့များ ထွန်းကားလွန်းသဖြင့် အင်းဝဘုရင် (ရန်သူ) တို့ လက်သို့ပါကာ မြန်မာတစ်ပြည်လုံး ထုံးထုံးညက်ညက် ကြေရခြင်း၊ ပြင်သစ်ပြည်တွင် ရူးဆိုး၊ ဖော်လတဲယားတို့၏ စာပေများ လှုံ့ဆော်ချက်ဖြင့် ပြင်သစ်အရေးတော်ပုံကြီး ဖြစ်၍ပြင်သစ်နန်းဆက် ပြတ်စဲရခြင်း၊ အခုခေတ်ကာလ ကားလ်မတ်ခေါ် ပုဂ္ဂိုလ်ကြီး၏ ရေးသားချက်တို့ဖြင့် ရုရှားပြည်ကြီး ကျွမ်းထိုးမှောက်ခုံဖြစ်ရခြင်း၊ ဤသို့စသဖြင့် စာပေ၏အင်အားသည် မည်မျှကြီးမားကြောင်းကို တွေ့ရပေသည်။

သို့အတွက် ခေတ်ကာလ ပြောင်းလဲရေးတွင် စာပေများကိုအထူးစောင့်ရှောက်သင့်ပေသည်။ တည်ငြိမ်သောအခါများတွင် အရေးမကြီး။ လှုပ်လှုပ်ရှားရှား၊ မငြိမ်မသက်နှင့်လူတို့သည် ဤအရာကောင်းနိုးနိုး၊ ထိုအရာကောင်းနိုးနိုးဖြင့် တွေ့သမျှ၊ မြင်သမျှတို့ကို လက်လှမ်းဖမ်းဆုပ်နေသည့်အခါကြီးတွင် မသင့်မလျော်သော စာပေများကို ကိုင်တွယ်မိသည်ကို စိုးရိမ်ရပေသည်။ သို့အတွက် ထိုသို့သော စာပေများကို



www.burmeseclassic.com

www.burmeseclassic.com



အုပ်မိုးမပျောက် မပြူမထွက်ဝံ့အောင် လူကိုအကျိုးပြုဖြစ်ထွန်းစေသည့် စာကြီးပေကြီး၊ ကောင်းမွန်သန့်ပြန့်သော အတတ်ပညာများကို အထူး ဂရုပြု၍ စာပေဝန်ထမ်းကြီးများအဖြစ် ဆောင်ရွက်ကြပါမှ သင့်လျော် လျောက်ပတ်မည်ဖြစ်ကြောင်း . . . ။

**ဆရာလွန်း၊ ပရိဖက်ဆာ**
**နေရှင်နယ်ကောလိပ်ကျောင်း**

၁၉၃၀ ခုနှစ်၊ ဂန္ထလောကမဂ္ဂဇင်း၊ ဇွန်လတွင်ပါသည့် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ နောက်ဆောင်းပါးတစ်ပုဒ်မှာ 'မြန်မာပြည်တွင် မြန်မာစာပေ ဆုတ်ယုတ်ခြင်းအကြောင်း' ဆိုသည့် ဆောင်းပါးဖြစ်ပါ သည်။ ထိုဆောင်းပါးတွင် ဆရာကြီးက ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင် ငူ၊ ကုန်းဘောင်ခေတ်မှ မြန်မာစာပေ တိုးတက်ဖွံ့ဖြိုးလာခဲ့ပုံကို အကျဉ်း ချုပ်ဖော်ပြခဲ့သည်။

ယခုခေတ်အခါ၌မူ ဖော်ပြခဲ့သော ရှေးခေတ်ကြီးများနှင့် နှိုင်း စာသော် မြန်မာစာပေပရိယတ္တိအလုပ်ကြီး ပျက်စီးဆုတ်ယုတ်လျက် ရှိခဲ့ ပေသည်။ ဤသို့ ဆုတ်ယုတ်ရခြင်းမှာလည်း အခြားမဟုတ်။ ယခုအခါ မြန်မာပြည်ကို စိုးမိုးအုပ်ချုပ်လျက်ရှိသော အင်္ဂလိပ်အစိုးရတို့သည် ရာဇ ဓမ္မဟုဆိုအပ်သော မင်းကျင့်တရားဆယ်ပါးတို့တွင် အဝိရောဓနဟု ဆို အပ်သော တိုင်းသားပြည်သူ၊ ရှင်လူအပေါင်းတို့၏ အလိုဆန္ဒသို့ မလိုက် မူ၍ . . . ။

ဟုရေးခဲ့ပြီးနောက် . . .

အင်္ဂလိပ်ဘာသာစကားမှစ၍ ဘာသာအရပ်ရပ်တို့ကို အရေး တယူ ဂရုစိုက်သင်ကြားလေ့လာစေငြားသော်လည်း မြန်မာဘာသာသို့ ရောက်သောအခါတွင်မူကား မည်ကာမတ္တ၊ အချိန်ကုန်ရုံမျှ သဘောထား ၍ တော်သလို လျော်သလို၊ ပေါ့ပေါ့လျော့လျော့၊ ဂရုမစိုက်သကဲ့သို့ ပြု တတ်ကြကြောင်းကို ကလေးသူငယ်များ ပြောဆိုသံကို ကြားခဲ့ရပေ သည်။ ထိုသို့အကြောင်းများကြောင့် မြန်မာစာပေပရိယတ္တိ၏ အနှစ်သာ ရကို သိရှိ၍ စုံစုံမက်မက်၊ အမြတ်တနိုး၊ ကြိုးကြိုးပမ်းပမ်း၊ ပြုဖို့ရာကို မဆိုထားဘိ၊ မြန်မာစာကို ပုဒ်ပါဌ်ဝါကျ၊ သတ်ပုံသတ်ညွှန်း စသည်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျနမှန်ကန်အောင် ရေးသားစီကုံးနိုင်သူ နည်းပါးခဲ့ရလေသည်။

ဟုညည်းတွားကာ မြန်မာစာပေကို လေ့လာအားထုတ်ကြရန် ဆရာကြီးက တိုက်တွန်းခဲ့လေသည်။ ဆရာကြီး၏ တတိယဆောင်းပါး တစ်ပုဒ်မှာ ဂန္ထလောကမဂ္ဂဇင်း (၁၉၃၃၊ ဩဂုတ်လထုတ်) တွင်ပါရှိသည့် 'ပုန်ကန်ခြင်းအကြောင်း' ဆောင်းပါးဖြစ်သည်။ ■

**(၁၉၉၄၊ အောက်တိုဘာ၊ သရဖူ)**



www.burmeseclassic.com

www.burmeseclassic.com

# ခေတ်စမ်း၏ ကိုယ့်ကိုကိုယ့် ဝေဖန်ရေး

ကျွန်တော်သည် ကျွန်တော်တို့ငယ်ငယ်က ဖတ်ခဲ့သောစာအုပ်ကလေးများကို လှန်လှောကြည့်နေမိလေသည်။ ပထမဆုံးလှန်ကြည့်မိလိုက်သည်မှာ ၁၉၃၃ ခုနှစ်၊ ဒီဇင်ဘာလထုတ် **ဂန္ထလောကမဂ္ဂဇင်း**ဖြစ်သည်။ လွန်ခဲ့သော အနှစ်ခြောက်ဆယ်တိတိက ထုတ်ဝေခဲ့သော စာအုပ်ကလေး။ ထိုစဉ်က ဂန္ထလောကမဂ္ဂဇင်းသည် အရွယ်ကြီး၊ ဆိုက်ကြီးမဟုတ်သေး။ 'မြေအုတ်များပြိုလေရာ ကျောက်အုတ်ဖြင့်တည်ဆောက်အံ့'ဟူသော ကြွေးကြော်သံ စာတမ်းကလေး ပါရှိသော်လည်း ပန်းချီဆရာကြီး ဦးဘဉာဏ်၏ မိခင်၊ ကလေးငယ်၊ ပန်းပွင့်နှင့်စာအုပ်တို့ ရုပ်ပုံမပါသေး။အဖုံးကအစိမ်းရောင်ဖြစ်ပြီး၊ စာအုပ်အရွယ်အစားကလည်းခပ်သေးသေးဖြစ်သည်။ မြန်မာအင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ဝေ၍မြန်မာကဏ္ဍတွင် ခေါင်းကြီးပိုင်းက တိုင်းရင်းစာပေအကြောင်း၊ ဝတ္ထုကဏ္ဍတွင် သိပ္ပံမောင်ဝ၏ 'ငယ်ကျွမ်း'၊ ဇော်ဂျီ၏ 'ကြင်မည့်သူ'၊ ကဗျာကဏ္ဍတွင် ဇော်ဂျီ၏ 'အတွေ့' စသည်တို့ကို တွေ့ရသည်။ ဝေဖန်စာကဏ္ဍတွင် 'စာရင်းကိုင်အခြေပြ'စာအုပ်၊'ကုန်သည်ကြီးများလက်စွဲစာ' စာအုပ်နှင့် ပုဂံဝန်ထောက်မင်းဦးတင်၏ ' သန့်စင်မေတ္တာ' စာအုပ်တို့ကိုဝေဖန်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် ဝေဖန်ချက်များကို တွေ့ရသည်။

ငယ်ငယ်တုန်းကတော့ ထိုဆောင်းပါးများ၊ ဝတ္ထုများကို နှလုံးသားဖြင့်ဖတ်ခဲ့သည်။ ခေတ်စမ်း၏ ဆန်းသစ်သော ပုံသဏ္ဌာန်ကို စွဲမက်သွားခဲ့သည်။ ယခု ဦးနှောက်ဖြင့် ပြန်ဖတ်သည့်အခါတွင် ခေတ်စမ်း၏ အမျိုးသားရေးအနှစ်သာရကိုလည်း သတိပြုမိလာပါသည်။ 'တိုင်းရင်းသားစာပေအကြောင်း'ဟူသောခေါင်းစဉ်ဖြင့် အယ်ဒီတာ့အာဘော်ထဲတွင် ပါသည့် အောက်ပါစာပိုဒ်များကို ကျွန်တော်မျဉ်းသားထားသည်ကို တွေ့ရသည်။

. . . မြန်မာပြည်သည် အင်္ဂလိပ်အစိုးရလက်အောက်သို့ ကျရောက်သောအချိန်မှစ၍ မြန်မာစာပေ၏ အဆင့်အတန်းသည် တဖြည်းဖြည်းတစတစ ညှိုးငယ်နိမ့်လျော့လာသည်မှာ အထင်အရှားပင်ဖြစ်၏။ ထိုသို့ တိုင်းရင်းသားစာ၏ တန်ဖိုးအောက်ကျလာရာမှ တစ်ဖန် မြန်မာတို့ ပိုမိုယဉ်ကျေးလာသည်ဟုဆိုသော 'အသိအမြင်ကျယ်သောခေတ်' (ဝါ) 'ဝံသာနုခေတ်' တွင်းသို့ ကျရောက်လာသောအခါ တိုင်းသူပြည်သားအများ၏ ပယောဂကြောင့် မြန်မာစာသည် တဖြည်းဖြည်းခေတ်ဝင်လာလေ၏။ မြန်မာစာသင်ကျောင်းများနှင့် အင်္ဂလိပ်မြန်မာ နှစ်ဘာသာသင်ကျောင်းများ ပေါင်းသင်းဆက်ဆံရေး ကျယ်ပြန့်လာပုံ၊ မြန်မာစာသင်ကျောင်းများတွင် အင်္ဂလိပ်ဘာသာသင် ဆရာများခန့်ထားပေးပုံ၊ မြန်မာစာသင်ကျောင်းအဆောက်အဦအတွက် အစိုးရက အားပေးထောက်ပံ့ပုံ၊ မြန်မာစာ၏ အရေးကြီးခြင်းကို အစိုးရက အထင်အရှားအသိအမှတ်ပြုပုံ၊ မြန်မာကျောင်းများ၌ ပို၍ကောင်းမွန်သော အတန်းစာအုပ်ကို ပြဋ္ဌာန်းပေးပုံနှင့် ထိုကျောင်းများတွင် ဆယ်တန်းအထိ ဖွင့်လှစ်ပေးပုံတို့မှာ မြန်မာစာပေအရေးကြီးကြောင်းကို ပညာရေးဌာနက သက်သေထောက်ခံသော အမှတ်လက္ခဏာများ ပင်တည်း။ (မူရင်းသတ်ပုံအတိုင်း ဖော်ပြထားသည်။)

ခေါင်းကြီးပိုင်းတွင် ကမ္ဘာတစ်ဝန်းရှိ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲများ အကြောင်းကိုလည်း ဤသို့ဆက်၍ရေးထားသည်။

တိုင်းရေး ပြည်မှုတွင် စာပေ၏ နက်နဲသော အဓိပ္ပာယ်ကို ဥပမာဆောင်၍ ဖော်ပြပေအံ့။ ၁၈၁၄ ခုနှစ်မှ စ၍ အင်္ဂလိပ်များပိုင်သည့် မြေ



www.burmeseclassic.com

www.burmeseclassic.com



ထဲပင်လယ်တွင်း၌ မယ်လ်တာကျွန်းသည် မကြာသေးမီက ဆူပူလှုပ်ရှားလျက်ရှိ၏။ ဤသို့ ပြည်ရွာမငြိမ်သက်ရခြင်း၏ အကြောင်းအရင်းမှာ အစိုးရမင်းတို့သည် ထိုကျွန်းသားတို့၏ တိုင်းရင်းစာကို အောက်တန်းချထားခြင်းကြောင့်ဖြစ်၏။ ထို့ပြင်တချက် အင်္ဂလိပ်အစိုးရပိုင် တောင်အာဖရိကတွင် ၁၈၂၉ ခုနှစ်ကစ၍ တည်ထောင်ခဲ့သော ကိတ်ပ်တောင်းမြို့ရှိ တောင်အာဖရိက သိပ္ပံကျောင်းကြီးတွင် အာဖရိကလူမျိုးတို့၏စာကို ပဉ္စမအထက်တန်းစာအဖြစ် ထားရှိရန် ယခုအခါ တိုင်းရင်းသားတို့သည် လှုပ်ရှားအားထုတ်လျက်ရှိ၏။ ထိုကဲ့သို့ ၎င်းလူမျိုးတို့ ဆူပူလှုပ်ရှားကြသည်မှာ အကြောင်းမဲ့မဟုတ်။ ကျွန်ုပ်တို့ကဲ့သို့ တစ်ပါးကျွန်ဖြစ်ကြသော အာဖရိကလူမျိုး၊ မယ်လ်တာ ကျွန်းသူကျွန်းသားတို့သည် အရှည်ကိုမြင်တတ်ကြခြင်းကြောင့် ဖြစ်ပေသည်။ 'သင်၏တိုင်းပြည်ကို သင်မတုပြိုင်နိုင်သော လက်နက်အင်အားဖြင့် အခြားလူတမျိုးက အတင်းအကြပ်ပိုင်လေငြားလည်း သင်၏အမျိုးစာကိုမူကား သင်သာပိုင်ပါစေ။ တိုင်းရင်းစာပေသင့်လက်ထဲတွင်ရှိနေသေးလျှင် သင်သည် ထောင်တံခါးသော့ကို လက်ကိုင်ရရှိထားသည်နှင့် တူပါသည်' ဟူသောစကားကို ဆူပူနေသောလူမျိုးတို့ အမြဲနှလုံးသွင်းထားဟန်ရှိပေ၏ . . . ။

ဟု ရေးသားထားပါသည်။ ကျွန်တော်သည် ထိုခေါင်းကြီးကို ပြန်ဖတ်ရင်း အမျိုးသားလွတ်လပ်ရေးတိုက်ပွဲတွင် နိုင်ငံရေးစစ်မျက်နှာ၊ စီးပွားရေး စစ်မျက်နှာ၊ ယဉ်ကျေးမှုစစ်မျက်နှာ စသည့် စစ်မျက်နှာများစွာအနက်ယဉ်ကျေးမှုစစ်မျက်နှာတွင် ဝင်ရောက်တိုက်ခိုက်နေသောခေတ်စမ်း၏အခန်းကဏ္ဍကို ပို၍သဘောပေါက်လာသည်။

၁၉၃၃ ခုနှစ် အောက်တိုဘာလထုတ်၊ ဂန္တလောကခေါင်းကြီးပိုင်းတွင်မူ 'မြန်မာဝတ္ထုတိုများ အကြောင်း' ခေါင်းစဉ်ဖြင့် မြန်မာဝတ္ထုတိုသမိုင်းကို ခြေရာကောက်ထားသည်။

အနောက်နိုင်ငံများတွင် တိုင်းရင်းစာပေ၏ ရာဇဝင်ကိုခေတ်အလိုက် အဆင့်အပိုင်းကန့်သတ်ထားသကဲ့သို့ မြန်မာစာပေကို ကန့်သတ်ခွဲခြားရန်မှာ မလွယ်ကူချေ။ သို့သော် မြန်မာစာရာဇဝင်ကိုအကြမ်းအားဖြင့် ခန့်မှန်းဖော်ပြရလျှင် လွန်ခဲ့သောနှစ်ပေါင်း သုံးဆယ်ကျော်လောက်က မြန်မာစကားပြေဝတ္ထု၊ ပုံပြင်များ ရေးသားခြင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



မရှိသလောက်နည်းပါးပေ၏။ ထိုစဉ်အခါ၌ ရှေးမြန်မာမင်းများ လက်ထက်တော်ကစ၍ ခေတ်စားလာခဲ့သော ပြဇာတ်အရေးအသားသည်သာ ထွန်းကားလျက်ရှိချေ၏။ ထိုပြဇာတ်များသည် အလွန်ညံ့သော စက္ကူပေါ်တွင်ပုံနှိပ်၍(တနင်္သာရီနယ်ခရိုင်ဝန်ရှင်တော်မင်းကြီး *Mr. Blundell* ၏အမိန့်အရ အင်္ဂလိပ်လူမျိုး *Mr. Hough* သည် ခရစ်သက္ကရာဇ် ၁၈၃၅ ခုနှစ်တွင် မြန်မာပြည်တွင် ပထမဆုံးစာပုံနှိပ်စက် တည်ထောင်လေသည်) (ဤကား စကားချပ်) အဖိုးနှုန်းမှာလည်း အလွန်နည်း၏။ခရစ်သက္ကရာဇ် ၁၉၀၀ပြည့်နှစ်လောက်မှစ၍ ပြဇာတ်များခေတ်စားနေရာမှ တဖြည်းဖြည်း တိမ်ကောစ၍လာလေ၏။ ဤသို့မြန်မာ ပြဇာတ်များ တိမ်ကောလာရခြင်း အကြောင်းကိုရှာသော် ၎င်းတို့သည် ကာလခေတ်နှင့်မလိုက်သောကြောင့်ဟု ဆိုစရာအကြောင်း တစ်ခုသာရှိ၏။

ခရစ်သက္ကရာဇ် ၁၉၀၁ ခုနှစ်လောက်တွင် 'မောင်ရင်မောင် မမယ်မဝတ္ထု'ဟူသောအမည်ဖြင့် ဝတ္ထုစာအုပ်ပေါ်ထွက်လာ၏။ ထိုစာအုပ်မှာ ပြင်သစ်လူမျိုးစာရေးဆရာကြီး ဒူးမားစ်၏'မွန်တီကရစ္စတိုမြို့စားကြီး' စာအုပ်မှ သင့်တော်အောင်ပြန်ဆိုသောစာအုပ် ဖြစ်လေသည်။ ထိုစာအုပ်ထွက်ပေါ်လာသောခေတ်သည် ပြဇာတ်ရေးသားခြင်းနှင့် ဝတ္ထုပုံပြင်ရေးသားခြင်းတို့၏ခေတ်ကို ပိုင်းခြားထားသည်ဟုဆိုကမှားလိမ့်မည် မဟုတ်ပေ။ အဟောင်းကိုမုန်းလျှင် အဆန်းအသစ်ကို နှစ်သက်ရိုးထုံးစံရှိသည့်အတိုင်း 'မောင်ရင်မောင် မမယ်မ'ဝတ္ထုပေါ်ပေါက်လာချိန်မှစ၍ လူတို့သည် ပြဇာတ်များကို ဖတ်ရှုလေ့လာခြင်း နည်းပါး၍ လာလေ၏။ ထိုအချိန်မှစ၍ မြန်မာပြဇာတ်များ တစတစ တိမ်ကောလေတော့၏။ 'မောင်ရင်မောင် မမယ်မ'ဝတ္ထုပေါ် ထွက်လာပြီးနောက် ၁၉၀၃ခုနှစ်တွင် မြန်မာ *Don Juan* ကခေါ်သော 'ဟင်းရွက်သည် မောင်မှိုင်း' ဝတ္ထုပေါ်ပေါက်၍လာ၏။ ထိုနောက် ရာဇဝင်နှင့်ပတ်သက်သော 'မြကလေး'၊ 'စိန်ကလေး'ခေါ် ဝတ္ထုတို့ ပေါ်ပေါက်လာ၏။ထို့နောက် 'မောင်ဖေရှင် မမယ်တင်'ဝတ္ထု။ ထိုဝတ္ထုမှာ အထက်အညာမှ လုလင်ပျို တစ်ယောက်သည်မိမိစုံမက်သောမိန်းမပျိုက ကုလားစာ(အင်္ဂလိပ်စာ) တတ်သောသူမှ ယူမည်ဟုပြောသောကြောင့် ကုလားစာသင်ရန် အထက်အညာမှ ရန်ကုန်သို့လှေဖြင့်လာပုံ၊ လမ်းတွင် ဘိုးတော်ဘုရားနှင့် ပထမဦးအောင်



www.burmeseclassic.com

www.burmeseclassic.com



တို့တွေ့ဆုံပုံများ၊ ကြားနာရပုံများတို့ မှာ အလွန်ဘတ်၍ ကောင်းသော ဝတ္ထုဖြစ်၏။ ထိုစဉ်က သတင်းစာများတွင် အပတ်စဉ်ထည့်သွင်းသော ဝတ္ထုများလည်း ရှိသေး၏။ ၎င်းတို့ အနက် 'ငမိုးရိပ်' ဝတ္ထုမှာ ရှေးဟောင်း ဒဏ္ဍာရီကို အခြေပြု၍ ရေးသားထားသဖြင့် အလွန်ဘတ်၍ ကောင်း၏။ (သတ်ပုံမူရင်းအတိုင်း)

ခေါင်းကြီးပိုင်းတွင် မြန်မာဝတ္ထု၏အစကို သို့ကလိုဖော်ပြထား သည်။ သို့ရာတွင် ဝေဖန်ချက်များကိုမူမတွေ့ရသေး။ ဂန္ထလောကမဂ္ဂဇင်း အယ်ဒီတာသည် ဝတ္ထု၏ သမိုင်းကိုပြန်ကောက်ရာတွင် ရှေ့ပြေးဝတ္ထုများ တို့နှင့်ပတ်သတ်၍ ထင်မြင်ချက်ပေးရန် ဝန်လေးဟန်တူသည်။

သို့ရာတွင် 'ဂန္ထလောက' မဂ္ဂဇင်းအယ်ဒီတာသည် ကြာကြာ ရေငုံနှုတ်ပိတ် လုပ်နေနိုင်ဟန်မတူပါ။ နောက်တစ်ပိုဒ်တွင် ခေတ်ပေါ် ဝတ္ထုများနှင့်ပတ်သက်သော ထင်မြင်ချက်များကို ဖော်ထုတ်ရေးသားခဲ့ သည်။

ထို့နောက် မြန်မာ့ဝတ္ထုတိုများ မြောက်များစွာ ပေါ်ပေါက်လာ ၏။ ဝတ္ထုတိုများဟု ဆိုစေကာမူ ၎င်းတို့မှာ အင်္ဂလိပ်ဝတ္ထုတိုများ ကဲ့သို့ မဟုတ်။ တိုတိုတုတ်တုတ်ဖြင့် ပြီးနိုင်မည့်နေရာတွင် အလွန်အမင်းချဲ့ထွင် သော သဘောရှိသည်။ ပြဇာတ်များမှာကဲ့သို့ သမီးရည်းစားထားခန်း တို့ဖြင့်သာပြွမ်း၏။ မိမိထိုးထွင်းဉာဏ်ကို အရင်းပြု၍ရေးသားထားသော ဝတ္ထုတိုဟူ၍မရှိ။ စာအုပ်အဖြစ်ရေးသားကြသည်သာများလေတော့သည်။ တစတစပေါ် ထွက်လာသော ဝတ္ထုတိုများအနက် စန္ဒာရိန်အမည်ခံသူ၏ ၁၉၂၄ခုနှစ် လောက် တွင် ထုတ်ဝေသော **စောရန်၏သောက** ဝတ္ထုကား အသင့်အတင့် ဘတ်ဖွယ်ရှိ၏။ ထိုနောက် ဖေယျာ၊ ပီမိုးနင်း၊ ရွှေဥဒေါင်း အမည်ခံပုဂ္ဂိုလ်ကြီးများရေးသားသော ဝတ္ထုများလည်းမြောက်များစွာ ရှိ၏။ ၎င်းတို့ ရေးသားသောဝတ္ထုတို့က နိုင်ငံခြားစာအုပ်မှ သင့်တော် အောင် ဘာသာပြန်ဆိုသည်သာများ၏။ ထိုဝတ္ထုတိုများအကြောင်းကို အသေးစိတ်ရေးသားလျှင် ဆုံးနိုင်မည်မဟုတ်ချေ။ ဤသို့အားဖြင့် ကျွန်ုပ် တို့၏စာပေရာဇဝင်သည် ၁၉၀၀ပြည့်နှစ်လောက်မှစ၍ နှစ်ပေါင်း သုံးဆယ်နီးပါးမျှ ဝတ္ထုတိုခေတ်သို့ ရောက်လာ၏။

ယခုကဲ့သို့ ဝတ္ထုတိုခေတ်ဟုခေါ်ဆိုသော်လည်း စကားပြေ



www.burmeseclassic.com

www.burmeseclassic.com



စကားသွားရေးသားခြင်းသည် အချိန်ကာလအလိုက် ပြောင်းလဲလျက်ရှိ၏။လွန်ခဲ့သော လေးနှစ်လောက်မှစ၍ အချို့သောဝတ္ထုရေးဆရာတို့သည် စကားပြေ စကားသွားကိုပြောင်းလွှဲ၍ ရေးလာကြသည်ကို ဂရုစိုက်သော စာပေလိုက်စားသူမှန်သမျှ သိရှိနိုင်၏။ အထူးသဖြင့် ကျွန်ုပ်တို့၏ ဂန္ထလောက မြန်မာစာပိုင်းတွင် ရေးသားထားသော စကားပြေတို့ကို အခြားစာရေးပုဂ္ဂိုလ်တို့၏ စကားပြေတို့ဖြင့် နှိုင်းယှဉ်ကြည့်က ခြားနားချက်ကို သိနိုင်၏။ ဂန္ထလောကတွင် ရေးသားထားသောပုဂ္ဂိုလ်တို့၏ စာမှာ ဝါကျတို၏။ အပိုမရှိ။ တိုက်ရိုက်အဓိပ္ပါယ်ပေါ်လွင်အောင်ရေး၏။ 'အာကာဝေဟင်၊ ကောင်းကင်ပြင်၌၊ ညိုလွင်ရီမှိုင်း၊ မိုးရစ်ဆိုင်း၍၊ အုံ့ဝိုင်းချိမ့်ချိမ့် မိုးလုံးသိမ့်မျှ' စသော အဖွဲ့အနွဲ့စကားများ မပါချေ။ အချုပ်ကိုဆိုရသော် ကျွန်ုပ်တို့၏ဆောင်းပါးရှင်တို့သည် မြန်မာစကားပြေကို အဆန်းထွင်ကာ ရေးသားကြ၏။ သိပ္ပံမောင်ဝ၊ မောင်သန့်စင်၊ ဇော်ဂျီ၊ ကုသ၊ သိပ္ပစသော ပုဂ္ဂိုလ်တို့၏ အသစ်ထွင်ကာ ရေးကြသောစကားပြေတို့သည် ခေတ်ပြေး ခေတ်မြန်ကြီး၌ ခေတ်သစ်ကိုတန်ဆာဆင်သော စာပေရှေ့တော်ပြေးများဖြစ်ကြသဖြင့် နိယာမသဘောအတိုင်း ၎င်းတို့၏ စာများကိုကြိုက်သော လူလည်းရှိ၏။

စာဖျက်သူဟူ၍ အပြစ်တင်လိုသောသူလည်း ရှိ၏။ သို့သော် ယခုအခါ ထိုပုဂ္ဂိုလ်တို့၏ အရေးအသားများသည်အခြားမဂ္ဂဇင်း၊ သတင်းစာများတွင် အပတ်စဉ်လိုပင်တွေ့ရှိရသည်ကို ထောက်၍၎င်း ပုဂ္ဂိုလ်တို့သည် တစ်စတစ်စနာမည်ရလာသည်ကား ယုံမှားဖွယ်မရှိချေ။ ကျွန်ုပ်တို့၏ မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းကြီးက အထက်ပါ ပုဂ္ဂိုလ်တို့၏လက်ရာကို အရှည်တည်တံ့ခိုင်မြဲစွာတည်ရှိလေအောင် စာအုပ်တစ်စောင်အဖြစ် ပုံနှိပ်ထုတ်ဝေရန် ရည်ရွယ်ရင်းရှိသည့်အတိုင်း တက္ကသိုလ်ကျောင်းတိုက် မဟာဝိဇ္ဇာဘွဲ့ရ ပါမောက္ခဆရာကြီး ဦးဖေမောင်တင်က ကြီးမှူး၍ **ခေတ်စမ်းပုံပြင်ကြေးမုံ**ဟူသော အမည်ဖြင့် မကြာမတင်ပုံနှိပ်ထုတ်ဝေပါလိမ့်မည်။ ယခုကာလ မြန်မာစကားပြေဝတ္ထုကို ရေးသားခြင်းသည် မည်သို့သောအစား၊ မည်သို့သော အဆင့်အတန်းတွင် ရောက်ရှိနေသည်ကို အထက်ပါစာအုပ်ဘတ်ရှုခြင်းအားဖြင့် ကောင်းစွာ သိမြင်နိုင်လိမ့်မည်ဖြစ်ကြောင်း အကြောင်းအားလျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



ရေးသားဘော်ပြလိုက်ရပေသည် . . . (သတ်ပုံမူရင်းအတိုင်း)

ဟုရေးထားသည်။

ဂန္ထလောက၏ ထိုခေါင်းကြီးပိုင်းသည် မြန်မာဝတ္ထုပေါ်ပေါက်လာပုံ၊ မြန်မာဝတ္ထုစကားပြေနှင့်ပတ်သက်၍ အစောဆုံးပေါ်ပေါက်လာသော ဝေဖန်ချက်ဖြစ်သည်ဟု ဆိုနိုင်သည်။ ထိုလထုတ် ဂန္ထလောကစာစောင်တွင် သိပ္ပံမောင်ဝ၏ **သူပုန်အငွေ့**၊ တင်မောင်မြင့်(သိပ္ပံမောင်ဝ)၏ **နှောင်း**၊ မြကေတု၏ **ပညာနီတိ** ကဗျာ။

၁၉၃၃ခု၊ ဩဂုတ်လ စာစောင်တွင်မူ 'မြန်မာစာပေ' ဟူသော ခေါင်းစဉ်ဖြင့် ခေါင်းကြီးပိုင်းမှရေးသားထားသည်ကို တွေ့ရသည်။

မကြာမီအတွင်းက မြန်မာစာကိုလေ့လာလိုက်စားရသော နောက်ပေါက်လူငယ်အချို့သည် ငါတို့မြန်မာစာသည် ရှေးရိုးဆန်လွန်း၏။ ရိုးလွန်း၏။ ပေကုန်သာများ၍ စာသားမတွင်ဖြစ်ခဲ့၏။ ခေတ်မှီသော စာပေမဟုတ်သဖြင့် နည်းသစ်နည်းကောင်းရှာ၍ တတ်နိုင်သမျှထွင်ကြစို့ဟု အားခဲကာ မြန်မာစာသစ်ထွင်ကြလာသည်မှာ ဝမ်းသာစရာဖြစ်ပေ၏။

ထိုကဲ့သို့ မြန်မာတို့အားတက်ဘွယ်ရာ မြန်မာစာကို ခေတ်မှီအောင်ကြိုးစားအားထုတ်ကြသော ပုဂ္ဂိုလ်တို့တွင် သိပ္ပံမောင်ဝ၊ ကုသနှင့် ဇော်ဂျီ အမည်ခံပညာရှင်တို့ကား ရှေ့သွားခေါင်းဆောင်များ ဖြစ်ကြကုန်၏။ ၎င်းတို့သည် ဂန္ထလောကနှင့် တက္ကသိုလ်မဂ္ဂဇင်းတွင် ပင်တိုင်ရေးသူများဖြစ်ကြ၏။ ခေတ်မြန်မာစာသည် ၎င်းလူငယ်တို့ လက်ထဲတွင်ရှိသည်ဟု ဆိုလျှင်မှားနိုင်လိမ့်မည် မဟုတ်ပေ။ သို့အတွက် ၎င်းတို့ရေးသားပုံ၊ နည်းသစ်ထွင်ပုံတို့ကို ဉာဏ်မီသလောက်လေ့လာကြည့်ကြစို့။

ဂန္ထလောကက သိပ္ပံမောင်ဝကို ဤသို့အကဲဖြတ်သည်ကိုတွေ့ရသည်။

သိပ္ပံမောင်ဝအမည်ခံ ဆောင်းပါးရှင်ကား လွန်ခဲ့သောခြောက်နှစ်ခန့်ကစ၍ယခုထက်တိုင်တက္ကသိုလ်မဂ္ဂဇင်းတွင်၎င်း၊ ဂန္ထလောကတွင်၎င်း၊ နေ့စဉ်သတင်းစာများတွင်၎င်း မြန်မာစာကို တမျိုးထွင်ကာရေးသားခဲ့ပေ၏။ တိုတိုကျဉ်းကျဉ်းနှင့်လိုရင်းရောက်အောင်ရေးနိုင်ပေ၏။ ၎င်းရေးသားသောစာများကား ရိုးရိုးနှင့်အဓိပ္ပါယ်ပေါက်သည်။ ပါဠိစကား



www.burmeseclassic.com

www.burmeseclassic.com



မပါ။ မြန်မာစာရိုးရိုးနှင့် ပေါ်လွင်အောင်ရေးသားနိုင်သည်။ 'တက္ကသိုလ် မဂ္ဂဇင်း'တွင် ကျောင်းသားတစ်ယောက်အား စောင်း၍ရေးသားထားသော 'တို့ဆရာ' ခေါ်ဆောင်းပါးကို ဘတ်ကြည့်ခြင်းအားဖြင့်'မောင်ဝ'၏အစွမ်း ကိုသိနိုင်၏။ ရယ်ရွှင်ဘွယ်လည်းပါ၏။ မှတ်သားစရာလည်းပါ၏။ ၎င်း ဆောင်းပါးများကိုဘတ်ရာအင်္ဂလိပ်စာရေးဆရာကြီး ဂိုလ်းစမစ်ရေးသော (*Man in Black*) နှင့် အက်ဒီစင်ရေးသော (*Sir Roger*) ဆောင်းပါးကို သတိရပေ၏။ အရေးအသားအထက်ပါစာဆိုတို့နှင့်နှိုင်းယှဉ်ဘွယ်ပင်။ 'အိုင်စီအက်'၊ 'စာမေးပွဲ' ဟူသော ဆောင်းပါးတို့သည်လည်း မောင်ဝ၏ လက်ရာများသာတည်း။

၎င်းဆောင်းပါးကိုသတိရခြင်းအားဖြင့် မောင်ဝသည် (*Satire*) ခေါ်လှောင်ပြောင်ရေးသားခြင်း၌ အလွန်ကျွမ်းကျင်ကြောင်း ထင်ရှားပေ ၏။ 'တို့တောရွာ' ဟူသော ဆောင်းပါးမှာကား ပထမတန်းထားသင့်ပေ ၏။ တောသူတောသားတို့၏ ဓလေ့ကိုရယ်ရွှင်ဘွယ်ရေးသားထားပေ၏။ 'ရုပ်ချောသူချော၊ ရုပ်ဆိုးသူဆိုး၊ မဲမဲလည်းရှိ၊ ဖြူဖြူလည်းပါ၊ အကြည်း တန်သူတွေကမရှား၊ သနားကမားတွေကအပုံ' စသဖြင့် တောသူတို့၏ ပုံပန်းကိုပေါ်လွင်အောင်ရေးသားထားသည်မှာ ချီးမွမ်းစရာပင်ဖြစ်သည်။

၎င်းနောက် မောင်ဝသည် 'ဂန္ထလောက'တွင် နယ်ပိုင်ဝန်ထောက် မောင်လူအေးအကြောင်းကို လစဉ်ရေးသားသည်မှာ အတော်ပင်ကြာပေ ၏။ မိမိ၏အထုပ္ပတ္တိကိုရေး၍လားမသိ။ မောင်လူအေး၏ အကျင့်စာရိတ္တ စိတ်နေသဘောထားတို့ကို ပေါ်လွင်အောင်ရေးသားပေ၏။ ၎င်း မောင် လူအေးအကြောင်းကို စာအုပ်ထုတ်၍ရိုက်လျှင် မြန်မာစာပေတွင် အထက် တန်းစားထားထိုက်သော စာအုပ်တစ်အုပ်ဖြစ်မည်ကား မလွဲပေ။ ၎င်း ပြင် အခြားမောင်ဝ၏ဆောင်းပါးများကိုစုပေါင်း၍ စာအုပ်ရိုက်ထုတ်လျှင် ခေတ်မီသောစာကိုအားပေးရာရောက်ပေ၏ . . . (သတ်ပုံမူရင်း)

ဟုရေးသားထားသည်။

ယင်းတို့မှာ ခေတ်စမ်းစာပေနှင့် ပတ်သက်၍ အစောဆုံးပေါ် ထွက်လာသော ဝေဖန်ချက်များဖြစ်သည်။ ဂန္ထလောကသည် ခေတ်စမ်း စာပေလှုပ်ရှားမှု၏ အမည်မဖော်သော ကြွေးကြော်သံဖြစ်လေရာ ခေတ် စမ်းက ခေတ်စမ်းကိုပြန်၍ သုံးသပ်သော ကိုယ့်ကိုကိုယ်ဝေဖန်ရေး ဟု


www.burmeseclassic.com

www.burmeseclassic.com



လည်း ဆိုနိုင်ပါသည်။

ထိုစဉ်က ဂန္ထလောက၏အယ်ဒီတာမှာ အမည်ကို ဖော်ပြမထားသော်လည်း စာရေးဟန်နှင့် စကားအသုံးအနှုန်းများမှာ သိပ္ပံမောင်ဝ၏ ဟန်ဖြစ်ရာ သိပ္ပံမောင်ဝက သိပ္ပံမောင်ဝကိုပြန်၍ ဝေဖန်သော ဝေဖန်ချက်ဟူ၍လည်း ဆိုနိုင်လေသည်။ ■

**(၁၉၉၃၊ ဒီဇင်ဘာ၊ ချယ်ရီ)**



www.burmeseclassic.com

www.burmeseclassic.com

## ချိုးဖျက်၍မရသော သမိုင်းမှတ်တိုင်များ

ကျွန်တော်သည် ငယ်ငယ်ကဖတ်ခဲ့သော ဂန္ထလောကမဂ္ဂဇင်း အဟောင်းကလေးများကို လှန်လှောရင်း ၁၉၃၃ခုနှစ် စက်တင်ဘာလ ထုတ် (၁၂၉၅ ခုနှစ်တော်သလင်းလဆုတ်) မဂ္ဂဇင်းခေါင်းကြီးပိုင်းကို ပြန်ဖတ်နေသည်။

'ယခုမြန်မာစာပေအခန်းကဏ္ဍ' ဟုခေါင်းစဉ်တပ်ထားပြီး ခေတ် စမ်းစာရေးဆရာများအကြောင်းကို ရေးထားသည်။

မြန်မာစာကို ခေတ်မီအောင် ထွင်ရေးကြသော သိပ္ပံမောင်ဝ အမည်ခံဆောင်းပါးရှင်များအကြောင်းကို အရင်ကရေးခဲ့ပြီ။ ဂန္ထလောက တွင်လည်းကောင်း၊ တက္ကသိုလ်မဂ္ဂဇင်းတွင်လည်းကောင်း၊ ကလောင်စွမ်း ပြကြသော ဇော်ဂျီ၊ တက္ကသိုလ်မောင်သန့်စင်နှင့်ကုသအမည်ခံ ဆောင်း ပါးရှင်တို့အကြောင်းကို ယခုလတွင် ရေးဦးအံ့။ (သတ်ပုံမူရင်းအတိုင်း)

ဂန္ထလောကမဂ္ဂဇင်းများအကြောင်းကို ကျွန်တော်ရေးပြနေခြင်း မှာ အခြားကြောင့်မဟုတ်။ ကျွန်တော်တို့မျိုးဆက် တွေ့ကြုံဖြတ်သန်းခဲ့ရ သော စာပေသြဇာအကြောင်းကို ဖော်ပြလို၍ဖြစ်သည်။ ကျွန်တော့်အဖို့ ဆိုလျှင် သိပ္ပံမောင်ဝ၊ ဇော်ဂျီ စသည့်အမည်ခံများကို ထိုအခါကျမှပင်



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးတွေ့ဖူးခြင်းဖြစ်သည်။ ထို့ကြောင့်အစတုန်းကတော့ ကျွန်တော်သည် ဂန္ထလောကထက် ဒဂုန်မဂ္ဂဇင်းကို ပိုသဘောကျသည်။ ဒဂုန်မဂ္ဂဇင်းမှာ လူကြိုက်များနေသည့် စာရေးဆရာတွေလည်းပါသည်။ ရုပ်ရှင်အကြောင်းလည်းပါသည်။ သည်းထိတ်ရင်ဖိုလည်းပါသည်။

ရုပ်ရှင်အကြောင်းဆိုလျှင် မြန်မာအဆွေအေဝမ်း ရုပ်ရှင်မှရိုက်သည့် 'စက္ကောမ'၊ 'နှစ်ဆောင်ပြိုင်'၊ 'မောင့်ဖူးစာ'၊ 'ချစ်မယ်ဆို' စသည့် ရုပ်ရှင်များမှာ မင်းသား၊ မင်းသမီး၏ပုံများ၊ ဇာတ်ဝင်ခန်းပုံများကို သံပေါက်လိုလို၊ ကဗျာလိုလို စာတန်းကလေးများဖြင့် ဖော်ပြသည်။ သည်းထိတ်ရင်ဖိုဆိုလျှင် ကိုကိုလေး၏ 'မှော်ဆရာမှတ်တမ်း' စသည်တို့ပါသည်။ ရာဇဝင်ဝတ္ထုမျိုးဆိုလျှင် လယ်တီပဏ္ဍိတဦးမောင်ကြီး၏ 'ဖွားစော' ဝတ္ထု၊ 'တပင်ရွှေထီး' ဝတ္ထုစသည်တို့ပါဝင်သည်။ အမျိုးသမီး ကဏ္ဍဆိုလျှင် သလ္လာခင်တုတ်တို့၊ မြစ်သားအကျော့တို့၊ ရန်ကုန်ခင်ဆွေတို့၏ ပေးစာများပါသည်။ ဘာသာရေးနှင့်ပတ်သက်လျှင် လယ်တီဦးကောဝိဒတို့၊ ပုပ္ပါးဦးကျော်ရင်တို့၊ လယ်တီပဏ္ဍိတဦးမောင်ကြီးတို့၏ ဆောင်းပါးများပါသည်။

(နောက်ပိုင်းတွင် ဒဂုန်မဂ္ဂဇင်းသည် တက္ကသိုလ်ကဏ္ဍဟူသော ခေါင်းစဉ်ဖြင့် ခေတ်စမ်းစာရေးဆရာများ၏ စာများကိုလည်း ထည့်သွင်းလာခဲ့သည်။)

ကျွန်တော်သည် ရသစုံပါသော ဒဂုန်မဂ္ဂဇင်းကို ငယ်ငယ်ကတည်းက သဘောကျသွား၍ နားလည်တတ်စအရွယ်ကတည်းက ဖတ်ခဲ့၊ သဘောကျခဲ့သည်။ ဂန္ထလောကမဂ္ဂဇင်းများကိုမူ ကောင်းကောင်းမဖတ်တတ်သေး။ကျွန်တော့်အဒေါ်တစ်ဦးမှာစာဖတ်ဝါသနာပါသူဖြစ်ရာ ဒဂုန်မဂ္ဂဇင်းကိုလစဉ်မှာ၍ဖတ်သည်။ ကျွန်တော်က 'မှော်ဆရာမှတ်တမ်း' တို့ကို ဖတ်သည်။ တစ္ဆေသရဲဝတ္ထုများဖြစ်သဖြင့် ညမဖတ်ရဲ။ နေ့လယ်တွင်သာ ဖတ်ရဲသည်။ ဖတ်ပြီးလျှင် ညတစ်ယောက်တည်း အပြင်မထွက်ရဲတော့။ သို့ရာတွင် မဖတ်ဘဲလည်းမနေနိုင်။ နောက်တော့ ဒဂုန်မဂ္ဂဇင်းထဲက ဝတ္ထုတိုလေးတွေ ဖတ်တတ်လာသည်။ ထို့နောက် ရာဇဝင်ဝတ္ထုတွေကို ဖတ်လာခဲ့ခြင်းဖြစ်သည်။

လယ်တီပဏ္ဍိတဦးမောင်ကြီး၏ ရာဇဝင်ဝတ္ထုများမှာ 'ဆာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လတာစကော့'၏ ရာဇဝင်ဝတ္ထုကြီးများလို စွန့်စားခန်း၊ အချစ်ခန်းတွေ ပါသဖြင့် ကလေးတွေသဘောကျကြသည်။ ဂန္ထလောကကိုမူ ၁၀နှစ်သားလောက်ရောက်မှ ဖတ်ဖူးခြင်းဖြစ်သည်။ တစ်ချို့ကိုလည်း ကျွန်တော်နားလည်သည်။ တစ်ချို့ကိုလည်း ကောင်းကောင်းနားမလည်။ ကဗျာကလေးတစ်ချို့နှင့် ပုံဝတ္ထုများမှာ အဖတ်ရလွယ်သဖြင့် ယင်းတို့ကို အရင်ဖတ်သည်။

ယခု ကျွန်တော့်လက်ထဲတွင် ရောက်နေသော ဂန္ထလောကမဂ္ဂဇင်းများမှာဂျပန်ခေတ်ကျွန်တော်တို့တစ်တွေ ဆယ့်သုံးနှစ်လေးနှစ်အရွယ်တွင် ဖတ်ခဲ့ရသော မဂ္ဂဇင်းများဖြစ်သည်။ ထိုအချိန်တွင်မူ ကျွန်တော်တို့သည် ရသစာပေသဘောကို နည်းနည်းပါးပါး သိနေလေပြီ။ ကျွန်တော်ခံနီတားထားသည့်စာပိုဒ်မှာ ဇော်ဂျီနှင့် ပတ်သက်သည့် စာပိုဒ်ဖြစ်သည်။

ဇော်ဂျီသည် ကဗျာကိုအတော်နိုင်သည်။ တေးထပ်၊ လေးချိုးစသော ရှေးရိုးကဗျာများကိုမစပ်ဘဲ လင်္ကာစပ်ခပ်ဆန်းဆန်း စပ်လေ့ရှိသည်။ အဓိပ္ပါယ်ပေါ်လွင်၏။ ယဉ်ယဉ်လှလှစကားများကို သုံး၏။

လွန်ခဲ့သော ၃နှစ်ခန့်က ရန်ကုန်တက္ကသိုလ်မဂ္ဂဇင်းတွင် 'ပိတောက်ပန်း' ဟုခေါ်သော လင်္ကာလေးတစ်ခုစပ်ခဲ့ဖူး၏။ ဤလင်္ကာကား ဇော်ဂျီ၏အကောင်းဆုံးလက်ရာပင် ဖြစ်၏။ ဤလင်္ကာကို ဖတ်မိသူတိုင်း ဇော်ဂျီအား မချီးကျူးဘဲမနေနိုင်။ 'မခူးချင်စမ်းပါနဲ့ကွယ်' ဟူသော အပိုဒ်မှ အဆုံးသတ်အထိ ချို့ယွင်းချက်မရှိဘဲ ပြေပြေပြစ်ပြစ်စပ်သွားသည်မှာ ချီးမွမ်းဖွယ်ရာပင်။ ယခုကာလ လင်္ကာစပ်ဆရာများ အတုယူဖို့ကောင်းသော လင်္ကာကဗျာပင်တည်း။

ထို့နောက် ဇော်ဂျီရေးသောကဗျာများကား ကျွန်ုပ်တို့ ဂန္ထလောကတွင် လစဉ်လိုလိုပင်ပါဝင်ပေ၏။ ဂရုစိုက်၍ ဖတ်မိသူတိုင်း ဇော်ဂျီသည် ကဗျာဘက်တွင် မည်မျှစွမ်းသည်ကို သိနိုင်ပေ၏။ ဇော်ဂျီ၏ ကဗျာများကို လေ့ကျင့်မှတ်သားသူတို့သည် ဇော်ဂျီအား ကမ္ဘာကျော် လင်္ကာဆရာကြီးတဂိုး (*Tagore*)၏ တပည့်ဟူ၍ပင် ခေါ်ကြလေသည်။

ကဗျာဘက်တွင်သာမက စကားပြေဘက်တွင်လည်း နိုင်ပေသေး၏။ ပြင်သစ်စာရေးဆရာကြီး ဗော်တဲလ်ရား၏ (*Would-be Gentleman*) ခေါ် ပြဇာတ် ကို'မဟာဆန်ချင်သူ' ပြဇာတ်ဟူ၍ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်၍ လွှန်ခဲ့သော ၂ နှစ်ခန့်က ဂန္ထလောကမဂ္ဂဇင်းတွင် အခန်းတစ်ခု ထည့်သွင်းဖူး၏။'

ထိုဇော်ဂျီရေးပြီးသော ပြဇာတ်ကို ရေးပြီးသလောက် ဖတ်ကြည့်ရာ ဇော်ဂျီသည် စကားပြေဘက်တွင် အလွှန်နိုင်ကြောင်းတွေ့ရှိရ၏။ ပြဇာတ်ကို မျက်စိတွင်ပေါ်ပေါက်လာအောင် ရေးသားနိုင်၏။ သခင်ဘသောင်း ပြန်ဆိုသော'ဆရာဝန်ပါဘဲ' ပြဇာတ်ကဲ့သို့ ကောင်းမည့်ပြဇာတ်တစ်ခု ဖြစ်ပေ၏။ ထို'မဟာဆန်ချင်သူ'ပြဇာတ်ကို စာအုပ်ရိုက်နှိပ်ထုတ်ဝေရလျှင် မုချနာမည်ထွက်မည့် စာအုပ်ဖြစ်လေသည်။

. . . ယခုခေတ်ကား အကဲခတ်ရခက်သောခေတ်ဖြစ်၏။ အထက်ပါ မောင်ဝ၊ ဇော်ဂျီ စသောသုတေသီပုဂ္ဂိုလ်တို့သည် မိမိတို့ငယ်စဉ်က မြန်မာစာကိုအားပေးသောအနေဖြင့် အမြဲထာဝစဉ် ရေးသားနေသော်လည်း ကြီးပြင်းလာလျှင်(ဝါ) အလုပ်အကိုင်နှင့်ဖြစ်လာလျှင် မြန်မာစာကို လက်လွှတ်၍ မေ့ပစ်မှာကို စိုးရိမ်မကင်းဖြစ်ဖွယ်ပင်။ တို့ပြည်တို့ရွာမှာ တို့စာကို အားပေးဖို့ဝတ္တရားသည် တို့ဝတ္တရားဖြစ်၏ဟု ယူဆလျက် နောက်ပေါက်လူငယ်များကိုလည်း နည်းပေးလမ်းပြပြုလုပ်၊ မိမိကိုယ်တိုင်လည်း ကျမ်းပြုဆရာဘွဲ့များကိုရရန် အားထုတ်ကြပါမူ မြန်မာစာသည်မြန်မာမင်းတို့ အခါကကဲ့သို့ပင် တက်သစ်နေလို ထွန်းကားကြီးပွားလာမည်မုချပင်။ ကြိုးစာကြစို့'ဟု ဂန္ထလောကမဂ္ဂဇင်း အယ်ဒီတာက ဆော်ဩထားသည်။ (သတ်ပုံမူရင်းအတိုင်း)

သမိုင်းမှတ်တိုင်တွေ ရှိပေသည်။

တစ်ချို့မှတ်တိုင်များမှာ အတိုင်းအထွာအကွာအဝေး မညီဘဲ ကိုယ်စိုက်ချင်ရာစိုက်ပစ်ခဲ့သော မှတ်တိုင်များ ဖြစ်ကြပါသည်။ ထိုမှတ်တိုင်အများများသည် မည်မျှခိုင်ခန့်အောင် စိုက်ထားသည်ဖြစ်စေ၊ တိုင်းထွာတတ်သော အင်ဂျင်နီယာတစ်ယောက်အတွက် မှန်ကန်သည့်မှတ်တိုင်များဖြစ်မလာပါ။ သို့ရာတွင် မှန်ကန်စွာတွက်ချက်တိုင်းထွာစိုက်ခဲ့သော မှတ်တိုင်များကား နှောင်းလူတို့က ဂရုစိုက်၍ကြည့်ကြရပါသည်။ လမ်းဘေးတွင် ချုံနွယ်တို့ဖုံးနေသည့်တိုင် ထိုမှတ်တိုင်ကို လိုက်ရှာကြရမြဲ ဖြစ်ပါသည်။ သို့မှသာ ကိုယ်ဘယ်မျှ ခရီးပေါက်ခဲ့သည်ကို သိနိုင်ပါသည်။ အတိုင်းအတာမှန်သောမှတ်တိုင်ကို မချိုးဖျက်ကောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုမှတ်တိုင်သည် ကိုယ်ဖြတ်သန်းလာခဲ့သော မှတ်တိုင်ဖြစ်ပါသည်။

ဂန္ထလောကအယ်ဒီတာသည် သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ တို့ကို နောက်ပေါက်လူငယ်များအားလည်း နည်းပေးလမ်းပြလုပ်၊ မိမိကိုယ်တိုင်လည်း ကျမ်းပြုဆရာဘွဲ့များရရန် အားထုတ်အောင်လှုံ့ဆော်ခြင်းဖြင့် သမိုင်းမှတ်တိုင်စိုက်ရန် အမြော်အမြင်ရှိစွာ ဆော်ဩခဲ့သည်ကို တွေ့နိုင်ပါသည်။

၁၉၃၃ခုနှစ်၊ အောက်တိုဘာလထုတ် ဂန္ထလောကမဂ္ဂဇင်းတွင် မြန်မာဝတ္ထုတိုများအကြောင်း၊ သိပ္ပံမောင်ဝ၏ 'သူပုန်အငွေ့'၊ 'ခေတ်အလျောက်စိုက်ပျိုးရေး'၊ တင်မောင်မြင့်၏ 'နောင်'၊ သိပ္ပံ၏ 'မောင့်ခင်ပျို'၊ ကဗျာတို့ကို တွေ့ရသည်။

အင်္ဂလိပ်စာကဏ္ဍကိုကား ထိုစဉ်က ကျွန်တော်အင်္ဂလိပ်လိုကောင်းစွာမဖတ်တတ်သေးသဖြင့် မဖတ်ဖြစ်ခဲ့။ သူကြီးဂေဇက် ဦးခင်မောင်၏ 'အခြေခံအင်္ဂလိပ်စာအကြောင်း' ဆောင်းပါး၊ ဖီးဘတ်စ်၏ ဝတ္ထုတိုတစ်ပုဒ်၊ မြန်မာပြည်သို့ ရောက်လာသော အင်္ဂလိပ်စာအုပ်များဝေဖန်ချက်ကို တွေ့ရသည်။ ကျွန်တော်စိတ်ဝင်စားသည့် ဆောင်းပါးတစ်ပုဒ်ကိုလည်း ထိုစာစောင်တွင် တွေ့ရသည်။ ယင်းမှာ(Ten Commandments For Translaters) 'ဘာသာပြန်သူများအတွက် ပညတ်ချက် ၁၀ပါး' ဆိုသည့် ဆောင်းပါးဖြစ်သည်။ စိတ်ဝင်စားဖွယ်ကောင်းသဖြင့် ထိုဆောင်းပါးကို မြန်မာပြန်၍ ဖော်ပြလိုက်ပါသည်။

ဘာသာပြန်သမားကောင်းတစ်ယောက်၏ အရည်အချင်းများသည် အဘယ်နည်း။

စာပေလောကတွင် ထိုပြဿနာလောက် အငြင်းအခုန်ဖြစ်သော ပြဿနာဟူ၍ ရှိမည်မထင်ပါ။ ထိုပြဿနာမှာလောက် ငြင်းခုန်သူများကြားတွင် ကိုယ့်စကားနှင့်ကိုယ်ပြန်၍ ဆန့်ကျင်နေသောအရာဟူ၍လည်း ရှိမည်မထင်ပါ။ ထိုပြဿနာနှင့် ပတ်သက်၍ လက်တွေ့လည်းကျ၍ တိုတိုနှင့် လိုရင်းရောက်သောနည်းတစ်နည်းကို ၁၉၂၆ခုနှစ် မတ်လထုတ် 'ပညာရေးနှင့် လူမှုရေးလောကဂျာနယ်' တွင် တွေ့ရပါသည်။ ထိုဆောင်းပါးမှာ 'ဘာသာပြန်ဆရာတို့၏ ပညတ်ချက်၁၀ပါး' ဟုခေါင်းစဉ်တပ်ထားပြီး အမည်မသိဂျာမန်အမျိုးသား ဆောင်းပါးရှင်တစ်ဦးက ရေးသား



www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းဖြစ်ပါသည်။ ထိုဆောင်းပါး၏စာကိုယ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။စာရေးဆရာ၏အယူအဆတိုင်း အတွေးအခေါ်တိုင်းကို တိကျမှန်ကန်စွာ ပြန်ဆိုခြင်းသည် အရေးကြီးဆုံး ဥပဒေသဖြစ်သည်။ မူရင်းစာကို နောက်ထပ် ဖြည့်စွက်ခြင်း၊ ချန်လှပ်ပစ်ခဲ့ခြင်းတို့သည် ဘာသာပြန်ဆိုသည့် ရည်ရွယ်ချက်ကို ပျက်စီးစေသည်။ ပေါ့လျော့မှုသည် တမင်ကြံစည်ပြုလုပ်ခြင်းထက် အပြစ်ကြီးသည်။

၂။ သင်သည် သင့်ဘာသာပြန်ကို မူရင်းစာကိုယ်ပုံသဏ္ဍာန်မျိုး၊ မူရင်းစာကိုယ်၏နရီမျိုး၊ မူရင်းစာကိုယ်၏အသံမျိုး၊ မူရင်းစာကိုယ်၏ စီးဆင်းမှုမျိုးပေးနိုင်ရန် ကြိုးစားအားထုတ်ရမည်။ မိမိ၏ရေးဟန်၊ အဖွဲ့အနွဲ့များကို ဘေးဖယ်ထုတ်ထားရမည်။ မူရင်းစာရေးဆရာနှင့် စာဖတ်ပရိသတ်ကြားတွင် သစ္စာရှိသောဆက်သွယ်သူဖြစ်ရမည်။

၃။သင်သည် မူရင်းစာကိုယ်၏ ဝါကျတည်ဆောက်ပုံမျိုးကို ကျိုးနွံစွာ လိုက်နာခြင်းမပြုရ။ မိမိ၏ပုံသဏ္ဍာန် မိမိ၏ဘာသာစကားနှင့် လိုက်လျောညီထွေဖြစ်အောင် ထိုဝါကျများကို ဖြတ်တောက်ပစ်ရမည်။ ပြန်၍ဖွဲ့စည်းယူရမည်။ သို့ရာတွင် ဝါကျတည်ဆောက်ပုံ သဘောကို ကောင်းစွာဂရုစိုက်ရမည်။

၄။မူရင်းစာရေးဆရာ၏ စာထဲတွင် အဓိပ္ပါယ်မရှိသည့် အရေးအသားများပါသည့်တိုင် မူရင်းစာရေးဆရာ၏စာကို ပြင်ဆင်ခြင်း မပြုရ။ အမှားသည် သူ့တာဝန်သာဖြစ်သည်။

၅။သင်၏ဘာသာပြန်ဆိုချက်ကို အသံထွက်၍ဖတ်ရမည်။ သင်၏မျက်လုံးသည် ဝေဖန်သူမဖြစ်ပါစေနှင့်။ သင်၏နားသာလျှင် ဝေဖန်သူဖြစ်ပါစေ။

၆။သက်ဆိုင်ရာအဓိပ္ပါယ်များကို ရေလည်စွာ နားလည်စေရန်အတွက် မူရင်းစာရေးဆရာ၏ ဘာသာစကားကို ပိုင်နိုင်စွာနားလည်ပြီးဖြစ်ရမည်။

၇။ခက်ခဲကြီးကျယ်သော နိုင်ငံခြားစာပိုဒ်များကို တစ်လုံးပြီးတစ်လုံး၊ လုံးချင်း ပြန်ဆိုခြင်း မပြုရ။ ဘာသာစကားတိုင်းတွင် ထောင်ချောက်များ၊ ပိုက်ကွန်များ၊ လေသေနတ်များ ရှိတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၈။မိမိ၏ မိခင်ဘာသာစကားကို အမြဲတစ်စေ လေ့လာနေရမည်။ နိုင်ငံခြားဘာသာစကားဆိုသည်မှာ အတော်အတန် လေ့လာလိုက်စားရုံဖြင့် ဘာသာပြန်သမားကောင်းတစ်ယောက် ဖြစ်လာနိုင်သည်။ မိခင်ဘာသာစကားမှာ မည်သည့်အခါမျှလေ့လာ၍ မကုန်ဆုံးနိုင်။

၉။'ဘာသာပြန်၍မရ'ဆိုသည့် စကားလုံးကို သင့်ဝေါဟာရမှ အပြီး အတိုင် ထုတ်ပယ်ပစ်ရမည်။ 'စီရန်နာဒေဘာဂျရတ်' ဆိုသော ပြင်သစ် ပြဇာတ်ကို ဂျာမန်ဘာသာဖြင့် ပြန်ဆို၍မရဟု ဝေဖန်သူအားလုံး လောက် က မိန့်ဆိုခဲ့ကြဖူးသည်။ (ယခုပြန်ဆိုပြီးပြီ)

၁၀။ သင်၏ဘာသာပြန်သည် သင်၏ပင်ကိုယ်ရေးဖြစ်သည်ဟု အားလုံးက ထင်မှတ်အောင် အပတ်တကုတ် ကြိုးစားအားထုတ်ရမည်။ ဘာသာပြန်တစ်ပုဒ်သည် ဘာသာပြန်ထားခြင်းမဟုတ်ဟု ထင်ရမှ သာလျှင် ဘာသာပြန်ကောင်းတစ်ပုဒ် ဖြစ်လာနိုင်သည်။ ဘာသာပြန်ကောင်းတစ်ယောက် ဖြစ်ရန်မှာ အဘိဓာန်စာအုပ်တစ်အုပ်ရှိရုံဖြင့် မလုံလောက်။ ဘာသာပြန်တစ်ခုတွင်လည်း ခံစားချက်နှင့် အတွေးအခေါ်တို့ လိုအပ်သည်။

ယင်းမှာ ထိုစဉ်က ဂန္ထလောကမဂ္ဂဇင်းတွင် ဖော်ပြထားသော ဆောင်းပါးတစ်ပုဒ်ဖြစ်သည်။ ထိုစဉ်တုန်းကတော့ အင်္ဂလိပ်စာမဖတ်တတ်သေးသဖြင့် ကျွန်တော်ခဲနီပြတ်ဖြင့် ထားသည့်မျဉ်းကြောင်း ကို မတွေ့ရ။

အကယ်၍ ကျွန်တော်သည် ထိုစဉ်ကသာ အင်္ဂလိပ်စာကို ကောင်းကောင်းဖတ်တတ်မည်ဆိုလျှင် ထိုစာကြောင်းများအောက်တွင် ခဲနီမျဉ်းကြောင်း တားခဲ့မိပေလိမ့်မည်။ ■

**(၁၉၉၄၊ ဖေဖော်ဝါရီ၊ မဟေသီ)**



www.burmeseclassic.com

www.burmeseclassic.com

# ဝတ္ထုနှင့်ဝေဖန်ရေး

တလောက မိတ်ဆွေထုတ်ဝေသူတစ်ဦးက စစ်မဖြစ်မီက ထင်ရှားသည့် စာရေးဆရာကြီးများ၏ဝတ္ထုကိုပြန်ရိုက်မည်ဟုဆိုကာ စာအုပ်ရွေးပေးရန်ပြောသဖြင့် စာအုပ်အချို့ကို ရွေးပေးလိုက်သည်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ထင်ရှားသည့် ဝတ္ထုရေးဆရာကြီးများမှာ ပီမိုးနင်း၊ ရွှေဥဒေါင်း၊ ဇေယျ၊ မဟာဆွေ၊ ဇဝန၊ မင်းဆွေ၊ ဒဂုန်ရွှေမျှား၊ ဒဂုန်ခင်ခင်လေး စသည့် စာရေးဆရာကြီးများ ဖြစ်သည်။ အခြားလည်း အများအပြားရှိသေးသည်။ သို့ရာတွင် သူတို့မှာ အများဆုံးရေးခဲ့ကြသူများဟုဆိုနိုင်ပါသည်။ ငယ်ငယ်တုန်းကတော့ ထွက်သမျှ ဝတ္ထုတွေကို အကုန်လောက်နီးပါး ဖတ်ဖြစ်သည်။ တစ်ချို့ဝတ္ထုများမှာ ငယ်ငယ်က ကြိုက်ခဲ့သော်လည်း ယခုပြန်ဖတ်သောအခါတွင် သိပ်မကြိုက်တော့။ ဝတ္ထုမျှသာမဟုတ်။ ရုပ်ရှင်များမှာလည်း ထိုနည်းတူဖြစ်နေသည်။ ဥပမာ ငယ်ငယ်က စွဲခဲ့သော အင်္ဂလိပ်ရုပ်ရှင်ကားများကို ယခုပြန်ကြည့်သည်အခါ၌ အရင်တုန်းကလို စွဲလမ်းခြင်းမဖြစ်တော့။ ပေါ့ပျက်ပျက် ဖြစ်နေသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဝတ္ထုတိုင်း၊ ရုပ်ရှင်တိုင်းတော့ မဟုတ်။ အချို့ရုပ်ရှင်များ၊ ဝတ္ထုများမှာ ငယ်ငယ်တုန်းက ကြိုက်ခဲ့ပြီး၊ ယခုလည်းသဘောကျဆဲဖြစ်နေသည်ကို တွေ့ရသည်။ ထိုဝတ္ထုများ၊ ရုပ်ရှင်များမှာ ကာလစည်းကမ်းသတ်မှတ်ချက်ကို ကျော်လွန်နိုင်သည်ဟု ဆိုရမည်ထင်သည်။

ထို့သို့ သဘောထားနှင့် အကြိုက်ပြောင်းသွားရသည်မှာ ဘက်နှစ်ဖက်ရှိမည်ထင်သည်။ တစ်ဖက်မှာ စာဖတ်သူ၏ဘက်ဖြစ်သည်။ စာဖတ်သူသည် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ အတွေ့အကြုံများစွာကို ဖြတ်သန်းရသည်။ ငယ်ငယ်က စာအုပ်ထဲတွင် တွေ့ခဲ့ရသည့်အဖြစ်အပျက်သည် ထိုစဉ်ကတော့ ကြီးကျယ်သော အဖြစ်အပျက်ကြီးတစ်ခုဟု ထင်ကောင်းထင်နေမည်။ သို့ရာတွင် ယခု ပြန်ကြည့်သည့်အခါ၌ ထိုအဖြစ်အပျက်သည် ဘာမျှမဟုတ်သည့် သေးဖွဲသော အဖြစ်အပျက်ကလေးဖြစ်နေပြီး ရယ်စရာလိုဖြစ်နေတတ်သည်။ ဤတွင် နုပျိုစဉ်က ခံစားချက်တို့ မရှိတော့သဖြင့် သဘောထားပြောင်းသွားတော့သည်။ နောက်တစ်ခါ ပြန်ဖတ်သည့်အခါတွင် ပေါ့ပျက်ပျက် ဖြစ်သွားရတော့သည်။

နောက်တစ်ဘက်မှာ ဝတ္ထု၏ဘက်ဖြစ်သည်။ ငယ်ငယ်တုန်းက ထိုဝတ္ထု၏ ရေးနည်းရေးဟန်သည် သူ့ခေတ်နှင့်သူ ဆန်းသစ်နေသည်။ စွဲလမ်းစရာ ဖြစ်နေသည်။ သို့ရာတွင် ယခုခေတ်အမြင်၊ ခေတ်အရေးအသားနှင့်ယှဉ်ကြည့်လိုက်သည့်အခါတွင်မူ ထိုဝတ္ထု၏ရေးဟန်၊ ဖွဲ့စည်းဟန်၊ ထိုဝတ္ထု၏ နိသျဗေဒ တစ်ခုလုံးသည် ဟောင်းသွားသည်ကို တွေ့ရသည်။

ထိုအချက်နှစ်ချက်ကြောင့် ယခုပြန်ဖတ်သည့်အခါတွင် ငယ်ငယ်တုန်းကလောက် စွဲလမ်းခြင်းမရှိဘဲ ဖြစ်နေဟန်တူသည်။

ဝတ္ထု၏ နိသျဗေဒတိုးတက်အောင် လုပ်ရာတွင် စာပေဝေဖန်ရေးသည် အရေးကြီးသောအခန်းမှ ပါဝင်နေသည်ဟု ယူဆသည်။

စာပေဝေဖန်ရေးသည် ကျွန်တော်တို့ ခေတ်ကျမှ အသစ်ပေါ်လာသော အရာမဟုတ်။ ရှေးခေတ်ကတည်းက ရှိခဲ့သော စာပေပုံသဏ္ဌာန်တစ်မျိုးဖြစ်သည်။ ကမ္ဘာ့စာပေလောကတွင်မူ စာပေဝေဖန်ရေးသည် အစောကြီးကတည်းက ပေါ်ခဲ့သည်။ ကျွန်တော်တို့ဆီတွင်မူ ကိုလိုနီခေတ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ကျမှ စာပေဝေဖန်ရေးဟု ပေါ်ခဲ့ခြင်းဖြစ်သည်။ ထိုမတိုင်မီကမူ ဘာသာရေးနှင့် ပတ်သက်သော စာပေကျမ်းဂန်အရေးအသားများကို ဝေဖန်သုံးသပ်သည့် စာများလောက်သာ ပေါ်ထွန်းခဲ့သည်။ ဝေဖန်ရေးနည်းနာများမှာလည်း ရှေးအစဉ်အလာ ဝေဖန်ရေးနည်းနာများသာ ဖြစ်သည်။

ကိုလိုနီခေတ်ရောက်သည့်အခါတွင်မူ ခေတ်သစ်မြန်မာဝတ္ထုဟူ၍ စတင်ပေါ်ပေါက်လာကာ ဝေဖန်သည့် နည်းနာများမှာလည်း ပြောင်းလဲလာခဲ့သည်။ မြန်မာဝတ္ထုသည် အနောက်တိုင်းဝတ္ထု၏ သြဇာဝင်ရောက်လာပြီ ဖြစ်သဖြင့် ဝေဖန်ရေးနည်းနာများတွင်လည်း အနောက်တိုင်းသြဇာများ ဝင်ရောက်လာသည်ကို တွေ့လာရသည်။

မည်သို့ဖြစ်စေ မြန်မာစာပေလောက တိုးတက်လာရသည့် အကြောင်းရင်းများထဲတွင် စာပေဝေဖန်ရေး လုပ်ခြင်းသည်လည်း အကြောင်းတစ်ကြောင်းဖြစ်သည်ဟု ကျွန်တော်နားလည်မိသည်။

စစ်မဖြစ်မီ ၁၉၃၀ ခုနှစ် တစ်ဝိုက်လောက်တွင် မြန်မာစာပေ၊ မြန်မာဝတ္ထုဝေဖန်ရေး ရေစီးကြောင်းသည် စတင်၍ စီးဆင်းနေလေပြီ။ ၁၉၃၀ ခုနှစ် တစ်ဝိုက်လောက်က ထုတ်ဝေသည့် ဂန္ထလောကမဂ္ဂဇင်းများတွင် ဝေဖန်စာများကို မကြာခဏတွေ့ရသည်။ ငယ်စဉ်တုန်းကတော့ ထိုဝေဖန်စာများသည် ထိုမျှအရေးကြီးသည်ဟု မထင်ရ။ ယခုတစ်ခေါက် ပြန်ဖတ်သည့် အခါတွင်မှ ယင်းတို့သည် မြန်မာစာပေတိုးတက်ရေးအတွက် အရေးကြီးသည့်အခန်းမှ ပါဝင်ခဲ့ကြကြောင်း ပြန်၍ စဉ်းစားမိခြင်းဖြစ်သည်။ ဥပမာအားဖြင့် သူရိယဦးသိမ်းမောင်၏ မြန်မာသူရဲကောင်းများကို ဝေဖန်ချက်၊ ဇော်ဂျီ၏ ရွှေမောင်းသံပြဇာတ် ဝေဖန်ချက်၊ တစ္ဆေပုံညွှန့်ပေါင်းကျမ်းဝေဖန်ချက်စသည့် ဝေဖန်ချက်များ မကြာခဏပါသည်ကို တွေ့ရသည်။

ဂန္ထလောကမဂ္ဂဇင်းသည် ဝေဖန်စာများကိုသာ ထည့်သွင်းဖော်ပြနေသည်မဟုတ်။ ခေါင်းကြီးပိုင်းမှ နေ၍လည်း မြန်မာစာပေတိုးတက်ရေး၊ မြန်မာဝတ္ထုတိုးတက်ရေးနှင့် ပတ်သက်၍ အခါအားလျော်စွာ ဝေဖန်လေ့ရှိသည်။ ၁၉၃၃ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ဂန္ထလောကမဂ္ဂဇင်း ခေါင်းကြီးပိုင်းတွင် 'မြန်မာဝတ္ထု တိုးတက်ရေး' ဟူသော ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ရေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာပေအရေးအသားသည် ရေးကနှင့်မတူဘဲ သိသိသာသာ ပြောင်းလဲသည့်အခိုက်တွင် မြန်မာဝတ္ထုအရေးအသားသည်လည်း စိတ်ကျေနပ်လောက်အောင် တိုးတက်ကောင်းမွန်လာခြင်း မရှိသည်မှာ အထူးစိစစ်စဉ်းစားထိုက်သော အချက်ကြီးပင်ဖြစ်ပေသည်။ ဝတ္ထုအရေးအသားသည် တိုးတက်သည်၊ ဆုတ်ယုတ်သည် ဟူရာ၌ လူအမျိုးမျိုး၊ ထင်မြင်ချက် အမျိုးမျိုး ရှိမည်မှာ ဓမ္မတာပင် ဖြစ်ပေသည်။ သို့ရာတွင် ကျွန်ုပ်တို့သဘောမှာမူ တိုးတက်သင့်သလောက် တိုးတက်ခြင်း မရှိသေးဟု အယူရှိသည်။ မြန်မာဝတ္ထုအရေးအသားကို ကျွန်ုပ်တို့သည် သုံးမျိုးခွဲခြားပေအံ့။

၁။လိုက်နာကျင့်ဆောင်ရန် ဒဏ္ဍာရီသဘော ရေးသားသည့် ဝတ္ထုမျိုး။

၂။ချစ်ခြင်း၊ မုန်းခြင်းစသော စိတ်ဓာတ်တို့ကို မူတည်၍ ရေးသောဝတ္ထုမျိုး။

၃။အထိုးအကြိတ်၊ အသတ်အပုတ်စသော အပြုအမူတို့ကို အရေးတကြီးထားသော ဝတ္ထုမျိုးများ ဖြစ်ကြပေသည်။ ထိုသုံးမျိုးစလုံးပင် ရောနှောရေးသားနေကြသော ဝတ္ထုမျိုးလည်း အမြောက်အများ ရှိပေသေးသည်။

၁။ဒဏ္ဍာရီသဘောဖြင့် ရေးသားထားသော ဝတ္ထုများမှာ ယခုခေတ်နှင့် လျော်ညီအောင် သေရည်သေရက်သောက်၍ ဒုက္ခရောက်ပုံ၊ နိုင်ငံခြားသားကို ယူမိ၍ မှားယွင်းပုံ၊ ခွေတာစုဆောင်း၍ ကြီးပွားလာပုံ ဝတ္ထုများပင်ဖြစ်ပေသည်။ ၎င်းအရေးအသားကို အများအားဖြင့် သူရိယမဂ္ဂဇင်းတွင် မကြာမကြာဖတ်ရှုရလေသည်။ တခါတရံ အခြားမဂ္ဂဇင်းများတွင်လည်း တွေ့နိုင်ပေ၏။ ထိုအရေးအသားမျိုးသည် ဖတ်ရှုသူတို့၏ လိုက်နာ ကျင့်ဆောင်ရန် နည်းပြဝတ္ထုများ ဖြစ်သဖြင့် ယခုခေတ်နှင့် သင့်လျော်ပါ၏။

၂။ချစ်ခြင်း၊ မုန်းခြင်း၊ မနာလိုခြင်း စိတ်ဓာတ်တို့၏ အခြင်းအရာ အဖြစ်အပျက်တို့ကို မူတည်၍ ရေးသားထားသော ဝတ္ထုတို့မှာ အလွန်များပြားပေသည်။ ပီမိုးနင်း၏ 'နေရီရီ'၊ 'သဲမြည့ာ'၊ မဟာဆွေ၏ 'မနန်းဝါ' စသော ဝတ္ထုတို့မှာ ထိုအမျိုးအစားတွင် ပါဝင်ပေသည်။ ယခု



www.burmeseclassic.com

www.burmeseclassic.com



ကာလပေါ် အင်္ဂလိပ်ဝတ္ထုများမှာလည်း အများအားဖြင့် ထိုဝတ္ထုများ ဖြစ်လေသည်။ စိတ်ဓာတ်၏ဆန်းကျယ်ပုံ၊ စိတ်တွင်ဖြစ်ပျက်ပေါ်ပေါက်ပုံတို့ကို အချို့ဝတ္ထုရေးဆရာများက မကွယ်မဝှက်ရေးကြသည်။ အချို့မှာ မိမိတို့၏ဝတ္ထုတွင်ပါသောသူတို့၏ ပါးစပ်တွင်ထည့်၍ပြောစေသည်။ အထူးသဖြင့် ပြဇာတ်များတွင်ရေးသူ၏အာသီသကို ပြဇာတ်တွင်ပါသောသူတို့က ပြောရလေသည်။ ကမ္ဘာပေါ်တွင် အကောင်းဆုံးသော ဝတ္ထုကြီးများမှာ ၎င်းဒုတိယအမျိုးတွင် ပါဝင်ပေသည်။ အင်္ဂလိပ်ဝတ္ထုရေးဆရာကြီး သောမတ်စ်ဟာဒီ၊ ရုရှား ဝတ္ထုရေးဆရာကြီး တော်လ်စတွိုင်း၊ ပြင်သစ် ဝတ္ထုရေးဆရာကြီး ဘဲလ်ဇက်တို့မှာ စိတ်၏ အဖြစ်အပျက်တို့ကို မိမိတို့ စွဲသော အယူဝါဒနှင့် ကိုက်ညီအောင်ရေးသားကြလေသည်။

၃။ တတိယအမျိုးအစားတွင် ရွှေဥဒေါင်း၏ 'ရူပနန္ဒီ'၊ 'ရတနာပုံ' စသော ဝတ္ထုမျိုးများ ပါဝင်ပေသည်။ ၎င်းဝတ္ထုတို့တွင် စိတ်အဖြစ်အပျက်တို့ကနည်းနည်း၊ အကြောင်းအရာကများများ ပါဝင်ရလေသည်။ ဥပမာ 'ရူပနန္ဒီ' ကိုဖတ်သောသူသည် ဇာတ်လိုက်၏စွန့်စား တွေ့ကြုံရပုံကို အလွန်စိတ်စွဲလျက် ဖတ်ရှုရပေသည်။ အများအားဖြင့် ရာဇဝင်ဝတ္ထုတို့မှာ ၎င်းအမျိုးအစားတွင် ပါဝင်လေသည်။ စိတ်ကူးများလည်း ပါရှိပါ၏။ သို့ရာတွင် ဝတ္ထုကြောင်းကသာ စိတ်ကိုစွဲမက်စေပေသည်။ အင်္ဂလိပ်ဝတ္ထုရေးဆရာများအနက် ဒီဖိုး၊ စတီဗင်ဆင်၊ ဝယ်လတာစကော့ စသောဆရာများမှာ ထိုဝတ္ထုအမျိုးအစားကို ရေးသားကြလေသည်။

ကျွန်ုပ်တို့သည် မည်သည့်ဝတ္ထုမျိုးကကောင်းသည်၊ မည်သည့်ဝတ္ထုမျိုးကမကောင်းဟူ၍ ရေးသားမည်မဟုတ်ပါ။ ဝတ္ထုအဆိုးအကောင်းကို ဆုံးဖြတ်ရာ၌ အမျိုးအစားကိုလိုက်၍ ဆုံးဖြတ်၍လည်း မဖြစ်ပါ။ အထက်ပါ သုံးမျိုးစလုံး၌ပင် ကောင်းသောဝတ္ထုများလည်းရှိ၏။ မကောင်းသောဝတ္ထုများလည်းရှိပေသည်။ ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်ကား အထက်ပါ ဝတ္ထုအမျိုးအစား သုံးမျိုးစလုံး၌ပင် သိသိသာသာ တိုးတက်ခြင်းမရှိသေးပေ။ တိုးတက်ခြင်း မရှိသေးဟု ဆို၍လည်းမပြီးသေး။ မည်ကဲ့သို့တိုးတက်အောင်ပြုလုပ်ရမည်နည်းဟူသော ပြဿနာကိုလည်း စဉ်းစားရပေမည်။ မည်သို့ရေးလျှင်ကောင်းသည်၊ မည်သို့ရေးလျှင်မကောင်းဟု အကြောင်းပြရေးသားရလျှင်လည်း လိုရာသို့ ရောက်မည်မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ရေးသားရမည့်တာဝန်လည်း ကြီးလေးလှပေသည်။ အငြင်းထွက်စရာလည်း များပြားလှပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့၏ အကြံပေးချက်ကား မြန်မာဝတ္ထုကောင်းကလေးများကို စုဆောင်း၍ စာအုပ်ထုတ်ဝေရန် ဖြစ်ပေ၏။ ဝတ္ထုဟူ၍ ပေါ်ပေါက်သည့်နေ့မှစ၍ ယခုအထိရေးသားပြီးသော ဝတ္ထုတို့တွင် သင့်လျော် ကောင်းမွန်သော ဝတ္ထုတို့ကို ရွေးချယ်စိစစ်၍ စာအုပ်ထုတ်ဝေရလျှင် အလွန်အကျိုးများပေလိမ့်မည်။ သို့မှသာလျှင် မည်သို့သော ဝတ္ထုမျိုးသည် ကောင်း၏၊ မည်သို့သောဝတ္ထုမျိုးသည် မကောင်းဟု ဝေဖန်ပိုင်းခြားနိုင်ပေလိမ့်မည်။ အကယ်၍ လူတစ်ဦးတစ်ယောက်တည်းက မတတ်နိုင်လျှင် အစည်းအရုံးတစ်ခုခုက ထုတ်ဝေသင့်လှပါ၏။ ကျွန်ုပ်တို့၏ ပညာပြန့်ပွားရေးအသင်းမှာမူကား ငွေကြေးအခြေအနေကိုထောက်၍ ထိုစာအုပ်မျိုးကို ယခုထုတ်ဝေနိုင်ရန် ခဲယဉ်းပေသည်။ ဉာဏ်အမြော် အမြင်နှင့် ပြည့်စုံ၍ မြန်မာစာပေ၏ တိုးတက်ရာ တိုးတက်ကြောင်းကို ရှေ့ရှုသောပုဂ္ဂိုလ်တို့အား ဤအကြံကို ပေးရပါသတည်း။ ကျွန်ုပ်တို့ကားတတ်နိုင်သော အကူအညီကိုပေးရန် အဆင်သင့်ရှိပါကြောင်း . . .။'

(သတ်ပုံမူရင်းအတိုင်း)

၄

ဂန္ထလောကမဂ္ဂဇင်း အယ်ဒီတာက ထိုစဉ်က မြန်မာဝတ္ထုအမျိုးအစားကို သုံးမျိုးခွဲသည်။ တစ်မျိုးမှာ ဒဏ္ဍာရီပုံပြင်ဆန်ဆန်ရေးသော နီတိဝတ္ထုများဖြစ်သည်။ နောက်တစ်မျိုးမှာ ရိုးမန့်စ်ဟုခေါ်သော အချစ်အလွမ်း ဝတ္ထုတို့ဖြစ်သည်။ တတိယတစ်မျိုးမှာ အက်ရှင်ဟုခေါ်သော စွန့်စားခန်းဝတ္ထု၊ ဇာတ်လမ်းဝတ္ထုများဖြစ်သည်။

ပထမအမျိုးအစားကို ကောက်နုတ်၍ သက်သေမပြသော်လည်း သူရိယဦးသိမ်းမောင်၏ 'ရဲမြန်မာ'၊ ဦးဖိုးကျား၏ 'ကိုယ်တွေ့ဝတ္ထုများ'၊ ရန်အောင်၏ 'အညာသားကလေး' စသည်တို့ ပါဝင်နိုင်သည်။ ဒုတိယအမျိုးအစားတွင် ဂန္ထလောက အယ်ဒီတာက ပီမိုးနင်း၏ 'နေရီရီ' နှင့် 'သဲမြညွှာ'တို့၊ မဟာဆွေ၏ 'မနန်းဝါ' စသည်တို့ကို သာဓကဆောင်ထားသည်။ တတိယအမျိုးအစားတွင် ရွှေဥဒေါင်း၏ 'ရူပနန္ဒီ' နှင့် 'ရတနာပုံ' စသည်တို့ကို သက်သေထူထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ မြန်မာ့ဝတ္ထုသည် ထိုရေစီးကြောင်းသုံးကြောင်းမှ စီးဆင်းလာသည်မှန်သော်လည်း၊ ဝတ္ထုအမျိုးအစားခွဲများမှာ များလာသည်။ သမိုင်းခေတ်များ ပြောင်းလဲသည်နှင့်အတူ စာပေ၏ ပုံသဏ္ဌာန်များသည်လည်း ပြောင်းလဲနေကြပေသည်။ အလားတူပင် စာပေဝေဖန်ရေး၏ ပုံသဏ္ဌာန်များ၊ စာပေဝေဖန်ရေး၏ နိဿျဗေဒများသည်လည်း ပြောင်းလဲနေကြပေသည်။ ■

**(၁၉၉၄၊ နိုဝင်ဘာလ၊ သရဖူ)**



www.burmeseclassic.com

www.burmeseclassic.com

# မြင်းကိုအတင်းရေသောက်ခိုင်း၍မရနိုင်

ဘာကြောင့်မှန်းမသိ၊ အချို့သည် ငယ်ရွယ်စဉ်က စာတွေရေးသားခဲ့ကြပြီး စာရေးဆရာဘဝကို ခံယူခဲ့ကြသည်။ သူ့ခေတ် သူ့အခါနှင့်သူ အောင်မြင်မှုလည်း ရခဲ့ကြ သည်။ သို့ရာတွင် အသက်ကြီးလာသည့်အခါတွင် စာမရေးကြတော့။ အချို့ဆိုလျှင် စာရေးဆရာဘဝကို လုံးဝစွန့်လွှတ်သွားကြသည်။စာပြန်ရေးပါဟု တိုက်တွန်းလျှင် ပုခုံးကိုတွန့်ပြတတ်သည်။ ခံစားမှုတွေ ကုန်ခမ်းသွားသောကြောင့်လော။ သို့မဟုတ် စာရေးဆရာဘဝ၏ အနိမ့်အမြင့် လှိုင်းတွေကြားထဲတွင် ဒဏ်မခံနိုင်ပဲ မူးဝေသွားသောကြောင့်လော။ စာရေးဆရာဘဝထက် ပွဲလယ်တင့်သည်၊ ဂုဏ်ရှိသည်ဟု သူထင်နေသော လောကတစ်ခု၏ အပွေ့အဖက် အချော့အမြူတွင် သာယာသွားသောကြောင့်လော။ သို့တည်းမဟုတ် ပင်ကိုယ်ကတည်းကပင်လျှင် သူ့တွင်စာရေးဆရာလုပ်ရန် ကံဇာတာမပါသောကြောင့်လော။ သူတို့သည် သူတို့သာသိမည်ဖြစ်သော အကြောင်းများကြောင့် စာရေးဆရာဘဝကို စွန့်ခွာသွားခဲ့ကြသည်။ သို့ဖြင့် သူတို့သည် လူမသေမီမှာပင် စာရေးဆရာအဖြစ်မှ ကွယ်လွန်သွားခဲ့ကြသည်။

အချို့ကား ငယ်ငယ်က စာပေလည်းဝါသနာမပါ၊ ဘာစာ



www.burmeseclassic.com

www.burmeseclassic.com



လည်းမဖတ်ခဲ့၊ စာရေးဆရာဘဝကိုလည်း စဉ်းငယ်မျှ ခံ့မင်တွယ်တာခြင်းမရှိဘဲ ကြီးလာသည့်အခါကျမှ စာလေးဘာလေး ရေးဦးမည်ဟုပြောလာကြသည်။ တခါတွင် ကျွန်တော့် မိတ်ဆွေပင်စင်စား အရာရှိကြီးတစ်ဦးက "ကျွန်တော်လဲ စာလေးဘာလေး ရေးဦးမှထင်ပါရဲ့ဗျာ" ဟုပြောဖူးသည်။ ကျွန်တော်သည် သူ့ကို အလန့်တကြား ကြည့်လိုက်မိ၏။ စင်စစ် သူသည် စာနှင့်ပေနှင့် နီးစပ်သူမဟုတ်။ အင်္ဂလိပ်စာလည်း မဖတ်၊ မြန်မာလိုဆိုသည်မှာ ဝေးရော။ သူ ပင်စင်မယူခင် အရာရှိကြီးဘဝတုန်းက သူနှင့်တွေ့သည်တွင် "ဘာတွေ လုပ်နေသလဲ" ဟု ကျွန်တော့်ကိုမေးဖူးသည်။ ကျွန်တော်က စာရေးစားနေကြောင်း ပြောရာ သူက "တည်တည်တံတံ အလုပ်ကလေး ဘာလေး လုပ်အုံးပေါ့ဗျာ" ဟုပြောပါသည်။ ကျွန်တော်သည် ဘာမျှပြန်မပြောလိုက်ပါ။ ယခု "စာလေးဘာလေး ရေးဦးမှထင်ရဲ့"ဟု သူကဆိုသည့်အခါတွင်လည်း ကျွန်တော် ဘာမျှပြန်မပြောလိုက်ပါ။

သူသည် စာရေးဆရာဘဝကို နားမလည်ပါ။ စာရေးဆရာ၏ စိတ်အလုပ်ရုံထဲတွင်မည်သို့အလုပ်လုပ်သည်ကိုလည်း သူနားမလည်ပါ။ သို့ရာတွင် သူသည် စာလေးဘာလေး ရေးဦးမှထင်ရဲ့ဟု ပြောနေပြီ သူဘာကြောင့် ထိုစကားပြောသည်ကို ကျွန်တော်မသိ။ ပင်စင်စားဘဝဖြင့် ယောင်ယောင်တောင်တောင် ဖြစ်နေသဖြင့် အပျင်းပြေ အလုပ်တစ်ခုကောက်လုပ်ချင်သောကြောင့်လော။ အခြားဂုဏ်ထူးဘွဲ့ထူးတွေ မရှိသဖြင့် စာရေးဆရာ ဟူသော ဆိုင်းဘုတ်တစ်ခုကို ချိတ်ချင်သောကြောင့်လော။ မီးဖိုချောင်အတွက် တဘက်တလမ်းက ဝင်ငွေကလေး ဘာလေးရလိုသောကြောင့်လော။သို့မဟုတ် ရင်ထဲတွင်ပြောချင်သည့် စကားတွေရှိနေ၍လော။ ဘာကြောင့်မှန်း ကျွန်တော်မသိ။ ကျွန်တော်ကလည်း မမေး။

စေတနာကောင်းထားသည့် အချို့မိတ်ဆွေများကလည်း စာရေးဆရာဘဝသည် ဘဝလုံခြုံမှုမရှိ၊ လက်လှုပ်မှ ပါးစပ်လှုပ်ရသည့် ဘဝဖြစ်သည်။ ထို့ကြောင့် လုံခြုံမှုရှိသော အလုပ်အကိုင်တစ်ခုကိုလုပ်ရန်၊ စီးပွားရေးလုပ်ရန် အကြံပေးကြသည်။ ကျွန်တော်သည် သူတို့ကိုလည်း ဘာမျှပြန်မပြောပါ။ ရယ်၍သာ နေလိုက်ပါသည်။

သူတို့နှင့် စာရေးဆရာသည် ဘဝအမြင်ချင်းကွာခြား နေကြပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှုထောင့်ခြင်း ကွဲနေကြပါသည်။

စာရေးစားခြင်းအလုပ်သည် ငှက်ပျောသီးအခွံနွှာစားသလို လွယ်သောအလုပ်ဟု မြင်သူတို့က မြင်ပါသည်။ (တကယ့်) စာရေးဆရာကမူ သူ့အတတ်ပညာသည် သေသည်အထိ ပြီးပြည့်စုံခြင်း မရှိသော အတတ်ပညာမျိုးဟု ယူဆပါသည်။ သူတို့က စာရေးဆရာလုပ်ရခြင်းကို ဂုဏ်ငယ်သည်ဟု ထင်ကြသော်လည်း စာရေးဆရာကမူ သူ့ဂုဏ်ပုဒ်ကို မည်သည့်ဂုဏ်ပုဒ်နှင့်မျှ မလဲနိုင်ဟု ထင်နေသူ ဖြစ်ပါသည်။ သူတို့က စာရေးခြင်းအလုပ်သည် မီးရထားအလာကိုစောင့်ရာ ဘူတာရုံသဖွယ်၊ ဘတ်စ်ကားမှတ်တိုင်သဖွယ် သဘောထားကြပါသည်။ စာရေးဆရာကမူ စာရေးခြင်းအလုပ်သည် သူ့ဘဝပန်းတိုင်ဖြစ်သည်ဟု ယူဆပါသည်။ သူတို့က ရထားလာလျှင်၊ ဘတ်စ်ကားလာလျှင် တက်စီးသွားကြသော်လည်း စာရေးဆရာကမူ ထိုနေရာမှာပင် နေရစ်ခဲ့ပါသည်။ သူသည် ထိုနေရာ တွင် ခဏလာနားခြင်းမဟုတ်ပါ။ ထိုနေရာတွင် အရိုးထုတ်ရန် လာခြင်းဖြစ်ပါသည်။ သူများတွေရထားတို့၊ ဘတ်စ်ကားတို့ တက်စီး သွားသည်ကို သူအားမကျပါ။ နေပူပူ၊ မိုးရွာရွာ ထိုမှတ်တိုင်တွင်သာ သူပျော်ပါသည်။

များစွာသော စာရေးဆရာများ (မြန်မာရော၊ နိုင်ငံခြားစာရေး ဆရာများပါ) သည် စာရေးဆရာအဖြစ်ကိုရရန် ဘဝလမ်းကြောင်းကို စွန့်လွှတ်ခဲ့ကြရပါသည်။ နောင်မှသာ အောင်မြင်၍ ပိုက်ဆံတွေရကောင်း ရမည်၊ ကျော်ကြားမှုကို ရကောင်းရမည်။ ခရီးအစတွင်မူ ဘာမျှ မသေချာ ပါ။ ကမ်းမမြင်သော ပင်လယ်ကြီးထဲသို့ လှေငယ်တစင်းဖြင့် ထွက်လာ ရသည်နှင့်တူပါသည်။

ပီမိုးနင်းသည် ခရစ်ယာန် တရားဟော ဆရာဘဝနှင့်တကွ အခြားသော စီးပွားရေးလုပ်ငန်းတို့ကို စွန့်ခဲ့ပါသည်။ မဟာဆွေသည် ကျောင်းဆရာဘဝကို စွန့်ခဲ့ပါသည်။ ရန်အောင်သည် ရှေ့နေဘဝကို စွန့်ခဲ့ပါသည်။ တင့်တယ်သည် တောက်ပပြောင်လက်သော မဟော်ဂနီ စားပွဲကို ကျောခိုင်းခဲ့ပါသည်။ ဗန်းမော်တင်အောင်သည် သစ်လုပ်ငန်းကို စွန့်ခဲ့ပါသည်။ ချက်ကော့က "ဆရာဝန် အလုပ်ဟာ ကျွန်တော့် မယား ကြီး ဖြစ်ပြီး စာရေးတဲ့လုပ်ငန်းဟာ ကျွန်တော့် မယားငယ် ဖြစ်တယ်"


www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောခဲ့သည်။ ချက်ကော့သည် နားကြပ်ကိုစွန့်ကာ ကလောင်ကို ကောက်ကိုင်ခဲ့ပါသည်။ ဆမ္မားဆက်မွန်သည်လည်း စိန့်တောမတ်စ် ဆေးရုံကြီးစကြံများမှ ဆင်းလာကာ စာရေးဆရာ၏ လမ်းကွေ့လမ်း ကောက်ကို လျှောက်ခဲ့ပါသည်။ စာရေးဆရာအဖြစ်ကိုရရန် သူတို့သည် ဘဝကိုစွန့်ခဲ့ကြရပါသည်။ သူတို့လိုပင် စာရေးဆရာ အဖြစ် ကိုရရန် ဘဝကိုစွန့်ခဲ့ကြသူတွေ ကမ္ဘာမှာရော၊ မြန်မာမှာရောအများ ကြီးရှိပါ သည်။ သူတို့သည် စာရေးဆရာလိုနေပြီး စာရေးဆရာလိုသေ သွားခဲ့ကြ သည်။ သူတို့သည် စာရေးဆရာအဖြစ်မှ ကွယ်လွန်သွားကြသူများ မဟုတ်ဘဲ စာရေးဆရာလုပ်ရင်း ကွယ်လွန်သွားခဲ့ကြပါသည်။

လွန်ခဲ့သည့် သုံးလေးလက အတန်ကြာမျှမတွေ့ခဲ့ရသော ကဗျာ ဆရာကြီးနှင့် စာရေးဆရာကြီးဇော်ဂျီသည် ကျွန်တော်နှင့် စာကြောင်း ပေကြောင်းရေးဟောင်း နှောင်းဖြစ်တို့ကို ပြောနေရာမှ ကျွန်တော်ကို တချက်စိုက်ကြည့်ကာ "မင်းတို့ကတော့ စာတွေအများကြီးရေးနိုင်တာ ပဲ၊ မင်းတို့ကစွန့်တာကိုးကွ၊ တို့က မစွန့်ခဲ့ဘူး" ဟုတစ်ခွန်းပြောပါသည်။

ဆရာသည် ထိုစကားဖြင့် စာရေးဆရာအဖြစ်ကိုရရန် ဘဝတက် လမ်းကို စွန့်ခဲ့ကြသူအပေါင်းကို အနုမောဒနာပြုခြင်းဟု ကျွန်တော့် ဘာ သာအဓိပ္ပါယ်ပြန်ပါသည်။ ဆရာတို့၏ သာဓုခေါ်သံသည် ကျွန်တော့် ရင်၊ စာရေးဆရာများ၏ ရင်နှင့်တကွ စာပေကောင်းကင် အနှံ့ပြန့်လွင့် နေလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ ကျွန်တော်က . . .

"စွန့်တော့စွန့်တာပေါ့ ဆရာရယ်။ စာတွေအများကြီး ရေးတယ် ဆိုတာလဲ ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် တခါတလေ ကျတော့ လဲ စာမျက်နှာတစ်ထောင်လောက်ရေးပေမယ့် တစ်မျက်နှာလောက်ရှိတဲ့ ကဗျာတစ်ပုဒ်လောက် အရာမရောက်ပါဘူး။ ကျန်ချင်မှကျန်မှာပါ"

ကျွန်တော်က စာရေးစားရသူတစ်ယောက်၏ ဝိရောဓိကို ရင်ဖွင့် ပါသည်။

"ဟုတ်တော့ ဟုတ်တာပေါ့ကွာ။ ရေးသမျှဟာ အညွန့်ချည်းပဲ တော့ ဘယ်ဖြစ်နိုင်မလဲ။ ရွက်ကြမ်းရေချိုလဲ ပါမှာပေါ့။ အပုပ်အဆွေး တွေ မဟုတ်ယင်ပြီးတာပဲ" ဟု ဆရာကပြောသည်။

မှန်ပါသည်။ စာရေးဆရာ၏ အလုပ်ထဲတွင် အသိကိုဝေမျှပေးရ

www.burmeseclassic.com



သော အလုပ်လည်းပါပါသည်။ ထိုအသိတို့သည် အမြဲတမ်းအညွန့် အကောင်းချည်း ဖြစ်ချင်မှဖြစ်ပါလိမ့်မည်။ အရေးကြီးသည်မှာ အဆိပ်ကို မဝေငှမိဖို့သာဖြစ်ပါသည်။ စာရေးဆရာ၏ ကလောင်နှင့်ထမင်းအိုးသည် အမြဲတမ်း ဝိရောဓိ ဖြစ်နေကြပါသည်။ တခါတရံတွင် ကလောင်သည် ထမင်းအိုးကို ငဲ့ရပါသည်။ ထမင်းအိုး ဟာလာဟင်းလင်း ဖြစ်လာသော အခါတွင် ကလောင်ကို ခပ်သွက်သွက် နှင်ရပါသည်။ ကလောင်သည် ထမင်းအိုးနှင့် စေ့စပ်ရေး လုပ်ရပါသည်။ အရေးကြီးသည်မှာ ထမင်းအိုး အလိုကိုချည်း မလိုက်ဖို့၊ အဆိပ်အတောက်တွေကို မရေးမိဖို့သာ ဖြစ်ပါသည်။

စာရေးဆရာသည် စာတွေကိုရေးနေရလျှင် ပျော်နေပါသည်။ စာမရေးရလျှင် စိတ်ထဲတွင် တင်းကျပ်ကာ စိတ်မကျန်းမမာ ဖြစ်နေတတ်ပါသည်။ မျက်စိမွဲမွဲဖြင့် စာတွေကို တကုတ်ကုတ်ရေးနေသည့် ကျွန်တော်ကိုမြင်သည့်အခါတွင် "မင်းမှာလဲကွာ၊ ရေးလိုက်ရတဲ့စာ၊ ငါအသက်၇၅ နှစ်ထိ ရှေ့နေလိုက်လာရင်းရေးတဲ့ လျှောက်လဲချက်တွေဟာ မင်း စာအုပ်တစ်အုပ်စာတောင် ရှိမှာမဟုတ်ဘူး။ ဝဋ်ကြီးလှချည်လား" ဟု ကျွန်တော့် အဖေက သူမဆုံးမီတွင် ကျွန်တော့်ကို ပြောဖူးပါသည်။ သို့ရာတွင် မတတ်နိုင်ပါ။

သူတို့အမြင်တွင် စာရေးဆရာသည် ဝဋ်နာကံနာတစ်မျိုး၊ ကျိန်စာထိခြင်း တစ်မျိုးဟု မြင်ကောင်းမြင်ပါလိမ့်မည်။ စာရေးဆရာအဖို့မူ ဝဋ်ဆင်းရဲဟု မမြင်ပါ။ ကောင်းချီးမင်္ဂလာဟု မြင်ပါသည်။ ကိုယ်ကြိုက်သောအလုပ်ကို မလုပ်ရဘဲ။ ကိုယ်မကြိုက်သော အလုပ်တစ်ခုကို လုပ်နေရခြင်းသည် ဝဋ်ဆင်းရဲဖြစ်၍ ကိုယ်ကြိုက်သော အလုပ်ကိုလည်းလုပ်ရ၊ ကိုယ် မကြိုက်သောအလုပ်ကို မလုပ်ဘဲနေရခြင်းသည် မင်္ဂလာတစ်ပါး ဖြစ်ပါသည်။

ယခင်လများက ကားဂျစ်အမျိုးသား စာရေးဆရာ အက်တမား တော့ဇ်နှင့် တွေ့ဆုံမေးမြန်းခန်းအကြောင်းကို ကျွန်တော်ရေးခဲ့ပါသည်။ ယခုအပတ်တွင် အက်တမားတော့ဇ် စာရေးဆရာဖြစ်လာပုံကို တင်ပြချင်ပါသည်။ ထို့ကြောင့် အထက်တွင် စာရေးဆရာအကြောင်းကို ကျွန်တော် ပြောခဲ့ခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အမေးအဖြေကို ကြည့်ပါ။

မေး ။ ။ ကျွန်တော် သိသလောက်တော့ ဆရာဟာ စိုက်ပျိုးရေး တက္ကသိုလ်တစ်ခုကဆင်းလာပြီး အစိုးရလယ်ယာဌာနကြီး တစ်ခုမှာ ကျွဲနွားတိရစ္ဆာန် မွေးမြူရေးပါရဂူအဖြစ်အမှုထမ်း ခဲ့တယ်လို့ သိရပါတယ်။ စာပေကို လေ့လာလိုက်စားဖို့ ဘယ်အချိန်မှာ စိတ်ကူးရခဲ့ပါသလဲ။ ဆရာဟာအစိုးရ အရာရှိတစ်ဦးအဖြစ်အတန်ကြာ အမှုထမ်းခဲ့ပြီးမှ ဆရာ့ ဘဝမှာ ရုတ်တရက် ပြောင်းလဲပစ်လိုက်ရတာ လွယ်ကူရဲ့ လား။ စာရေးဆရာအဖြစ် အသက်မွေးတော့မယ်လို့ ဆုံး ဖြတ်ရတာ ခက်မနေပေဘူးလား။

ဖြေ ။ ။ ကျွန်တော်ရဲ့ ဘဝပေးအလုပ်ဟာ စာရေးဆရာဖြစ်တယ်လို့ ကျွန်တော့်ဘာသာသဘောပေါက်လာတာဟာ အတော် ကြီးနောက်ကျတယ်ဆိုတာကိုတော့ ကျွန်တော်ဝန်ခံပါ တယ်။ မော်စကိုကိုသွားပြီး စာပေသင်တန်းတွေကိုတက် မယ်လို့ ကျွန်တော် ဆုံးဖြတ်တော့ ကျွန်တော့်အသက် ၂၈နှစ်ရှိပါပြီ။ အလုပ်ကထွက်ပြီး စာရေးဆရာလုပ် တော့မယ်ဆိုတော့ လူတော်တော်များများက ကျွန်တော့် ဆုံးဖြတ်ချက်ကို နားမလည်ကြဘူး။ တချို့ကလည်း ဂေါ်ကီကို ဥပမာပြပြီး စာပေသင်တန်းတို့ ဘာတို့ကို တတ်ဖို့မလိုပါဘူး။ ဂေါ်ကီဟာ ဘယ်စာပေသင်တန်းကို တက်ခဲ့ရလို့လဲ၊ တကယ်က အလုပ်လုပ်ပြီး အလုပ်လုပ်ရင်း စာရေးပေါ့လို့ ကျွန်တော်ကို ပြောခဲ့ကြတယ်။ ဒါပေမယ့် ကျွန်တော့်ကို ဘယ်သူတားလို့မှ မရပါဘူး။ စာပေ သင်တန်းတွေ တက်ရရင် ဘယ်လို အသိ ပညာတွေ တိုးလာမလဲ၊ စာရေးဆရာဖြစ်မယ်၊ မဖြစ်ဘူး၊ စာရေးဆရာ ဘဝရောက်ရင် ဘယ်လိုနေမလဲ ဆိုတာတွေလဲ ကျွန်တော် မသိဘူး။ ဒါပေမယ့် ကျွန်တော့် ရင်ထဲမှာ ပြောချင် တာတွေ များနေတယ်။ ဒါတွေကို ဘယ်လိုပြောရမလဲ၊ ဒါတွေကို ဘယ်လိုပြောရမလဲဆိုပြီးရင်ထဲမှာ ဝိရောဓိတွေ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီအတွေးတွေကို ပြောချင်တယ်။ ဒီလိုမှ မပြောရရင် ကျွန်တော် နေလို့ထိုင်လို့ ဖြစ်မှာမဟုတ်ဘူး။ အတိုချုပ် ပြောရရင်တော့ အရင်တုန်းက ကျွန်တော်စိတ်အား ထက်သန်ခဲ့တဲ့ အရာတွေကို ကျွန်တော့်ဘာသာပြန်ပြီး မကျေမနပ်ဖြစ်နေတယ်။ ကျွန်တော်မှတ်မိသေးတယ်။ ဥပမာဆိုပါတော့။ ကျွန်တော်ဟာ အလုပ်လုပ်နေရင်း အစိုးရအမှုထမ်းလုပ်နေရင်း "ရှေ့သို့ချီ" ဆိုတဲ့ဝတ္ထုတစ်ပုဒ်ကိုရေးခဲ့တယ်။ ဝတ္ထုတိုလေးပါ။ဝတ္ထုက ဖော်လင်္ကါဒွန်းတူးမြောင်းကြီး ဖောက်နေတုန်းက ကျွန်တော်တို့ ရွာသားအလုပ်သမားတစ်ယောက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့တဲ့ အကြောင်းကိုရေးသားထားတာ ကျွန်တော့်ဇာတ်လိုက်က သောင်တူးစက်ကြီး ပေါ်မှာထိုင်ပြီး အံ့မခန်းတဲ့လုပ်ဆောင်ချက်တွေကို လုပ်ခဲ့တဲ့အကြောင်းဆိုပါတော့။ အမှန်ကိုဝန်ခံရယင် အဲဒီ အချိန်ထိ ရေးလို့သာ ရေးရတယ်။ သောင်တူးစက်ကို ကျွန်တော်မမြင်ဖူးသေးဘူး။ သတင်းစာတွေ၊ ရေဒီယိုထဲက ကြားတာတွေကို အခြေပြုပြီး ရေးခဲ့တာ။ ဒါနဲ့ အဲဒီဝတ္ထုလေးကို ကျွန်တော် သတင်းစာတစ်စောင်ကို ပို့လိုက်တယ်။ ကျွန်တော်တစ်ညလုံး အိပ်မပျော်ဘူး။ မနက်လင်းတာနဲ့ သတင်းစာဆိုင်တွေကို လျှောက်သွားပြီး သတင်းစာ တွေကို တထပ်ကြီး ဝယ်လာခဲ့တယ်။ လမ်းမှာတွေ့သမျှ အသိမိတ်ဆွေတွေကိုလဲ တစ်ယောက်ကိုတစ်စောင်စီ လက်ဆောင်ပေးတယ်။ ပျော်လိုက်တာ။ ဘာပြောကောင်းမလဲ။ ဒါပေမယ့် ကံအားလျော်စွာပဲ။ အဲဒီပျော်တာလေးဟာ မကြာခင်မှာဘဲ ပျောက်သွားတယ်။ ဒါကတော့ ကိုယ်ရေးတဲ့ စာကိုပုံနှိပ်စာလုံးအဖြစ် ပထမ ဆုံးမြင်ရသူတိုင်း ဒီလိုပဲ ဖြစ်တတ်တာပါပဲ။ ကိုယ့်ကို ကိုယ်လှည့်စားခြင်း တစ်မျိုးပေါ့လေ။ ဒီလှည့်စားမှုကို ဖျောက်ဖျက်ပစ်ဖို့တော့ နည်းနည်းတော့ ခက်သပေါ့။ တကယ်တော့ ကျွန်တော်ဟာ ကျွန်တော့် ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ခွာကြည့်တဲ့ အကြည့်နဲ့ကြည့်ရမယ်။ ကိုယ်ရေးတဲ့ စာကို လဲ ခွာကြည့်တဲ့ အကြည့်နဲ့ ကြည့်ရမယ်။ ဒီလို ခွာကြည့် နိုင်ဖို့အတွက် တကယ် စစ်မှန်တဲ့ အနုပညာကို ရှာရမယ်။ အနုပညာနံ့ထုံနေတဲ့လေကို ရှူရှိုက်ရမယ်။ တကယ့် စာပေဆိုတာ ဘာကိုခေါ်သလဲဆိုတဲ့ အချက်နဲ့ ပတ်သက်လို့ ပြင်းထန်တဲ့ဆွေးနွေးမှု၊ ငြင်းခုန်မှု၊ အမြင်ချင်း ဖလှယ်မှုတွေရှိတဲ့နေရာကို သွားရမယ်။ (တစ်နည်းပြောရယင် စာပေလောက၊ စာရေးဆရာလောကထဲကို ဝင်ရမယ်) မော်စကိုမှာရှိတဲ့ စာပေသင်တန်းဟာ ကျွန်တော်ကို ဒီနည်းအားဖြင့် အများကြီးအကူအညီပေးတယ်။ ဒါကြောင့် ဒီနေရာ မှာ ကျွန်တော်အလေးအနက်ထားပြောချင်တာက အရည်အချင်းရှိတဲ့၊ ပါရမီရှိတဲ့လူ၊ စာရေးဆရာလောင်းတစ်ယောက် ဟာစာပေလောက၊ စာပေပတ်ဝန်းကျင်ထဲမှာ ကျင်လည်နေဖို့ အရေးကြီးတယ်။မော်စကိုရောက်တော့ ကျွန်တော် မျှော်လင့်နေတဲ့၊ ကျွန်တော့်ကိုဆွဲဆောင်နေတဲ့၊ ကျွန်တော့်ကို လက်ယပ်ခေါ်နေတဲ့ ထူးခြားဆန်းကျယ်တဲ့ အနုပညာ လောကထဲကို ရောက်သွားတယ်။ အဲဒီ စာပေအနုပညာ လောကဟာ ကျွန်တော့်ကို ကိုင်လှုပ်ပစ်လိုက်တယ်။ ဒီလို ပြောလိုက်တော့ အပိုပြောရာကျမလား၊ နံလွန်း အ,လွန်းရာပဲ ကျမလားတော့ မပြောတတ်ဘူး။ ဒါပေမယ့် ကျွန်တော့်အဖို့တော့ ကမ္ဘာ့စာပေလောကကြီးထဲကို နဖူးတွေ့ဒူးတွေ့ တွေ့လိုက်ရပြီး အဲဒီလောကကြီးဟာ ကျွန်တော်ကို လက်ယပ်ခေါ်နေတယ်လို့ထင်မိတယ်။ အဲဒီစာပေအနုပညာ လောကကြီးထဲကို ကျွန်တော်ရောက်သွားတော့ ကျွန်တော်ဟာ ဘာလုပ်လို့ လုပ်ရမှန်းမသိပဲ အားကိုးရာမဲ့ ဖြစ်နေတယ်။ စာပေလောကကြီးဟာ ကြောက်စရာဖြစ်နေတယ်။ ဒါပေမယ့် တပြိုင်နက်တည်းမှာလဲ ကျွန်တော်ပျော်တယ်။ ကျွန်တော့်ကို လမ်းညွှန်မှုပေးနိုင်မယ့် စာပေအနုပညာ



www.burmeseclassic.com

www.burmeseclassic.com



လောကဆိုတဲ့ ကြယ်ပွင့်ကြီးရှိနေပြီ။ ဒီ လောကကြီးရဲ့လမ်းညွှန်မှုအောက်မှာ စာပေအတွေ့အကြုံကို ကျွန်တော်ကြိုးစားဆည်းပူးနေတယ်။ အဲဒီအချိန်တုန်းက စာရေးဆရာတစ်ယောက်အနေနဲ့ ကျွန်တော့်အတွေးတွေ ဟာ ဘယ်လိုပေါ်ပေါက်လာသလဲ ဆိုတာကို ကျွန်တော် ခုသတိမရတော့ပေမယ့် အဲဒီစာပေလောက၊ အနုပညာလောကထဲကိုဝင်ပြီး စာရေးဆရာတစ်ယောက် ဖြစ်ချင်ယင် ကိုယ့်ဘဝအတွေ့အကြုံတွေ ကျွန်တော် တို့လူမျိုးရဲ့ စိတ်ဓာတ်ရေးရာအတွေ့အကြုံတွေကို အားကိုး အားထား လက်ကိုင်ပြုပြီး အဲဒီစာပေလောကကြီးကို ချဉ်းကပ်ရမယ်လို့ ကျွန်တော့်ရင်ထဲက အလိုလိုသိနေတယ်။

ဒါပေမယ့်တကယ့် စာရေးဆရာတစ်ယောက်ဖြစ်ဖို့အတွက် ကျွန်တော်ဟာစိတ်ကူးယဉ်အနှောင်အဖွဲ့တွေနဲ့ ကင်းလွတ်ရမယ်။သဘာဝဝါဒအနှောင်အဖွဲ့တွေနဲ့လဲ ကင်းလွတ်ရမယ်။ အရင်တုန်းကတော့ စာပေဆိုတာ ဘာလဲဆိုတာကို ကိုယ့်"ဒေသစွဲ" အမြင်ကျဉ်းကလေးနဲ့ဘဲ မြင်ခဲ့တာကိုး။ အဲဒီအမြင်ကိုလဲ ပြောင်းလဲပစ်ရမယ်။ တခြားလူတွေရဲ့ဘဝထဲဝင်ကြည့်နေတာကို ရပ်ဆိုင်းပစ်ရမယ်။ ဆိုလိုတာက ကျွန်တော့် စိတ်ကူးနဲ့ တီထွင်ဖန်တီးထားတဲ့ ဇာတ်ကောင်ရဲ့ဘဝထဲ ဝင်နေတာကိုရပ်ဆိုင်းပစ်ရမယ်။ ဒီလိုမရင့်ကျက်သေးတဲ့ အတွေးအခေါ်တွေ၊ ငယ်ရွယ်ရူးနှမ်းတဲ့ စိတ်ကူးတွေကို ပယ်ဖျက်ဖို့အတွက်ကိုယ့်ရဲ့ "အတ္တ" ရှာဖို့လိုတယ်။ စာရေးဆရာ တစ်ယောက်အနေနဲ့ရော လူတစ်ယောက်အနေနဲ့ပါ ကိုယ်ဟာ ဘာကောင်လဲ ဆိုတာနားလည်ဖို့လိုတယ်။

မေး ။ ။ ကိုယ့်"အတ္တ" ကို ရှာဖွေရမယ်လို့ ပြောသွားတာကတော့ ဟုတ်ပါပြီ။ ကိုယ့်"အတ္တ"ကို ရှာတော့မယ်ဆိုယင် ကိုယ့်ဘဝ၊ကိုယ့်ရဲ့ကလေးဘဝက စ,ရလိမ့်မယ်ထင်တယ်။ ဆရာပြောတဲ့ "အတ္တ"ကိုရှာဖို့ ငယ်စဉ်တောင်ကျေးကလေး



www.burmeseclassic.com

www.burmeseclassic.com



ဘဝက စပြီးရှာရင် ပိုပြီးမလွယ်ပေဘူးလား။ ကိုယ့်အတွက် အဖြေနဲ့
မနီးပေဘူးလား။

ဖြေ ။ ။ ဟုတ်ပါတယ်။ လူတော်တော်များများကတော့ အနည်းဆုံး ခင်ဗျားပြောသလိုပဲ ယူဆနေကြတာပါပဲ။ လူတိုင်းဟာ အနည်းဆုံး စာအုပ်တော့ရေးနိုင်တယ်၊ အနည်းဆုံးကိုယ့် ဘဝအကြောင်းကိုတော့ ပြန်ရေးနိုင်တယ်လို့ ထင်နေကြတယ်။ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဆိုပါတော့ဗျာ၊ ဒါပေမယ့် ဒါကို ကျွန်တော် လုံးဝသဘောမတူဘူး။ ကိုယ့်အကြောင်းကို စာအုပ်တစ်အုပ်ရေးရတာလောက် ခက်ခဲတာဘာမှ မရှိဘူး။ အက်ဆားကော့ဟာ သူ့ငယ်ငယ်ကလေးဘဝကအကြောင်းကို ဝတ္ထုတစ်အုပ်ရေးတော့ အသက်တော်တော်ကြီးနေပါပြီ။ မအိုမီတုန်းက ကိုယ့်ကလေးဘဝ အကြောင်း တွေကို ပြန်စဉ်းစားဖို့ အချိန်မရလို့ ဖြစ်ချင်လဲဖြစ်မှာပေါ့ဗျာ။ မရင့်ကျက်မီ၊ အချိန်မရောက်မီ ငယ်ငယ်က အကြောင်းကို ပြန်စဉ်းစားရတာဟာ သိပ်ပြီးခါးသီးနာကျင်တတ်တယ်လေ။ အတိတ်တုန်းက စိတ်ဓာတ်အရပင်ပန်းဆင်းရဲတာတွေကို အသစ်တဖန် ပြန်ခံစားဖို့ ကိုယ့်အရွယ်သန္တာန်မှာ အဆင်သင့် မဖြစ်သေးဘူး။ ကိုယ့်ဘဝမှာတွေ့ခဲ့တဲ့ အဖြစ်အပျက်တွေကို ရေးချင်ရင်၊ အထူးသဖြင့် ကိုယ့်ဘဝအကြောင်းကို စာတစ်စောင်ပေတစ်ဖွဲ့ရေးချင်ရင် ခုပြောနေကြတဲ့ စကားအတိုင်း "ဒဿနဆန်ဆန်" ကြည့်တတ်ရမယ်။ ကိုယ့်ဘဝမှာကြုံတွေ့ခဲ့တဲ့အဖြစ်အပျက်တွေကို ဒဿနဆန်ဆန် မကြည့်တတ်ရင်၊ မကြည့်နိုင်ရင် ကိုယ့်ဘဝမှာ ကြုံတွေ့ခဲ့တဲ့အဖြစ် အပျက်တွေကို၊ အထူးသဖြင့် ကိုယ့်အကြောင်းတွေကို စာတစ်စောင်ပေတစ်ဖွဲ့ လုပ်ပြီး မရေးနိုင်ဘူး၊ ရေးလို့မရဘူး။

အက်တမားတော့ဖ်သည် အထက်ပါစာပိုဒ်တွင် အချက်သုံးချက် ပြောသွားပါသည်။ ပထမအချက်မှာ စာရေးဆရာဖြစ်ချင်သူသည် စာပေလောက အနုပညာလောကထဲတွင် ကျင်လည်နေရမည်ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအချက်မှာ စာရေးဆရာသည် ကိုယ့်အတ္တကို ရှာဖွေရမည်။ တစ်နည်း ကိုယ့်အကြောင်းကို နားလည်အောင် ကြိုးစားရမည်။ လူတစ်ယောက်အနေနှင့်ရော၊ စာရေးဆရာတစ်ယောက်အနေနှင့်ပါ ကိုယ်ဘာလဲဆိုသည်ကို သိရမည်ဟုဆိုပါသည်။ တတိယအချက်မှာ ကိုယ့်'အတ္တ' ကိုရှာဖွေရာတွင် ကိုယ့်အတိတ်က ခံစားချက်များကို အသစ်ပြန်၍ ခံစားရန် စိတ်ဓာတ်အရ အဆင့်သင့်ဖြစ်နေရမည်။ ခါးသီးနာကျည်းမှုများ မပါစေရ၊ ဒဿနဆန်ဆန် ကြည့်နိုင်မြင်နိုင်မှ ကိုယ့်အကြောင်းကို ရေးသင့်၊ ရေးနိုင်သည်ဟု ဆိုသွားပါသည်။ စာပေအနုပညာလောကတွင် ကျင်လည်ရမည်ဟုဆိုခြင်းမှာ ကိုယ်ရောစိတ်ရော ကျင်လည်ခြင်းကို ဆိုလိုပုံရပါသည်။ ကိုယ်အားဖြင့်လည်း စာပေအသိုက်အဝန်းတွင် ကျင်လည်နေပါမှ ပတ်ဝန်းကျင်၏ အရောင် ရိုက်ခတ်ကာ စာရေးလိုစိတ်၊ နိုးကြားလာမည်ဖြစ်ပါသည်။ စိတ်အားဖြင့် လည်း စာပေကိုစိတ်ဝင်စားနေပါမှ၊ ကမ္ဘာ့စာပေနှင့် ကိုယ့်စာပေကို လေ့လာနေပါမှ စိတ်ကူးစိတ်သန်းတွေ ကြွယ်ဝလာနိုင်ပါသည်။ စာရေးဆရာသည် ဆင်စွယ်နန်းတော်ပေါ်တွင် အထီးတည်းနေ၍ မဖြစ်ပါ။ ဘဝများစွာကို ကျင်လည်ရပါသည်။ စာပေလောကတွင် ကျင်လည်ရပါသည်။ ဂျော့ဩဝဲသည် မြန်မာပြည်ပုလိပ်အမှုထမ်းဘဝမှ ထွက်ကာ ပါရီတွင် ခြေသလုံးအိမ်တိုင်ဘဝဖြင့် ကျင်လည်ခဲ့ရပါသည်။ မောရစ် ကောလစ်သည် မြန်မာပြည်အရေးပိုင်အဖြစ်မှ နုတ်ထွက်ကာ စာပေလောကသို့ ခြေစုံပစ်၍ ဝင်သွားခဲ့ပါသည်။ အမေရိကန်စာရေးဆရာ အားစကိုင်းကောလ်ဒ်ဝဲက သူ့စာရေးဆရာဘဝကို 'အတွေ့အကြုံဟုခေါ်ပါ'အမည်ဖြင့် စာအုပ်တစ်အုပ်ရေးခဲ့ပါသည်။ စာရေးဆရာတစ်ယောက် ဖြစ်လာရန်မှာ ဘဝအတွေ့အကြုံရော၊ စာရေးသည့်အတွေ့အကြုံရောလိုပါသည်။ ထိုအတွေ့အကြုံများကို နှစ်ပေါင်းများစွာ ဖြတ်သန်းပြီးမှသာ စာရေးဆရာဟု အသိအမှတ်ပြုလာ ကြပါသည်။ စာရေးဆရာ၏ အတွေ့အကြုံ၊ စာပေလောက၏ အတွေ့အကြုံတို့ကိုဖြတ်သန်းခြင်းမရှိပဲ အသက်ကြီးလာမှ စာလေးဘာလေးရေးဦးမယ်ဟုဆိုကာ စာထရေး၍မရတော့ပါ။ ဇော်ဂျီပြောသလို စာရေးဆရာတစ်ယောက်ဖြစ်လိုလျှင် စွန့်ရပါမည်။ ရေးလျှင်လည်း စာဖတ်ပရိသတ်က လက်ခံတော့မည် မဟုတ်ပါ။ ကိုယ့်တွင် ငွေကြေးတတ်နိုင်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်းကောင်း သဖြင့် စာအုပ်တွေထွက်ကောင်း ထွက်ပါလိမ့်မည်။ စာဖတ်ပရိသတ်ကလည်း ဖတ်ကောင်းဖတ်ပါလိမ့်မည်။ သို့ရာတွင် သူ့ကိုမူစာရေးဆရာဟု အသိအမှတ်မပြုပါ။ စာဖတ်ပရိသတ် ကိုလည်း စာရေးဆရာအဖြစ် အတင်းလက်ခံခိုင်း၍ မရပါ။ သူလက်ခံ ချင်မှ ဖြစ်ပါသည်။ မြင်းကို ရေဆိပ်သို့ဆွဲသွား၍ ရပါသည်။ သို့ရာတွင် မြင်းကို အတင်းရေသောက်ခိုင်း၍မရပါ။ ■

**(၁၉၉၃၊ ဧပြီလ၊ ရွှေအမြုတေ)**



www.burmeseclassic.com

www.burmeseclassic.com

## အကန်းနှင့်အမြဲ

ကျွန်တော်တို့ စာပေလောကတွင် စာရေးဆရာဆိုတာ စာဖတ်ဖို့ မလိုဘူး။ သူများရေးတဲ့စာတွေချည်း ဖတ်နေရင် လူတုံးသွားတတ်တယ်။ အရေးကြီးတာက ဘဝကနေပြီး အသိပညာယူဖို့သာ အရေးကြီးတယ်ဆို သည့် အယူအဆရှိပါသည်။ ယခင်ကလည်း ရှိခဲ့၍ ယခုတိုင်လည်း ရှိနေ ပါသည်။

တချို့ကလည်း စာရေးဆရာဖြစ်လို့ ကလောင်ပိုင်ဆိုပြီး တွေ့က ရာတွေကို လျှောက်ရေးနေလို့ မဖြစ်ဘူး။ ဒီလိုရေးနေရင် ဘာမှကျန်ရစ်ခဲ့ မှာ မဟုတ်ဘူး။ ဒါကြောင့် ဂန္ထဝင်မှာ ကျန်ရစ်ခဲ့မယ် စာပေမျိုးတွေကို ရေးနိုင်အောင် စာတွေကိုများများဖတ်ရမယ်။ နည်းနည်းရေးပြီး များများ ဖတ်ရမယ်ဟု ယူဆကြသူများလည်း ရှိပါသည်။ ယခင်ကလည်း ရှိခဲ့၍ ယခုလည်း ရှိနေပါသည်။

ပထမစာရေးဆရာသည် ဘာစာကိုမျှ မဖတ်ဘဲ စာတွေကို တရ ကြမ်း ရေးသားပါသည်။ ကြာသည့်တွင်အခါတွင် ခံစားမှုရော၊ ရေးစရာ အကြောင်းအရာရော ကုန်ခန်းသွားကာ စာရေးဆရာအဖြစ်မှ ကျဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ဒုတိယစာရေးဆရာမှာ စာတွေဖတ်ရင်း ဖတ်ရင်းဖြင့် ကိုယ့်ကိုကိုယ် မယုံမရဲ ဖြစ်လာကာ စာမရေးဖြစ်တော့။

ဤသည်မှာ စာဖတ်ခြင်းနှင့် ပတ်သက်၍ စာရေးဆရာတို့ ကြုံတွေ့နေရသော ပြဿနာဖြစ်သည်။

ယခင်တစ်ပတ်က ကားဂျစ်အမျိုးသား စာရေးဆရာချင်းဂစ်ဇ် အက်တမားတော့ပ်၏ အမေးအဖြေကို ဖော်ပြခဲ့ပါသည်။ အက်တမားတော့ပ်က စာရေးဆရာကောင်းဖြစ်ဖို့အတွက် ဘတ်စုံပညာရေး၊ ရသအမြင်နှင့် ဒဿနတို့ လိုအပ်ကြောင်းကို ပြောသွားခဲ့သည်။ သူက ဆက်၍ စာဖတ်ခြင်းနှင့် ပတ်သက်သော သူ့အမြင်ကိုလည်း ပြောသွားခဲ့သည်။

မေး။ ။စာရေးဆရာတစ်ယောက်ဟာ ဦးစွာအားဖြင့် စာဖတ်သူ ကောင်းတစ်ယောက်ဖြစ်ရမယ်လို့ ဆိုလိုချင်သလား။

ဖြေ။ ။စာဖတ်သူကောင်းတစ်ယောက် ဖြစ်ရမယ်လို့ ပြောမယ့်အစားစာဖတ်သူကောင်းတစ်ယောက် ဖြစ်လာရမယ်လို့ ပြောချင်တယ်။စာရေးဆရာတစ်ယောက်ဟာ စာဖတ်သူကောင်းတစ်ယောက် ဖြစ်လာ အောင် ကြိုးစားသင့်ပါတယ်။(ဂျာမန်စာရေးဆရာကြီး) ဂိုထာပြောတဲ့ စကားတစ်ခွန်းကို မှတ်မိဦးမလားမသိဘူး။ ဂိုထာဟာ ဒီစကားကို ပြောတော့ တော်တော်အသက်ကြီးပါပြီ၊ သူက သူဟာသူ့ ဘဝတစ်လျှောက်လုံးမှာ စာဖတ်သင်ခဲ့ရတယ်တဲ့။ ဘယ်လိုများ စာဖတ်သင်တာလဲလို့ ခင်ဗျားက မေးကောင်းမေးမယ်၊ ယေဘုယျအားဖြင့် ပြောရယင်တော့ စာဖတ်ခြင်း ဟာ ကျွန်တော့်အဖို့ စိတ်ဓာတ်ရေးရာနှင့် အာရုံခံစားမှု ဘဝအတွေ့အကြုံ တစ်မျိုးလို့ ကျွန်တော်နားလည်ပါတယ်။ လူတစ်ယောက်ရဲ့ စူးစိုက်နိုင်မှု အားနက်ရှိုင်းကြီးမားလာသည်နှင့်အမျှ အဲဒီစိတ်ဓာတ်ရေးရာနဲ့ အာရုံခံ စားမှုအတွေ့အကြုံတို့ဟာလဲပိုမိုပီပြင်ထင်ရှားလာတတ်ပါတယ်။ ကောင်းပြီ၊ ဒါဖြင့်ရင် လူတစ်ယောက်ရဲ့ စူးစိုက်နိုင်မှုအားကိုကောတိုးတက်လာ အောင် ကြီးထွားလာအောင် လုပ်လို့ရပါ့မလားလို့မေးစရာရှိပြန်တယ်။ရနိုင်ပါတယ်။ စာကိုဖတ်နေယင်း စာအုပ်တစ်အုပ်ဟာ စိတ်ဓာတ်ဆိုတဲ့ ဇကာနဲ့စစ်ချလိုက်ပြီးသား ဖြစ်သွားပါတယ်။ အဲဒီစာအုပ်ထဲက မလိုတဲ့ အမှုန်အဖွဲ့တွေဟာ လွင့်စင်ကျသွားပြီး ကောင်းတဲ့အရာတွေသာ ကျန် ရစ်ခဲ့တယ်။ ဒီနောက်ကျတော့



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဇကာတင်ကျန်ရစ်ခဲ့တဲ့ အရာများဟာ ရသအနုပညာသည်ရဲ့ ရသဖန်တီးမှုအသိရဲ့ အစိတ်အပိုင်းတစ်ခု သွယ်ဝိုက်ဖြစ်သွားတယ်။ဒီလို ဖြစ်စဉ်တစ်ရပ်မပဘဲ စာရေးဆရာတစ်ယောက်ရဲ့ အရည်အချင်းဟာ (လူတစ်ယောက်အနေနှင့်ရော၊ အနုပညာရှင်တစ် ယောက်အနေနှင့်ပါ) ပေါ်ပေါက်မလာနိုင်ဘူး။

မေး။ ။ ဆရာကိုယ်တိုင်ကော စာတွေအများကြီးဖတ်ပါ သလား။

ဖြေ။ ။ ဟိုတုန်းကတော့ သိပ်ဖတ်ခဲ့တာပဲ၊ ခုထက်အများ ကြီး ပိုဖတ်ခဲ့တယ်ဆိုပါတော့။

မေး။ ။ ဘာဖြစ်လို့လဲဆရာ။

ဖြေ။ ။ ခု ကျွန်တော်စာဖတ်ပုံက တစ်မျိုးဖြစ်သွားပြီလေ၊ တစ်နည်းအားဖြင့် အစွဲအလမ်းနဲ့စာဖတ်တယ်လို့ ပြောလို့ရမလား မသိဘူး။ ငယ်ငယ်တုန်းက ဒီလိုဖတ်ရကောင်းမှန်း မသိခဲ့တဲ့အတွက် စိတ်မကောင်းဖြစ်နေတယ်။ ငယ်ငယ်တုန်းကတော့ စာလုံးတွေရဲ့နောက် ကွယ်မှာရှိတဲ့ ရှင်သန်နေတဲ့ အနှစ်သာရကို ကျွန်တော်မမြင်ခဲ့ဘူး၊ မြင်အောင်လဲ မကြိုးစားခဲ့ဘူး၊ စာရေးဆရာတစ်ယေက်ရဲ့ စာပေထဲမှာ သူ့ဘဝထင်ဟပ်နေတာ ကိုတော့ ကျွန်တော်တော့ မြင်ခဲ့ပါရဲ့။ ဒါပေမယ့် အဲဒီဘဝကို ဖန်တီးပေးလိုက်တဲ့ ဖန်တီးသူကို ကျွန်တော်စိတ်မဝင်စားခဲ့မိ ဘူး။ အံ့သြဖွယ်ကောင်းတဲ့ တောက်ပြောင်တဲ့ စူးရှတဲ့စကားလုံးတွေနဲ့ ဘဝကိုဖွဲ့ဆိုပေးလိုက်တဲ့ ဖန်တီးသူရဲ့ဘဝကို ကျွန်တော်စိတ်မဝင်စားခဲ့မိ ဘူး။ စာကိုပေါ့ပေါ့ပဲ ဖတ်ခဲ့လေတော့ သူ့ဘဝဟာသူ့ဘာသာသူ သီးခြား လွတ်ကင်းစွာ တည်ရှိနေတယ်လို့ ထင်ခဲ့တယ်။ စာရေးဆရာရဲ့ စိတ်အလို ဆန္ဒနဲ့ကင်းပြီး တစ်သီးတစ်ခြားဖြစ်နေတယ်လို့ ထင်ခဲ့တယ်။ ဒီလိုခပ် ပေါ့ပေါ့သဘောထားပြီး ခပ်ပေါ့ပေါ့ဖတ်ခဲ့မိတဲ့အတွက် ရင်းစားပြန်ရ အောင်လုပ်တဲ့အနေနဲ့ ခု ကျွန်တော်ဘူနင်ရဲ့စာရေးတဲ့ အတတ်ပညာနဲ့ ရေးဟန်၊ အနုပညာကမ္ဘာ ကြီးကိုဖွဲ့စည်းတည်ဆောက်ထားတဲ့ ဗိသုကာမှု စတဲ့အရာတွေကို ကျွန်တော်တွေ့ရှိလာခဲ့ရတယ်။ ငယ်ငယ်တုန်းက သူ့ဝတ္ထုတွေကို စွဲခဲ့ပေမယ့် ဘာကြောင့်စွဲတယ်ဆိုတာကို နားမလည်ခဲ့ ဘူး။ သဘောမပေါက်ခဲ့ဘူး။ ခုအဲဒီအရာတွေကို တွေ့လိုက်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်ကိုးလို့ သဘော ပေါက်ပြီး တအံ့တသြဖြစ်ရတယ်။

စာဗရီယာ ဂါစီယာမားကွဇ် (နိုဗယ်စာပေဆုရ လက်တင်အမေရိက စာရေးဆရာကြီး)ရဲ့ 'အထီးကျန်ဘဝအနှစ်တရာ' ဆိုတဲ့ ဝတ္ထုကို ဖတ်ကြည့်လိုက်တဲ့အခါကျတော့သူအဲဒီစာအုပ်ရေးတဲ့ အရှယ်လောက်မှာ ကျွန်တော်ရေးတဲ့စာများဟာ သူ့လောက်သိမ်မွေ့ပြီး သူ့လောက် ထက်ထက်မြက်မြက် ရှိလားလို့ ကျွန်တော့်ဘာသာ ကျွန်တော်စဉ်းစားကြည့်တယ်။ကျွန်တော်တို့စာရေးဆရာတွေခုအသက်နည်းနည်းထောက်လာတဲ့ အခါကျတော့ ကိုယ့်စာအုပ်ကို ကိုယ့်ဘာသာပြန်ပြီး ရှာဖွေနေကြရတယ်။ တစ်နည်းပြောပြရင် ကိုယ့်ခေါင်းထဲမှာ ခုပေါ်နေတဲ့ ပြဿနာတွေနဲ့ ပတ်သက်လို့ ကိုယ်ရေးခဲ့တဲ့ စာအုပ်တွေက အဖြေများ ပေးနိုင်ရဲ့လားလို့ ပြန်ရှာကြည့်ကြတယ်။ အဖြေတွေ့တဲ့ စာရေးဆရာတွေဟာ တော်တော်ကံကောင်းတယ်လို့ ဆိုရပေလိမ့်မယ်ထင်ပါတယ်။ ကျွန်တော့်အထင်ပြောရရင်တော့ လူငယ်စာရေးဆရာများဟာ သူများရေးတဲ့စာကို ဖတ်တဲ့အခါမှာ အထူးအာရုံစိုက်ပြီး ဖတ်သင့်တယ်။ စာရေးဆရာသုံးနှုန်းသွားတဲ့ တိကျတဲ့ စကားလုံးတိုင်းကို အားကျသင့်တယ်။ သူတိတိကျကျ သုံးနှုန်းထားတဲ့ စကားလုံးကို ကိုယ်ကသွားပြီး၊ လက်ဖျားနဲ့တို့တာတို့၊ ဓားနဲ့ဖြတ်တောက်ဖြစ်တာတို့ မလုပ်သင့်ဘူး။ တကယ်စစ်မှန်တဲ့ ပညာသည်များ ထုတ်လုပ်လိုက်တဲ့ လက်ရာ ပစ္စည်းတွေက နည်းနာတွေကို ကြည့်ခြင်းဖြင့် ကျွန်တော်တို့မှာ အသိ ပညာနဲ့ ကျွမ်းကျင်မှုကို ရလာခဲ့ခြင်းဖြစ်ပါတယ်။

အက်တမားတော့ပ်က စာရေးဆရာသည် စာဖတ်ရမည်ဟု ပြောသွားခဲ့သည်။ ဖတ်သည်ဆိုရာတွင်လည်း တော်ရုံတန်ရုံဖတ်သော စာဖတ်သူမျိုးကိုမဟုတ်။ စာဖတ်သူကောင်းတစ်ယောက် ဖြစ်လာရမည်ဟု အလေးအနက်ထောက်ပြသွားခဲ့သည်။ အိုမင်းတွင်းဆုံး ကျလုနီးအရွယ်တွင်(ဂျာမန်စာရေးဆရာနှင့် ကဗျာဆရာကြီး) ဂိုယာက သူသည် သူ့ဘဝတစ်လျှောက်လုံး 'စာဖတ်သင်ခဲ့ရသည်'ဟု ပြောခဲ့ဖူးသည်။ ထိုစကားကို ပြောသည့်အချိန်တွင် ဂိုယာသည် အိုမင်းတွင်းဆုံး ကျလုနီးအရွယ်သို့ ရောက်နေလေပြီ။ အက်တမားတော့ပ်က ဂိုယာ၏စကားကို ကိုးကားကာ စာရေးဆရာသည် စာဖတ်သူကောင်းတစ်ယောက်ဖြစ်လာရန် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



နေရမည်။ တစ်သက်လုံးစာဖတ်သင်နေရမည်ဟု ဆိုသွားသည်။

ဇာတ်လမ်းသိရုံ၊ စာအုပ်ထဲတွင်ပါသည့် နီတိလောက်ကိုသိရုံ၊ စာ အုပ်ထဲတွင်ပါသည့် ဥပဒေသတို့ကို မှတ်မိရုံဆိုလျှင်ကား စာဖတ်ခြင်းသည် သည်လောက်ခက်ခဲသော ကိစ္စတစ်ရပ်မဟုတ်ပါ။ သို့ရာတွင် ထိုစာအုပ်ထဲမှ ဇာတ်ဆောင်များနှင့်အတူ လိုက်ခံစားတတ်ပြီး သူတို့နှင့်အတူ စိတ်ဓာတ်ရင့်သန်ဖွံ့ဖြိုးလာကာ သူတို့နှင့်အတူ အတွေ့အကြုံများကို လိုက်၍ ဖြတ်သန်းနိုင်မှသာလျှင် အတော်အတန်ဖတ်တတ်ပြီဟု ဆိုနိုင်လိမ့်မည် ထင်ပါသည်။

ကျွန်တော်တို့ ငယ်ငယ်တုန်းက ဝတ္ထုတွေဖတ်ခဲ့ပါသည်။ သို့ရာတွင် ဇာတ်လမ်းသိရုံ၊ ကောင်းလေးနှင့်ကောင်မလေး ပေါင်းရမပေါင်းရ သိရုံမျှသာ ဖြစ်ပါသည်။ စာဖတ်သက်ရင့်လာသည့်အခါတွင်မှ သူတို့နှင့် အတူ အတွေ့အကြုံများကို ခံစားနေခြင်းဖြစ်ကြောင်း ကိုယ့်ဘာသာ သဘောပေါက်လာပါသည်။

'စစ်နှင့်ငြိမ်းချမ်းရေး' ကို ဖတ်ရင်း ရိုးဖြောင့်၍ မာနကြီးသော မင်းသားအင်ဒရေ၊ စိတ်ကောင်းရှိပြီး နမော်နမဲ့နိုင်သော ပီယာ၊ အမြင်ကျဉ်းမြောင်းပြီး ရှုးရှုးဒိုင်းဒိုင်း နေတတ်သော နီကိုလေ၊ အဖေကို ကြောက်ပြီး ဘာသာတရားကို ကိုင်းရှိုင်းဖော်သာရသည့် မင်းသမီးမေရီ၊ အပျိုသင်စိတ်ကစားနေသော နာတာရှာ၊ ကိုယ်ကျိုးစွန့်၍ အနစ်နာခံသော ဆွန်ယာစသူတို့နှင့်အတူ အတွေ့အကြုံများကို ဖြတ်သန်းကာ သူတို့ခံစားသလို၊ သူတို့ချစ်သလို၊ သူတို့မုန်းသလို၊ သူတို့လွမ်းသလို၊ ကိုယ်ကလိုက် ခံစားနိုင်ခြင်းမျိုးကို အက်တမားတော့ပ် ဆိုလိုပုံရသည်။ ကိုယ်က စူးစိုက်မှုအားကြီးလေလေ၊ ထိုခံစားမှုများ ထိုအတွေ့အကြုံများသည် ပိုမို၍ပီပြင်လေလေဖြစ်သည်ဟု ဆိုပါသည်။

စစ်နှင့်ငြိမ်းချမ်းရေးတွင်ကျွန်တော်တို့ ပထမဆုံးမြင်လိုက်ရသော နာတာရှာသည် မီးကောင်ပေါက်မကလေး နာတာရှာဖြစ်သည်။ အပျိုသင်စ၊စိတ်ကစားစ နာတာရှာဖြစ်သည်။ နာတာရှာသည် ကိုယ်နှင့်ရွယ်တူကိုလည်း စိတ်ကူးယဉ်လိုက်သည်။ ကိုယ့်ထက်အသက်ကြီးသူကိုလည်း စိတ်ကူးယဉ်လိုက်သည်။ မင်းသားအင်ဒရေနှင့် စေ့စပ်သောအခါတွင် နာတာရှာသည် မြူးနေသည်။ မင်းသားအင်ဒရေ စစ်မြေပြင်သို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည့်အခါတွင် နာတာရှာသည် လွမ်းဖျားလွမ်းနာကျသည်။ ထိုကြားထဲမှ လူရှုပ်လူပွေအနာတိုလီနှင့် တွေ့သည့်အခါတွင် နာတာရှာသည် မင်းသားအင်ဒရေနှင့် စေ့စပ်ထားသည့်အဖြစ်ကို ခေါင်းထဲမှ ဖျောက်ဖျက်ပစ်လိုက်ကာ အနာတိုလီနှင့် ခိုးပြေးရာသို့လိုက်ရန်ပြင်သည်။ အနာတိုလီနှင့် သူတို့ကြားတွင် ဝင်၍ဖျက်သူသည် သူ့ကမ္ဘာ့ရန်သူဖြစ်သည်ဟုထင်ခဲ့သည်။ ထို့နောက်တွင်ကျွန်တော်တို့သည် နောင်တရသွားသောနာတာရှာ၊ ပူဆွေးဝမ်းနည်းနေသော နာတာရှာ၊ ကိုယ့်ကိုယ်ကိုခွင့်မလွှတ်နိုင်သော နာတာရှာ၊ ပီယာ့ကို အားကိုးတွယ်တာသွားသော နာတာရှာကို မြင်ရသည်။ ဝတ္ထု၏နောက်ဆုံးပိုင်းတွင် နာတာရှာသည် အသက် သုံးဆယ်ကျော်လေးဆယ်တွင်းသို့ ရောက်နေလေပြီ။ သားသမီးကိစ္စ၊ လင်ကိစ္စ၊ အိမ်ထောင်မှုကိစ္စများဖြင့် ဗျာများနေသော အိမ်ရှင်မကြီးတစ်ယောက် ဖြစ်နေလေပြီ။ ငယ်ငယ်က ပျံတန်တန်နေခဲ့သော နာတာရှာ၏နေရာတွင် တည်ငြိမ်ရင့်ကျက်ကာ ဘဝတစ်ခုလုံး မိသားစု ကိစ္စထဲသို့ နှစ်မြှုပ်ထားသော နာတာရှာကို ကျွန်တော်တို့ တွေ့ရသည်။

စစ်နှင့်ငြိမ်းချမ်းရေး ကိုဖတ်ယင်း ကျွန်တော်တို့သည် နာတာရှာနှင့်အတူ ပျော်ခဲ့ကြသည်။ သူနှင့်အတူ စိတ်ကစားခဲ့ကြသည်။ သူနှင့်အတူ ချစ်ခဲ့ကြသည်။ သူနှင့်အတူ လွမ်းခဲ့ရသည်။ သူနှင့်အတူ နောင်တရခဲ့ကြသည်။ သို့ဖြင့် စာဖတ်သူသည် ခံစားမှုအတွေ့အကြုံတစ်မျိုးကို ဖြတ်သန်းနေရသည်။ ဘဝအတွေ့အကြုံတစ်မျိုးကို ရင်ဆိုင်နေသည်။ စာဖတ်သူက အာရုံစူးစိုက်မှု ကြီးမားလာသည်နှင့်အမျှ ခံစားမှုထက်သန်လာသည်နှင့်အမျှ မိမိတွင်လည်း အတွေ့အကြုံ ရင့်သန်လာသည်။

စာအုပ်တစ်အုပ်ကို ဖတ်နေခြင်းသည် ထိုစာအုပ်ကို ဇကာဖြင့် တိုက်ချနေရသည်နှင့်တူကြောင်း၊ ဇကာဖြင့် တိုက်ချလိုက်သည့်အခါတွင် အချို့တို့သည် ဇကာပေါက်မှ လွင့်စင်သွားကာ တစ်ချို့တို့သာလျှင် စိတ်တွင် စွဲထင်ကျန်ရစ်ခဲ့ကြောင်း၊ ထိုစွဲထင်ကျန်ခဲ့သောအရာသည် နောက်ပိုင်းတွင် စာရေးဆရာ၏ရသဖန်တီးမှု သိစိတ်၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့ကြောင်း၊ ထိုသို့သော အရည်အသွေးများသည် စာရေးဆရာ၏ စိတ်ထဲတွင် တဖြည်းဖြည်း စုပြုံလာကာ စာရေးဆရာ၏ ကိုယ်ပိုင်ပစ္စည်းများ ဖြစ်လာကြောင်း၊ ထိုသို့သော အတွေ့အကြုံစုပေါင်းမှု၊ အသိစုဆောင်း



www.burmeseclassic.com

www.burmeseclassic.com



မှုတို့မရှိလျှင် စာရေးဆရာမဖြစ်နိုင်ကြောင်းဖြင့် အက်တမားတော့်ပ်က ဆိုသွားသည်။ ဤသည်မှာ စာဖတ်ရာမှ ရလာခဲ့သော ရသခံစားမှုအတွေ့အကြုံဖြစ်သည်။

ကျွန်တော်ငယ်ငယ်က စာမျိုးစုံလျှောက်ဖတ်သည်။ ငယ်ငယ်က ဖတ်ခဲ့ရသော ရွှင်ပျော်ပျော်ခေတ်မှ ဝတ္ထုများသည် ကျွန်တော့်မှတ်ဉာဏ်ထဲတွင် ဝိုးတဝါးကျန်ရစ်ခဲ့ကြသည်။ ဒဂုန်မဂ္ဂဇင်းနှင့် မြန်မာ့အလင်းမဂ္ဂဇင်းမှ ဇေယျ၏ဆောင်းပါးတိုကလေးများ၊ ခေတ်စမ်းစာပေမှ သိပ္ပံမောင်ဝနှင့် ဇော်ဂျီတို့၏စာပေများ၊ တက္ကသိုလ်ကျောင်းတိုက် နှစ်လည်မဂ္ဂဇင်းများမှ ဆောင်းပါးတို၊ ဝတ္ထုတို၊ ကဗျာတိုကလေးများသည် ကျွန်တော့်နှလုံးသားတွင် ယခုတိုင်စွဲနေသေးသည်။

သို့ရာတွင် ယခုအချိန်၌ ထိုစာပေများကို ဘာ့ကြောင့်စွဲနေသလဲ၊ ဘာကြောင့်သတိရနေသလဲဟု မေးလျှင်အတိအကျပြောဖို့ တော်တော်ခက်ပါသည်။ဆေးလိပ်ကြိုက်သူတို့အဖို့ ဆေးလိပ်ကို ဘာ့ကြောင့်စွဲသလဲဟုမေးလျှင် သေသေချာချာမပြောနိုင်ပါ။ သို့ရာတွင် အာခေါင်ထဲတွင်စွဲနေသည့် ဆေးလိပ်မီးခိုးငွေ့ကလေးကိုမူ သူသတိရနေပါသည်။ ရသစာပေကို ခံစားခြင်း၊ စွဲမက်ခြင်းသည်လည်း ထိုအတွေ့အကြုံနှင့် တူလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

လွန်ခဲ့သည့်လေးနှစ်လောက်က အညာရှိ ကျွန်တော့်အိမ်သို့ ပြန်ရောက်စဉ် ကျွန်တော့်မှတ်စုစာအုပ်တစ်အုပ်ကို ကျွန်တော်တွေ့လာခဲ့သည်။ ထိုမှတ်စုစာအုပ်မှာ စစ်အတွင်းက တိုတိထွာထွာ ရေးမှတ်ထားသည့် စာအုပ်ကလေးဖြစ်သည်။ စစ်အတွင်းကဖြစ်၍ မှတ်စုစာအုပ်ကောင်းကောင်းမရှိ။ ဗလာစာအုပ်ပင် မရှိပါ။ ထို့ကြောင့်ကျွန်တော့် မှတ်စုများကို ကြေးနန်းရိုက်သည့် ဖြတ်ပိုင်းပုံစံ တစ်ဘက်လွတ်များပေါ်တွင် ရေးထားရ၏။ မြန်မာသက္ကရာဇ် ၁၃၀၅ခုနှစ် နေ့စွဲတပ်ထားသည်။ လွန်ခဲ့သောနှစ်ပေါင်း လေးဆယ်ကျော်က တိုလီမိုလီတွေ ရေးမှတ်ထားသည့် မှတ်စုဖြစ်ပါသည်။ဥပမာ မြန်မာ့အလင်းသတင်းစာမှ 'ယနေ့သတိပြုရန်' ဆိုသည့်အခန်းမှစာများ၊ ပီမိုးနင်းနှင့် ဦးဗဂျိဳတို့၏ တက်ကျမ်းများမှ စာပိုဒ်များ၊ မြန်မာဝတ္ထုများထဲမှ ကျွန်တော်ကြိုက်သော စာပိုဒ်များ စသည်တို့ကိုတွေ့ရသည်။ တစ်နေရာတွင်မူ 'စာနုစာယဉ် အဘိဓာန်' ဟု



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘာသာခေါင်းစဉ်ပေးထားသော ကဏ္ဍာအောက်တွင် အောက်ပါ စာလုံးများကို တွေ့ရသည်။

ကေသွယ်လျော့လျား
လွှမ်းလို့မကုန်
တိမ်ခြေရီပြာ
ညှတ်ပြိုလုဖွယ်
မလွှမ်းသာ
လေသွေး၊ ခြံထွေး၊ ချမ်းဝန်လေးတယ်ကို
မင်းလွင်မှုန်ပြာ
လွှမ်းဓလေ့
ချောင်းညိုမြ
တိမ်ညိုကျော့
ပန်းပျော့ပျော့ဝါ
ရွှေဖီခိုင်နှောင်း၊ ဖူးပွင့်ညောင်း
နွမ်းလျတွေးတော၊ စောသူကေသွယ်
အုံးကြော့ဓာဗွေ
ဆောင်းယွန်းထိုင်နွေ
ညိုစိမ်းမြမြ
နွေသွင်းစစ
ရွှေလရောင်ရည်
ပန်းမှုန်နံ့လှိုင်
ညိုမြလွှာရောင်
လွှမ်းလေကင်း
မိုးတိမ်လွှာ၊ ညင်းညံ့ညံ့၊ သင်းပျံ့ပျံ့
တိမ်သင်္ဂီ၊ နေရီငယ်ဆည်းဆာ
မှိုင်းရည်ဖွဲ့မိုး
မှုန်ကြွယ်သည့်တော
တိမ်ဆိုင်းနီလာပွေ။
သည်းကြွေလုစော



www.burmeseclassic.com

www.burmeseclassic.com

## ဘာသာပြန်ဗေဒပြဿနာများ

ကျွန်တော်တို့ဆီမှာ ရသစာပေ ဘာသာပြန်ဆိုမှုနှင့် ပတ်သက်လို့ အငြင်းပွားချက်တွေ ရှိနေတယ်။ ကွဲလွဲချက်တွေ ရှိနေတယ်။ ဒီပြင်ဘာသာပြန်တွေနှင့် ပတ်သက်လို့တော့ သိပ်ပြဿနာမပေါ်လှပါဘူး။ ဥပမာ–ဆေးကျမ်းတို့လို၊ ပန်းအလှပြင်စာအုပ်တို့လို၊ နိုင်ငံရေးစာပေတို့လို၊ ဘောဂဗေဒကျမ်းတို့လို၊ စစ်စာပေတို့လို စသည်ဖြင့် ပညာပေးကျမ်းတွေနှင့် ပတ်သက်လို့ကတော့ မခက်ခဲလှပါဘူး။ ပညာရပ်တိုင်းမှာ သူ့ပညာရပ်ဆိုင်ရာဝေါဟာရတွေ မှန်ကန်အောင်ပြန်နိုင်ရင်၊ အဓိပ္ပါယ်လည်း မှန်အောင်ပြန်နိုင်ရင်၊ မြန်မာစာရေးထုံးကိုလည်း လူတန်းစေ့အောင်ရေးနိုင်တယ်ဆိုရင် ပြီးတာပါပဲ။ စာချောဖို့မလိုဘူး။ (စကားပြေကို ချောအောင်ရေးနိုင်တယ်ဆိုရင်တော့ အကောင်းဆုံးပေါ့။) စကားအသုံးအနှုန်းရွေးဖို့ မလိုဘူး။ ရသပေါ်အောင် ဖွဲ့နွဲ့ဖို့မလိုဘူး။ ဆေးကျမ်းကို ဖတ်ပြီးလွမ်းစရာ၊ သနားစရာဖြစ်ဖို့ မလိုဘူး။ ပညာပေးကျမ်းရဲ့အလုပ်ဟာ ပညာပေးဖို့၊ အသိတရားကို ဖြန့်ဝေဖို့ပါပဲ။ ဒီလုပ်ငန်းတွေကို လုပ်နိုင်ရင် သူ့တာဝန်ကုန်ပြီ။

ပညာပေးစာအုပ်တစ်အုပ်ကို ဖတ်ပြီးရင် စာအုပ်ထဲမှာပါတဲ့



www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်ရာပညာရပ်နဲ့ ပတ်သက်လို့ စာအုပ်ထဲမှာ ပါသလောက် အကုန်သိရတယ်၊ သိနိုင်တယ်။ ဒါပေမယ့် ရသစာပေတစ်အုပ်ကို ဖတ်ပြီး နေ့ချင်းညချင်း ဘဝအမြင်ကြီးတစ်ခု ရမလာနိုင်ဘူး။ ရသခံစားမှုအဆင့် အတန်းဟာ ချက်ချင်းတိုးမလာနိုင်ဘူး။ ရသစာပေတွေကို ဖတ်ကြည့်ရင်း ဖြင့်သာ တဖြည်းဖြည်းမှသာ အမြင်တစ်ခုကို ရလာနိုင်တယ်။ တဖြည်း ဖြည်းမှသာ ရသစာပေအဆင့်အတန်းဟာ တိုးတက်လာနိုင်တယ်။

ရသစာပေမဟုတ်တဲ့ ပညာပေးစာအုပ်တစ်အုပ်ကို ဘယ်သူမဆို ဘာသာပြန်လို့ရတယ်။ သက်ဆိုင်ရာဘာသာရပ်နဲ့ သက်ဆိုင်ရာဘာသာ စကားကိုကျွမ်းကျင်ရင်တော်ပြီ။ ဒါပေမယ့် ရသစာပေကိုဘာသာပြန်မယ် ဆိုရင်တော့ ဘာသာပြန်သူမှာ ရသအမြင်သန်ဖို့ လိုတယ်။ ရသခံစားမှု အဆင့်အတန်းရှိဖို့လိုတယ်။ အကောင်းဆုံးကတော့ ရသစာပေကို ဘာသာပြန်ရင် ရသစာပေကိုရေးတဲ့သူတွေ ဘာသာပြန်တာဟာ အ ကောင်းဆုံးပါပဲ။ အင်္ဂလိပ်စာရေးဆရာ ဆမ်းမားဆက်မွန်ဟာ ဂရိပြဇာတ် တွေကို ဘာသာပြန်ခဲ့တယ်။ တရုတ်ပြည်က လူရွှန်းဟာ မရေမတွက် နိုင်တဲ့ ရုရှား၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်စသည်တို့က ဂန္ထဝင်တွေကို တရုတ်ဘာသာ ပြန်ခဲ့တယ်။ ပွတ်(ရှ်)ကင်ဟာ ပြင်သစ်ဝတ္ထုတွေကို ဘာသာပြန်ခဲ့တယ်။ အင်္ဂလိပ်ကဗျာဆရာ ယိတ်စ်ဟာတဂိုးရဲ့ ကဗျာတွေ ကို ဘာသာပြန်ခဲ့တယ်။ အီလျာအာရင်ဘတ်ဟာ ပြင်သစ်ဝတ္ထုတွေကို ဘာသာပြန်ခဲ့တယ်။ ဒီ့ပြင်လည်း အများကြီးပါပဲ။ ကျွန်တော်ဆိုချင်တာ က ရသစာပေကို ဘာသာပြန်သူဟာ ရသစာပေကိုရေးတဲ့သူ ဖြစ်ရင် ပိုကောင်းတယ်ဆိုတဲ့ သဘော ပါ။ ရသစာပေကို ဘာသာပြန်တဲ့သူဟာ ရသစာပေကိုရေးတဲ့ စာရေးဆရာဖြစ်ရင် ပိုပြီးရသပေါ်နိုင်တယ်။ ဒါပါပဲ။

ကျွန်တော်တို့ဆီမှာသာ ဘာသာပြန်ဗေဒနှင့်ပတ်သက်လို့ ပြဿနာ ပေါ်တာမဟုတ်ဘူး။ နိုင်ငံတကာမှာလည်း ဒီအတိုင်းပါပဲ။ ဆိုဗီယက်ယူနီ ယံမှာ ဆိုဗီယက်စာရေးဆရာ သမဂ္ဂက ထုတ်တဲ့စာစောင်တစ်ခုရှိတယ်။ အဲဒီစာစောင်မှာလည်း ဘာသာပြန်ဗေဒနဲ့ပတ်သက်လို့ စာရေးဆရာတွေ ငြင်းကြ၊ ခုံကြ၊ ဆွေးနွေးကြတာတွေရှိပါတယ်။ အဲဒီ မဂ္ဂဇင်းမှာ 'စာပေ ဘာသာပြန်ဗေဒ ပြဿနာများနှင့် ထင်မြင်ချက်များ' ဆိုတဲ့ အခန်းတစ် ခန်းပါပါတယ်။ စာရေးဆရာတွေ၊ ရသစာပေဘာသာပြန်တဲ့သူတွေက



www.burmeseclassic.com

www.burmeseclassic.com



သူတို့အတွေ့အကြုံ၊ သူတို့ထင်မြင်ချက်၊ သူတို့ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို တင်ပြဆွေးနွေးကြပါတယ်။ အဲဒီအထဲမှာ 'ယင်ဂျင်နီ ဆာဂျီယက်' ဆိုတဲ့စာရေးဆရာတစ်ယောက်ရဲ့ တင်ပြထားတာဟာ တော်တော်စိတ်ဝင်စားစရာကောင်းပါတယ်။သူတို့ရင်ဆိုင်နေရတဲ့ ပြဿနာများဟာလည်း ကျွန်တော်တို့ ရသစာပေ ဘာသာပြန် နိဿယမှာ ရင်ဆိုင်နေရတဲ့ ပြဿနာများနှင့် တူညီနေတဲ့အတွက် လေ့လာနိုင်အောင် စဉ်းစားနိုင်အောင် ဖော်ပြလိုက်ပါတယ်။ သူက ဒီလိုရေးထားပါတယ်။

စာပေပြဿနာတွေနှင့် ပတ်သက်တဲ့ ဆွေးနွေးပွဲတွေကို နားထောင်ရင် ပညတ်ချက်တွေ၊ စည်းကမ်းချက်တွေ တော်တော်များများချမှတ်တာကိုတွေ့ရပါတယ်။ ဒါပေမယ့် ရသစာပေ ဘာသာပြန် ပြဿနာများကို ဆွေးနွေးတဲ့ကိစ္စမှာလောက် စည်းကမ်းသတ်မှတ်ချက်တွေများတဲ့ဆွေးနွေးပွဲမျိုးလောက်တော့ ရှိမယ်မထင်ဘူး။ စာပေပြဿနာ ဆွေးနွေးပွဲမှာ တင်ပြလာတဲ့ အချက်တွေကို ကြည့်လိုက်ရင် 'စာရေးဆရာ၊ ကဗျာဆရာတို့မည်သည်မှာ ထိုအချက်၊ ဤအချက်ကို သိရမည်။ ထိုသို့၊ ဤသို့ သောကျွမ်းကျင်မှုများ ရှိရမည်။ မည်သည့်အခြေအနေမျိုးတွင်မူထိုသို့၊ ဤသို့မရေးရ' စသည်ဖြင့် စည်းကမ်းချက်တွေ သတ်မှတ်တာများလှတယ်။ ရသစာပေကို ဘာသာပြန်ဆိုမှုနှင့် ပတ်သက်လို့ကတော့ သူတို့ပြောကြားတဲ့ စည်းကမ်းချက်တွေ ပညတ်ချက်တွေဟာ ပိုလို့ တောင်များနေသေးတယ်။ ဘာသာပြန်သူသည် ...လုပ်ရမည်။ ဘာသာပြန်သူသည် ... ကို မလုပ်ရ။ ဘာသာပြန်သူသည် .... ကိုရှောင်ရမည်။ ဘာသာပြန်သူ၌ ဤသို့လုပ်ခွင့်မရှိ' စသည်ဖြင့် ဘာသာပြန်သူတို့၌ ဆောင်ရန်ရှောင်ရန် အချက်တွေကို ရေးထားလိုက်တာ တသီတတန်းကြီးပါပဲ။ အဲဒီအချက်တွေတာ အမှတ်စဉ်ထိုးပြီးပြောရရင် ဘာသာပြန်တဲ့သူဟာ ဒါတွေအားလုံးပြီးပြည့်စုံမှ ဘာသာပြန်တော့မယ်ဆိုရင် အဲဒီဘာသာပြန်သူဟာ မူရင်းဆရာထက်ပိုတော်၊ပိုတတ်၊ပိုကျွမ်းကျင်၊ပိုပြီးပါရမီထူးချွန်ရတော့မလိုဖြစ်နေတယ်။

ရသဘာသာပြန်သူတယောက်ဟာ အနည်းဆုံးဘာသာ စကားနှစ်မျိုးကိုတော့ နိုင်နင်းရမယ်တဲ့။ ပြီးတော့ သူဘာသာပြန်ဆိုရာ မူရင်းဘာသာ စကားကိုပြောတဲ့ လူမျိုးရဲ့ယဉ်ကျေးမှု ထုံးတမ်း စဉ်လာတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတို့အတွေ့အကြုံ၊ သူတို့ထင်မြင်ချက်၊ သူတို့ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို တင်ပြဆွေးနွေးကြပါတယ်။ အဲဒီအထဲမှာ 'ယင်ဂျင်နီ ဆာဂျီယက်' ဆိုတဲ့စာရေးဆရာတစ်ယောက်ရဲ့ တင်ပြထားတာဟာ တော်တော်စိတ်ဝင်စားစရာကောင်းပါတယ်။သူတို့ရင်ဆိုင်နေရတဲ့ ပြဿနာများဟာလည်း ကျွန်တော်တို့ ရသစာပေ ဘာသာပြန် နိဿယမှာ ရင်ဆိုင်နေရတဲ့ ပြဿနာများနှင့် တူညီနေတဲ့အတွက် လေ့လာနိုင်အောင် စဉ်းစားနိုင်အောင် ဖော်ပြလိုက်ပါတယ်။ သူက ဒီလိုရေးထားပါတယ်။

စာပေပြဿနာတွေနှင့် ပတ်သက်တဲ့ ဆွေးနွေးပွဲတွေကို နားထောင်ရင် ပညတ်ချက်တွေ၊ စည်းကမ်းချက်တွေ တော်တော်များများချမှတ်တာကိုတွေ့ရပါတယ်။ ဒါပေမယ့် ရသစာပေ ဘာသာပြန် ပြဿနာများကို ဆွေးနွေးတဲ့ကိစ္စမှာလောက် စည်းကမ်းသတ်မှတ်ချက်တွေများတဲ့ဆွေးနွေးပွဲမျိုးလောက်တော့ ရှိမယ်မထင်ဘူး။ စာပေပြဿနာ ဆွေးနွေးပွဲမှာ တင်ပြလာတဲ့ အချက်တွေကို ကြည့်လိုက်ရင် 'စာရေးဆရာ၊ ကဗျာဆရာတို့မည်သည်မှာ ထိုအချက်၊ ဤအချက်ကို သိရမည်။ ထိုသို့၊ ဤသို့ သောကျွမ်းကျင်မှုများ ရှိရမည်။ မည်သည့်အခြေအနေမျိုးတွင်မှုထိုသို့၊ ဤသို့မရေးရ' စသည်ဖြင့် စည်းကမ်းချက်တွေ သတ်မှတ်တာများလှတယ်။ ရသစာပေကို ဘာသာပြန်ဆိုမှုနှင့် ပတ်သက်လို့ကတော့ သူတို့ပြောကြားတဲ့ စည်းကမ်းချက်တွေ ပညတ်ချက်တွေဟာ ပိုလို့ တောင်များနေသေးတယ်။ ဘာသာပြန်သူသည် ...လုပ်ရမည်။ ဘာသာပြန်သူသည် ... ကို မလုပ်ရ။ ဘာသာပြန်သူသည် .... ကိုရှောင်ရမည်။ ဘာသာပြန်သူ၌ ဤသို့လုပ်ခွင့်မရှိ' စသည်ဖြင့် ဘာသာပြန်သူတို့၌ ဆောင်ရန်ရှောင်ရန် အချက်တွေကို ရေးထားလိုက်တာ တသီတတန်းကြီးပါပဲ။ အဲဒီအချက်တွေတာ အမှတ်စဉ်ထိုးပြီးပြောရရင် ဘာသာပြန်တဲ့သူဟာ ဒါတွေအားလုံးပြီးပြည့်စုံမှ ဘာသာပြန်တော့မယ်ဆိုရင် အဲဒီဘာသာပြန်သူဟာ မူရင်းဆရာထက်ပိုတော်၊ပိုတတ်၊ပိုကျွမ်းကျင်၊ပိုပြီးပါရမီထူးချွန်ရတော့မလိုဖြစ်နေတယ်။

ရသဘာသာပြန်သူတယောက်ဟာ အနည်းဆုံးဘာသာ စကားနှစ်မျိုးကိုတော့ နိုင်နင်းရမယ်တဲ့။ ပြီးတော့ သူဘာသာပြန်ဆိုရာ မူရင်းဘာသာ စကားကိုပြောတဲ့ လူမျိုးရဲ့ယဉ်ကျေးမှု ထုံးတမ်း စဉ်လာတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဘာသာပြန်ဆရာဟာ သူ့မှာရှိတဲ့အရည်အချင်းထက် လျော့ပြီး (ပြီးလွယ်စီးလွယ်) သာပြန်ချင်ပြန်မယ်။ ရှိတဲ့အရည်အချင်းထက်ပိုပြီး မပြန်နိုင်လို့ပါဘဲ။ ဘာသာပြန်တယ်ဆိုတာ ဆီလျော်အောင်လုပ်တာ။ ဟိုဘာသာစကားကို ဒီဘာသာစကားနဲ့ ပြောင်းတာ။ ညီမျှခြင်းချတာ၊ ရသတွေ၊ အနုပညာတွေအရေးမကြီးဘူး။ လွယ်လွယ်တွေးပြီး လွယ်လွယ်ပြန်မှာကိုသာ စိုးရိမ်ရတာပါ။

ဘာသာပြန်ကောင်းဖို့အတွက် အထက်ပါလိုအပ်ချက်တွေအပြင် အခြားလိုအပ်ချက်တွေကိုလည်း သတ်မှတ်မယ်ဆိုရင်သတ်မှတ်နိုင်ပါသေးတယ်။ အဲဒါတွေကတော့ ကိုယ်ဘာသာပြန်တဲ့မူရင်းကို ကိုယ်ကိုယ်တိုင်က နှစ်နှစ်ခြိုက်ခြိုက် စွဲစွဲလမ်းလမ်းဖြစ်ဖို့၊ မူရင်းဆရာကိုလေးစားဖို့၊ ကိုယ့်အလုပ်ကို ကရော်ကမည်မလုပ်ဘဲ၊ လေးလေးစားစား သေသေသပ်သပ်လုပ်ဖို့ အချက်တွေပါပဲ။ ဒါပေမယ့် ဒီလိုစွဲလမ်းတာ၊ လေးစားတာ၊ ကြိုးစားတာတွေဟာပညာရှင်တို့မှာသာ ရှိရမယ့်အရည်အချင်းများမဟုတ်ဘဲ၊ လူတိုင်းမှာရှိရမယ့် အရည်အချင်းတွေဖြစ်ပါတယ်။ ဘယ်လိုဘဲ ဖြစ်ဖြစ် စာရေးခြင်းအလုပ်ဟာ ကောင်းမြတ်တဲ့ သမ္မာအာဇီဝလုပ်ငန်းလို့ ယုံကြည်တဲ့သူများအဖို့တော့ စာပေလုပ်ငန်းမှာ သိက္ခာရှိဖို့၊ တည်ကြည်မှန်ကန်ဖို့ လိုပါတယ်။ စာပေလုပ်ငန်းကို သိက္ခာရှိဖို့မလို၊ တည်ကြည်မှန်ကန်ဖို့ မလိုလို့ ယူဆတဲ့သူများအဖို့တော့ ဘယ်လိုဆွေးနွေးပွဲ လုပ်လုပ်၊ ဘယ်လို သတ်မှတ်ချက်တွေထုတ်ထုတ် အချည်းအနှီးပါပဲ။

**ဘယ်သူ့အတွက်ဘာသာပြန်မလဲ**

ဆွေးနွေးပွဲက ဆွေးနွေးချက်တွေကို ဖတ်ကြည့်လိုက်တော့ ထူးထူးဆန်းဆန်းကပြောင်းကပြန်ဖြစ်နေတဲ့ အချက်တစ်ချက်ကို သွားတွေ့ရတယ်။ တခြားမဟုတ်ပါဘူး။ မူရင်းကို တိတိကျကျပြန်ရမယ်လို့ ပြောနေတဲ့သူများဟာ အများအားဖြင့် မူရင်းကိုသိနေကြတဲ့သူတွေ ဖြစ်နေတယ်ဆိုတဲ့ အချက်ပဲ။ မူရင်းက နည်းနည်းလေးမှမလွဲလိုက်နဲ့ လွဲတာနဲ့'နောက်ကပြန်ဆုတ်တာ' 'သရုပ်ပျက်တာ' 'ဖျက်ဆီးတာ' လို့မြင်ကြပါတယ်။ ပိုပြီးရှင်းအောင် ဖြည့်စွက်ရေးတာ(ဒီစကားလုံးကို သုံးတိုင်းသူတို့က မျက်တောင်အဖွင့်အပိတ်နဲ့ သုံးလေ့ရှိကြတယ်) ကိုဒုစရိုက်ကြီးတစ်ခုလို့ ယူဆတယ်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၈ ခုနှစ်တုန်းကဆိုရင် စာရေးဆရာ'မူစတာဖင်'က ဘာသာပြန်ရာမှာ အရေးကြီးဆုံးကတော့ ယေဘူယျအားဖြင့် တိကျရမယ်။ ဘာသာပြန်သူဟာ မူရင်းစာရေးဆရာရဲ့ လေကိုမိအောင်ဖမ်းနိုင်ရမယ်လို့ ပြောခဲ့ပါတယ်။ ၁၉၈၀ပြည့်နှစ်မှာရေးတဲ့ ဆောင်းပါးတစ်စောင်ထဲမှာတော့ ဒီလောက်နဲ့တင် မရပ်တော့ဘူး။ အဆင့်တိုင်းမှာတိကျမှုရှိရမယ်။ နိမိတ်ပုံတွေကိုသုံးတဲ့နေရာ၊ အသံ၊ လေယူလေသိမ်းတွဲဖက် အဓိပ္ပါယ်တွေ အားလုံးမှာလည်း တိကျမှုရှိရမယ်။ ဒီလောက်တိကျအောင်လုပ်တာ နည်း နည်းတော့ခက်တယ်။ ဒါပေမယ့် မတတ်နိုင်ဘူး။ အဆင့်တိုင်းမှာ တိကျမှု ရှိအောင် လုပ်တဲ့နည်းကလွဲလို့ တခြားနည်း မရှိဘူးလို့တောင် ပြောခဲ့ တယ်။

မူရင်းဝတ္ထုနဲ့ ရင်းနှီးပြီးသူတို့အဖို့ ဘာသာပြန်ကိုဖတ်ခြင်းဖြင့် ဘာမှဆုံးရှုံးခြင်းမဖြစ်စေရဘဲ အမြတ်ထွက်ရမယ်လို့ ယူဆကြပုံရပါတယ်။ သူတို့အဖို့တော့ ဘာသာပြန်တာ တိကျရမယ်ပေါ့။ အမှန်ကတော့ ဒီလို ဘယ်နှယ့်လုပ်မှ မတိကျနိုင်ပါဘူး။

အထူးသဖြင့်အနုပညာတစ်ခုကနေ တခြားအနုပညာတစ်ခု အဖြစ် ဘာသာပြန်ယူတဲ့အခါမှာ ပိုပြီးတောင်မတိကျနိုင်သေးတယ်။ သူတို့အမြင်အရ ပြောရင် အနုပညာတစ်ခုကနေ တခြားအနုပညာတစ်ခုကို ပြန်ဆိုဖို့ (ဥပမာ–စာမှ ပန်းချီသို့၊ သို့မဟုတ် ပန်းချီမှ စာသို့) ဘာသာပြန်ဆိုဖို့ မလိုဘူးလို့ပြောကြတယ်။ ဥပမာ–ဂိုဂိုးလ်ရဲ့ဝတ္ထုတွေထဲက ဇာတ်ကောင်တွေကို ပန်းချီဆရာ အန်ဒရေယက်က ရေးတော့ ပစ်ပစ်ခါခါ ဝေဖန်ခဲ့ကြတယ်။ အလားတူပဲ။ ဂိုဂိုးလ်ရဲ့ ဝတ္ထု ထဲက ဇာတ်ကောင်တွေကို ပန်းချီဆရာ ကွန်နာရှီဗစ်ချ်နဲ့ အက်ဂင်တို့ကရေးဆွဲတဲ့အခါမှာ သူတို့ရဲ့ပုံတွေဟာ ဂိုဂိုးလ်ရဲ့ဇာတ်ကောင်တွေကို သရုပ်ဖျက်တာဖြစ်တယ်။ ဖျက်ဆီးတာဖြစ်တယ်လို့ ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ကြတယ်။ အမှန်တော့ 'သေနေသောဝိဉာဉ်များ'မှာဆွဲထားတဲ့ အက်ဂင်ရဲ့လက်ရာများဟာ ကျွန်တော်တို့ တိုင်းပြည်မှာ အကောင်းဆုံးသော သရုပ်ဖော်ပုံတွေ ဖြစ်ပါတယ်။

ဖော်ပြပါကောက်နုတ်ချက်ဟာ ထင်ရှားတဲ့ ဆိုဗီယက်စာရေးဆရာ ယင်ဂျင်နီဆာဂျီယက်ရဲ့ ဆွေးနွေးချက်များ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆွေးနွေးချက်တွေဟာ တစ်ဖက်က တင်ပြသွားတဲ့ဆွေးနွေးချက်တွေကို ချေပတဲ့ချေပချက်များဖြစ်ပြီး အချို့နေရာတွေမှာတော့ သူ့ထင်မြင်ချက်တွေကို ကြိုးကြားကြိုးကြားဖော်ပြသွားတာကို တွေ့ရပါတယ်။

သူတို့ဆီမှာလည်း ကျွန်တော်တို့ဆီမှာလိုပဲ ဘာသာပြန်သူတွေဟာ ဘာဖြစ်ရမယ်၊ ညာဖြစ်ရမယ် တော်တော်များများ စည်းကမ်းချမှတ်ထားဟန်တူပါရဲ့။ ဘာသာပြန်ဇေဒနဲ့ပတ်သက်လို့ ယေဘုယျအားဖြင့် အယူအဆကွဲနေတဲ့ ဂိုဏ်းနှစ်ဂိုဏ်းရှိပါတယ်။ တစ်ဂိုဏ်းကတော့ မူရင်းလိုပဲ တိကျရမယ်။ နေရာတိုင်း၊ အဆင့်တိုင်းမှာ မူရင်းလိုပဲဖြစ်ရမယ်။ မတိကျမှုမှန်သမျှဟာ မူရင်းစာရေးဆရာကို သစ္စာဖောက်ခြင်း ဖြစ်တယ်။ အနုပညာလက်ရာတစ်ခုကို ဖျက်ဆီးခြင်းဖြစ်တယ်ဆိုတဲ့ ဂိုဏ်းပါ။ တစ်နည်းပြောရရင်တော့ ဘာသာပြန်မှုနည်းနည်းလေးမှ အပွန်းမခံနိုင်ဘူးဆိုတဲ့ ဂိုဏ်းပါ။ နောက်တစ်ဂိုဏ်းကတော့ ပိုရှင်းအောင် လွတ်လပ်စွာပြန်ရမယ်ဆိုတဲ့ ဂိုဏ်းပါ။ လွတ်လပ်စွာပြန်ရမယ်ဆိုတဲ့အတွက် ကိုယ်ထည့်ချင်တာတွေကို အကုန်လျှောက်ထည့်၊ စာအုပ်ထဲမှာမပါတာတွေကို အကုန်လျှောက်ထည့်ဖြည့်စွက်၊ ပါတာတွေကို လျှောက်ဖြုတ်တာမျိုးကို ဆိုလိုတာမဟုတ်ပါဘူး။ သူများရေးပြီးသားစာကို ပြန်ရတာဟာ သူများအတွက် ချုပ်ထားတဲ့ စထရိတ်ဂျက်ကက်လို့ခေါ်တဲ့ ကိုယ်ကျပ်အင်္ကျီထဲကို ဝတ်ဆင်ရသလို အင်မတန်ကျဉ်းကျပ်ပါတယ်။ သူ့အတိုင်းအထွာနဲ့ ကိုယ့်အတိုင်းအထွာ မတူမှမတူတာ။ ဘယ်နှယ့်လုပ် 'ဖစ်ဆိုက်' ဖြစ်နိုင်ပါမလဲ။

သူတို့ဆီမှာလည်း 'တိကျတဲ့ဂိုဏ်း' နှင့် 'လွတ်လပ်တဲ့ဂိုဏ်း'ဆိုပြီး ကွဲနေပါတယ်။ ဒါကတော့ သူတို့ဆီမှာမှ မဟုတ်ပါဘူး။ ဘယ်မှာမဆို ဒီအတိုင်းပါပဲ။

ဆာဂျီယက်ရဲ့ ကောက်နုတ်ချက်ကို ချုပ်ကြည့်လိုက်ရင် .....

(၁) ဘာသာပြန်ရာမှာ ဟိုလိုမလုပ်ရ၊ ဒီလိုမလုပ်ရဆိုတဲ့ စည်းကမ်းချက်တွေကို သိပ်မတင်းကျပ်ကြပါနဲ့။

(၂) ဘာသာပြန်သူဟာ ပြီးလွယ်စီးလွယ် မလုပ်ပါနဲ့။ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



(၃) စာရေးခြင်းဟာ ကုသိုလ်ရတဲ့ လုပ်ငန်းတစ်ခုဖြစ်တယ်လို့ ယုံကြည်သူတိုင်းဟာ ဘာသာပြန်တဲ့နေရာမှာ တည်ကြည်၊ မှန်ကန်ဖို့၊ သိက္ခာရှိဖို့လိုတယ်လို့ သူကထောက်ပြသွားပါတယ်။

ဘာသာပြန်တဲ့နေရာမှာ လွတ်လပ်စွာပြန်ဆိုတာကိုသဘောကျပုံရပါတယ်။

**ဘာသာပြန်သုံးမျိုး**

ဆာဂျီယက်က ဘာသာပြန် အမျိုးအစား သုံးမျိုးရှိတယ်လို့ ဆိုပါတယ်။ အဲဒါတွေကတော့ Inter-semiotic translation လို့ခေါ်တဲ့ သင်္ကေတတစ်ခုကနေ အခြား သင်္ကေတတစ်ခုကို ပြန်ဆိုတာ။ ဒါကို 'သင်္ကေတ ပြန်ဆိုမှု' လို့ သူကခေါ်ပါတယ်။

နောက်တစ်ခုကတော့ Inter-language translation 'ဘာသာတစ်ခုကနေ တခြားဘာသာ တစ်ခုကိုပြန်ဆိုတာ'။

နောက်တစ်ခုကတော့ Intra- language translation 'ဘာသာတစ်ခုထဲကပဲ အနက်ထပ်ပြန်ရ တာ'၊ ဒါမှမဟုတ် 'တိုင်းရင်းသားဘာသာတစ်ခုကနေ အခြားတိုင်းရင်းသား ဘာသာတစ်ခုကို ပြန်ဆိုတာ'ရယ်လို့ သုံးမျိုးခွဲပြသွားပါတယ်။

သူ့ဆောင်းပါးမှာ ဆာဂျီယက်က ဒီလိုဆက်ရေးထားပါတယ်။

ဘာသာပြန်အမျိုးအစားမှာ 'သင်္ကေတပြန်ဆိုမှု'၊ 'တိုင်းခြားဘာသာပြန်ဆိုမှု' နှင့် 'တိုင်းရင်းသား ဘာသာပြန်ဆိုမှု' လို့ သုံးမျိုးရှိပါတယ်။

'သင်္ကေတပြန်ဆိုမှုမှာအားလုံးအတိအကျ ပြန်ဆိုရမယ်ဆိုတာကို သိပ်မပြောကြတော့ဘူး။ အတိအကျပြန်ဆိုဖို့ဆိုတာ ဖြစ်မှ မဖြစ်နိုင်တာပဲ။ ဘယ်ပြောကြတော့မလဲ။ (မဖြစ်နိုင်တဲ့အကြောင်းကို လက်ဆင်းရဲ့ပန်းချီကားတွေကို ဝေဖန်သုံးသပ်ပြီးတဲ့နောက်မှာ အားလုံးသိသွားကြတယ်။) ဒါပေမယ့် ဒုတိယအမျိုးအစားဖြစ်တဲ့ 'တိုင်းခြားဘာသာပြန်ဆိုမှု' မှာတော့ 'အဆင့်တိုင်းမှာ တိကျရမယ်' လို့ပြောနေကြပါတယ်။ ကျွန်တော်တို့ တစ်ဦးတည်းသဘောကို ပြောရမယ်ဆိုရင်တော့ ဒါဟာလည်းမဖြစ်နိုင်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ ပညာရှင်တွေဟာကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသား ဘာသာတစ်ခုကနေ တခြားတိုင်းရင်းသား ဘာသာ ပြန်တစ်ခု ပြန်ဆိုတဲ့ အကြောင်းကိုတော့ မေ့နေကြပုံရပါတယ်။ အမှန်က တော့ ပြောဆိုငြင်းခုန်နေကြတဲ့ ပုဂ္ဂိုလ်များဟာ သူတို့ကိုယ်တိုင် အဲဒီ နည်းကို သုံးနေကြပါတယ်။

ရုတ်တရက်ကြည့်လိုက်တော့ တိုင်းရင်းသား ဘာသာပြန်ဆိုမှု ဟာ လွယ်တယ်၊ နားလည်နိုင်တယ်၊ စကားထဲထည့်ပြောဖို့တောင် မလိုဘူးလို့ ထင်ရပါတယ်။ ကျွန်တော်ကတော့ တိုင်းခြားဘာသာပြန်ဆိုမှု ကို သင်္ကေတဘာသာပြန်ဆိုမှု၊ အထူးသဖြင့် တိုင်းရင်းသားဘာသာပြန် ဆိုမှုတို့နဲ့ နှိုင်းယှဉ်လေ့လာကြည့်ချင်ပါတယ်။ ဒီလိုကြည့်လိုက်ရင် ပြဿနာကို လေ့လာတဲ့နေရာမှာ ရှုထောင့်အမျိုးမျိုးကနေ ကြည့်လို့ရနိုင် လိမ့်မယ် လို့ထင်ပါတယ်။

ဥပမာ–စာပေဝေဖန်ရေးဆရာ ဂျူဆိုအီတီက ‘ဘာသာပြန်ဆရာ တွေဟာ ဝါဒညီပြန်ဆိုမှုရဲ့ အခြေခံမှုတွေကို ဖောက်ဖျက်တယ်’ လို့စွပ်စွဲ ခဲ့ပါတယ်။ သူဆိုလိုတာက ကဗျာဆရာ ဂန်ဇာတောရဲ့ကဗျာဟာ မူရင်း ဘာသာမှာ ကြောင်းရေ ၄၈ပဲရှိတယ်။ ဒါကို ရုရှားဘာသာပြန်လိုက်တဲ့ အခါကျတော့ ၉၂ကြောင်းထွက်လာတယ်။ တခြားတစ်ပုဒ်ကျတော့ မူ ရင်းမှာ ၈၄ကြောင်းရှိတယ်။ ရုရှားလိုပြန်လိုက်တော့ ၅၂ကြောင်းပဲထွက် လာတယ်။ ‘ဒီလိုလွတ်လပ်ခွင့်ယူနေတာကို ရပ်တန်းကရပ်ဖို့ကောင်းပြီ’လို့ သူကပြောသွားတယ်။ ကောင်းပြီ။ ဒီလိုဆိုရင် သူပြောသလို လိုက်လုပ် ကြည့်လို့ ရရဲ့လား။ အဲဒီဆောင်းပါးရဲ့နောက်မှာ ဂျူဆိုအီတီကိုယ်တိုင် ပွတ်ရှကင်းရဲ့ ကဗျာတစ်ပုဒ်ကို စကားပြေနဲ့ရေးထားတာ တွေ့ရတယ်။ ပွတ်ရှကင်းရဲ့ကဗျာမှာ စာကြောင်းရှစ်ကြောင်းပါတယ်။ တစ်ကြောင်း တစ်ကြောင်းမှာ စာလုံး၂၅လုံး ပျှမ်းမျှ ပါတယ်။ ဒါပေမယ့် သူ့စကားပြေ ပြန်ချက်မှာ စာကြောင်း ၅၉ကြောင်းရှိပြီး တစ်ကြောင်းမှာ ပျှမ်းမျှအားဖြင့် စကားလုံး ၄၀ပါနေတယ်။

ဒါကိုထောက်ရင် ပါဒညီပြန်ဆိုရမယ်လို့ ပြောတဲ့သူများဟာ ပြောတဲ့သူများကိုယ်တိုင် မကျင့်သုံးနိုင်ဘဲ ဖြစ်နေတယ်လို့ ကျွန်တော် ထင်တယ်။ နောက်တစ်ချက်ရှိသေးတယ်။ ကဗျာတစ်ပုဒ်၊ စာတစ်ပုဒ် ကိုလူနှစ်ယောက်က ဖတ်ကြတာမှာ တစ်ယောက်နှင့်တစ်ယောက် နား



www.burmeseclassic.com

www.burmeseclassic.com



လည်တာချင်း မတူနိုင်ကြဘူး။ မူရင်းစာရေးသူ ကိုယ်တိုင်က ဘယ်လောက်ပဲ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားရေးသည် ဖြစ်စေ၊ တစ်ယောက်နှင့်တစ်ယောက်၊ နားလည်ပုံ ခံစားပုံချင်းမတူနိုင်ကြဘူး။ ဥပမာအားဖြင့် ပွတ်ရှကင်းရဲ့ 'မင်းကိုငါချစ်တယ်' ဆိုတဲ့ ကဗျာဟာ တော်တော်ကို ရှင်းလင်းတဲ့ကဗျာတစ်ပုဒ်ပဲ။ ဒါပေမယ့် ဒီကဗျာကို မြင်ပုံ၊ အနက်ပြန်ပုံမှာကျတော့ဝေဖန်ရေးဆရာတွေဟာ ပညာရှင်တွေဟာ တစ်ယောက်တစ်မျိုးကွဲနေကြတယ် မဟုတ်လား။ ဒီတော့ ကျွန်တော်ပြောချင်တာက ဘယ်သူပဲ ဘာသာပြန်ပြန်၊ ဘယ်လိုပဲဘာသာပြန်ပြန်၊ အဲဒီပြန်ဆိုချက်ဟာ ပြန်ဆိုသူရဲ့ 'အာဘော်'တော့ ပါမှာပဲ။ ဒါကို တချို့ကျတော့ မူရင်းကို ဖျက်လိုဖျက်ဆီး လုပ်တယ်လို့ မြင်ကြမှာပဲ။

နောက်တစ်ချက်ကတော့ ကိုယ့်ဘာသာစကားနဲ့ ကိုယ်ကြားခဲ့တာ ကိုယ်မြင်ခဲ့တာ၊ ကိုယ်ဖတ်ခဲ့တာကို ကိုယ်ကိုယ်တိုင်ကိုက ပြန်ပြောပြန် ရေးချင်တဲ့ ဆန္ဒရှိဖို့လိုတယ်။ တစ်ယောက်က ပြန်ပြောချင်ပြီး တစ်ယောက်က ပြန်မပြောချင်တာကတော့ ဘာဖြစ်လို့လဲဆိုတာ စိတ်ပညာ ပါရဂူတွေမှ သိတော့မှာပဲ။ ဒါပေမယ့် ရုတ်တရက်ပေါ်လာတဲ့ ဥပမာလေးတစ်ခုကိုပဲ ကျွန်တော်ထောက်ပြပါ့မယ်။ ကျွန်တော်ငယ်ငယ်တုန်းက ရုပ်ရှင်သွားကြည့်လို့ ရုပ်ရှင်ရုံထဲက ကျွန်တော်ထွက်လာရင် ကျွန်တော့်ဘေးမှာ အတူတူထိုင်ကြည့်ခဲ့တဲ့ သူငယ်ချင်းကိုပဲ ဒီဇာတ်လမ်းကို ပြောချင်နေတယ်။ ဒီပြင် မကြည့်နဲ့လေ။ လဲမွန်တော့ဟာ ပွတ်ရှကင်းရဲ့ 'ကော့ ကေးဆပ်အကျဉ်းသမား' ဆိုတဲ့ ဝတ္ထုကို သူ့စကားလုံးနဲ့ ပြန်ရေးခဲ့တယ် မဟုတ်လား။ ရုရှားစာဖတ်ပရိသတ်တွေက ပြင်သစ်လိုပဲ ဖတ်တတ်တယ်။ ဖတ်လည်းဖတ်ဖူးနေတဲ့အချိန်မှာ ပွတ်ရှကင်းဟာ ဗောတဲယားတို့၊ ရဲ့နီးယားတို့စာပေတွေနှင့် အခြားပြင်သစ်ကဗျာတွေကို ဘာသာပြန်ခဲ့တယ် မဟုတ်လား။

ဒီတော့ ဘာသာပြန်တာဟာ စာဖတ်ပရိသတ်ကို ဖတ်စေချင်လို့ ပြန်တာမဟုတ်ဘူး။ ဘာသာပြန်သူ ကိုယ်တိုင်က သူပြန်ချင်လို့ပြန်တာ။ သူ့အတွက် လိုလို့ပြန်တာ။ ဝတ္ထုတစ်ပုဒ်၊ ပန်းချီကားတစ်ကား၊ ကဗျာတစ်ပုဒ်ဟာ ဖန်တီးတဲ့ ရသပညာရှင်ကိုယ်တိုင်က သူဖန်တီးချင် စိတ်ပေါ်လာလို့ဖန်တီးတာ။ သူ့အတွက်လိုလားလို့ ဖန်တီးတာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဖန်တီးချက်၊ သူ့ ဘာသာပြန်ချက်တွေဟာ စာဖတ်သူ၊ ကြည့်မြင်သူအတွက် လိုသလား မလိုဘူးလား၊ အကျိုးရှိသလား၊ မရှိဘူးလား ဆိုတာကတော့ တစ်ပိုင်းပေါ့။ 'ကျွန်တော်တို့ရေးလိုက်တဲ့စာတွေကြောင့် ဘယ်လိုတုန့်ပြန်မှုတွေ ရှိတယ်မရှိဘူးဆိုတာတော့ ကျွန်တော်တို့ ပြောစရာမလိုဘူး'လို့ စာရေးဆရာ'တူးချက်'ပြောသလိုပေါ့။ အနုပညာတစ်ခုဟာ ဖန်ဆင်းသူ ကိုယ်တိုင်အတွက် လိုအပ်လို့ပေါ်လာတာဖြစ်တယ်။ သူကိုယ် အတွက် မလိုအပ်ရင် ဘယ်သူ့အတွက် လိုအပ်ဦးမှာလဲ။ ဒါဟာ ပြောစရာတောင် လိုမယ်မထင်ဘူး။

တခြားလူတွေ ဖတ်ပါစေ၊ တခြားလူတွေ အရသာခံနိုင်ပါစေ၊ တခြားသူတွေ မျှဝေခံစားနိုင်ပါစေဆိုတာ ဘာသာပြန်သူတစ်ယောက်အဖို့ ဒုတိယရည်ရွယ်ချက်သာ ဖြစ်တယ်။ အမှန်က သူကြိုက်လို့၊ သူ့အတွက် လိုလို့ ဘာသာပြန်ခိုင်းခြင်းသာ ဖြစ်တယ်။

စာရေးဆရာ ဖိုစချင်ကိုက ကျွန်တော့်ကို စကားတစ်ခွန်းပြောဖူးတယ်။

"ကျွန်တော် စာရေးဆရာ ပေါက်စဘဝတုန်းက ဝတ္ထုတွေထဲမှာ ဇာတ်လမ်းဇာတ်ကွက် ကောင်းကောင်းရေးတတ်တဲ့ စာရေးဆရာတွေကို သိပ်အားကျမိတာပဲ" တဲ့။

"ဂန္ထဝင်စာပေဝတ္ထုကြီးတွေကို ပြန်ကြည့်လိုက်တော့လည်း ဇာတ်လမ်းဇာတ်ကွက်တွေဟာ သိပ်ကောင်းတာပဲ။ ကောင်းလွန်းလို့အဲဒီ ဇာတ်ကွက်တွေကို ကျွန်တော်ဝတ္ထုတွေထဲမှာ သိပ်ထည့်သုံးချင်တာပဲ။ ဒီလောက်တောင်ကောင်းတဲ့ ဇာတ်ကွက်မျိုး မရေးနိုင်လေခြင်းဆိုပြီး ကိုယ့်ဘာသာကိုယ်လည်း အားမရဖြစ်မိတယ်။ ဒီနေ့ခေတ်မှာလည်းပဲ ဇာတ်ကွက်ကောင်းတွေကို ရေးနိုင်တဲ့ စာရေးဆရာတွေရှိပါသေးတယ်။ သူတို့ကို ကြည့်ပြီး အားမလိုအားမရ ဖြစ်ရတယ်" တဲ့။

ဖိုစချင်ကိုက အားကျစရာကောင်းတဲ့ ဇာတ်ကွက်အကြောင်းကိုပဲ ပြောသေးတာပါ။ တခြားအားကျစရာကောင်းတဲ့၊ စိတ်လှုပ်ရှားစရာကောင်းတဲ့ နိမိတ်ပုံတွေ၊ အသံတွေ၊ သံစဉ်တွေ၊ ခံစားချက်တွေကို ရေးနိုင်စွမ်းရှိတဲ့ အနုပညာရှင်တွေ အများကြီးရှိပါသေးတယ်။ ကျွန်တော်လည်း သူ့လိုပဲ အားကျမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တချို့ကပြောကြသေးတယ်။'ကျွန်တော်တို့ကတော့ တတ်နိုင်သမျှ ကိုယ်ပိုင်စကားလုံး၊ ကိုယ်ပိုင်နိမိတ်ပုံကိုပဲသုံးတယ်'တဲ့။ ကောင်းရင် တခြားသူဟာတွေကိုကော မသုံးရတော့ဘူးလား။

**မှီး၍ရေးခြင်း**

လူတော်တော်များများကပဲ မှီးတာကို ခိုးချတယ်လို့ ယူဆထားကြတယ်။ ဒါပေမယ့် ခိုးချတယ်ပဲထားပါဦး။ ဒါဟာတစ်ခုတည်းသော တရားဝင်ခိုးခြင်းလို့ ကျွန်တော်ယူဆချင်ပါတယ်။ ဒါပေမယ့် တခြားအနုပညာရှင်တစ်ယောက်ဖန်တီးထားတာကို ကိုယ့်သွေးထဲရောက်အောင် မယူနိုင်ရင်တော့ အဲဒီမှီးတာဟာလည်း အနုပညာမဟုတ်ဘဲ အလကားပဲ ဖြစ်မှာပဲ။

တနည်းပြောရရင် မှီးတာဟာ မူရင်းကို ကိုယ့်သွေးထဲရောက်အောင်လုပ်ရတာ ဖြစ်တယ်။ ကိုယ်ပိုင်ဖြစ်အောင် လုပ်ရတာ ဖြစ်တယ်။ ဒါမှ အနုပညာမြောက်နိုင်တယ်။

ခု . . . ကျွန်တော်ပြောတဲ့ အချက်တွေဟာ တခြားဘာသာတစ်ခုကနေ ဘာသာတစ်ခုကို ပြန်တဲ့နေရာမှာ အငြင်းပွားချင်ပွားနိုင်တယ်။ ဒါပေမယ့် သင်္ကေတတစ်ခုက အခြားသင်္ကေတတစ်ခုကို ပြန်ရာမှာတော့ အငြင်းပွားလို့ မရတဲ့အပြင် ဒီအတိုင်းဖြစ်အောင် ကြိုးစားနေကြရတယ်။ ဝတ္ထုတွေကို ရုပ်ရှင်တို့၊ ပြဇာတ်တို့၊ ပန်းချီတို့ ပြောင်းလဲရတဲ့ အနုပညာရှင်တွေ ပြောတဲ့စကားကို နားထောင်ကြည့်ရင် ဒီအချက်ကို သိနိုင်တယ်။ 'ကျွန်တော်သိပ်ခံစားရတယ်ဗျာ' လို့ပြောတတ်ကြတယ်။ 'ကျွန်တော် ဒါမျိုးဖတ်ချင်၊ ကြည့်ချင်နေတာ၊ ကြာပြီဗျာ'လို့လည်း ပြောတတ်ကြတယ်။ 'ကျွန်တော် စွဲနေတယ်ဗျာ'လို့လည်းပြောတတ်ကြတယ်။ အထူးသဖြင့် သင်္ကေတ ဘာသာပြန်ဆိုမှု၊ သင်္ကေတတစ်ခုကနေ အခြားသင်္ကေတ တစ်ခုသို့ ပြန်ဆိုရာမှာ ဒီအချက်ဟာ တော်တော် အရေးကြီးတယ်လို့ ထင်ပါတယ်။

ခံစားချက်မပါတဲ့ သင်္ကေတပြန်ဆိုမှုတစ်ခုဟာ သတင်းပေးရုံပဲ ရှိမှာပဲ၊ သိအောင်လုပ်တာမျိုးပဲ ဖြစ်မှာပဲ။ ဒီလိုအနုပညာမျိုးတစ်ခုတော့ ရှိလေရဲ့လို့ပြောရုံ၊ သတင်းပေးရုံသက်သက်ပဲ ဖြစ်မှာပဲ။ ဘာသာတစ်ခုကနေ တစ်ခုကိုပြန်ဆိုရာမှာလည်း ဒီအတိုင်းပဲ ဖြစ်ရလိမ့်မယ်ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တချို့ကပြောကြသေးတယ်။'ကျွန်တော်တို့ကတော့ တတ်နိုင်သမျှ ကိုယ်ပိုင်စကားလုံး၊ ကိုယ်ပိုင်နိမိတ်ပုံကိုပဲသုံးတယ်'တဲ့။ ကောင်းရင်တခြားသူ့ဟာတွေကိုကော မသုံးရတော့ဘူးလား။

**မှီး၍ရေးခြင်း**

လူတော်တော်များများကပဲ မှီးတာကို ခိုးချတယ်လို့ ယူဆထားကြတယ်။ ဒါပေမယ့် ခိုးချတယ်ပဲထားပါဦး။ ဒါဟာတစ်ခုတည်းသောတရားဝင်ခိုးခြင်းလို့ ကျွန်တော်ယူဆချင်ပါတယ်။ ဒါပေမယ့် တခြားအနုပညာရှင်တစ်ယောက်ဖန်တီးထားတာကို ကိုယ့်သွေးထဲရောက်အောင်မယူနိုင်ရင်တော့ အဲဒီမှီးတာဟာလည်း အနုပညာမဟုတ်ဘဲ အလကားပဲ ဖြစ်မှာပဲ။

တနည်းပြောရရင် မှီးတာဟာ မူရင်းကို ကိုယ့်သွေးထဲရောက်အောင်လုပ်ရတာ ဖြစ်တယ်။ ကိုယ်ပိုင်ဖြစ်အောင် လုပ်ရတာ ဖြစ်တယ်။ ဒါမှ အနုပညာမြောက်နိုင်တယ်။

ခု . . . ကျွန်တော်ပြောတဲ့ အချက်တွေဟာ တခြားဘာသာတစ်ခုကနေ ဘာသာတစ်ခုကို ပြန်တဲ့နေရာမှာ အငြင်းပွားချင်ပွားနိုင်တယ်။ ဒါပေမယ့် သင်္ကေတတစ်ခုက အခြားသင်္ကေတတစ်ခုကို ပြန်ရာမှာတော့ အငြင်းပွားလို့ မရတဲ့အပြင် ဒီအတိုင်းဖြစ်အောင် ကြိုးစားနေကြရတယ်။ ဝတ္ထုတွေကို ရုပ်ရှင်တို့၊ ပြဇာတ်တို့၊ ပန်းချီတို့ ပြောင်းလဲရတဲ့ အနုပညာရှင်တွေ ပြောတဲ့စကားကို နားထောင်ကြည့်ရင် ဒီအချက်ကို သိနိုင်တယ်။ 'ကျွန်တော်သိပ်ခံစားရတယ်ဗျာ' လို့ပြောတတ်ကြတယ်။ 'ကျွန်တော် ဒါမျိုးဖတ်ချင်၊ ကြည့်ချင်နေတာ၊ ကြာပြီဗျာ'လို့လည်း ပြောတတ်ကြတယ်။ 'ကျွန်တော် စွဲနေတယ်ဗျာ'လို့လည်းပြောတတ်ကြတယ်။ အထူးသဖြင့် သင်္ကေတ ဘာသာပြန်ဆိုမှု၊ သင်္ကေတတစ်ခုကနေ အခြားသင်္ကေတ တစ်ခုသို့ ပြန်ဆိုရာမှာ ဒီအချက်ဟာ တော်တော် အရေးကြီးတယ်လို့ ထင်ပါတယ်။

ခံစားချက်မပါတဲ့ သင်္ကေတပြန်ဆိုမှုတစ်ခုဟာ သတင်းပေးရုံပဲရှိမှာပဲ၊ သိအောင်လုပ်တာမျိုးပဲ ဖြစ်မှာပဲ။ ဒီလိုအနုပညာမျိုးတစ်ခုတော့ ရှိလေရဲ့လို့ပြောရုံ၊ သတင်းပေးရုံသက်သက်ပဲ ဖြစ်မှာပဲ။ ဘာသာတစ်ခုကနေ တစ်ခုကိုပြန်ဆိုရာမှာလည်း ဒီအတိုင်းပဲ ဖြစ်ရလိမ့်မယ်ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျွန်တော်ပြောချင်တဲ့ ဥပဒေသတစ်ခုကတော့ မူရင်းကို မပျက်စေချင်ရင်၊ ထိန်းသိမ်းချင်ရင် ဘာသာပြန်ရာမှာ ပြောင်းသင့်တဲ့နေရာကို ပြောင်းပါလို့ ပြောချင်တယ်။

ဒါပေမယ့် ဒီမှာတစ်ခုရှိတယ်။ ဘာသာပြန်မယ့် မူရင်းဟာ သိပ်ကောင်းလွန်းနေတတ်တယ်။ အစိတ်အပိုင်း တစ်ခုနှင့်တစ်ခုဟာလည်း သိပ်သည်းပြီး ဘယ်ဟာကိုမှ ဖြုတ်လို့မဖြစ်၊ ဘယ်ဟာကိုမှ ထပ်ဖြည့်လို့ မဖြစ်ဘဲဖြစ်နေတယ်။ ဒါပေမယ့် ပြောင်းကိုပြောင်းမှဖြစ်မယ်လို့ ကျွန်တော်ယူဆတယ်။ အရေးကြီးတာက ဘယ်နေရာမှာဘယ်လိုပြောင်းမလဲ။ ဘယ်နေရာမှာ ပြောင်းမလဲဆိုတဲ့ ကိစ္စဖြစ်တယ်။

ပိုပြီးထင်ရှားအောင် သင်္ကေတပြန်ဆိုမှု ဥပမာတစ်ခု ကျွန်တော်ပြမယ်။ ပန်းချီကျော်ရမ်းဘရင့်ရဲ့ 'သားဆိုးသားမိုက် အိမ်ပြန်လာချိန်' ဆိုတဲ့ ပန်းချီကားပါ။

ဒီပန်းချီကားဟာ သမ္မာကျမ်းစာမှာပါတဲ့ ပုံပြင်တစ်ခုကို အခြေခံထားတဲ့ ပန်းချီကား။ အခိပ္ပါယ်ကလည်း အလွန်ရှင်းတယ်။ သားကြီးက အဖေကိုပြန်ပြောတဲ့စကားဟာလည်း ပုံပြင်ရဲ့အခိပ္ပါယ်အနှစ်ချုပ်ပဲ။ သားအငယ်ဟာ မကောင်းတဲ့မိန်းမတွေနှင့် တေပေသုံးဖြုန်းပြီး အိမ်ပြန်လာတော့အဖေကအဆူဖြိုးဆုံးနွားကို သတ်ပြီးကျွေးမွေးတယ်။ 'တစ်သက်လုံးလုပ်ကျွေးပြုစုခဲ့ရတဲ့ ကျွန်တော့်အတွက်တော့ ဆိတ်ကလေးတစ်ကောင်တောင်သတ်ပြီးမကျွေးပါလား အဖေ' လို့သာ သားကြီးက မေးတယ်။

ဒီပုံပြင်ထဲမှာပါတဲ့ နိမိတ်ပုံတွေဟာ ရှင်းပါတယ်။ သိပ်ပြီး ပီပြင်ပါတယ်။ အဖေလုပ်သူဟာသားကြီးထက် သားငယ်ကိုပိုပြီး သဘောကျတယ်။ ဘယ်အတိုင်းအတာအထိ သဘောကျသလဲဆိုရင် သားငယ်ကို ဆူဖြိုးတဲ့နွားကို သတ်ကျွေးပြီး သားအကြီးကိုတော့ ဆိတ်ကလေးတစ်ကောင်တောင် သတ်ပြီးကျွေးဖော်မရဘူး။ အဲဒီ နိမိတ်ပုံတွေဟာ အားကောင်းလွန်းတဲ့အတွက် ပန်းချီဆွဲဖို့ စာရေးဖို့ကောင်းတယ်။

အဲဒီပုံပြင်ကို သင်္ကေတဘာသာပြန်နည်းမှာ ရမ်းဘရင့်က ဒီလို ပန်းချီရေးထားပါတယ်။

ပန်းချီကားရှေ့ပိုင်းမှာ ဖနောင့်ကြီးပုံကိုရေးထားပါတယ်။ ဖနောင့်ကြီးဟာ ကြမ်းရှ၊ မာကျော၊ ပေါက်ပြဲလို့။ ခရီးရှည်ကြီးကိုလာခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ လူတစ်ယောက်ရဲ့ ဖနောင့်ကြီး။ သူ့ဖနောင့်ကြီးကို ကြည့်လိုက်ရင်ပဲ အဲဒီလူဟာ ကျွန်တော်တို့ ရှေ့မှာတင်ပန်းချီကားကြီးထဲကို ဝင်သွားသလားလို့ ထင်ရလောက်အောင် အားကောင်းနေတယ်။

အဲဒီလူဟာ အဖေရှေ့မှာ ဒူးထောက်ထိုင်ပြီး ခေါင်းငုံ့ထားတယ်။ သူ့မျက်နှာကို မမြင်ရဘူး။ ဒီတော့ အဲဒီလူဟာ နောင်တရလေသလား။ ဝမ်းနည်းနေသလားဆိုတာ ကျွန်တော်တို့ မသိရဘူး။ ဒါပေမယ့် အဖေကြီးရဲ့ မျက်နှာကိုတော့ ကျွန်တော်တို့ မြင်ရတယ်။ ပြီးတော့ အဖေကြီးရဲ့ လက်ကို မြင်ရတယ်။ အဲဒီလက်ကို ကြည့်လိုက်ရုံနဲ့ အဖေကြီးရဲ့ဝမ်းသာမှု ခံစားမှု သားအပေါ်မှာ ထားတဲ့မေတ္တာ သားအတွက် စိတ်သောကဖြစ်ရတာအားလုံးကို ကျွန်တော်တို့ ခံစားလိုက်ရတယ်။ ပန်းချီကားတစ်ခုလုံးမှာ ကျန်တာတွေဟာဝါးပြီး မျက်နှာရယ် လက်တွေရယ် ဖနောင့်တွေရယ် ဒါတွေကိုပဲ အလင်းရောင်များများဖြင့် ဆွဲထားတယ်။ အဖိုးကြီးရဲ့နောက်မှာ ရပ်နေတဲ့လူသဏ္ဌာန်တွေကို ခပ်ဝါးဝါး မြင်ရတယ်။ အဲဒီထဲကတစ်ယောက်ဟာ အစ်ကိုဖြစ်ချင်ဖြစ်မှာပဲ။ ဟုတ်ချင်မှလဲဟုတ်မယ်။ ပန်းချီကားထဲမှာ ဆိတ်ရဲ့ပုံ၊ နွားရဲ့ပုံ မပါဘူး။ ဒါပေမယ့် ဒီပန်းချီကားဟာ ခရစ်ဝင်ကျမ်းမှာ လာတဲ့ပုံပြင်ရဲ့ အာဘော်ကို မိတယ်။ ပုံပြင်ကပြောတဲ့ အာဘော်က 'ကောင်းကင်တမန်တို့သည် နောင်တရသောလူဆိုးတို့၌ ဝမ်းမြောက်ခြင်းဖြစ်ကြ၏' ဆိုတဲ့ အချက်ပဲ။ ဒီတော့ ဒီပန်းချီကားမှာ လေလွင့်ပြီး ဖနောင့်တွေစုတ်ပြဲနေတဲ့ သားဆိုးတစ်ယောက် အဖေဆီပြန်ရောက်လာတဲ့သဘောဟာ ပေါ်လွင်ထင်ရှားနေတယ်။

ဒါဟာ သင်္ကေတပြန်ဆိုမှုမှာ ထင်ရှားတဲ့ဥပမာတစ်ခုပဲ။ ဒီတော့ ကျွန်တော်ပြောချင်တာက သင်္ကေတပြန်ဆိုတစ်ခုမှာ မူရင်းကို ထိန်းသိမ်းချင်တယ်ဆိုရင် ပြောင်းတန်တာကို ပြောင်းပါ။ ဘယ်နေရာမှာ ဘယ်လိုပြောင်းမလဲဆိုတာ ပြန်ဆိုသူအနုပညာရှင်ရဲ့ အပေါ်မှာမူတည်တယ်။

ဘာသာတစ်ခုကနေ အခြားဘာသာတစ်ခုကို ပြန်ဆိုတဲ့နေရာမှာလည်း မူရင်းကိုထိန်းသိမ်းနိုင်ဖို့အတွက် ပြောင်းတန်တာကို ပြောင်းရမယ်။ ဥပမာတစ်ခုကို ကျွန်တော်ပြပါ့မယ်။

ပွတ်ရုကင်းရဲ့ ကဗျာတစ်ပုဒ်ဖြစ်တဲ့ 'တောကျီးကန်းတစ်ကောင်သည် တောကျီးကန်းတစ်ကောင်ဆီသို့ ပြန်သည်' ဆိုတဲ့ ကဗျာကို ဥပမာ



www.burmeseclassic.com

www.burmeseclassic.com



ပြမယ်။ အဲဒီကဗျာဟာ စကော့ ကျေးလက်ဘဲလက် တစ်ခုကို မှီးထားတာ။ မူရင်းမှာ ကြောင်းရေ ၃၀ လောက်ရှိတယ်။ ပွတ်ရှကင်းရဲ့ဘာသာပြန်မှာ ၁၆ကြောင်းရှိတယ်။ နရီမှာလည်း မတူ။ စာကြောင်းရေမှာလည်း မတူဘူး။ ဒါတင်မကသေးဘူး မူရင်းမှာ 'သူရဲကောင်း' လို့ပါတာကို ပွတ်ရှကင်းက 'စစ်သည်တော်' လို့ပြန်ထားတယ်။ မူရင်းမှာ 'ချောမောတဲ့ အမျိုးကောင်းသမီး'ကို 'ချစ်သူရည်းစား'လို့ ပြန်ထားတယ်။ 'အမဲလိုက်ခွေး'ကို 'မြင်းနက်ကြီး'လို့ပြန်ထားတယ်။ ဘာဖြစ်လို့ ဒီလိုပြောင်းထားသလဲ။ တခြားကြောင့် မဟုတ်ပါဘူး။ နဂိုမူရင်း စကော့ဘဲလက်ရဲ့ ကျေးလက်သဘာဝကို ထိန်းသိမ်းထားစေချင်လို့ပဲ။

**ဘာသာပြန်ဗေဒအတွင်းပေါင်းကူးခြင်းနှင့်အပြင်ပေါင်းကူးခြင်း**

ဘာသာပြန်ဆိုမှုနှင့်ပတ်သက်လို့ ဆိုဗီယက်စာရေးဆရာ ဆာကျီယက် အယူအဆကိုဆက်လက်ဖော်ပြချင်ပါတယ်။ အနုပညာလက်ရာ သစ်ကို ဘာသာပြန်ဆိုရာမှာ သူ့တိုင်းပြည်နဲ့ကိုယ့်တိုင်းပြည် သူ့ယဉ်ကျေးမှုနှင့် ကိုယ့်ယဉ်ကျေးမှု သူ့ဓလေ့ထုံးစံနှင့် ကိုယ့်ဓလေ့ထုံးစံတို့ ကွာခြားတာရှိပါတယ်။ ဒါတွေကို တူအောင် ညီမျှခြင်းချသင့်တယ်။ ဘယ်လိုပြောင်း လဲသင့်တယ်ဆိုတာနဲ့ ပတ်သက်တဲ့ သူ့အယူအဆကို ဆက်လက် တင်ပြထားပါတယ်။ သူကဒီနည်းကို အင်္ဂလိပ်လို 'အက်ကွီကားလ်ချာ'လို့ခေါ်ပါတယ်။ ယဉ်ကျေးမှုပေါင်းကူးတယ်လို့ ခေါ်ရင်ရမယ်ထင်ပါတယ်။

အနုပညာလက်ရာတစ်ခုဟာနည်းနှစ်နည်းအားဖြင့် ယဉ်ကျေးမှုပေါင်းကူးနိုင်တယ်။

–တနည်းကတော့ အခြားတိုင်းပြည်တစ်ပြည်ရဲ့ နိုင်ငံသားအဖြစ်ခံလိုက်တာမျိုးဖြစ်တယ်။

–ဒုတိယနည်းကတော့ သူများတိုင်းပြည်မှာ သံတမန်အဆင့်နဲ့ သွားရောက်နေထိုင်တာမျိုးဖြစ်တယ်။

ပထမနည်းအရပေါင်းကူးရင် အဲဒီအနုပညာလက်ရာဟာ အတွင်းကိုဝင်ရောက်ပြီး ပေါင်းကူးသွားနိုင်တယ်လို့ ပြောနိုင်တယ်။ သဘောကတော့ အဲဒီ အနုပညာဟာ ပတ်ဝန်းကျင်သစ်မှာ သူများတိုင်းပြည်မှာ ကိုယ့်ပတ်ဝန်းကျင် ကိုယ့်တိုင်းပြည်မှာလို နဂိုနေရာနဂိုအဆင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ရရှိနေတယ်။ ဒုတိယနည်းဖြင့် ပေါင်းကူးရင် အပြင်ပန်းအားဖြင့်ပေါင်းကူးတာ။ သဘောက ကိုယ့်တိုင်းပြည် ယဉ်ကျေးမှုရဲ့ အထူးအာဏာကုန်လွှဲအပ်ထားတဲ့ သံအမတ်ကြီးအဖြစ်နဲ့နေပြီး သူများပြည်တွင်းရေးမှာ စွက်ဖက်ခြင်းမပြုဘဲ သီးသန့်နေတာမျိုးနဲ့တူတယ်။ သို့သော်လည်း ယဉ်ကျေးမှုသံအရာရှိတစ်ယောက်လို သူရောက်ရှိနေတဲ့ တိုင်းပြည်ကအတွေးအခေါ်တွေ၊ အမြင်တွေ၊ အယူအဆတွေကို ပြောင်းအောင်လုပ်ရမှာတော့ အနည်းအများဆိုသလို အထောက်အကူ ပေးနိုင်တယ်။ တစ်နည်းပြောရရင် ပထမနည်းဟာ 'ရုရှားဟန်' ဘာသာပြန်ဆိုတာ။ ဒုတိယနည်းကတော့ 'ရုရှားဘာသာ သို့' ဘာသာပြန်ဆိုတာ။ ဒီနှစ်ခုဟာတော်တော်လေးကွဲပြားတဲ့ ပေါင်းကူးနည်းနှစ်ခုဖြစ်ပါတယ်။

အင်္ဂလိပ်ကဗျာဆရာ တောမတ်စ်မိုးရဲ့'ဆည်းဆာခေါင်းလောင်းသံများကို' ဆိုတဲ့ကဗျာကို အိုင်ဗန်ကော့ဇလော့က 'ရုရှားဟန်' ဘာသာပြန်ဆိုလိုက်တဲ့အခါမှာ အဲဒီကဗျာဟာ သိပ်ပြီးကောင်းတဲ့ တေးကဗျာတစ်ပုဒ်ဖြစ်လာတယ်။ သူ့မူရင်း နေရင်းတိုင်းပြည်မှာဆိုရင် ဒီကဗျာဟာကျွန်တော်တို့ဆီမှာလောက် လူကြိုက်များမယ်မထင်ဘူး။ ဒစ်ကင်းရဲ့ 'ဒေါက်တာ ဒူးလစ်စတဲ'က ရုရှားဟန်နဲ့ပြန်လိုက်တော့ 'ဒေါက်တာအီဗိုလစ်' ဖြစ်လာပြီး ဟစ်ပိုကရေးတီးပြီးရင် ဒုတိယအရေးကြီးတဲ့ သမားတော်ဖြစ်လာသည်။ သူ့မူရင်းဖြစ်တဲ့ ဒေါက်တာဒူးလစ်တဲဟာ အင်္ဂလန်ပြည်မှာ ဒီလောက်လူတွေ စိတ်ဝင်စားပါမလားလို့ ကျွန်တော်သံသယဖြစ်ချင်တယ်။

နောက်တစ်နည်းဖြစ်တဲ့ အပြင်ပေါင်းကူးနည်းမှာလည်း ကောင်းတာတွေရှိပါတယ်။ ဥပမာအားဖြင့် ရော်ဘတ်ဘန်စ်းနဲ့ မင်းလ်တို့ ကဗျာတွေကဇာတ်ကောင်များကို မားရှပ်နဲ့ ဖာကိုးဒါးတို့က ရုရှားဘာသာကို တိတိကျကျဘာသာပြန်တယ်။ သူ့မူရင်းစကားရဲ့ ဝါကျဖွဲ့ပုံကိုပါ မပျက်ရအောင် ထိန်းသိမ်းပြန်နိုင်ခဲ့တာကလည်း တစ်မျိုးစွဲလမ်းစရာကောင်းပါတယ်။

ဘာသာပြန်အနုပညာလက်ရာတွေဟာ စာဖတ်ပရိသတ်ကို အကျိုးပြုတယ်။ အနုပညာလက်ရာကို အတွင်းပေါင်းကူးနည်းနဲ့ အပြင့်ပေါင်းကူးနည်းများဟာလည်း စာဖတ်ပရိသတ်တွေရဲ့ အထူးထူးသော



www.burmeseclassic.com

www.burmeseclassic.com



လိုအင်များကို ဖြည့်စွမ်းပေးကြတယ်။ တစ်နည်းပြောရရင် သူတို့ရဲ့ စိတ္တဗေဒဆိုင်ရာလိုအပ်ချက်များကို ဖြည့်စွမ်းပေးကြတယ်။

ခုတလော ဆိုဗီယက်ယူနီယံမှာ ခေတ်စားနေတဲ့ စိတ်ပညာရှင် ဗလယ်ဒီမာလေဗီရဲ့ စာအုပ်နှစ်အုပ်ရှိတယ်။ တစ်အုပ်ကတော့ 'မိမိကိုယ်ပိုင်ဖြစ်အောင် လုပ်ခြင်းအတတ်ပညာ' ဆိုတဲ့စာအုပ်ဖြစ်ပြီး နောက်တစ်အုပ်ကတော့ 'မိမိကိုယ်ပိုင်ဖြစ်အောင်မလုပ်ခြင်းအတတ်ပညာ'လို့ဆိုတဲ့ စာအုပ်ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်သူ့စာအုပ်နှစ်အုပ်ရဲ့ ခေါင်းစဉ်ကိုယူသုံးချင်ပါတယ်။

အတွင်းနည်းနဲ့ပေါင်းကူးခြင်းဟာ မိမိကိုယ်ပိုင်ဖြစ်အောင်လုပ်ခြင်း အတတ်ပညာပါပဲ။ နိုင်ငံခြားအရာကို ကိုယ်ပိုင်ဖြစ်အောင်လုပ်တာ မိမိရဲ့ အကြိုက်နဲ့ညီအောင် ပြုပြင်ဖန်တီးတာ မိမိရဲ့အလိုဆန္ဒနဲ့ ညီအောင် ပြောင်းလဲတာလို့ဖြစ်ပါတယ်။

အပြင်ပေါင်းကူးနည်းကတော့ကိုယ့်ကိုကိုယ်ကို အခြားလူတစ်ဦး ဖြစ်အောင်ပြောင်းလဲကြည့်တာ။ ဥပမာ စပိန်တစ်ယောက်ဖြစ်သွားအောင် အင်္ဂလိပ်တစ်ယောက်ဖြစ်သွားအောင် ဂျပန်တစ်ယောက်ဖြစ်သွားအောင် ပြောင်းလဲကြည့်တာ။ အခြားသူတစ်ဦးတစ်ယောက်ရဲ့ အရေခွံထဲကိုဝင်ပြီး သူ့ဝိညာဉ်ထဲကိုဖောက်ထွင်းကြည့်တာမျိုး ဖြစ်ပါတယ်။

အတွင်းပေါင်းကူးနည်းနဲ့ အပြင်ပေါင်းကူးနည်းဟာ ပြဿနာကို ကိုင်တွယ်တဲ့နေရာမှာ နည်းချင်းမတူပါဘူး။ အတွင်းပေါင်းကူးနည်းဆိုတာထဲမှာ လွတ်လပ်စွာဘာသာပြန်မှုအမျိုးမျိုး အကျုံးဝင်နေပါတယ်။ မိုးတာဆီလျော်အောင်ပြန်တာ အခြေခံမှီးရေးတာ ထုတ်နုတ်ပြီးရေးတာ ဇာတ်လမ်းကိုယူတာ အတုယူရေးတာ စတဲ့နည်းတွေပါပါတယ်။ အပြင်ပေါင်းကူးနည်းကတော့ အားလုံးကိုအတိအကျ ပြန်ဆိုတဲ့နည်းဖြစ်ပါတယ်။အဲဒီနည်းနှစ်နည်းစလုံးမှာ ပြောစရာချို့ယွင်းချက်တွေရှိတာ ချည်းပါပဲ။ ဒီတော့ဒီနှစ်နည်းစလုံးမှာ တွေ့ရတဲ့အားနည်းချက်တွေ ချို့ယွင်းချက်တွေကို ကျွန်တော်ပြောချင်ပါတယ်။ 'တိကျစွာ ပြန်ဆိုခြင်း' ဟာ မကောင်းဘူးလို့ ကျွန်တော်တို့တစ်တွေ အများအားဖြင့် ထင်တတ်ကြပါတယ်။ အမှန်ကတော့ နှစ်နည်းစလုံးမှာ သူ့နည်းနဲ့သူ အားနည်းချက်တွေရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တိကျစွာ ပြန်ဆိုမှုရဲ့ အားနည်းချက်ကို အထူးသဖြင့် သင်္ကေတ ပြန်ဆိုမှုတွေမှာ ပိုပြီးတွေ့ရတတ်ပါတယ်။ ဘာသာတစ်ခုကနေ တစ်ခုကို ပြန်ဆိုရာမှာ သို့မဟုတ် အနုပညာလက်ရာတစ်ခုကနေ အခြားတစ်ခုကို ပြန်ဆိုရာမှာ တိကျတယ်၊ မတိကျဘူးဆိုတဲ့ ပြဿနာကို ဆုံးဖြတ်ဖို့ အရေးကြီးဆုံးကတော့ မူရင်းအနုပညာရဲ့ အမျိုးသားအငွေ့အသက်ကို ထိန်းသိမ်းထားရေးဟာ အဓိကအကျဆုံးဖြစ်ပါတယ်။(ဥပမာ အမေရိကန် ဝတ္ထုတစ်ခုကိုပြန်ရင် အမေရိကန်အမျိုးသားတွေရဲ့ အငွေ့အသက်ကို ထိန်းသိမ်းထားနိုင်ရေးကို ဆိုလိုတာဖြစ်တယ်) ဒီမှာ ရုရှားဂန္ထဝင်စာပေတွေကို ရိုက်တဲ့ရုပ်ရှင်နှင့်ပြဇာတ်ကို ကျွန်တော်ဥပမာပြချင်ပါတယ်။

ရုရှားဂန္ထဝင် စာအုပ်တွေအတွက် နိုင်ငံခြားသားတွေရေးတဲ့ ပန်းချီကားတွေ၊ ရုပ်ပုံတွေကို ကျွန်တော်ဥပမာပြချင်ပါတယ်။ အဲဒါတွေကို ရုရှားအမျိုးသားတစ်ယောက် အနေနှင့်ကြည့်လိုက်ရင် ရိုက်တဲ့သူ၊ ဆွဲတဲ့သူက ဘယ်လောက်ပဲစေတနာထားထား၊ အပြောင်အပျက်ဆွဲတာမျိုးနှင့် တူနေပါတယ်။ ပိုပြီးထင်ရှားအောင် ဥပမာပြရရင် ဂေါ်ကီရဲ့ 'အောက်ဆုံးအလွှာ' ပြဇာတ်ကို ဂျပန်ဒါရိုက်တာကြီး ဖြစ်တဲ့ ကူရိုဆားဝါးက ရုပ်ရှင်ရိုက်တာပဲ ကြည့်ပါ။ သူတို့အထဲက ဇာတ်ဆောင်တွေရဲ့ အမူအရာတွေဟာ ရုရှားနဲ့လုံးလုံးမတူဘဲ ဂျပန်စရိုက်တွေပေါ်နေတာကို တွေ့ရပါတယ်

သင်္ကေတပြန်ဆိုမှုမှာသာ မဟုတ်ပါဘူး။ ဘာသာတစ်ခုကနေ ဘာသာရပ်တစ်ခုကို ပြန်ဆိုတဲ့နေရာမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ အပြောင်အပျက်လုပ်ထားတာနှင့် သိပ်တူနေပါတယ်။ သို့သော်လည်း သူကတော့ သင်္ကေတပြန်ဆိုမှုမှာလောက် သိပ်မသိသာဘူး။ ဘာသာနှစ်မျိုးစလုံးကို ကျွမ်းကျင်တဲ့သူတွေလောက်ပဲသိတယ်။ ယဉ်ကျေးမှု နှစ်မျိုးစလုံးနားလည်သူတွေလောက်ပဲ သိတယ်။ ကျွန်တော်တို့ စာပေမဂ္ဂဇင်းတွေထဲမှာ အာမေးနီးယန်း ကဗျာတွေကို ရုရှားဘာသာပြန်တာထက် အာမေးနီးယန်းတွေပြန်တာကာ သူတို့ရဲ့ အငွေ့အသက်ပိုပြီးပါလိမ့်မည်လို့ ကျွန်တော်ထင်တယ်။

အတွင်းပေါင်းကူးနည်းမှာတော့ လွတ်လပ်စွာ ပြန်ဆိုမှုကို အသားပေးတယ်။ အာမေးနီးယန်းကဗျာတစ်ပုဒ်ကို ရုရှားလိုပြန်ရင် ရုရှားကဗျာတစ်ပုဒ်ကို ဖတ်ရသလို ဖတ်ကောင်းနေရမယ်။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီနည်းနှစ်နည်းစလုံးမှာတွေ့ရတဲ့ ချွတ်ယွင်းချက်က အတွင်းအပြင် ပေါင်းကူးရင်လည်း မူရင်းအငွေ့အသက်ကိုပါအောင် မပြန်နိုင်ရန် အပြောင်းအပျက် ဘာသာပြန်သလို ဖြစ်နေတတ်တယ်။

ဒီတော့ ဘာသာပြန်ရာမှာ အတွင်းပေါင်းကူးနည်း၊ တစ်နည်းပြောရရင် လွတ်လပ်မှုကိုသုံးမလား၊ အပြင်ပေါင်းကူးနည်း တစ်နည်းပြောရရင် တိကျမှုကိုယူမလားဆိုတဲ့ ပြဿနာကို ကျွန်တော်တို့ စဉ်းစားစရာ ဖြစ်လာတယ်။ ဒါပေမယ့် ဒါကဘာသာပြန်သူဘက်က တစ်ဖက်သတ်ကြည့်တဲ့အမြင် ဒီနေရာမှာမူရင်းစာရေးဆရာရဲ့ ဆန္ဒကိုလည်းထည့်သွင်း စဉ်းစားပေးရပေလိမ့်မယ်။ မူရင်းစာရေးဆရာကတော့ သူ့နဂိုအတိုင်း အပြောင်းအလဲမရှိ၊ အပိုအလိုမရှိ၊ ဖြုတ်တာမရှိ၊ ထပ်ဖြည့်တာမရှိတာမျိုး လိုချင်ပေလိမ့်မယ်။ သူ့ဘက်ကနေ ကြည့်ရင်လည်း ဟုတ်တာပဲ။

ဒီတော့ ဘာသာပြန်သူဘက်က ပြောစရာရှိလာပြန်တယ်။ ခင်ဗျား ပြောတာတရားပါတယ်။ မှန်တပါတယ်။ ဒါပေမယ့် ခင်ဗျားက ဘာသာပြန်တဲ့သူမဟုတ်ဘူး။ ဘာသာအပြန်ခံရတဲ့လူ။ ဒီတော့ အပြောင်းအလဲကတော့နည်းနည်းပါးပါးရှိမှာပဲ။ မလွှဲမရှောင်သာဘူး။ အပြောင်းအလွဲမရှိ ဘာသာပြန်လို့ ရတယ်ဆိုရင်တော့ ခင်ဗျားစာကို ခင်ဗျားဘာသာပဲ ဘာသာပြန်ပေတော့ ပြောလာရင် ဘယ့်နှယ်လုပ်မလဲ။

ကျွန်တော်ပြောချင်တာက စာရေးဆရာကိုယ်တိုင် ပြန်တိုင်းလည်း တိကျတာမဟုတ်ဘူး။ အခြားသူတစ်ယောက် ပြန်တိုင်းလည်း လွဲတာ မဟုတ်ဘူး ဆိုတဲ့အချက်ကို ပြောချင်တာ။

သင်္ကေတ ပြန်ဆိုနည်းက ဥပမာတစ်ခုကို ကျွန်တော်ပြမယ်။

ပွတ်ရကင်းရေးတဲ့ 'ကိုလုံနာမှ အိမ်တစ်ဆောင်' ဆိုတဲ့ဝတ္ထုမှာ ပွတ်ရကင်းကိုယ်တိုင် သရုပ်ဖော်ပုံရေးတယ်။ နောက်ဆုံးစာပိုဒ်ကို သရုပ်ဖော်တဲ့ပုံ။ အဲဒီနောက်ဆုံးစာပိုဒ်က 'အိမ်ဖော်အမျိုးသမီးသည် မုတ်ဆိတ်ရိတ်နေလေ၏။' လို့ဆုံးထားတယ်။ (သင်္ကေတပြန်ဆိုမှု လုပ်ထားတယ်) ပုံရှေ့ပိုင်းမှာ ဦးထုပ်ဆောင်းထားတဲ့ သဏ္ဌာန်တစ်ခု မှန်ရှေ့မှာ ရပ်နေတယ်။ ပြတင်းပေါက်နားမှာ စားပွဲတစ်လုံးရှိတယ်။ ပြတင်းပေါက်နားမှာ အဘွားကြီးတစ်ယောက်က လက်ပိုက်ပြီး တအံ့တဩနှင့် ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အနားကကြမ်းပြင်ပေါ်မှာ ကြောင်နက်တစ်ကောင် လှဲနေတယ်။ ဒီတော့ ပွတ်ရှကင်း ဆွဲထားတဲ့သရုပ်ဖော်ပုံဟာ သူရေးတဲ့ မူရင်းစာနဲ့ ဘယ်လောက်လွဲနေပြီလဲ။ မူရင်းမှာက အိမ်ဖော်မိန်းမ မုတ်ဆိတ်ရိတ်နေတာကို အဘွားကြီးက ပြတင်းပေါက်ကနေ လှမ်းမြင်ရတာ မဟုတ်ဘူး။ အဲဒီအိမ်ဖော်မိန်းမရဲ့ အခန်းထဲကို ဝင်လာတုန်း တံခါးပေါက်ဝမှာ ရပ်နေတုန်း မြင်ရတာ။ မူရင်းဝတ္ထုထဲမှာ ကြမ်းပြင်ပေါ်မှာ ကြောင်နက်တစ်ကောင် လှဲနေတာမပါဘူး။

ပွတ်ရှကင်းရဲ့ အဲဒီဝတ္ထုက အဲဒီအပိုဒ်ကိုပဲ ပန်းချီဆရာအယ်လိပ်ဇန်ဒါး ဗရူးကော့က ဆွဲထားတဲ့ပုံကိုကြည့်ဦး။ (သင်္ကေတပြန်ဆိုမှု၊ လုပ်ထားတဲ့ပုံကိုကြည့်ဦး)သူကပိုပြီးတိကျတယ်။ ဝတ္ထုထဲကလိုပဲ အဘွားကြီးက အိမ်ဖော်မုတ်ဆိတ်ရိတ်နေတာကို အခန်းဝကလှမ်းမြင်တာပြတင်းပေါက်အပြင်ဘက်က မဟုတ်ဘူး။ ကြောင်နက်တစ်ကောင် ကြမ်းပြင်ပေါ် လှဲအိပ်နေတာလည်း မပါဘူး။

ဒီတော့ ကျွန်တော်ပြောချင်တာက စာရေးဆရာကိုယ်တိုင် ဘာသာပြန်တိုင်း တိကျတာမဟုတ်ဘူး။ တစ်ချို့နေရာတွေမှာ ဘာသာပြန်တဲ့လူထက်တောင် လွဲနေချင်လွဲနေတတ်သေးတယ်။

ဒီတော့ တစ်ချို့ကပြောကြမယ်။ မူရင်းစာရေးဆရာရဲ့က ဆန္ဒဟာ ဥပဒေပဲလို့ ဆိုကောင်းဆိုကြမယ်။ ကောင်းပြီ။ ဒါဖြင့်ရင် ဘယ်လိုဥပဒေမျိုးလဲ။ အစစအရာအရာ တိကျရမယ်ဆိုတဲ့ ဥပဒေသလို့ မှတ်ရမှာလား။

အစစအရာရာ တိကျရမယ်လို့ စာပေပညာရှင်တွေ၊ ဝေဖန်ရေးဆရာတွေကပြောတော့ ကျွန်တော်တစ်ခွန်းပဲ ပြန်ပြောလိုက်ချင်တယ်။ ဒါဖြင့်ရင် ခင်ဗျားတို့ပဲ ဘာသာပြန်ကြပါတော့လို့ပဲ ပြောရတော့မယ်ထင်တယ်။

ကျွန်တော့်အမြင်မှာတော့ ရသစာပေကို ဘာသာပြန်ရာမှာ အရေး ကြီးဆုံးကတော့ တစ်ခုတည်းပဲရှိတယ်။

အဲဒါကတော့ ဘာသာပြန်ဟာ မူရင်းနှင့်ကိုက်ညီရမယ်။ ကိုက်ညီရမယ်ဆိုတာ မူရင်းလိုပဲ အနုပညာအရည်အသွေး ရှိရမယ်ဆိုတဲ့ အချက်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားအချက်က နည်းနည်းတော့ သိမ်မွေ့တယ်။ ရှင်းပြရ တာခက်တယ်။ အမှန်ကတော့ အဲဒီအချက်ဟာ အရေးကြီးဆုံးပဲ။ ဒီအချက်ကြောင့်သာလျှင် ကျွန်တော်တို့ဟာ ရသစာပေတစ်ခုကို ဘာသာပြန်နေကြတာ မဟုတ်လား။ ဒီအနုပညာအရည်အသွေးမပါဘဲ ဘာသာပြန်နေရင် မူရင်းက ဘယ်လောက်ကောင်းကောင်း အဲဒီဘာသာပြန်ဟာ အကျဉ်းချုပ်တစ်ခု၊ အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခု၊ ရှင်းလင်းချက်တစ်ခုပဲ ဖြစ်နေမှာပဲ။ ဒါပေမယ့် အနုပညာလက်ရာတစ်ခုတော့ ဖြစ်မလာနိုင်ဘူး။

ဒီနေရာမှာ ဘာသာပြန်ဆရာတစ်ဦးဖြစ်တဲ့ 'ဒေးဗစ်ဆမ္ဗိုင်းလော့' ပြောတဲ့စကားတစ်ခွန်းကို ကျွန်တော်သဘောကျတယ်။ သူက ကဗျာကို ဘာသာပြန်သူတစ်ယောက်ဟာ 'ရုရှားကဗျာဥပဒေသက ခွင့်ပြုထားတဲ့ အတိုင်းအတာအထိ အစစအရာရာတိကျရမယ်။ စကားလုံးတွေရဲ့ အနက်အဓိပ္ပါယ်နဲ့အနက်တူတွေကို နက်ရှိုင်းစွာ သိရမယ်။ တစ်ချို့ငုပ်နေတာတွေကိုဖော်ရမယ်။ အတွေးတွေကို ရှင်းလင်းဖွင့်ဆိုရမယ်။ မူရင်းစာရေးဆရာ ရဲ့ ခံစားချက်ကို ဝင်ခံစားကြည့်ရမယ်။ မိမိရဲ့ ယဉ်ကျေးမှု အတွေ့အကြုံ တွေ၊ စိတ်ဆိုင်ရာ အတွေ့အကြုံတွေကို အသုံးပြုရမယ်'လို့ ပြောသွားပါတယ်။

သူ့အဆိုကိုကျွန်တော်သဘောတူတယ်။ ဒါပေမယ့် စာရေးဆရာ တစ်ယောက်ဟာ ဒီတာဝန်တွေ အားလုံးကိုတော့ မထမ်းနိုင်ဘူးထင်တယ်။ အတွေးအခေါ်တွေကို ရှင်းလင်းဖို့၊ မူရင်းစာရေးဆရာတွေရဲ့ ခံစားချက်ကို ဝင်ခံစားကြည့်ဖို့၊ မိမိယဉ်ကျေးမှု အတွေ့အကြုံနှင့်အတတ်ပညာကို အသုံးချဖို့ ဆိုတာလောက်တွေကိုတော့ စာရေးဆရာတတ်နိုင်ပါတယ်။ ဒါပေမယ့် စကားလုံးတွေရဲ့ အဓိပ္ပါယ်၊ အနက်တူစကားလုံးတွေရဲ့ သဘောကို နက်ရှိုင်းစွာသိဖို့၊ ပူးတွဲစကားတွေ၊ အဓိပ္ပါယ်တွေကို နားလည်ဖို့ဆိုတာတွေကတော့ ပညာရှင်ရဲ့ အလုပ်ဖြစ်တယ်လို့ ထင်တယ်။

ခုအထိတော့ စာပေပညာရှင်တွေဟာ ဘာသာပြန်ဆရာတွေရဲ့ အမှားကို စောင့်ဖမ်းပြီး အပျော်ကစားနေကြတယ်။ မတိကျမှုတွေကို စောင့်ဖမ်းပြီး အပျော်ကစားနေကြတယ်။ တကယ်တော့ တိကျမှုရဲ့ အတိုင်းအတာကို သိပ္ပံနည်းကျကျ သတ်မှတ်ဖို့ 'မှိုငြိမ်းပြုသည် ဆီပျော်



www.burmeseclassic.com

www.burmeseclassic.com



အောင် ဘာသာပြန်သည် မှီးသည် အနက်ပြန်ဆိုသည် အခြေခံသည်' ဆိုတဲ့ စကားလုံးတွေကို တစ်ခုနှင့်တစ်ခု ဘယ်လိုကွဲပြားခြားနားကြတယ် ဆိုတာကို သတ်မှတ်ဖို့ လိုတယ်လို့ ကျွန်တော်ထင်တယ်။

ဘာသာပြန်ရာမှာ ဘာသာဗေဒအရရော မှန်မှ၊ စာပေအနုပညာ ပညာလည်း မြောက်မှ ဘာသာပြန်ကောင်းတစ်ခု ဖြစ်တယ်ဆိုတာက တော့ လူတိုင်းလက်ခံကြမှာပါပဲ။ ဒီနှစ်ခုစလုံး မှန်ကန်ဖို့အတွက် ကျွန် တော်တို့ဟာ အထက်မှာပြောခဲ့တဲ့ ပြဿနာများကို စဉ်းစားသင့်တယ်လို့ ထင်ပါတယ်။ ■

**(၁၉၈၇မေ၊ ဇွန်နှင့် ဇူလိုင်လထုတ် ပန်ရုပ်စုံမဂ္ဂဇင်း မှ ဆရာမြသန်းတင့်၏ ဘာသာပြန်အတတ်ပညာနှင့် ပတ်သက်သည့်ဆောင်းပါးများကို ပြန်လည်စုစည်းဖော်ပြခြင်း ဖြစ်ပါသည်။)**

**(ရွှေရုပ်စုံ မဂ္ဂဇင်း)**

**၁၉၉၃၊ ဧပြီလ**



www.burmeseclassic.com

www.burmeseclassic.com

# နှင်းမှုန် ကြာပွင့်နှင့် အယ်ဒီတာ့စားပွဲ

နှင်းမှုန်တို့ဝေစ ဟေမန်ဦးတစ်ရက်၌ 'စာပေဂျာနယ်' အယ်ဒီတာအဖွဲ့နှင့်တွေ့စဉ် သူတို့ကအိတ်ထဲမှ စာအုပ်တစ်အုပ်ကို ထုတ်ပြကာ "ဆရာ ဒီစာအုပ်ကို မှတ်မိသလား" ဟုမေးကြသည်။

ကျွန်တော်သည် သူတို့ထုတ်ပြလိုက်သော စာအုပ်ကို လှမ်းကြည့်လိုက်၏။ စာအုပ်မှာ အတော်ဟောင်းနွမ်းနေလေပြီ။ သို့ရာတွင် ကတ်ထူဖုံးဖြင့် ပြန်ချုပ်ထားသဖြင့် သပ်သပ်ရပ်ရပ် ဖြစ်နေ၏။ စာအုပ်က အလျား ဆယ်လက်မ၊ အနံ ခုနစ်လက်မခန့်ရှိသည့် မထူမပါး၊ မဂ္ဂဇင်းစာအုပ်။သည်စာအုပ်ကို ကျွန်တော်ဘယ်မှာ မမှတ်မိဘဲ ရှိပါ့မလဲ။

အောက်ခံကြွေစက္ကူပေါ်တွင် ငွေရောင်ကနုတ်ပန်း ဘောင်ခတ်လျက်။ အောက်နားတွင် ကနုတ်ဟန်ဖြင့် ရေးထားသည့် ကြာပွင့်ကြီးတစ်ပွင့်။ ထိုကြာပွင့်ပေါ်တွင် ရှေးအဝတ်အစားဖြင့် စောင်းတီးနေသည့် မိန်းမပျိုတစ်ဦး၏ ဘေးတိုက်ပုံ။ စာအုပ်အလယ် ကနုတ်ပန်းများ ဘောင်အတွင်းတွင်မူ လေးရောင်ရိုက်ထားသည့် ရှုခင်းတစ်ခု။ နှင်းမှုန်တွေပိတ်ဖုံးနေသော တောတောင်ထဲက တဲအိုကလေးတစ်လုံး။ တဲဘေးတွင် ရေနွေးအိုးကျိုရင်း မီးလှုံနေသောလူရိပ်ပုံသဏ္ဌာန်သုံးလေးခု။ မီးဖိုတွင် ဝိုင်း၍



www.burmeseclassic.com

www.burmeseclassic.com



မီးလုံးလျက်။ မီးခိုးတန်းကလေးများက ကောင်းကင်သို့ ပျံတက်နေကြသည်။ မျက်နှာဖုံးထိပ်နားတွင် 'စာပေ' ဟုစာလုံးဝိုင်းဖြင့်ရေးထားသည်။

ဘယ်မှာလျှင် ကျွန်တော် မမှတ်မိဘဲနေပါမလဲ။ လွန်ခဲ့သော (၃၆) နှစ်၊ (၁၉၅၂) ခုနှစ်တုန်းက မြန်မာနိုင်ငံစာရေးဆရာအသင်းမှ စာ ဆိုတော် အထိမ်းအမှတ်ဖြင့် ထုတ်ဝေခဲ့သော စာပေမဂ္ဂဇင်း။ တာဝန်ခံ အယ်ဒီတာက ကျွန်တော်။

"တာဝန်ခံအယ်ဒီတာကဆရာ့နာမည်။ မဂ္ဂဇင်းနာမည်က'စာပေ' တဲ့။ ကျွန်တော်လဲ ဒီမဂ္ဂဇင်းအကြောင်း တစ်ခါမှမကြားဖူးဘူး။ ဆရာတို့ ပြောသံ ဆိုသံလည်းမကြားဖူးဘူး။ ကျွန်တော်တို့ စာပေဂျာနယ် စာဆို တော်နေ့အထိမ်းအမှတ်အတွက် သုံးလို့ရရင်သုံးရအောင်ဆိုပြီး ပန်းဆိုး တန်းက အဟောင်းဆိုင်တစ်ဆိုင်မှာ တွေ့တာနဲ့ဝယ်လာခဲ့တာ"

အယ်ဒီတာ အဖွဲ့ဝင်တစ်ယောက်က ပြောသည်။

"ဒီမဂ္ဂဇင်းအကြောင်းကို ဆရာရေးပေးပါ။ ဆရာ့ကို ပြရအောင် ယူလာတာ"

သူတို့ပြောသည့်စကားကို ကျွန်တော် ကြားနေသော်လည်း ကျွန် တော့်စိတ်သည် အတိတ်သို့ ရောက်နေသည်။

အနှစ်လေးဆယ်ခန့် ကြာခဲ့သော ကျွန်တော့် စာရေးဆရာသက် တမ်းတွင် ကျွန်တော်သည် မဂ္ဂဇင်းသုံးစောင်တွင် အယ်ဒီတာ လုပ်ခဲ့ဖူး၏။ ထိုမဂ္ဂဇင်းသုံးစောင်စလုံးမှာ ရောင်းတန်းမဂ္ဂဇင်းများမဟုတ်။ အသင်း အဖွဲ့များနှင့် စာပေရည်ရွယ်ချက် သက်သက်ဖြင့် ထုတ်ဝေသည့် မဂ္ဂဇင်း များ ဖြစ်သည်။ ပထမ (၁၉၄၉) ခုနှစ်ထုတ် ရန်ကုန်တက္ကသိုလ် နှစ်လည် မဂ္ဂဇင်း။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်တွင် ကျောင်းသားတစ်ထောင် ကျော်မျှသာ ရှိသေးသည်။ ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း အင်္ဂလိပ် စာကဏ္ဍတွင် ဆရာဦးမျိုးမင်းက အတိုင်ပင်ခံအယ်ဒီတာနှင့်ကျွန်တော်က တာဝန်ခံအယ်ဒီတာ။ မြန်မာစာကဏ္ဍတွင် ဆရာဦးမောင်မောင်ကြီးက အတိုင်ပင်ခံအယ်ဒီတာနှင့် မောင်ကြည်လင်က တာဝန်ခံအယ်ဒီတာ။ ကျော်အောင်နှင့် တက္ကသိုလ်နီလာတို့က အလုပ်မန်နေဂျာများ ဖြစ်ကြ သည်။ ကျွန်တော်တို့သည် စိတ်အားထက်သန်ကြသော လူငယ်အယ်ဒီ တာပေါက်စများပီပီ စာမူရွေးလျှင် အယ်ဒီတာတစ်ဖွဲ့လုံး စုပေါင်း၍



www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေးထိုင်ကြသည်။ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းလုပ်ဆောင်မှု သဘောကို ပေါ်လွင်စေလိုသဖြင့် ထိုသို့လုပ်ကြခြင်းဖြစ်၏။ လူငယ်အယ်ဒီတာများဖြစ်သည့်အလျောက် စိတ်ဓာတ်ကလည်း တက်ကြွသည်။ အလုပ်လည်းလုပ်နိုင်ကြသည်။ စာမူရွေးချယ်ရေးမူများလည်း ပြတ်သားကြသည်။ စာမူရွေးချယ်ရာတွင် စာပေအဆင့်အတန်းကို အဓိကထားရွေးမည်။ မျက်နှာလိုက်ခြင်းမရှိရ။ နိုင်ငံရေး ဘက်လိုက်ခြင်း မရှိရ။ အယ်ဒီတာအဖွဲ့တွင် သဘောကွဲလွဲမှုရှိလျှင် မဲဖြင့်ဆုံးဖြတ်မည်။ အယ်ဒီတာအဖွဲ့၏မူနှင့် မကိုက်ညီဟု ယူဆသော မည်သည့်စာမူကိုမဆို ပယ်ချပိုင်ခွင့်ရှိသည် စသည့် စည်းကမ်းချက်များဖြင့် စာမူကိုရွေးကြသည်။

ကျွန်တော်တို့သည် ဝါသနာကြောင့်သာ အယ်ဒီတာ လုပ်ခဲ့ကြသော်လည်း အယ်ဒီတာတို့၏ ကျင့်ဝတ်၊ အယ်ဒီတာတို့၏ စောင့်ထိန်းရသော စည်းကမ်းများကို နားမလည်ခဲ့ကြချေ။ ထို့ကြောင့် ပြဿနာအချို့ပေါ်ပေါက်ခဲ့လေသည်။

တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းမှစာမူများတောင်းခံသည့် အခါတွင် တက္ကသိုလ်မောင်သန့်စင် အမည်ခံ မြန်မာစာပါမောက္ခ ဦးအေးမောင်သည် ကဗျာရှည်ကြီးတစ်ပုဒ်ကို ပို့လိုက်လေသည်။ ထုံးစံအရဆိုလျှင် မြန်မာစာပါမောက္ခ၏ကဗျာသည် အဖွင့်ကဗျာအဖြစ် ရုပ်ပုံတွေဝေဝေဆာဆာနှင့် ထည့်သွင်းရရိုး ထုံးစံရှိသည်။ တက္ကသိုလ် မောင်သန့်စင်၏ကဗျာကို မြန်မာစာ စာတည်းအဖွဲ့က ပထမဖတ်ကြသည်။ သူတို့က ထိုကဗျာကို မကြိုက်ဟု မှတ်ချက်ပေးကြသည်။ ဤတွင် မောင်သန့်စင်၏ကဗျာကို တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းအယ်ဒီအဖွဲ့တစ်ခုလုံးက ဆုံးဖြတ်ရန် မြန်မာစာကဏ္ဍအယ်ဒီတာအဖွဲ့က တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းအယ်ဒီတာ အစည်းအဝေးသို့တင်သည်။ အဖွဲ့ဝင်တော်တော်များများက ထိုကဗျာကို သိပ်မကြိုက်ကြ။ သည်အထိ ဘာပြဿနာမှ မပေါ်သေး။ စာရေးဆရာတစ်ယောက်၏စာကို ကြိုက်ခြင်းမကြိုက်ခြင်းမှာ လူတိုင်းတွင်ရှိသည့် အခွင့်အရေးဖြစ်သည်။ သို့ရာတွင် ကျွန်တော်တို့သည် ထိုမျှနှင့် မရပ်ပါ။ တက္ကသိုလ်မောင်သန့်စင်၏ ကဗျာရှည်ကြီးကို ပယ်ချလိုက်ကြသည်။

နောက်ပြဿနာတစ်ခုမှာ သိန်းဖေမြင့်၏ စာမူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သိန်းဖေမြင့်သည် အယ်ဒီတာအဖွဲ့ကတောင်းသဖြင့် စာမူတစ်ပုဒ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးပေးခဲ့သည်။ ထိုစာမူကိုလည်း ကျွန်တော်တို့ အယ်ဒီတာအဖွဲ့က ပယ်ချခဲ့သည်။

ကျွန်တော် အယ်ဒီတာအဖြစ် ဒုတိယအကြိမ် လုပ်ခဲ့ဖူးသော မဂ္ဂဇင်းမှာ **စာပေသစ်** မဂ္ဂဇင်းဖြစ်သည်။ စာပေသစ် မဂ္ဂဇင်းသည် ရောင်းတန်းမဂ္ဂဇင်းမဟုတ်ပါ။ စာပေဝါသနာပါသူ ကျွန်တော်တို့ လူငယ်တစ်သိုက် စုပေါင်းထုတ်ဝေခဲ့ကြခြင်းဖြစ်ပါသည်။ ထိုမဂ္ဂဇင်းတွင်လည်း စာမူကိစ္စနှင့် ပတ်သက်၍ တင်းကျပ်သည့် စည်းကမ်းချက်များကို စိတ်အားထက်သန်စွာ ချမှတ်ခဲ့ကြသည်။

တစ်ခါတွင် ဦးဝန်က ကဗျာတစ်ပုဒ် ပို့ခဲ့သည်။ ထိုကဗျာမှာ မြန်မာအမျိုးသမီးတို့၏စရိုက်၊ သဘာဝကို ဖော်ပြသည့် ကဗျာဖြစ်သည်။ မြန်မာအမျိုးသမီးတို့ တစ်ယောက်နောက်တစ်ယောက် ထိုင်ကာသန်းရှာကြသည့်အကြောင်း၊ သို့မဟုတ်လျှင်လည်း ခါးပန်း တွင် ခေါင်းတင်၍ အိပ်ရင်း အတင်းပြောကြသည့်အကြောင်း စသည်တို့ဖြစ်၏။ ကဗျာအမည်ကို ကျွန်တော်မမှတ်မိတော့။

ထိုကဗျာသည် မြန်မာအမျိုးသမီးတို့၏ အားနည်းချက်ကို တစ်ဖက်သတ် မြင်သည့်အမြင်ပါနေသည်ဟုဆိုကာ ကျွန်တော်တို့ ပယ်ချခဲ့ကြသည်။

ထိုအကြောင်းများကို ကျွန်တော်ပြောနေခြင်းမှာ အခြားကြောင့်မဟုတ်ပါ။ ထိုစဉ်က ကျွန်တော်တို့တွင် ဝါသနာနှင့် စိတ်ဓာတ်သာရှိပြီး အယ်ဒီတာတို့ စောင့်စည်းအပ်သော ကျင့်ဝတ်ကို နားမလည်ခဲ့ကြောင်း ပေါ်လွင်စေလိုသောကြောင့် ဖြစ်သည်။

အယ်ဒီတာသည် အယ်ဒီတာစားပွဲပေါ်တွင် ထိုင်မိသည့်နှင့် သူ့အကြိုက်ချည်း ကြည့်နေ၍ မရတော့။ ပရိသတ်မျိုးမျိုး၏ အကြိုက်ကို ကြည့်လာရပါသည်။ မိမိမဂ္ဂဇင်းက ချမှတ်ထားသော မူနှင့်ကိုက်ညီသည် ဆိုလျှင် ထင်ရှားသော စာရေးဆရာကြီးများ၏စာမူကို ပယ်ရိုးထုံးစံမရှိ။ အမှားပါလျှင်လည်း ထိုဆရာကြီးများ၏ တာဝန်သာဖြစ်သည် ဆိုသည့် အချက်ကို များစွာသော အယ်ဒီတာတို့ သဘောမပေါက်ခဲ့ကြ။ စာမူတစ်ပုဒ် ကောင်းမကောင်းကို ကိုယ့်အကြိုက်ဖြင့်သာ စံထားဆုံးဖြတ်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မဂ္ဂဇင်းတစ်စောင်သည် အခါခပ်သိမ်း အယ်ဒီတာ့အကြိုက်ချည်း မဖြစ်နိုင်။ သူ့မဂ္ဂဇင်းသည် စာဖတ်ပရိသတ်အမျိုးမျိုးထံ တင်ပြရခြင်း ဖြစ်ရာ ထိုစာဖတ်ပရိသတ်တို့ အကြိုက်နှင့် သူတို့၏အလိုကိုလည်း ငဲ့ ရပေလိမ့်မည်။ အချို့အယ်ဒီတာများသည် စာရေးဆရာများထံ စာမူ တောင်းခံပြီးမှ မကြိုက်ဟုဆိုကာ ပယ်ချသည့် အခါမျိုးတွေလည်းရှိ သည်။

အယ်ဒီတာသည် စာဖတ်သူအပေါ်တွင်လည်းကောင်း၊ စာရေး ဆရာအပေါ်တွင်လည်းကောင်း စောင့်စည်းရမည့် ကျင့်ဝတ်များရှိပေ သည်။ ထင်ရှားသည့် စာရေးဆရာတစ်ယောက်ထံ စာမူတောင်းလျှင် ထိုဆရာ၏စာမူကို ကြိုက်သည် မကြိုက်သည် အပထား၍ ထည့်သွင်း ရပေလိမ့်မည်။ ကိုယ်မကြိုက်လျှင် နောက်ထပ် မတောင်းရုံမျှသာ ရှိ သည်။ စာရေးဆရာ၏ ထင်မြင်ချက်သည် စာရေးဆရာ၏ထင်မြင်ချက် မျှသာဖြစ်၍ အယ်ဒီတာ၏ထင်မြင်ချက် မဟုတ်ပေ။ ထိုစာတွင် ပါသော အကြောင်းအရာသည် စာရေးဆရာတွင်သာ တာဝန်ရှိပေသည်။ အယ်ဒီ တာတွင် တာဝန်မရှိပေ။

အယ်ဒီတာသည် စာဖတ်သူများ အပေါ်တွင်လည်း စောင့်စည်း ရမည့် ကျင့်ဝတ်များ ရှိသည်။ စာမူတစ်ပုဒ်သည် စာဖတ်သူအတွက် အကျိုးများမည်ဟု မထင်ခဲ့လျှင်၊ လူပုဂ္ဂိုလ်တစ်ဦးဦးအား အကြောင်းမဲ့ ထိခိုက်နစ်နာစေသည်ဟု ထင်ခဲ့လျှင် ထိုစာမူကို ပယ်ချခွင့် ရှိပေသည်။

အယ်ဒီတာတို့၏ကျင့်ဝတ်သည် စာရွက်ပေါ်တွင် ရေးထားသော ကျင့်ဝတ်များ မဟုတ်သော်လည်း အစဉ်အလာ လိုက်နာခဲ့ကြသည့် ထုံး တမ်းများဖြစ်သဖြင့် ထိုထုံးတမ်းများကို လိုက်နာကြရမည်သာ ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းတွင် တက္ကသိုလ်မောင်သန့် စင်နှင့် သိန်းဖေမြင့်တို့၏ စာမူများပယ်ချခဲ့သည့် ကိစ္စတို့ကား သူငယ်နာ မစင်သေးသည့် လက္ခဏာများဖြစ်လေသည်။

ယခု စာပေဂျာနယ်အယ်ဒီတာအဖွဲ့က ယူလာသည့် မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ထုတ်ဝေသော မဂ္ဂဇင်းမှာ ကျွန်တော် တတိယ အကြိမ် အယ်ဒီတာလုပ်ဖူးသော မဂ္ဂဇင်းဖြစ်သည်။ ကျွန်တော် ထိုမဂ္ဂဇင်း ကို လှန်လှောကြည့်မိ၏။ ထိုခေတ်က စာပေရေစီးကြောင်းနှင့် အယ်ဒီတာ



www.burmeseclassic.com

www.burmeseclassic.com



သူငယ်နာမစင်သေးသည့် လက္ခဏာများ ရှိ၊ မရှိကို ငဲ့စောင်းကြည့်ရန် ဖြစ် ပါသည်။ သူငယ်နာအတော်အတန် ကင်းစင်သော မဂ္ဂဇင်းတစ်စောင် ဖြစ်သည်ဟု ဆိုနိုင်ပါ၏။

ထိုနှစ်က မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ဥက္ကဋ္ဌမှာ ရွှေပိန်သောင်းလား၊ ဒဂုန်တာရာလား မသိပါ။ ကျွန်တော့်အထင်တွင်မူ ရွှေပိန်သောင်းဖြစ်မည် ထင်ပါသည်။ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့တွင် ရွှေပိန်သောင်း၊ လှသမိန်၊ ဗန်းမော်တင်အောင်၊ မောင်ကြည်လင်၊ အောင်လင်း၊ ရွှေဓားနှင့် မာန်အောင်ပီယတို့ ပါကြသည်။ ကျွန်တော်က တာဝန်ခံအယ်ဒီတာ ဖြစ်၏။ ကျွန်တော်၊ လှသမိန်နှင့် မာန်အောင်ပီယတို့မှတစ်ပါး အခြားသူများ ကွယ်လွန်ကြလေပြီ။

ကျွန်တော်တို့သည် စာပေမဂ္ဂဇင်းတစ်စောင်ကို ထုတ်ချင်နေကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းလို စာရေးဆရာများ၏ တစ်ခုတည်းသောအဖွဲ့ကြီးမှ ထုတ်ဝေသည့် မဂ္ဂဇင်းသည် ရောင်းတန်းမဂ္ဂဇင်းများနှင့် ခြားနားရမည်။ စာပေသန့်သန့်ဖြစ်ရမည်။ အနုပညာကို ဦးစားပေးသည့် မဂ္ဂဇင်းကြီး တစ်စောင်ဖြစ်ရမည်။ မြန်မာစာပေ၏ လမ်းကြောင်းကို ဦးဆောင်နိုင်သော မဂ္ဂဇင်းတစ်စောင် ဖြစ်ရမည်ဟု ကျွန်တော်တို့ မူချခဲ့ကြသည်။

စာပေမဂ္ဂဇင်း ခေါင်းကြီးပိုင်း၌ မြန်မာစာပေတိုးတက် ဖြစ်ပေါ်မှုတစ်ခုလုံးကို အကျဉ်းချုပ် သုံးသပ်ထားပြီးနောက် အလုပ်သမား၊ လယ်သမားစသည့် ပြည်သူတို့၏ ဘဝကို ကိုယ်စားပြုဖော်ပြသည့် ဘဝသရုပ်ဖော်စာပေများကို ရေးသားပြုစုကြရန်၊ လက်တွေ့လုပ်ငန်းတွင် စာပေယဉ်ကျေးမှု အလုပ်သမားတို့၏ တပ်ပေါင်းစုကြီးတစ်ခု တည်ဆောက်ကြရန် နှိုးဆော်ခဲ့ကြသည်။

ဤမူများဖြင့်ပင် ကျွန်တော်သည် စာပေမဂ္ဂဇင်းတွင် တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ကာ စာမူများကို ရွေးချယ်ခဲ့ကြသည်။ စာရေးဆရာအဖွဲ့မှ ထုတ်ဝေသော မဂ္ဂဇင်းကို စာပေသဘော၊ စာပေလက္ခဏာဆောင်ရန် တတ်နိုင်သမျှ ကြိုးစားခဲ့သည်။

စာပေမဂ္ဂဇင်းတွင် ဇော်ဂျီ၊ ဇေယျ၊ ရန်အောင်၊ လှသမိန်၊ ဒဂုန်မောင်စံသူတို့က မြန်မာ့စာပေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် ပတ်သက်သော



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပါးများကို ရေးပေးခဲ့ကြသည်။ မဟာဆွေ၊ ဇန်းမော်တင်အောင်၊ လင်းယုန်နီ၊ တင်စိုး၊ မာန်အောင်ပီယ၊ တက္ကသိုလ်ကျော့ရှင်း၊ မောင်ရေအေး၊ ရွှေဓား၊ မင်းဏီ၊ မြင့်မောင် စသူတို့က ဝတ္ထုတိုများရေးခဲ့ကြသည်။ သစ္စာနှင့်ကျော်အောင်တို့က ဘာသာပြန်စာပေနှင့် ယဉ်ကျေးမှုဆောင်းပါးများ ရေးပေးခဲ့ကြသည်။ နုယဉ်နှင့် မင်းယုဝေတို့က ကဗျာနှင့်ပတ်သက်သော ဆောင်းပါးများကို ရေးကြသည်။ စာရေးဆရာပေါင်း ၃၀၏ စာမူများဖြင့် စာပေသန့်သန့်ချည်း ထုတ်ဝေထားသည့် မဂ္ဂဇင်းဖြစ်၍ ပြန်ကြည့်သည့်အခါတွင် ကျွန်တော်ပီတိဖြစ်ရပါသည်။

စာပေမဂ္ဂဇင်းတွင် ပန်းချီသရုပ်ဖော်ပုံဆို၍ တစ်ကြောင်းဆွဲသရုပ် ဖော်ပုံကလေးများသာပါသည်။ သို့ရာတွင် နာမည်ကျော် ပန်းချီဆရာကြီးများ၏ လေးရောင်ပန်းချီများကို ကြွေစက္ကူဖြင့် ရိုက်ပြီးသီးသန့်ထည့်ထား၏။ ပန်းချီလက်ရာသက်သက်ဖြင့် ဖော်ပြထားခြင်းဖြစ်သည်။ ဦးဗကြည်က နှစ်ပါးသွားအကကို သရုပ်ဖော်ထား၏။ ဦးဘရင်လေးက "ဘကြီးအို၏ လူထုပညာရေး" ဟူသော အမည်ဖြင့် သတင်းစာရောင်းနေသည့် အဘိုးအိုတစ်ယောက်၏ပုံကို ရေးထားသည်။ ဦးငွေကိုင်က ပန်းပုဆရာတစ်ယောက် ပန်းပုထုနေပုံ ပန်းချီရေးထားပြီး လှစိုးလေးက သူတောင်းစားတစ်ယောက်၏ပုံကိုရေးထား၏။

မဂ္ဂဇင်းတွင်ပါဝင်ရေးသားကြသည့် စာရေးဆရာ ၃၀ အနက်၊ ၁၃ ယောက်တို့မှာ ကွယ်လွန်ကုန်ကြပြီ။ ဇေယျ၊ ဇန်းမော်တင်အောင်၊ သစ္စာ၊ ကျော်ရင်၊ တက္ကသိုလ်ကျော့ရှင်း၊ မင်းဏီ၊ မောင်ကြည်လင်၊ ရွှေဓား၊ မောင်တုတ်ကြီး၊ မောင်ရေအေး၊ မဟာဆွေ စသူတို့ဖြစ်၏။

ကျွန်တော်တို့သည် စာဆိုတော် အထိမ်းအမှတ်အဖြစ် စာပေမဂ္ဂဇင်းတစ်စောင် ထုတ်ချင်လွန်း၍သာ ထုတ်ခဲ့ကြသော်လည်း အသင်းတွင် ဘာရန်ပုံငွေမှ မရှိ။ စက္ကူဝယ်သည်ကအစ ပုံနှိပ်တိုက်အထိ အကြွေးခံလုပ်ခဲ့ကြရခြင်း ဖြစ်သည်။ အောင်မိတ်ဆက်စာပုံနှိပ်တိုက် မန်နေဂျာဦး အုန်းစိန်က ပုံနှိပ်တိုက် အကြွေးရိုက်ပေးသည့်အပြင် ဘလောက်ဖိုးပင်အကုန်ခံလိုက်သေးသည်။ ဦးအုန်းစိန် သေသာသွားရော မြန်မာနိုင်ငံစာရေးဆရာအသင်းသည် ကြွေးကို ကြေလည်အောင် မဆပ်နိုင်ခဲ့ပါ။

စာမူခမှာလည်း မဟာဆွေတစ်ယောက်မှအပ ကျန်စာရေးဆရာ



www.burmeseclassic.com

www.burmeseclassic.com



များမှာ အလကားရေးပေးကြခြင်း ဖြစ်သည်။ မဟာဆွေကား စာမူခမရဘဲ စာရေးလေ့ရှိသူ မဟုတ်ပါ။

"ကိုယ်က ဒါနဲ့ ထမင်းစားနေရတဲ့ကောင်ကွ၊ စာမူခရမှ စာရေးတာ"

ဟုပြောပြီး စာမူလာယူရမည့်နေ့ကို ချိန်းလိုက်သည်။ ကျွန်တော် မအားသဖြင့် ချိန်းဆိုသည့်နေ့တွင် သွား၍မယူဖြစ်။ နောက်တစ်နေ့ ကျမှ သွားယူရသည်။

"ငါက တိကျမှကြိုက်တာ။ ချိန်းထားရင် ချိန်းတဲ့အချိန်ကို လာမှ ကြိုက်တယ်"

မဟာဆွေသည် စိတ်တိုနေသည်။ ကျွန်တော်က သူ့ကိုမနည်း တောင်းပန်ရ၏။

ထိုစဉ်က စာရေးဆရာအသင်းမှ 'တောင်သမန်လယ်စား မောင်ဖေငယ်' ပြဇာတ်ကိုလည်း ကပြလျက်ရှိရာ ပြဇာတ်ကော်မတီတွင်ပါဝင်သော ကျွန်တော်သည် ပြဇာတ်အတွက် အလုပ်များနေသည်။ ထိုအထဲတွင် တောင်သမန်လယ်စား ဇာတ်လမ်းအကျဉ်းချုပ်ကို အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် ရိုက်နှိပ်ရောင်းချသဖြင့် ထိုစာအုပ်များကိုလည်း ရိုက်နေရသေးသည်။ အင်္ဂလိပ်လို ပြန်ဖို့ ဘားမင်းသတင်းစာ အယ်ဒီတာချုပ် ဦးမောင်မောင်ပြေကို သွား၍ နားပူရသည်။ ဖြန့်ချီဖို့ တာဝန်ကိုယူရသေးသည်။ အင်္ဂလိပ်လို ထည့်ရခြင်းမှာ ထိုစဉ်က သံရုံးများက လက်မှတ်တွေ အများကြီးဝယ်သဖြင့် နိုင်ငံခြားပရိသတ်အတွက် ထည့်ရခြင်းဖြစ်သည်။

ကျွန်တော်က ကျွန်တော့်တွင် တာဝန်တွေများသဖြင့် ရက်ချိန်းပျက်ရကြောင်း၊ အချိန်ကို မလေးစား၍ မဟုတ်ကြောင်း ရှင်းပြ၏။ မဟာဆွေသည် လေသံပျော့သွား၏။

"အေး . . . မင်းအကြောင်းပြချက်က ကောင်းလို့လက်ခံတယ်။ အမှန်က ဒီအချိန်ဟာ ငါအလုပ်လက်ခံတဲ့ အချိန်မဟုတ်တော့ဘူး။ မင်းလာတာ လေးနာရီကျော်နေပြီ။ လေးနာရီကျော်ရင် ငါ့ကိုယ်ပိုင်အချိန်ကွ၊ အလုပ်စကားမပြောတော့ဘူး။ အပန်းဖြေတဲ့အချိန်"

မဟာဆွေသည် စားပွဲပေါ်တွင်တင်ထားသည့် ဖန်ခွက်ထဲမှ ယ



www.burmeseclassic.com

www.burmeseclassic.com



မကာကို တစ်ကျိုက်သောက်နေသည်။

ကွယ်လွန်သူ မြန်မာစာပါမောက္ခဦးကျော်ရင်က ထိုစဉ်က ပဲခူးကျောင်းဆောင်တွင် အဆောင်မှူးလုပ်နေသည်။ ထိုစဉ်က သူသည် မြန်မာစာဌာန လက်ထောက်ကထိက ဖြစ်သည်။ သို့ရာတွင် အပြင်တွင် ပြဇာတ်များ လှိုင်လှိုင်ရေးနေချိန်ဖြစ်၍။ ဦးကျော်ရင်၏ ပြဇာတ်များသည် ခေတ်ကိုသရုပ်ဖော်၍ ဟာသပါတတ်သည်။ စာပေမဂ္ဂဇင်းတွင် ပြဇာတ်ထည့်ချင်သဖြင့် ပြဇာတ်ရေးမည့်သူကို စဉ်းစားလိုက်သည့်အခါတွင် ဦးကျော်ရင်ကို ကျွန်တော်ချက်ချင်းပြေး၍ သတိရလေသည်။

တစ်ခေါက်နှင့်မရ။ သုံးလေးခေါက်သွားမှ စာမူရလာခဲ့သည်။

"ရေးပြီးသား ပြဇာတ်တွေတော့ ရှိတယ်ဗျ။ ဒါပေမယ့် မကြိုက်သေးဘူး။ နောက်ထပ်အသစ်ရေးပေးမယ်"

ဟုဆိုကာ စာပေမဂ္ဂဇင်းအတွက် သီးသန့်ပြဇာတ်တစ်ပုဒ် ရေးပေးလိုက်သည်။ တက္ကသိုလ်ပရဝဏ်သို့ရောက်လျှင် ဆရာဇော်ဂျီ၏အိမ်သို့ ဝင်တတ်သည်။ ဆရာဇော်ဂျီသည် အိမ်ရှေ့ စံကားပင်တွင် ချိတ်ထားသည့် ခရမ်းရောင်သြခစ်ပန်းတွေကို ရေလောင်းနေသည်။

"ဒီလို စံကားပင်တွေမှာ သြခစ်တွေ ချိတ်ထားတာကို ကျွန်တော်မြင်ဖူးတယ်ဆရာ။ ဘယ်မှာမှန်းမသိဘူး"

"မြင်ဖူးမှာပေါ့ကွ။ ဒီအပင်နဲ့ ဒီပန်းကို နန်းဝေကိုခေါ်ပြီး ငါပန်းချီအဆွဲခိုင်းထားတာ။ ပြပွဲမှာ ချိတ်ထားတဲ့ ပန်းချီကားကို မြင်ဖူးတာဖြစ်မှာပေါ့"

ဆရာဇော်ဂျီသည် ပန်းပင်တွေကို ရေလောင်းနေရာမှ ကျွန်တော့်ကိုဧည့်ခန်းသို့ခေါ်သွားကာ သူရေးထားသည့် "ပျို့နှင့်ပျို့စာဆို" ဆောင်းပါးကို ပေးလိုက်လေသည်။ နေမိဘုံခန်းပျို့နှင့် ပျို့ဆရာ ရှင်အဂ္ဂသမာဓိတို့အကြောင်းရေးသားသည့် စာမူဖြစ်သည်။ စာပေနှင့်ဘဝ ဆက်နွယ်နေကြပုံကို ဝေဖန်အကဲဖြတ်ထားသော ဆောင်းပါးဖြစ်လေသည်။

ကိုတင်ဇ ဟုကျွန်တော်တို့ခေါ်ကြသော ရှမ်းပြည်ဦးတင်ဇသည် ကျွန်တော်တို့ထက် များစွာအသက်ကြီးသူဖြစ်သည်။ သူသည် စစ်မဖြစ်မီကတည်းကရှမ်းပြည်နယ်လူငယ်များကို ခေါင်းဆောင်ခဲ့ပြီး စစ်ပြီးခေတ်တွင်လည်း ရှမ်းပြည်နယ် လူငယ်များကို ခေါင်းဆောင်ခဲ့သည့် အစဉ်



www.burmeseclassic.com

www.burmeseclassic.com



အလာကြီးမားသော ရှမ်းပြည်နယ်လူငယ်ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ကျွန်တော်တို့ အစ်ကိုကြီးအရွယ်၊ ဦးလေးအရွယ် ဖြစ်သည့်တိုင် သူ့ကို လူငယ်တစ်ယောက်အနေဖြင့်သာ ကျွန်တော်တို့ မြင်နေမိသည်။

"ခင်ဗျားရေးခိုင်းတဲ့ ဆောင်းပါးပြီးပြီဗျို့။ ခင်ဗျားမလာရင် အပို့ ခိုင်းတော့မလို့"

ဟု ကိုတင်အေးက သူ့ထုံးစံအတိုင်း တိုးတိတ်နူးညံ့စွာပြော သည်။ သူ့ဆောင်းပါးမှာ ၁၉၄၉ ခုနှစ်၊ ပီကင်းတွင် ကျင်းပသည့် တရုတ် ပြည်လုံးဆိုင်ရာ စာပေနှင့်အနုပညာသည်များ ကွန်ဖရင့်တွင် သမိုင်း ဆရာ၊ ကဗျာဆရာ၊ စာရေးဆရာ ကူမိုရိုး၏ အစီရင်ခံစာကို ဘာသာပြန် ထားခြင်းဖြစ်ပြီး ဆောင်းပါးခေါင်းစဉ်ကို 'တရုတ်ပြည်သူ့စာပေသစ်' ဟု အမည်ပေးထားသည်။ စာပေသစ်၊ ပြည်သူ့စာပေ စသည့်လှိုင်းဂယက် များ ပြင်းထန်နေချိန်တွင် ကိုတင်အေး၏ဆောင်းပါးသည် လူငယ်များ အတွက် များစွာအထောက်အကူပြုခဲ့လေသည်။

ကိုတင်အေးထံမှ ပြန်လာပြီး ကျွန်တော်သည် တက္ကသိုလ်ပိဋကတ် တိုက်တွင် လက်ထောက် ပိဋကတ်တိုက်မှူးလုပ်နေသည့် တိုက်စိုးထံသို့ ဝင်သည်။ ထိုစဉ်က တိုက်စိုးသည် သန်းထွတ်အမည်ရင်းဖြင့် ဆောင်းပါး များကို စတင်ရေးစ ပြုနေလေပြီ။

"ခင်ဗျားပြောတဲ့ ဆောင်းပါး ရေးချိန်မရသေးဘူး။ ကျုပ် အလုပ် တွေများနေတယ်။ ထည့်ချင်တယ်ဆိုရင်တော့ ဗြိတိသျှပြတိုက်အကြောင်း ကျုပ်အသံလွှင့်တဲ့ အသံလွှင့်ချက် တစ်ခုရှိတယ်။ ရေဒီယိုက အသံလွှင့် ထားတာ။ လိုချင်ရင် အဲဒီ အသံလွှင့်ချက်ကို ထည့်လိုက်ပေတော့"

ဟု တိုက်စိုးက ဆေးပြင်းလိပ်မချွတ်ဘဲ ပြောသည်။ ကိစ္စမရှိပါ။ သူ့အသံလွှင့်ချက်သည် စာပေအနုပညာဆိုင်ရာ အသံလွှင့်ချက်တစ်ခု ဖြစ်သဖြင့် ကျွန်တော်တို့ မဂ္ဂဇင်းအတွက် များစွာအသုံးဝင်ပါသည်။ ကျွန် တော်သည် လက်နှိပ်စက်ဖြင့် ရိုက်ပြီးနောက် အကျအပေါက်တို့ကို သူ ကိုယ်တိုင် ပြင်ထားသည့် တိုက်စိုးစာမူကို ဝမ်းမြောက်ဝမ်းသာယူ၍ ပြန် လာခဲ့သည်။

ဘတ်စ်ကားပေါ်တွင် ထိုင်လိုက်လာရင်း ကျွန်တော်သည် စာပေ မဂ္ဂဇင်း၏ မာတိကာကို စိတ်ကူးဖြင့် စဉ်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာအသင်းမှ စာဆိုတော်နေ့ အထိမ်းအမှတ်ထုတ်ဝေသော မဂ္ဂဇင်းသည် ရောင်းတမ်းသဘောကို ဆောင်၍မဖြစ်၊ စာပေသဘောကို ဆောင်ရလိမ့်မည်။ စာပေဆောင်းပါးတွေ များများပါဖို့လိုသည်။ ဇော်ဂျီ၊ ဇေယျ၊ တိုက်စိုး၊ တင်ဇ (ရှမ်းပြည်)တို့ထံမှ စာပေဆောင်းပါးတွေ ရပြီးပြီ။ တက္ကသိုလ်ပြင်ပ စာရေးဆရာများထံမှလည်း ဒဂုန်မောင်စံသူက အက္ခရာအစိုးရ အမည်ဖြင့် ရေးထားသည့် စာရေးဆရာများအကြောင်း ဆောင်းပါး။ ရန်အောင်က စာပေအလုပ်သမား အမည်ဖြင့်ရေးသည့်ဆောင်းပါး၊ လှသမိန်က မြန်မာစာရေးထုံးနှင့် ပတ်သက်သည့်ဆောင်းပါး၊ မင်းအောင်က စာပေဆောင်းပါး၊ မာဃက သက္ကဋ္ဌစာပေဆောင်းပါး၊ တက္ကသိုလ်စန်းက အင်္ဂလိပ်စာနှင့် မြန်မာစာအရေးအသားဆောင်းပါး၊ ရွှေပိန်သောင်းက သတင်းစာနှင့်ပတ်သက်သည့်ဆောင်းပါး၊ မောင်တုတ်ကြီးက စာရေးဆရာများနှင့် သမဝါယမ ထုတ်ဝေရေးအကြောင်း ဆောင်းပါး၊ သစ္စာက အရင်းရှင်သတင်းစာများအကြောင်းဆောင်းပါး။ ကျော်ရင်၏ ပြဇာတ်။ နယဉ်နှင့် မင်းယုဝေ၏ ကဗျာ၊ ဆောင်းပါး။

ဝတ္ထုက ကလောင်ဟောင်း က လောင်သစ် အစုံပါသည်။ ကျွန်တော်တို့ မဂ္ဂဇင်းတွင် ကလောင်ဟောင်းတွေလည်းပါသည်။

ကလောင်သစ်တွေလည်းပါသည်။ တက္ကသိုလ်မှ စာရေးဆရာတွေလည်းပါသည်။ တက္ကသိုလ်ပြင်ပမှ စာရေးဆရာတွေလည်းပါ သည်။ ရှေးအမြင်ရှိသူတွေလည်းပါသည်။ ခေတ်အမြင် ရှိသူတွေလည်း ပါသည်။

ချုပ်၍ကြည့်လျှင် စာပေမဂ္ဂဇင်းသည် စာပေယဉ်ကျေးမှုသဘောကိုလည်း ဆောင်သည်။ စာရေးဆရာအားလုံး ပါဝင်ရေးသားကြသော တပ်ပေါင်းစု သဘောကိုလည်း ဆောင်ကြသည်။ ထို့ကြောင့် ကိုယ်ထုတ်သည့် မဂ္ဂဇင်းကိုကြည့်၍ ကိုယ်ဘာသာ ပီတိဖြစ်၍နေလေသည်။

ကျွန်တော်သည် စာပေဂျာနယ် အယ်ဒီတာတို့ ယူလာသော ၁၉၅၂ ခုနှစ်ထုတ်၊ စာဆိုတော် အထူးထုတ် စာပေမဂ္ဂဇင်းအဖုံးကို လှမ်းကြည့်လိုက်သည်။

အဖုံးပေါ်တွင် ပန်းချီဦးအုံးလွင်၏ မဲဇာပန်းချီကားထဲတွင် နှင်း



www.burmeseclassic.com

www.burmeseclassic.com



မှုန်နှင့် တောင်ခိုးက ဝေ့ဝဲလျက်။ ကနုတ်ဟန်ဖြင့် ဆွဲထားသည့် ကြာပွင့်က တင့်ဆန်းလျက်။ ကနုတ်ဟန်ဆွဲထားသည့် ရေးမြန်မာ အမျိုးသမီး စာဆိုတော်က စောင်းကိုပိုက်ကာ မိုးယံကို မျှော်လျက်။

အတိတ် အယ်ဒီတာ စားပွဲပေါ်မှ ရုပ်ပုံကားချပ်ကလေးများကို ဝိုးတိုးဝါးတား ကျွန်တော်မြင်ယောင်နေလေသည်။ ■

**(၁၉၈၉၊ ဖေဖော်ဝါရီ၊ စာပေဂျာနယ်)**



www.burmeseclassic.com

www.burmeseclassic.com

## မွန်းရှိုင်းနှင့်မွန်ပါနာဆေ

ကျွန်တော့် စာပေဘဝရုပ်ပုံလွှာများကို တစ်ခါတစ်ရံ ငဲ့စောင်း ကြည့်လိုက်သာအခါတွင်ပန်းစကြာ မှန်ပြောင်းကိုကြည့်နေရသလို လွှန်ခဲ့ သော အနှစ်လေးဆယ်ခန့်က မဂ္ဂဇင်းများသည် ဟိုထောင့်ကပေါ်လာ လိုက်၊ သည်ထောင့်ကပေါ်လာလိုက်ဖြင့် တဝဲလည်လည် ပေါ်လာတတ် ကြသည်။

အရှေ့တိုင်း၊ သစ်ဆန်း၊ သွေးသောက်၊ တာရာ၊ ရှုမဝ၊ ပဒေသာ၊ တော်ဝင်စသည့် မဂ္ဂဇင်းများသည် တစ်ခုပြီးတစ်ခု ပေါ်လာကြ၏။

အရှေ့တိုင်းမဂ္ဂဇင်းနှင့် သစ်ဆန်းမဂ္ဂဇင်းတို့မှာ သက်တမ်းမရှည် လိုက်ကြ။ မကြာခင်ပျောက်ကွယ်သွားကြသည်။ အရှေ့တိုင်းမဂ္ဂဇင်းနှင့် သစ်ဆန်းတို့စတင်ထုတ်ဝေစဉ်က ကျွန်တော်စာရေးဆရာ မဖြစ်သေး။ ကိုယ့်ဘာသာကိုယ် မတောက်တစ်ခေါက်ရေးပြီး ဖတ်မည့်သူ မရှိသေး သည့်ကာလ။ ကျွန်တော်ရေးသားသည့် ကဗျာအတိုအစ၊ ဝတ္ထုတို အတို အစကလေးများသည် အမေမီးမွေးသည့် မီးဖိုချောင်ထဲသို့ ရောက်သွား ကြသည်။

အရှေ့တိုင်းမဂ္ဂဇင်းမှာ နှစ်စောင်၊ သုံးစောင်ထွက်ပြီး ရပ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သစ်ဆန်းမှာ ရဲခေါင်၊ မင်းရှင်၊ သန်းဆွေနှင့် မိုးဝေတို့ ဦးစီးထုတ်ဝေသည့် မဂ္ဂဇင်းလေးဖြစ်သည်။ ဆိုက်ကလေးကလည်း ခပ်သေးသေး။ ဝတ္ထုတိုအရွယ်ဖြစ်သည်။ မျက်နှာဖုံးတွင် ထိုစဉ်ကထင်ရှားသော မယ်ဗမာ ဒေါ်လီချို၏ မျက်နှာဖုံးနှင့် . . . .။

သွေးသောက်မဂ္ဂဇင်းက ယခုမဂ္ဂဇင်းအရွယ် ကိုကျော်ရိုး(ပြည့်စုံ) ကတာဝန်ခံ ထုတ်ဝေနေသည်။ ထိုစဉ်က ပြည့်စုံသည် အိမ်ထောင်မကျသေး။ သွေးသောက်မဂ္ဂဇင်းသည် ၄၅လမ်းထဲက တဲကလေးတစ်တဲမှ မှန်မှန်ထွက်နေသည်။ စစ်ပြီးစဖြစ်၍ ရန်ကုန်တွင် တိုက်တာခြေအိမ်တို့ ပြန်၍ မဆောက်နိုင်ကြသေး။ မိုးမိုးမတ်မတ်ဖြစ်နေသော တိုက်နံရံကိုမှီ၍ တဲကလေးတွေ ထိုးထားကြသည်။ ဗုံးဒဏ်ခံထားရသည့် သံယက်မကြီးများက ထိုးထိုးထောင်ထောင်။ လူနေအိမ်ခြေမရှိသော တိုက်နေရာတွင်အုတ်ကျိုးအုတ်ပဲ့တွေပုံလျက်။ ကျွန်တော်ထက် စာရေးသက် တစ်နှစ်နှစ်နှစ်စောသော မင်းရှင်၏ 'နယ်လှည့်လို့ လည်တဲ့ခါကို' အမည်ရှိ သွေးသောက်ထဲမှ ဝတ္ထုတိုကလေးကို ကျွန်တော် စွဲလမ်းနေသည်။

ကျွန်တော်အစွဲလမ်းဆုံးမှာ 'တာရာ'မဂ္ဂဇင်းဖြစ်သည်။'တာရာ' မဂ္ဂဇင်းမှာလည်း ဝတ္ထုစာအုပ်ဆိုက်အရွယ် သေးသေးကလေးဖြစ်သည်။ ပထမဆုံးထုတ်သည့် 'တာရာ'မှာ ကောင်မလေးတစ်ယောက် ပျိုးခါစပန်းကလေးတစ်ပင်ကိုရေလောင်းနေသည့်ပုံ။ ဦးဗကြည်၏ တစ်ကြောင်းဆွဲပန်းချီမျက်နှာဖုံးနှင့်။

ထို့နောက် . . . 'ရှုမဝမဂ္ဂဇင်း'။

ရှုမဝ ပထမစာစောင် အမှတ်၁နှင့်၂တို့မှ၊ တင့်တယ်၏ 'သွေးနှင့်မျက်ရည်' နှင့် 'လိုက်တော်မူခဲ့' ဝတ္ထုရှည်နှစ်ပုဒ်။ တုတ်တုတ်ဆိုသည့် အပျိုမကလေး ရန်ကုန်သို့ရောက်လာပြီး သူ့လယ်ယာတွေရှိသည့် ဖိန်ဇာ (သာယာဝတီနယ်ထဲက ရွာကလေးတစ်ရွာ) ကိုပြန်သည့်အခန်းက လွမ်းဆွတ်စရာ။ ဝတ္ထုအဆုံးတွင် 'တုတ်တုတ် ဖိန်ဇာကိုပြန်တော့မယ်' ဆိုသည့် စကားကလေးတစ်ခွန်းသည် ကျွန်တော့်နားထဲတွင်စွဲနေသည်။ မြေယာကိုချစ်သောမြေယာ၏ သမီးပျိုကလေးတစ်ယောက်၏ အချစ်ဇာတ်လမ်းကလေးတစ်ပုဒ်။ မြို့ပြကို အထင်ကြီးသဖြင့် မြို့သို့တက်လာခဲ့သော ကျေးလက်၏ သမီးပျိုကလေးတစ်ဦး ဌာနေသို့ပြန်ခန်း။ နောင်တရသွား



www.burmeseclassic.com

www.burmeseclassic.com



သော ကျေးလက်တောသူတစ်ဦး ကျေးတောသို့ပြန်သည့် ဇာတ်လမ်းမျိုးကို တင့်တယ်သည် အစောကြီးရေးခဲ့လေသည်။

အမှတ်၅တွင် တင့်တယ်၏ 'လာလုလုငေး' ကိုဖတ်ပြီး မို့မို့ကို ကျွန်တော်စွဲလမ်းနေသည်။ 'လာလုလုငေး' ထဲက မို့မို့၏ ခြေတံအလှကို တင့်တယ်သည် နှစ်မျက်နှာလောက် ဖွဲ့သွားခဲ့သည်။ သည်ဝတ္ထုတွေကို ဖတ်ရတုန်းက ကျွန်တော်သည် ရန်ကုန်သို့မရောက်သေး။ တောမှဖတ်ရခြင်းဖြစ်သည်။ ထိုနောက် 'ပဒေသာမဂ္ဂဇင်း'။ကျားကူးကွက်သစ်နားက သာခု၏အိမ်တွင် မဂ္ဂဇင်းတိုက်ဖွင့်ထားသည်။ သာခုသည် တစ်ဖက်က ပဒေသာမဂ္ဂဇင်းကို လုပ်နေရင်း တစ်ဖက်က 'ပူတူးတူး' ကလေးဆေးပေါင်ဒါလုပ်ငန်းကို လုပ်နေသည်။ သူ့ပဒေသာတိုက်ရှေ့တွင် ပူတူးတူး ကလေးဆေးပေါင်ဒါကြော်ငြာတံဆိပ်ရေးထားသည့် အော်စတင်ဗင်ကားအစိမ်းကလေးကို တွေ့ရသည်။

ရန်ကုန်ရောက်လာတော့ ကျွန်တော်သည် စာရူးပေရူးတို့ ထုံးစံအတိုင်း ကျောင်းစာသင်ခန်းကို ကျောခိုင်းကာ စက္ကူပုံတွေ၊ ပုံနှိပ်တိုက်တွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ စာပေဝိုင်းတွေထဲသို့ ရောက်နေတတ်သည်။ ကျွန်တော်အများဆုံးရောက်သော တိုက်များမှာ တာရာ၊ သွေးသောက်၊ ရှုမဝနှင့် ပဒေသာတိုက်များဖြစ်သည်။

ရှုမဝတိုက်ကို ကျွန်တော် ရောက်သွားသည်မှာ စာရေးဆရာ အောင်စိုးနှင့် ပါသွားခြင်းဖြစ်၏။ ဒီတုန်းက ကျွန်တော်သည် ရှုမဝမှာ မရေးသေး။တာရာမှာပင် ရေးနေသည်။ ထိုစဉ်ကရှုမဝမဂ္ဂဇင်းတိုက်သည် စကော့ဈေး (ဗိုလ်ချုပ်ဈေး)အနောက်ဖက်တန်း ၁၄၆–က အခန်းကျဉ်းကလေးထဲတွင် ဖြစ်သည်။ ပုံနှိပ်စက်ကလေးက ခြေနင်းပုံနှိပ်စက်ကလေး။ အခန်းရှေ့ပိုင်းက စားပွဲကျဉ်းကလေးတစ်လုံးတွင် ခေါင်းကြီးကြီး၊ ဆံပင်ကြမ်းကြမ်း၊ မေးရိုးလေးထောင့်၊ နားတံပြားပြားလူတစ်ယောက်ထိုင်နေသည်။ ဆေးပြင်းလိပ်ကို လက်ကြားတွင်ညှပ်ရင်း မျက်နှာချင်းဆိုင်တွင် ထိုင်နေသူတစ်ယောက်ကို စကားတသွင်သွင်ပြောနေသည်။ သူ့စကားများထဲတွင် ပီမိုးနင်းအကြောင်း၊ ဗန္ဓုလဂျာနယ်အကြောင်း၊ ဒီဗူဆာဆေးတိုက်မှထုတ်သည့် သက်စောင့်မဂ္ဂဇင်းအကြောင်း၊ ဆကာကြီးထိပ်တင့်အကြောင်း၊ ရွှေဥဒေါင်းအကြောင်း၊ အဖျောက်ဆရာတော်အကြောင်း၊


www.burmeseclassic.com

www.burmeseclassic.com



ဟိတောပဒေသာပုံပြင်များအကြောင်း . . . စုံလို့နေအောင်ပြောသည်။ မျက်နှာချင်းဆိုင်မှ လူက မေးခွန်းတစ်ခုမေးလိုက်သည်နှင့် သူသည် ထို မေးခွန်းကိုသာမက မမေးသောမေးခွန်းများကိုလည်း ကရားရေသွန်ပြော နေသည်။ တိုလီမိုလီ သိလိုက်သည်ကလည်းအစုံ။

ကျွန်တော်နှင့် အောင်စိုးသည် ကုလားထိုင်အလွတ်နှစ်လုံးတွင် ဝင်ထိုင်ကာ သူပြောသမျှကို နားထောင်နေကြရသည်။ ကျွန်တော်တို့လာ သည့်ကိစ္စကိုလည်း သူမမေး။ ကျွန်တော်တို့ကပြောရအောင်လည်း သူက ချည်းပြောနေသဖြင့် ပြောချိန်မရ။

သူသည်ကျွန်တော်တို့နှစ်ယောက်ကို လှမ်းကြည့်၍ ခေါင်းညိတ် နှုတ်ဆက်ပြီး စကားကိုသာဆက်ပြောနေသည်။

အောင်စိုးက ပြန်ရန်ဟန်ပြင်လိုက်ရင်း . . .

"ကိုကြီးမောင်၊ ကျွန်တော်တို့ပြန်တော့မယ်"

ကျွန်တော်ကလည်း ထိုင်ရာမှ ထလိုက်သည်။ ဒီတော့မှ ကိုကြီး မောင် အခေါ်ခံရသူသည် စကားစကို ဖြတ်လိုက်ပြီး . . .

"နေစမ်းပါဦး ကိုရင်လေးတို့ရ။ ရောက်မယ်မှ မကြာရသေးဘူး။ မပြန်ပါနဲ့ဦး"

ထိုလူသည် ကျွန်တော်တို့ဘက်သို့ လှည့်၍ စကားတွေ တသွင် သွင်ပြောနေပြန်သည်။ ကျွန်တော့်ကို စာရေးဆရာ ကလောင်စမ်းနေသူ တစ်ဦးအဖြစ် အောင်စိုးက မိတ်ဆက်ပေးသည့်အခါတွင်လည်း သူသည် ကလောင်သစ်တို့၏ အခက်အခဲများကို ရှည်လျားစွာပြောကာ အခက် အခဲတွေ့လျှင် စိတ်ပျက်ဖို့မလိုကြောင်း၊ ကြိုးစားဖို့လိုကြောင်း၊ စသည် တို့ကို အားပေးသည်။ စစ်မဖြစ်ခင်က စာရေးဆရာများအကြောင်းတို့ ကို ရှည်လျားစွာ ပြောနေပြန်သည်။ ကျွန်တော်တို့ ရောက်နေစဉ် စာရေး ဆရာတစ်သိုက် ဝင်လာသည့်အခါတွင်လည်း သူသည် ကျွန်တော်တို့ နှင့် စကားစဖြတ်ပြီး နောက်ရောက်လာသည့် စာရေးဆရာများနှင့် စကား ဝိုင်းဖွဲ့ပြန်သည်။ စကားဝိုင်းဖွဲ့သည်ဆိုသော်လည်း အများဆုံးပြောသူ မှာ သူပင်ဖြစ်သည်။ စကားများများ ပြောနိုင်လောက်အောင်လည်း သူ တွင် ဘဝအတွေ့အကြုံ၊ စာအတွေ့အကြုံများဟန်တူပါသည်။

ထိုသူက ကိုကြီးမောင်ခေါ် ငွေဥဒေါင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေဥဒေါင်းသည် အလွန်စကားပြောနိုင်သူဖြစ်သည်။ ပြောနိုင်လောက်အောင်လည်း သူသည် နေရာတကာတွင် စပ်စပ်စပ်စပ်သိသူဖြစ်လေသည်။ နောင်တွင် ရှမဝသို့ကျွန်တော်ရောက်တိုင်း ငွေဥဒေါင်းနှင့် စကားပြောဖြစ်ကြသည်။ ထုံးစံအတိုင်း သူကပင် အများဆုံးပြောတတ်ပါသည်။ ငွေဥဒေါင်းက အခြားသူများနှင့် စကားကောင်းနေစဉ် စက်ခန်းထဲမှ အသားဖြူဖြူ၊ လူပုံနွဲ့နွဲ့၊ စတစ်ကော်လာရှပ်အင်္ကျီလက် ရှည်အဖြူ၊ ခရုတံဆိပ်ပလေကပ်လုံချည်ဖြူတို့ကို သန့်ရှင်းသပ်ရပ်စွာ ဝတ်ထားသည့် လူတစ်ယောက်ထွက်လာသည်။သူ့ကိုကား ရှမဝဦးကျော်မှန်း ကျွန်တော်ချက်ချင်းသိလိုက်သည်။ ငါးသုံးလုံး သံဘူးပေါ်တွင် ရွှန်ဆင်ဓာတ်မီးခြစ်ဘူးလုလုကလေးကို ထပ်၍ကိုင်ထားသည်။ သူ့ညာဘက်လက်ခလယ်နှင့် လက်ညှိုးတို့မှာ နီကိုတင်းဓာတ်ကြောင့် ဝါထိန်နေကြသည်ကို ကျွန်တော်သတိပြုလိုက်မိ၏။

အောင်စိုးက ကျွန်တော့်ကို ဦးကျော်နှင့် မိတ်ဆက်ပေးသည့်အခါတွင် ဦးကျော်က ခပ်တိုးတိုးဖြင့် . . .

"ကျွန်တော်တို့ ရှမဝကိုလည်းရေးပါ။ ကျွန်တော်က ကလောင်သစ်ကလေးတွေကို သိပ်အားပေးချင်တာ၊ ကျွန်တော်ကတော့ နိုင်ငံရေးတွေ ဘာတွေမရှိဘူး။ စာကောင်းရင် လက်ဝဲစာတွေကိုလည်း အားပေးမှာပဲ။ လက်ယာစာတွေကိုလည်း အားပေးမှာပဲ။ စာကောင်းဖို့ပဲ လိုတယ်" ဟုပြောသည်။

ဦးကျော်သည် သူ ရှမဝမဂ္ဂဇင်းထုတ်ရသည့် ရည်ရွယ်ချက်ကို ပြောပြသည်။ သူသည် မူလက မြပိုးထည်တိုက်မှ အုပ်ချုပ်သူ မန်နေဂျာဖြစ်လေသည်။ ငယ်စဉ်ကတည်းကပင် စာပေကို စိတ်ဝင်စားသဖြင့် ဝတ္ထုတိုကလေးတွေ ရေးခဲ့ဖူးသည်။ စစ်မဖြစ်မီတုန်းက မန္တလေးမှာရှိစဉ် ဝတ္ထုများရေးထုတ်ခဲ့ဖူးသည်။ ထိုစဉ်က ထုတ်ဝေခဲ့သည့် ဒဂုန်မဂ္ဂဇင်းကိုကြည့်ကာ မဂ္ဂဇင်းတစ်စောင်လောက် ထုတ်ချင်နေသည်။

စစ်ပြီး၍ ရန်ကုန်သို့ရောက်လာသည်။ မကြာမီပင် ဦးကျော်သည်စွန့်စားခန်းတစ်ခုကို လုပ်လိုက်လေသည်။ မြပိုးထည်တိုက်တွင် အလုပ်လုပ်နေသော သူ့ညီကိုကျော်မြ (နောင်တွင် ဂုဏ်ရောင်ပုံနှိပ် တိုက်ပိုင်ရှင်)ရှိသည်။ မြပိုးထည်တိုက်မှာပင် အလုပ်လုပ်နေသည့်ကိုမြ



www.burmeseclassic.com

www.burmeseclassic.com



(နောင်တွင် ရှုမဝနှင့်စန္ဒာမဂ္ဂဇင်း မန်နေဂျာ)တို့ရှိသည်။ ပေါင်းလိုက်လျှင် တိုက်အုပ်ချုပ်ရေး၊ စက်အုပ်ချုပ်ရေး၊ စာအုပ်ဖြန့်ချီရေးကို နိုင်နင်းစွာ လုပ်နိုင်လေပြီ။ ဦးကျော်သည် စာမူကို ကောင်းစွာရွေးချယ်တတ်သူဖြစ်သည်။ စာပေအကြောင်းကို တီးမိခေါက်မိသူဖြစ်သည်။ သို့ရာတွင် သူကနာမည်ရစာရေးဆရာမဟုတ်။ စာရေးဆရာ တစ်ယောက်ယောက်ကိုရွေး၍ အတိုင်ပင်ခံ အယ်ဒီတာလုပ်ခိုင်းပြီး သူကကြီးကြပ်လျှင် သူတို့မဂ္ဂဇင်းသည်အောင်မြင်နိုင်မည်ဟုယူဆသည်။ ဤတွင် ဦးကျော်သည် တင့်တယ် နှင့် ဆွေးနွေးသည်။ တင့်တယ်ကလည်း မဂ္ဂဇင်းထုတ်ဖို့ စိတ်ကူးတွေအပြည့်။ ထိုစဉ်က တင့်တယ်သည် အစိုးရပြန်ကြားရေးဌာနတွင် အရာရှိ အဖြစ် အမှုထမ်းနေသည်။ သူတို့မဂ္ဂဇင်းကို ခေတ်နှင့်အညီ ပြင်ဆင်မွမ်းမံသည်။ ဆေးရောင်စုံတွေသုံးမည်။ ဝတ္ထုတိုတွေ၊ ဝတ္ထုရှည်တွေထည့်မည်။ မိန်းကလေးတွေအတွက် ဖက်ရှင်ကဏ္ဍထည့်မည်။ ကလောင်သစ်များအတွက် 'မမေ့တဲ့နိုင်' ဟူသော လစဉ်အခန်းတစ်ခန်း ပါမည်။

ထိုအခန်းတွင် အချစ်နှင့်ပတ်သက်၍ဖြစ်စေ၊ ဘဝအတွေ့အကြုံနှင့်ပတ်သက်၍ဖြစ်စေ အမှတ်တရရှိနေစေမည့် အကြောင်းအရာတစ်ခုခုကို အရေးခိုင်းမည်။ မျက်နှာဖုံးကို ထိုစဉ်က နာမည်ကျော်ပန်းချီဆရာ ဦးကိုလေး၏ ပန်းချီလက်ရာဖြင့် ရိုက်မည်။ အဖုံးပုံသည် ခေတ်ဆန်စွာ ဝတ်ဆင်ထားသည့် ကောင်မလေးလှလှ၏ ပုံဖြစ်စေရမည်။ သို့ဆိုလျှင် ပရိတ်သတ်ကို ဆွဲဆောင်နိုင်မည်။ ဝတ္ထုများကို ဆေးရောင်စုံပန်းချီဖြင့် ဖော်ပြမည်။ သူတို့မဂ္ဂဇင်းကို Illustrated Magazine ရှုမဝရုပ်စုံမဂ္ဂဇင်း ဟုအမည်တပ်မည်။ ဦးကျော်နှင့်တင့်တယ်သည် ထိုသို့ဖြင့် စွန့်စားခန်းတစ်ရပ်ကို လုပ်လိုက်ကြသည်။ သူတို့စွန့်စားမှုသည် အောင်မြင်သည်ဟု ဆိုရမည်။ ရှုမဝသည် စစ်ပြီးခေတ် မြန်မာစာပေလောကတွင် စောင်ရေအများဆုံး၊ အအောင်မြင်ဆုံးသော မဂ္ဂဇင်းကြီးတစ်စောင် ဖြစ်လာခဲ့လေသည်။ စစ်မဖြစ်မီ စာရေးဆရာကြီးများနှင့် စစ်ပြီးမှပေါ်လာသည့် လူငယ်စာရေးဆရာများသည် ရှုမဝတွင် လာ၍ စုဝေးကြသည်။ တင့်တယ်၊ သော်တာဆွေ၊ သန်းဆွေ စသူတို့သည် ရှုမဝ၏ပင်တိုင်စာရေးဆရာများ ဖြစ်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ ဦးကျော်ပြောပြသည့် ရှမဝ၏ သမိုင်းတစ်ပိုင်းတစ်စ ပင်ဖြစ်လေသည်။

ဦးကျော်က ရှမဝသမိုင်းကိုပြောပြီး ကျွန်တော်တို့လူငယ်တွေကို ဝင်ရေးဖို့ အားပေးနေစဉ်သန်းဆွေရောက်လာလေသည်။ သန်းဆွေကား ကျွန်တော်နှင့် သိပြီးသား။ သူသည် ကမာရွတ် စံပယ်ခြံတွင်နေရာသူ့ အိမ်သို့ ကျွန်တော်တို့ မကြာခဏ ရောက်ဖူးကြသည်။ သူကလည်း တက္ကသိုလ်ကျောင်းဆောင်များ ရှိရာ ကျွန်တော်တို့ဆီသို့ မကြာခဏလာ အိပ်တတ်သည်။ ကျွန်တော်၊မောင်ကြည်လင်၊ အောင်လင်း၊ ကျော်အောင်၊ စသူတို့ သူငယ်ချင်းတွေလို ဖြစ်နေကြပြီ။

သန်းဆွေသည် စတစ်ကော်လာအင်္ကျီလက်ရှည်ကို လက်မောင်း တစ်ဝက်လောက်အထိ လိပ်တင်ထားတတ်ပြီး အနက်ပေါ်တွင် အဖြူစိပ် စိပ်ကလေးတွေ ပေါက်ထားသည့် ရွှေတောင်ပိုးလုံချည်ကလေးကို အမြဲ လိုလို ဝတ်တတ်သည်။ သန်းဆွေ ရုပ်ပုံကို စဉ်းစားလိုက်သည်နှင့် ကျွန် တော်မျက်စိထဲတွင် ထိုသဏ္ဌာန်သည် အမြဲပေါ်လာတတ်လေသည်။ သန်းဆွေနှင့်ကျွန်တော်သည် ဂီတဝါသနာပါသူများဖြစ်ရာ တစ်ခါ တလေတွင် အောင်လင်းက တယောထိုး၊ ကျွန်တော်က မယ်ဒလင်တီးပြီး သန်းဆွေက သီချင်းဆိုတတ်သည်။ တစ်ခါတရံတွင်လည်း ကျွန်တော် လည်း သီချင်းဝင်ဆိုတတ်လေသည်။ ဆိုတတ်၍တော့ မဟုတ်ပါ။ ပိုးထ၍ဆိုခြင်းသာဖြစ်ပါသည်။ သန်းဆွေသည် စိတ်ခြယ်ဖြာရောင်လင်း ထဲမှာ . . .။

သန်းဆွေ ရောက်လာသည့်အခါ ကျွန်တော်တို့သည် ခပ်လှမ်း လှမ်းရှိ မွန်းရှိုင်းကဖီးသို့သွား၍ လက်ဖက်ရည်သောက်ကြသည်။ စာ ကြောင်း ပေကြောင်းတွေကို မမောနိုင် မပန်းနိုင်ပြောတတ်ကြသည်။ သို့ ကလို နေစဉ် သော်တာဆွေ ရောက်လာလျှင် ကျွန်တော်တို့စကားဝိုင်း သည် ပျက်လေပြီ။ သော်တာဆွေသည် မြင်သမျှလူကို လှမ်းနောက်နေ တတ်သည်။ ဘယ်သူ့ကိုမှ ချမ်းသာမပေး။ သူ့ကြည့်လိုက်လျှင် စာက လေးတစ်ကောင်လို ပါးစပ်မှ အမြဲတမ်းအသံထွက်နေတတ်ပါသည်။ အသံတိတ်နေသည့်အခါဆို၍ ကျွန်တော်များများ မတွေ့ဖူးပါ။ မူး၍သေနေး ဆိုးသည့်အချိန်မှလွဲ၍ သူ့တွင် စိတ်ညစ်စရာဆို၍တည်းတည်းကလေးမျှ



www.burmeseclassic.com

www.burmeseclassic.com



ရှိပုံမရ။ ယောက္ခမနှင့် စိတ်ဆိုး၍ အိမ်မှဆင်းလာလျှင်လည်း အရွှန်းအသောတွေ အပြောမပျက်။ တစ်ခါတွင် ယောက္ခမနှင့် စိတ်ဆိုးပြီး ကျွန်တော်တို့တွေ စုဝေးနေထိုင်ရာ ကိုသန်းတင်၏အိမ်တွင် ခဏဆင်းလာနေဖူးသည်။ သူ့ခဏသည် တစ်နှစ်လောက်ကြာမည် ထင်ပါသည်။ သို့ရာတွင် သူအရယ်အမောမပျက်၊ အပျော်အပါး မပျက်။

သော်တာဆွေသည် ကျွန်တော်တို့ကို တွေ့တွေ့ချင်း မင်းနှင့်ငါနှင့် ရင်းရင်းနှီးနှီးပြောသည်။ ဟန်ဆောင်တာတွေ ဘာတွေမရှိ။ သူပြောချင်ရာတွေကို ပြောတတ်သည်။ နောင် ကျွန်တော်တို့နှင့် သူငယ်ချင်းလိုရင်းနှီးလာသည့်အခါတွင် ကျွန်တော်တို့ကလည်း မင်းနှင့်ငါနှင့်ပင် ပြောကြသည်။ဒီလိုပြောလျှင်လည်း သူစိတ်မဆိုး။ တကယ်ဆိုလျှင် သော်တာဆွေသည် ကျွန်တော့်ထက် ၁၁နှစ်ကြီးပါသည်။ ကျွန်တော့်ဦးလေး အငယ်ဆုံးနှင့် ရွယ်တူလောက် ရှိပါလိမ့်မည်။ မင်းနှင့်ငါနှင့် နှုတ်ကျိုးနေသဖြင့် ကျွန်တော်သည် သူ့ကို ထိုအတိုင်းပြောခဲ့ရာ နောင်တွင်မှ ကျွန်တော့်ဘာသာ ကျွန်တော် မနည်းပြင်ယူရပါသည်။ သူကတော့ ဘာမျှအရေးတကြီးထားဟန် မတူပါ။ (ကန်တော့ သူငယ်ချင်းရေ)

တလောက သူနှင့်ကျွန်တော် မြို့ထဲတွင်တွေ့ရာ သူ့စကားတစ်ခွန်းကြောင့် ကျွန်တော်စိတ်ထိခိုက်သွားပါသည်။

'သော်တာဆွေဟာ စာရေးလို့တော့ ဘယ်တော့မှ ထမင်းမငတ်ဘူး ထင်ခဲ့တာကွာ။ ခုတော့ ငါ ထမင်းငတ်နေပြီ' တဲ့။

သူနောက်နေသလားဟု သူ့မျက်နှာကို ကျွန်တော်လှမ်းကြည့်လိုက်ပါသည်။ သူမျက်နှာသည် ညှိုးနေပါသည်။

'ကျုပ်လာခဲ့ဦးမယ်ဗျာ'

'မလာပါနဲ့သူငယ်ချင်းရာ။ မင်းမျက်စိက ကောင်းတာမဟုတ်ဘူး ငါနေတာက အဝေးကြီး၊ အင်းစိန်မှာ'

ပါးစပ်ကသာ ပြောလိုက်သော်လည်း ကျွန်တော်သူ့ဆီကို မရောက်ဖြစ်ပါ။ ကျွန်တော်သည် အသက်ခုနစ်ဆယ်နားသို့ ချဉ်းကပ်နေပြီဖြစ်သော သော်တာဆွေကိုကြည့်ရင်း ကျွန်တော်တို့ စာရေးဆရာများ (စာရေးဖို့အသက်ရှင်ပြီး အသက်ရှင်ဖို့ စာရေးနေရသော စာရေးဆရာများ) ၏ဆည်းဆာချိန်ရှုခင်းကို မြင်ယောင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သော်တာဆွေက အရွှန်းအပျက်တွေကို ပြောနေစဉ် မင်းရှင် ရောက်လာလေသည်။ မင်းရှင်သည် ထိုစဉ်က မြန်မာ့အသံတွင် အလုပ် လုပ်နေသည်။ နေ့လယ် ၂နာရီထိုးသည်နှင့် ရုံးဆင်းလာကာ ရှုမဝသို့ ရောက်လာသည်။ ဘာရယ်လို့တော့မဟုတ်။ စာရေးဆရာဆိုသည့် သတ္တဝါသည် စာရေးဆရာတွေနှင့် တွေ့ဆုံပြောဆိုနေရသည်ကို ပျော်သည်။ တစ်ခြား အသိုင်းအဝိုင်းတွေနှင့် သိပ်မရောချင်။ ရောလျှင် လည်း တူညီသည့် ဘာသာစကားမရှိ။ ထိုအခါတွင် ကျွန်တော်တို့သည် ဘာသာစကားချင်း တူသော စာရေးဆရာအချင်းချင်းသာလျှင် ပေါင်း ဖော်မိကြသည်။ သော် တာဆွေတို့လို စာရေးခြင်းဖြင့် အသက်မွေးသည့် စာရေးဆရာများနှင့် တွေ့လျှင် မင်းရှင်က . . .

'ကိုဆွေ ကျွန်တော်လဲ အလုပ်ကထွက်ပြီး ခင်ဗျားတို့လို စာရေး စားမယ်ဗျာ'

ဟု ပြောတတ်သည်။

'ဟကောင်ကြီးရဲ့၊ နင်အလုပ်ထွက်တာ ဘယ်နှစ်ခါရှိပြီလဲ'

ဟု သော်တာဆွေက ဝင်ဖောက်တတ်၏။

မင်းရှင်သည် တကယ်ပင် အစိုးရအမှုထမ်းကထွက်ပြီး စာရေး ဆရာအဖြစ် အသက်မွေးရန်ကြိုးစားပါသည်။ သို့ရာတွင် ဘာကြောင့်မှန်း မသိ၊ မထွက်ဖြစ်ခဲ့ပါ။ နောင်တွင် စာပေလောကနှင့်ပင် အနေဝေးသွား ခဲ့ပါသည်။ ကျွန်တော်နှင့်တွေ့လျှင် သူသည် . . .

'ခင်ဗျားကို အားကျတယ်ဗျာ။ ကျွန်တော်လဲ စာရေးချင်တယ်။ ဒါပေမယ့် မရေးဖြစ်တော့ဘူး ထင်ပါရဲ့'

ဟု ဝမ်းနည်းပက်လက် ညည်း တတ်ပါသည်။ မိုးဝေလာလျှင် လက်ဖက်ရည်ဆိုင်သို့လိုက်လာပြီး လက်ဘက်ရည်တစ်ခွက်မှာကာ လွယ်အိတ်ထဲက ဗလာစာအုပ်ကိုထုတ်၍ လက်ဖက်ရည်စားပွဲမှာပင် စာရေးလေသည်။ မိုးဝေသည် အရက်ဝိုင်းထိုင်လျှင်လည်း အရက် သောက်ရင်းစာရေးတတ်သည်။ စကားကလည်း အလွန်နည်းသည်။ ကျွန်တော် တွေ့ဖူးသလောက်ဆိုလျှင် မိုးဝေသည် ရောက်လေရာတွင် စာရေးနိုင်သူ ဖြစ်ပါသည်။ တာဝါဘားထဲတွင် အရက်သောက်ရင်း စာရေးနေသော မိုးဝေကို ကျွန်တော်မကြာခဏ တွေ့ဖူးပါသည်။ မိုးဝေ



www.burmeseclassic.com

www.burmeseclassic.com



သည် တစ်ခါတရံတွင် နေ့စားလဲရေးပါသည်။ သူသည် စာအုပ်မျိုးစုံကို နာမည်မျိုးစုံဖြင့် ရေးတတ်သည်။ အချို့စာအုပ်များကို နေ့စားဖြင့်ရေးပါသည်။ တစ်နေ့ကို စာမျက်နှာတစ်ဖောင်အပ်လျှင် ငွေတစ်ဆယ်ရပါသည်။ နေ့စားရေးသော စာအုပ်များမှာ ဘာသာပြန်စာအုပ်များဖြစ်ပါသည်။ ထိုစာအုပ်အတွက် ကော်ပီခမှာ ထိုမျှသာဖြစ်သည်။

မိုးဝေက ပါရီမွန်ပါနာဆေးရပ်ကွက်မှ စာရေးဆရာများ၊ ပန်းချီဆရာများလို လက်တွေ့ နေသွားနေသူ ဖြစ်လေသည်။ ညနေရုံးဆင်းချိန်ရောက်သည်နှင့် တင့်တယ်ရောက်လာလေသည်။ တင့်တယ်သည် ပန်းဆိုးတန်းရှိ ပြန်ကြားရေး ညွှန်ကြားရေးဝန်ရုံးတွင် အလုပ်လုပ်နေသူဖြစ်သည်။ ညနေရုံးဆင်းလျှင် ရှုမဝတိုက်ကိုဝင်၍ သူလုပ်စရာရှိသည်တို့ကိုလုပ်သည်။ ပြီးလျှင် ကျွန်တော်တို့တစ်တွေ စုရုံးပြီး တာဝါဘားတွင် ထိုင်ကြသည်။စကားတွေပြောကြသည်။ ငြင်းကြသည်။ တစ်ခါတရံတွင် ရန်ဖြစ်ကြသည်။ သို့ရာတွင် ဘယ်လောက်ပဲ ရန်ဖြစ်ဖြစ် နောက်တစ်နေ့တွင် ပြန်တည့်သွားကြပြီး တာဝါဘားသို့ ရောက်သွားကြပြန်သည်။

သည်တုန်းက ကျွန်တော်သည် စာရေးသက်အနုဆုံး၊ ဝါအငယ်ဆုံးဖြစ်ပြီး၊ သူတို့အားလုံးမှာ ကျွန်တော့်ထက် အသက်ရော၊ ဝါရော ကြီးသူများဖြစ်ကြလေသည်။

ဦးကျော်သည် သူ့မဂ္ဂဇင်းထဲတွင် စာရေးဆရာပေါင်းစုံပါအောင် ဆွဲဆောင်နိုင်သော ထုတ်ဝေသူကောင်းတစ်ယောက်၊ အယ်ဒီတာကောင်းတစ်ယောက် ဖြစ်ပါသည်။ ဦးကျော်ဆုံးပြီး ရှုမဝကို မောင်ဆွေတင့်တို့ ဦးစီးလုပ်ကိုင်သဖြင့် ကျွန်တော်ထံအကြံတောင်းသည့်အခါတွင် ကျွန်တော် အကြံများများပေးစရာမရှိပ့ါ။

"ဦးကျော်ရဲ့ နမူနာကိုသာ ယူကြပါကွာ"

ဟုသာ ကျွန်တော် တိုတိုပြောခဲ့ပါသည်။

ရှုမဝနှင့် ပတ်သက်၍ ကျွန်တော့်တွင် ရေးစရာတွေ အများကြီးရှိပါသေးသည်။ ရှုမဝခေတ်ဦးက ကျွန်တော်တို့ ရေးဖော်ရေးဖက်များအကြောင်းကိုလည်း အများကြီးရေးစရာတွေ ရှိပါသေးသည်။ ကျွန်တော်သည် ဗိုလ်ချုပ်ဈေး အနောက်ဖက်တန်းက ရှုမဝ၊ မောင်ထော်လေးလမ်းက ရှုမဝ၊ ဗိုလ်ရာညွန့်လမ်းက ရှုမဝ စသည့် ခေတ်များကိုမှီလိုက်



www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်သဖြင့် ရေးစရာတွေရှိနေပါသည်။ ရှမဝခေတ်ဦးက ကျွန်တော်တို့တစ်တွေအကြောင်းကို ပြန်စဉ်းစားလျှင် ပါရီအနုပညာရပ်ကွက်ဖြစ်သော မွန်ပါနာဆေကို ကျွန်တော်သတိရနေသည်။ သို့ရာတွင် မရေးဖြစ်နိုင်သေးပါ။

ကျွန်တော်သည်အတိတ်တွင် နစ်မြုပ်နေသူ မဟုတ်ပါ။ အတိတ်ကိုသုံးသပ်ပြီး ပစ္စုပ္ပန်ထဲတွင် နေထိုင်ရင်း၊ အနာဂတ်ကို မျှော်ကြည့်ချင်သူ ဖြစ်ပါသည်။ အတိတ်ကိုမသိလျှင် ပစ္စုပ္ပန်ကို နားမလည်နိုင်ပါ။ ပစ္စုပ္ပန်ကို နားမလည်လျှင်အနာဂတ်သည် မြူမှုန်လိုဝေဝါးနေ မည်သာဖြစ်ပါ သည်။ ■

**(၁၉၈၉၊ မတ်လ၊ ရှမဝ)**



www.burmeseclassic.com

www.burmeseclassic.com

## မဂ္ဂဇင်းအိပ်မက်များ

၁။

စာနယ်ဇင်းဟူသော ဝေါဟာရကို စစ်မဖြစ်မီကတည်းက ကြားခဲ့ဖူးသည်။ သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းတို့ကို စုပေါင်းခေါ်လိုက်သော စကားလုံးဖြစ်သည်။ တိုးတက်ရေးမဂ္ဂဇင်း အယ်ဒီတာ ဦးဗဂျီဒိုက တီထွင်ပြီး ပီမိုးနင်းက လှိုင်လှိုင်သုံးခဲ့သောစကားလုံးဟု ကျွန်တော်မှတ်မိနေသည်။ ယေဘုယျအားဖြင့် သတင်းစာမှာ နေ့စဉ်ထုတ်ဝေသော စာစောင်ဖြစ်ပြီး၊ ဂျာနယ်မှာအပတ်စဉ် ထုတ်ဝေသော စာစောင်ဖြစ်၍ မဂ္ဂဇင်းမှာ လစဉ်ထုတ်သောစာစောင်ကို ခေါ်ခြင်းဖြစ်သည်။ သတင်းစာတွင် ခေါင်းကြီးပိုင်းနှင့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ အားကစားနှင့် လူထုစိတ်ဝင်စားသော၊ လူထုအတွက် အကျိုးရှိနိုင်သော သတင်းများကို ဖော်ပြလေ့ရှိသည်။

ဂျာနယ်မှာ ထိုသီတင်းပတ်အတွင်းတွင် ဖြစ်ပျက်သွားသော သတင်းများကို အတိုချုပ်ဖော်ပြပြီး ထိုအထဲမှ အရေးအကြီးသည်ဟု ယူဆရသော သတင်းကိုအကျယ်ဖော်ပြကာ ယင်းနှင့်ပတ်သက်၍ အကျိုးအကြောင်း၊ အဆိုးအကောင်းကို ဝေဖန်ဆန်းစစ် တင်ပြသည်။ ပြင်ပမှ



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာများ၊ ဆောင်းပါးရှင်များ၏ ဆောင်းပါးများလည်း ပါလာတတ်သည်။ ဝတ္ထုတို၊ ကဗျာစသည့် စာပေအနုပညာနှင့် ပတ်သက်သော စာများလည်း ပါလာတတ်သည်။

မဂ္ဂဇင်းမှာ လစဉ်ထုတ်ဖြစ်ပြီး အများအားဖြင့် ဆောင်းပါးများနှင့် ဝတ္ထုများ၊ ကဗျာများ ပါလေ့ရှိသည်။ ယင်းမှာ အစဉ်အလာနားလည်ထားခဲ့ကြသော အနက်အဓိပ္ပါယ် ဖြစ်သည်။ ဒုတိယကမ္ဘာစစ် ဖြစ်ခါနီးက ဩဇာကြီးသော သတင်းစာကြီးများမှာ သူရိယသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့ ဖြစ်သည်။ ဩဇာကြီးသော ဂျာနယ်များမှာ ဂျာနယ်ကျော်၊ စနေနဂါးနီဂျာနယ်နှင့် ဒီးဒုတ်ဂျာနယ်တို့ဖြစ်သည်။ ဩဇာကြီးသော မဂ္ဂဇင်းများမှာ သူရိယရုပ်စုံမဂ္ဂဇင်း၊ မြန်မာ့အလင်းမဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်း၊ တိုးတက်ရေးမဂ္ဂဇင်း၊ ဂန္ထလောကမဂ္ဂဇင်းနှင့် စာဆိုတော်မဂ္ဂဇင်းတို့ဖြစ်ကြသည်။ ဩဇာကြီးသည်ဟု ဆိုခြင်းမှာ စောင်ရေအနည်းအများပေါ်မတည်ဘဲ စာဖတ်သူများကလေးစားစွာ ဖတ်ရှုခြင်းကို ပြောလိုခြင်းဖြစ်သည်။

ဒဂုန်မဂ္ဂဇင်းမှာ စောင်ရေများ၍ ဩဇာလည်းကြီးသည်။ သို့ရာတွင် ဂန္ထလောကမဂ္ဂဇင်းနှင့် စာဆိုတော်မဂ္ဂဇင်းတို့မှာ စောင်ရေမများသည့်တိုင် ဖတ်သူတို့က လေးလေးစားစားဖတ်ပြီး စာပေခေတ်တစ်ခေတ်ထူထောင်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါခဲ့ကြသည်။

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစသည်တို့ကို နောက်ပိုင်းတွင် လူထုဆက်သွယ်ရေး ကိရိယာများဟု ခေါ်လာခဲ့ကြသည်။ အာဏာစက်နှင့် လူထုဆက်သွယ်ရေး၊ လူထုအချင်းချင်း ဆက်သွယ်ရေးတို့ကို ရည်ရွယ်၍ ခေါ်ခြင်းဖြစ်ဟန်တူသည်။ စာနယ်ဇင်းများသည် မိမိတို့ ကိုယ်စားပြုသော အစုအသီးသီး၏ အမြင်ကိုဖော်ပြလေ့ရှိကြသည်။ နိုင်ငံရေးအစုတစ်စု ဖြစ်ချင်ဖြစ်မည်။ စီးပွားရေးအစုတစ်စု ဖြစ်ချင်ဖြစ်မည်။ ယဉ်ကျေးမှုအစုတစ်စု ဖြစ်ချင်ဖြစ်မည်။ ဘာသာရေးအစုတစ်စု ဖြစ်ချင်ဖြစ်မည်။ ထို့ထက် ကျယ်ပြန့်သွားလျှင် လူတန်းစားတစ်ခုခုတို့၏အမြင်ကို ကိုယ်စားပြုသည်ဟုလည်း ပြောနိုင်သည်။

နိုင်ငံရေးအကွဲအပြဲများ ပေါ်ပေါက်လာသည့်အခါတွင် မည်သည့်ဘက်မှ မလိုက်ဘဲ ကြားနေသည်ဆိုသည့် သတင်းစာများ ရှိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ထိုသတင်းစာကို ဦးစီးသူအယ်ဒီတာအဖွဲ့၏ အမြင်ကိုတော့ အနည်းဆုံး ကိုယ်စားပြုနေရသည်။

စစ်မဖြစ်မီတုန်းက သူရိယ၊ မြန်မာ့အလင်းစသော သတင်းစာကြီးများမှာ သူတို့နှစ်သက်သော နိုင်ငံရေးပါတီများကို ထောက်ခံရေးသားခဲ့ကြသည်။ သူရိယသည် စောစောပိုင်းတွင် ၂၁ ဦးအဖွဲ့ကို ထောက်ခံရေးသားခဲ့သော်လည်း နောက်ပိုင်းတွင် မျိုးချစ်ပါတီ၏ ကြွေးကြော်သံ သတင်းစာဖြစ်သွားခဲ့သည်။ မြန်မာ့အလင်းသည် စောစောပိုင်းက ၂၁ ဦးအဖွဲ့ကို ထောက်ခံခဲ့သော်လည်း နောက်ပိုင်းတွင် တို့ဗမာအစည်းအရုံးကို ထောက်ခံသည့်သတင်းစာ ဖြစ်သွားခဲ့သည်။

ဂျာနယ်များမှာလည်း ထိုအတိုင်းပင်ဖြစ်သည်။ စနေနဂါးနီဂျာနယ်သည် နဂါးနီစာအုပ်အသင်း၏ ကြွေးကြော်သံ ဂျာနယ်ဖြစ်ပြီး တို့ဗမာအစည်းအရုံးမှ လက်ဝဲယိမ်းသော သခင်အစု၏ အာဘော်ဖြစ်သည်။ ဂျာနယ်ကျော် မှာ အသင်းအဖွဲ့တစ်ခု၏ ကြွေးကြော်သံ မဟုတ်သည့်တိုင် တို့ဗမာအစည်းအရုံးနှင့်တော့ နီးစပ်သည်။ ဒီးဒုတ် ဂျာနယ်မှာမူ ဖေဘီယန်ပါတီနှင့် နီးစပ်သည်။

ဂျပန်ခေတ်တွင် သူရိယ၊ မြန်မာ့အလင်း စသည့်သတင်းစာ များ ထုတ်ဝေခဲ့သေးသော်လည်း ဖက်ဆစ်စနစ်အောက်ဖြစ်၍ မိမိတို့၏ ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ခွင့် မရခဲ့ပေ။ အစိုးရ၏ ထုတ်ပြန်ကြေညာချက်များကိုသာ ဖော်ပြခဲ့ရသည်။ ထိုအထဲတွင် အစိုးရသတင်းစာအဖြစ် ဗမာ့ခေတ် သတင်းစာရှိသေးသည်။

ဂျပန်ခေတ်တစ်လျှောက်လုံး မြန်မာသတင်းစာလောကသည် လူထုကိုမှန်ကန်သော သတင်းများနှင့် လွတ်လပ်သော အောင်မြင်ချက်များကို မပေးနိုင်သဖြင့် မြန်မာလူထုသည် အမှောင်ထုအောက်သို့ ကျရောက်ခဲ့ရသည်။

၂

ဝါဒဖြန့်ချိရေးဆိုသော စကားလုံးသည် သူ့ပင်ကိုသဘောအရကောင်းသော စကားလုံး ဖြစ်သည်။ အယူဝါဒတစ်ခုကို အများကသဘောပေါက်အောင် ဖြန့်ဖြူးဟောပြောခြင်းဖြစ်သည်။ မူလက "ပရိုပါဂန်ဒါး" ဆိုသော အီတလီစကားလုံးသည် ရောမဘာရင်ဂျီအယူဝါဒကို ဖြန့်



www.burmeseclassic.com

www.burmeseclassic.com



ပွားအောင်လုပ်သည့် ဂိုဏ်းချုပ်ကြီးများ၏ အဖွဲ့ကိုခေါ်ခြင်းဖြစ်သည်။ နောင်တွင် နာဇီပြန်ကြားရေးဝန်ကြီး ဂိုဘဲလ်က နာဇီအယူဝါဒကို ဖြန့်ချိသည့်ဌာနကို ထိုစကားလုံး တွဲသုံးလိုက်သည့်နောက်မှစ၍ ပရိုပါဂန်းဒါး ဆိုသောစကားလုံးသည် နာမည်ပျက်သွားရခြင်းဖြစ်သည်။ ပရိုပါဂန်းဒါးကို မြန်မာပြန်ဆိုသည့် ဝါဒဖြန့်ချိရေးဆိုသည့် စကားလုံးမှာလည်း ယင်းနှင့်အတူ နာမည်ပျက်စာရင်းထဲပါသွားသည်။ ဝါဒဖြန့်ချိရေးဆိုလျှင် မုသားစကားဟုလူထုက နားလည်သွားတော့သည်။

အမှန်အားဖြင့် စာနယ်ဇင်း၏ လုပ်ငန်းသည် ဝါဒဖြန့်ချိရေးပင်ဖြစ်သည်။ မိမိ၏ထင်မြင်ချက်၊ မိမိတို့၏အယူအဆကို အများပြည်သူလူထု သိမြင်နားလည်လာအောင်၊ လိုအပ်လျှင် လက်ခံလာအောင် လုပ်ခြင်းဖြစ်သည်။ ထိုလုပ်ငန်းတွင် အသိပေးခြင်း၊ ပညာပေးခြင်း၊ ပြန့်ပွားအောင်လုပ်ခြင်း၊ သင်ကြားခြင်း စသည့်အခ်ပွါယ်များ ပါဝင်ပေသည်။

သတင်းစာနှင့် ဂျာနယ်တို့သည် ဝါဒဖြန့်ချိရေးလုပ်ငန်းများကို အဓိကထား၍ လုပ်ဆောင်ကြသည်။ အနုပညာဆိုရာတွင် စာပေ၊ ပန်းချီ၊ ကာတွန်း၊ ဂီတ၊ သဘင် စသည့်ပညာရပ်များ အားလုံးပါဝင်သည်။ အချို့က ပန်းချီကိုအသားပေးမည်။ အချို့ကသဘင်ကို အသားပေးမည်။ အချို့ ဂီတကိုအားပေးမည်။ အယ်ဒီတာအဖွဲ့၏ တိမ်းညွှတ်မှုကို လိုက်၍ သန်ရာ သန်ရာကိုရေးသားဖော်ပြကြသည်။ အနောက်နိုင်ငံများ တွင်မူ လူ့အဖွဲ့အစည်းက ပို၍ ရှုတ်ထွေးပြီး ပို၍ကျယ်ပြန့်သဖြင့် အနုပညာတွင်သာမကတော့ဘဲ လူမှုဘဝနယ်ပယ်အသီးသီးတွင် မဂ္ဂဇင်းတွေရှိနေကြသည်။ အားကစား မဂ္ဂဇင်းများ၊ (ယင်းတို့ထဲတွင်မှ ဂေါက်သီးမဂ္ဂဇင်း၊ တင်းနစ်မဂ္ဂဇင်း၊ ရေကူးမဂ္ဂဇင်းစသည်) အချက်အပြုတ်မဂ္ဂဇင်းများ၊ ဆေးပညာမဂ္ဂဇင်း၊ စက်မှု သိပ္ပံပညာရပ်ဆိုင်ရာ မဂ္ဂဇင်းများ၊ ရှေးဟောင်းသုတေသန ပညာရပ်ဆိုင်ရာနှင့် သမိုင်းဆိုင်ရာ မဂ္ဂဇင်းများ၊ အမျိုးသမီး မဂ္ဂဇင်းများ၊ လိင်ဆက်ဆံမှုနှင့် ပတ်သက်သော မဂ္ဂဇင်းများ၊ အိမ်အလှပြင် မဂ္ဂဇင်းများ၊ စိုက်ပျိုးရေး မဂ္ဂဇင်းများ စသဖြင့် လူမှုဘဝနယ်ပယ်အသီးသီးနှင့် ပတ်သက်သောမဂ္ဂဇင်းများ ရှိကြသည်။ ထိုမဂ္ဂဇင်းများထဲတွင် သက်ဆိုင်ရာဘာသာရပ်နှင့် ပတ်သက်သော ဝတ္ထု၊ဆောင်းပါး၊ ကဗျာ၊ ဓာတ်ပုံ၊ ထင်မြင်ချက်၊ ဝေဖန်စာ စသည်တို့ပါကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်မဖြစ်မီတုန်းက ကျွန်တော်တို့ မြန်မာမဂ္ဂဇင်းများမှာ ဘာသာရပ်တစ်ခုကို ဖော်ပြသည့်မဂ္ဂဇင်းများ မဟုတ်။ အများအားဖြင့် စာပေအနုပညာတို့နှင့်ပတ်သက်သော မဂ္ဂဇင်းတွေများသည်။ ဂန္ထလောက မဂ္ဂဇင်းမှာ စာပေမဂ္ဂဇင်း သက်သက်ဟုပင်ဆိုနိုင်သည်။ ယင်းမဂ္ဂဇင်းတွင် ကဗျာ၊ ဝတ္ထု၊ ဘာသာပြန်၊ ပြဇာတ်၊ ဝေဖန်စာ စသည်တို့ အများဆုံးပါတတ်သည်။ ဒဂုန်မဂ္ဂဇင်း ကတော့ ဂန္ထလောကထက် နည်းနည်းကျယ်ပြန့်သည်။ ဝတ္ထု၊ ကဗျာများသာမက ရုပ်ရှင်၊ ဘာသာရေး၊ အမျိုးသမီးရေးရာစသည်တို့ ပါတတ်သည်။ တိုးတက်ရေးမဂ္ဂဇင်းနှင့် ကြီးပွားရေးမဂ္ဂဇင်းတို့မှာလည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်အခါတွင် မြန်မာစာနယ်ဇင်းလောကသည် အမှောင်တိုက်မှ လွတ်လာခဲ့ကာ သတင်းစာတွေ၊ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ အများအပြားပေါ်လာခဲ့သည်။ အသီးသီးသော သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများသည် သူတို့ကိုယ်စားပြုသည့် အစုအတွက်ရေးသားကြသည်။ ဝါဒဖြန့်ချိကြသည်။ ဟောပြောကြသည်။ မဂ္ဂဇင်းများမှာလည်း စာပေနှင့်အနုပညာရပ်တို့ကို အများအားဖြင့်ဖော်ပြသော မဂ္ဂဇင်းများဖြစ်ကြသည်။

၃

ယနေ့အချိန်တွင် မဂ္ဂဇင်းတွေ အပြိုင်းအရိုင်းထွက်နေကြသည်။ အချို့က စာပေအနုပညာကို ဝါသနာပါ၍ ထုတ်နေကြခြင်း ဖြစ်သည်။ အချို့က စီးပွားရေးသဘောဖြင့် ထုတ်ကြခြင်းဖြစ်သည်။ အချို့က လုပ်ငန်းတစ်ခုခုကိုပြရန် ထုတ်ကြခြင်းဖြစ်သည်။ (ဟု ထင်သည်)

ထားပါ။ ဘာကြောင့်ပဲဖြစ်ဖြစ် မဂ္ဂဇင်းတွေ များလာသည်မှာ ကောင်းသောလက္ခဏာဖြစ်သည်။ အရေအတွက်များလာမှ အရည်အချင်းသို့ ပြောင်းနိုင်ပေလိမ့်မည်။

ကျွန်တော့်ရှေ့တွင်မဂ္ဂဇင်းတော်တော်များ ရှိသည်။ စစ်ကြိုခေတ်၊ စစ်ပြီးခေတ်၊ လွတ်လပ်ရေးခေတ်၊ အိမ်စောင့်အစိုးရခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တို့နှင့် မတူတော့ပြီ။ တူလည်း မတူနိုင်ပါ။

ယနေ့ မဂ္ဂဇင်းများမှာ အသွင်အပြင်တွေ လုံးဝပြောင်းလဲသွားသည်။ ယခင်က ခဲစာလုံးတွေ နေရာတွင် ကွန်ပျူတာ စာလုံးတွေ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ အရောင်အသွေးတွေ တောက်ပလာသည်။ စာမျက်နှာတိုင်းတွင် ရုပ်ပုံတွေ၊ ဓာတ်ပုံတွေဖြင့် ဝေဆာလာသည်။ စာအုပ်လုပ်ငန်းအတတ်ပညာတွင် အများကြီးတိုးတတ်လာသည်။ နည်းပညာတွေတိုးတက်လာသဖြင့် ယင်းသို့ တိုးတက်ပြောင်းလဲလာရသည်မှာလည်း သဘာဝကျပေသည်။ (သို့တိုင်အောင် နိုင်ငံခြား မဂ္ဂဇင်းအပြင်အဆင်တွေကိုတော့ မမီသေး)။ ချုပ်၍ပြောရလျှင် စာအုပ်လုပ်ငန်းအတတ်ပညာသည် များစွာတိုးတက်လာသည်ဟု ပြောနိုင်သည်။ ယခင်ခေတ်များက မဂ္ဂဇင်းများနှင့် မတူတော့။

သို့ရာတွင် ယနေ့ခေတ်မဂ္ဂဇင်းများတွင် အားလုံးလောက်တူနေသည့် အချက်တစ်ချက်တော့ရှိသည်။ ယင်းမှာ မဂ္ဂဇင်းများထဲတွင် သတင်းစာ အငွေ့အသက်၊ ဂျာနယ်အငွေ့အသက်၊ မဂ္ဂဇင်း အငွေ့အသက်သုံးမျိုးစလုံး ရောနေခြင်းဖြစ်သည်။

မဂ္ဂဇင်းများကို လှန်ကြည့်လိုက်လျှင် စာပေအနုပညာသတင်း၊ ကိုယ်ရေးကိုယ်တာသတင်း၊ နိုင်ငံတကာရေးရာသတင်း၊ ဆေးပညာဆောင်းပါး၊ ဗေဒင်သတင်း၊ ပြည်ပနှင့် ပြည်တွင်းရုပ်ရှင်သတင်း၊ ဘာသာရေးသတင်းနှင့် ဆောင်းပါးစသည်တို့ တော်တော်များများတွင် ပါနေကြသည်။ ယင်းမှာ သတင်းစာနှင့် ဂျာနယ်တွေ မရှိသဖြင့် မဂ္ဂဇင်းစာမျက်နှာပေါ်သို့ ရောက်လာကြခြင်း ဖြစ်ဟန်တူသည်။ ပြည်ပသတင်းကို ဖော်ပြရာတွင်လည်း ရယူသည့် ရင်းမြစ်ချင်းတူနေကြသဖြင့် မဂ္ဂဇင်းတစ်စောင်နှင့်တစ်စောင် အကြောင်းအရာတွေ ထပ်နေသည်။ နိုင်ငံတကာပြဿနာတစ်ရပ်ကို ရှုမြင်သုံးသပ်ရာတွင် အယ်ဒီတာ၏ ကိုယ်ပိုင်ထင်မြင်ချက်၊ ကိုယ်ပိုင်သဘောထားတို့မပါဘဲ အဖြစ်အပျက်လောက်ကိုသာ ရေးပြခြင်းဖြစ်သဖြင့် စာဖတ်ပရိသတ်၏အာရုံကို မဆွဲဆောင်နိုင်ဘဲ ဖြစ်နေသည်။ သတင်းစာများ၊ ဂျာနယ်များ ပေါ်ပေါက်လာသည့်အခါတွင်မူ စာပေအနုပညာမဂ္ဂဇင်းများသည် သူ့ပုံမှန်နေရာသို့ ပြန်ရောက်သွားပေလိမ့်မည်။ ကျွန်တော်သည် စာပေအနုပညာမဂ္ဂဇင်းများ၊ သူ့ပုံမှန်နေရာသို့ ပြန်ရောက်မည့်နေ့ကို အိပ်မက်မက်နေမိလေသည်။ ■

(၁၉၉၆၊ ဇန်နဝါရီ၊ ကလျာ)



www.burmeseclassic.com

www.burmeseclassic.com

# လက်ဖက်ရည်ဆိုင်ထဲမှ ဖြတ်သန်းစီးဆင်းသွားသောရေအလျဉ်

၁

ကျွန်တော်သည် ၄၅ လမ်းထဲသို့ ချိုးဝင်လိုက်သည်။

ဗိုလ်ချုပ်လမ်းနှင့်အနော်ရထာလမ်းမကြီးများပေါ်တွင် မော်တော်ကားဟွန်းသံတွေ ဆူညံနေသလောက် လမ်းထဲမှာ တိတ်ဆိတ်နေသည်။ အချို့နေရာများတွင် တိုက်သစ်၊ အိမ်သစ်တွေကို မြင်ရသော်လည်း အချို့နေရာများတွင်မူ တိုက်ဟောင်း၊ အိမ်ဟောင်းတွေ ကျန်နေသေးသည်။ အချို့အိမ်တွေမှာ စက္ကူပန်းရုံလေးတွေ ဗာဒံပင်ဝိုင်းဝိုင်းကလေးတွေ စိမ်းစိုအေးမြနေသည်။

ကျယ်ဝန်း၍လေကောင်းလေသန့်ရသည့် မဟေသီမဂ္ဂဇင်းတိုက်အပေါ်ထပ်သို့ ရောက်သွားသည့်အခါတွင် ရန်ကုန်မြို့ကြီးမှ အိမ်တစ်အိမ်သို့ ရောက်သွားသည်နှင့်မတူ။ မြို့ပြသဲကန္တာရကြီးထဲက အိုအေစစ်ကလေးတစ်ခုကို ရောက်သွားသလို ခံစားလိုက်ရသည်။

မဟေသီ အယ်ဒီတာချုပ်နှင့် အယ်ဒီတာအဖွဲ့ဝင်များက ကြိုလျှင်သူတို့ မဂ္ဂဇင်းတိုက်ကိုဝင်ပါဟု မကြာခဏ ဖိတ်တတ်သည်။ သို့ရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် မရောက်ဖြစ်ခဲ့ပါ။ တလောကမှ လမ်းကြုံသဖြင့် မဟေသီမဂ္ဂဇင်းတိုက်ရှိရာကို ရောက်သွားခြင်းဖြစ်သည်။

မဟေသီမဂ္ဂဇင်းတိုက် ကိုသာမဟုတ်။ မဂ္ဂဇင်းတိုက်တည်ရာ ၄၅ လမ်းကို မရောက်ဖြစ်သည်မှာလည်း တော်တော်ကြာပါပြီ။

ဟိုတုန်းကတော့ ၄၅ လမ်းကို မကြာခဏ ရောက်ဖြစ်သည်။ မကြာခဏပင် မဟုတ်ပါ။ နေ့တိုင်းလောက်ပင် ဖြစ်ပါသည်။ ဟိုတုန်းက ဆိုသည်မှာ . . . စစ်ပြီးစ ။ ၁၉၄၇ – ၄၈ ခုနှစ်တစ်ဝိုက်။ ကြာတော့ကြာခဲ့ပြီကော။

၂

ထိုစဉ်က နေ့တိုင်းလိုလို ၄၅ လမ်းထဲသို့ ရောက်ရသည်မှာ အခြား ကြောင့်မဟုတ်ချေ။ သွေးသောက် မဂ္ဂဇင်းတိုက် ရှိသောကြောင့်ဖြစ် သည်။

ကျွန်တော်တို့တစ်သိုက်က၅၁ လမ်း၊ ရန်ကျော် ဂျာနယ်တိုက်မှာ စတည်းချတတ်သည်။ ရန်ကျော်ဂျာနယ်တိုက်မှာ ကျော်လင်းစာပေ 'ကိုအုန်းမြင့်' နှင့် ကွန်လွန်သူစာရေးဆရာ'စောဦး' တို့တည်ထောင်တည်းဖြတ်သည့် အပတ်စဉ်ဂျာနယ်ဖြစ်သည်။ နောင်ကျွန်တော်တို့တစ်တွေ စာပေသစ်မဂ္ဂဇင်းကို ထုတ်ဝေကြသည့်အခါတွင်လည်း ထိုနေရာမှာပင် စတည်းချတတ်သည်။

ထိုစဉ်က ရန်ကုန်အရှေ့ပိုင်းသည် စာရေးဆရာတွေ တော်တော်များများအားတွေ့ နိုင်သောနေရာဖြစ်သည်။ မဂ္ဂဇင်းတိုက်များ ပုံနှိပ်တိုက်များကလည်း အရှေ့ပိုင်းမှာပင် ရှိတတ်သည်။ ထို့ကြောင့် ကျွန်တော်တို့သည် ကျောင်းမှမြို့ထဲသို့လာလျှင် ရေကျော်ဘက်သို့ရောက်အောင် သွားတတ်သည်။

စစ်မဖြစ်မီ ကျွန်တော်တို့ ငယ်ငယ်က စာရေးဆရာကြီးများက အစ ကျွန်တော်တို့နှင့် ခေတ်ပြိုင်စာရေးဆရာငယ်အထိ လူစုံတက်စုံတွေ့ရတတ်သည်။ ထို့ကြောင့် ရေကျော်သို့ရောက်နေကြခြင်း ဖြစ်သည်။

မြန်မာဝတ္ထုခေတ်ဦးဟုခေါ်နိုင်သော နှစ်ပဲတန်ဝတ္ထုခေတ်တုန်းက ဝတ္ထုတွေကိုလှိုင်လှိုင်ရေးခဲ့ကြသော'သခ်ါ'သည် ရေကျော်ထဲမှာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပျော့ပျောင်းသည့် ဆံပင်ထူထူ၊ အသားဖြူဖြူ၊ နွဲ့နွဲ့နောင်းနောင်း, မျက်နှာထားကအစဉ်ချိုနေတတ်သည်။ စကားပြောလျှင် တိုးတိုးပြောတတ်သည်။

ကျွန်တော်သည်'သခင်္ဂါ'ကိုမြင်ရသည့်အခါတွင် နှစ်ပဲတန်လား၊ လေးပဲတန်လားမသိ။ ဝတ္ထုခေတ်ဦးက ပေါ်ခဲ့သည့်'ရှက်လွန်းလို့'ဝတ္ထုထဲကဇာတ်လိုက်ကို ပြေး၍သတိရနေသည်။

'သင်္ခါ'သည်စာရေးဆရာပြဇာတ်က,လျှင် ဘုရင်ခန်းကပါတတ်သည်။ ညီလာခံတွင် သံလျက်ကို ဝင့်၍ဝင့်၍ တိုင်းရေးပြည်ရေးကို ဆွေးနွေးနေသော'သင်္ခါ'၏ အသံသည်ဇာတ်ရုံထဲတွင် ဟိန်းနေတတ်သည်။

တစ်နှစ်တွင် 'သင်္ခါ'သည် ဘယ်သူ့ကို စိတ်ဆိုးနေသည်မသိ။ "ဟော့ . . . သင်္ခါတဲ့ကွ . . . ဘယ်သူ့ကိုမှ မကြောက်လို့ ပုလိပ်ကထွက်ပြီး စာရေးဆရာလုပ်တာ . . ." ဟုကြိမ်းမောင်းနေသည်။ သူ့လက်ထဲတွင် ဇာတ်စင်ပေါ်တွင်ကိုင်သည့် သန်လျက်သည် ပြောင်လက်နေသည်။ ဘုရင် အဝတ်အစားတွေကိုဝတ်၍ မျက်နှာချေတွေ အဖွေးသားဖြင့် ကန့်လန့်ကြားတွင် သန်လျက်ကြိမ်းကြိမ်းနေသော 'သင်္ခါ'ကိုကြည့်၍ ဇာတ်စင်နောက်မှလူများသည် ပြုံးနေကြသည်။

ရေကျော်တွင် 'သင်္ခါ'သာမဟုတ်။ ငယ်ငယ်ကဝတ္ထုတွေရေးခဲ့သည့်'မြို့မအုန်း' လည်းရှိသည်။ ငယ်ငယ်တုန်းက 'မြို့မအုန်း'၏'အုံ့ပုန်းချစ်'ကို ဖတ်ခဲ့ရဖူးသည်။ နှစ်ပဲတန်လား၊ လေးပဲတန်လား မမှတ်မိ။ သည်တုန်းက ကျွန် တော်အသက်(၁၀)နှစ်လောက်သာ ရှိသေးသဖြင့် လူကြီးတွေမသိအောင် တိတ်တိတ်ပုန်း ဖတ်ခဲ့ရသည်။

ကျွန်တော်တို့ခေတ်တုန်းက အပျိုပေါက်၊ လူပျိုပေါက်တွေမှဝတ္ထုဖတ်သင့်သည် ဟူသောအစွဲရှိသောကြောင့်ဖြစ်သည်။ ထိုမတိုင်ခင်တုန်းက အပျိုပေါက်၊ လူပျိုပေါက်ပင်လျှင် ဝတ္ထုမဖတ်ရ။

"မန္တလေး မောင်ခင်မောင်" (ခေါ်) "လယ်တီပဏ္ဍိတ ဦးမောင်ကြီး" ရေးသည့် သန်းသန်း ဝတ္ထုတို့ "ခင်မြင့်ကြီး" ဝတ္ထုတို့၊ "ပီမိုးနင်း"၏ "ပွဲစားကြီးဂရာရွှတ်ကို မြာချွတ်ခန်း" ဝတ္ထုတို့ဆိုလျှင် အပျိုပေါက်၊ လူပျိုပေါက်တွေပင် ဖတ်ခွင့်မရ။ အလင်္ကာစာပေဟု သတ်မှတ်ကြသည်။

ကျွန်တော်သည် . . . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှင့် လက်ဖက်ရည်ဆိုင်လာထိုင်တတ်သော 'မြို့မ အုန်း'ကို ငေးကြည့်နေမိသည်။ သူကတော့ 'သင်္ဂါ'လို ဖြူဖြူသွယ်သွယ် မဟုတ်။ အသားမည်းမည်း၊ ခပ်ဝဝ၊ အရပ်ပြတ်ပြတ်၊ ကော်ကိုင်းတပ် မျက်မှန်ထူထူထဲမှ သူ့မျက်လုံးများသည် ရယ်နေတတ်သည်။

တစ်ခါတစ်ရံတွင်လူငယ်တွေကြားထဲလာ၍ လက်ဖက်ရည်ဆိုင် ထိုင်တတ်သူများမှာ 'ဆရာကြီးမွန်းဓာတု'နှင့် 'ရွှေစကြာ'တို့ဖြစ်သည်။ 'ဆရာကြီးမွန်းဓာတု'မှာ ဝတ္ထုရေးဆရာမဟုတ်ပါ။ တစ်ခါတစ်ရံတွင်သာ မြန်မာစာပေနှင့် ပတ်သက်သည့် ဆောင်းပါးများ၊ လောကဓာတ်ပညာ (သိပ္ပံပညာ)နှင့် ပတ်သက်သည့် ဆောင်းပါးများကို ရေးတတ်သူ ဖြစ် သည်။ အရပ်ပြတ်ပြတ် ကျွန်တော်တို့နှင့်စ,တွေ့စဉ် ကတည်းကပင်လျှင် 'မွန်းဓာတု' သည်အသက် တော်တော်ကြီးနေလေပြီ။

'ရွှေစကြာ'ကား အမြဲတမ်းလိုလို အပေါ်အင်္ကျီ၊ မောင့်ကျက်သရေ ခေါင်းပေါင်းနှင့် ဆက်ဖုံရှုးဖိနပ်ကို ဝတ်ဆင်ထားတတ်သည်။ သူသည် လက်ဖက်ရည်ဆိုင်သို့လာသည့် အခါမှာပင် ခေါင်းပေါင်းနှင့် အပေါ် အင်္ကျီကို ဝတ်ဆင်ထားတတ်သည်။ ကျွန်တော်တို့ ငယ်ငယ်ကတည်းက ရာဇဝင်ဝတ္ထုများကို ရေးဖွဲ့သောဆရာကြီးဖြစ်သည်။

"လယ်တီပဏ္ဍိတ်ဦးမောင်ကြီး နှင့် 'ရွှေစကြာ'သည် ရာဇဝင် အချစ် ဝတ္ထုများကို အများဆုံး ရေးခဲ့သူများဖြစ်သည်။ ကျွန်တော်ဖတ်ဖူး သော သူ့ရာဇဝင်အချစ်ဝတ္ထုများပင်လျှင် ဆယ်ဂဏန်းလောက်ရှိမည် ထင် သည်။ "နာခံတော်"၊ "အထောက်တော်"၊ ကုန်းဘောင်ပြင်သစ်"၊ "စော ဉမ္မာ"၊ "ဝန်ကြီးယောက်ဖ" စသည် . . . ။

'ရွှေစကြာ'သည် သူ့ရာဇဝင် အချစ်ဝတ္ထုများကို တောင်ငူခေတ်၊ ပင်းယခေတ်နှင့်ကုန်းဘောင်ခေတ်တို့ကို နောက်ခံထားရေးလေ့ရှိသည်။ အချစ်၊ နိုင်ငံရေး၊ လျှို့ဝှက်ကြံစည်မှု စသည်တို့ကို ယှက်လိမ် ရက်ဖောက် ထားသည့် ဇာတ်လမ်းဖြစ်သဖြင့် ဖတ်၍ကောင်းသည်။

ကျွန်တော်တို့ ဝိုင်းသို့လာတတ်သည့် နောက်စာရေးဆရာ တစ် ယောက်မှာ 'ရဲသမိန်'ဖြစ်သည်။ စစ်မဖြစ်ခင်တုန်းက သူ့ဝတ္ထုလေးတစ် ပုဒ်ကို ကျွန်တော်ဖတ်ပြီး စွဲလန်းခဲ့ဖူးသည်။ သူက စာများများမရေး။ စစ်မဖြစ်မီတွင် နာမည်ကြီးသည့် စာအုပ်တိုက်ကြီးတစ်တိုက်ကို တည်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ခဲ့ပြီး အောင်မြင်သောဝတ္ထုများ၊ ကျမ်းစာအုပ်များကို ထုတ်ဝေခဲ့သည်။ သူ့စာအုပ်တိုက်အမည်မှာ "ဘီကေ" စာအုပ်တိုက်ဖြစ်သည်။ သူ့အမည်ရင်းက 'ဦးဘကြိုင်'ဖြစ်၍ သူ့စာအုပ်တိုက်ကို "ဘီကေ" စာအုပ်တိုက်ဟု အမည်ပေးခြင်း ဖြစ်သည်။

ကျွန်တော်ငယ်ငယ်တုန်းက သူ့စာအုပ်တိုက်မှ ထုတ်ဝေသောစာအုပ်တစ်အုပ်ကို စာတိုက်မှတဆင့်မှာ၍ ဖတ်ခဲ့ဖူးသည်။ စာအုပ်မှာ'မဟာ ဆွေ'၏ "အချစ်ပြဿနာ" ဆိုသည့်စာအုပ်ဖြစ်သည်။

ထိုစာအုပ်မှာ နောင်တွင် ညစ်ညမ်းသည်ဆိုကာ အစိုးရက တရားစွဲပြီး ရုံးတင်စစ်သည်။ စာရေးသူနှင့်ထုတ်ဝေသူကို တရားရုံးက ရုံးမင်းတစ်ထိုင် ထောင်ဒဏ်အပြစ်ပေးသည်ဟု ကျွန်တော် မှတ်မိသည်။ 'ရုံးမင်းတစ်ထိုင်'ဆိုသည်မှာ တရားသူကြီး အမှုစစ်ဆေးသည့် ရုံးတက်တစ်ချိန်ကို ဆိုလိုခြင်းဖြစ်သည်။

စစ်ပြီးသည့် နောက်တွင်'ရဲသမိန်'သည် စာသိပ်မရေးတော့။ ရေကျော်သမဝါယမတွင် မန်နေဂျာလုပ်နေသည်။ ကျွန်တော်တို့သည် လက်ဖက်ရည်သောက်ချင်လျှင် 'ရဲသမိန်'ဆီသို့သွားပြီး လက်ဖက်ရည်အတိုက် ခိုင်းတတ်သည်။

ရေကျော်တွင် ကျွန်တော်တို့ကို အမြဲတမ်းလိုလို လက်ဖက်ရည်အတိုက်ခိုင်းသည့် စာရေးဆရာတစ်ယောက်မှာ'ဒေဝ'(ခေါ်) 'ကိုစောခိုင်' ဖြစ်သည်။ 'ကိုစောခိုင်'ကတော့ ဝတ္ထုခေတ်ဦးက ဝတ္ထုရေးဆရာမဟုတ်။ ကျွန်တော်တို့နှင့် ခေတ်ပြိုင်စာရေးဆရာ ဖြစ်သည်။ "မစိမ်းပင်"ဆိုသည့် လုံးချင်းဝတ္ထုဖြင့် နာမည်ကြီးလာသူ ဖြစ်သည်။ သို့ရာတွင် သူသည်စာကို အပျော်တမ်း ရေးခြင်းဖြစ်ပြီး သူ့အလုပ်မှာ ဆေးတိုက်ဖွင့်ထားသည်။ ကျွန်တော်တို့သည် နေထိုင်မကောင်းလျှင် သူ့ဆေးတိုက်ဝင်ပြီး ဆေးအလကားထိုးကြသည်။

'ကိုဒေဝ'သည် လာသမျှစာရေးဆရာကို လက်ဖက်ရည်တိုက်ပြီး ဆေးအလကားထိုးပေးတတ်သည်။ သူ၏ အမှန်ဆုံးဖောက်သည်မှာ 'ဗန်းမော်တင်အောင်'ဖြစ်သည်။

'မဟာဆွေ' နှင့် 'ဇဝန'တို့မှာ ရှစ်ပဲတန်နှင့် ဆယ့်နှစ်ပဲတန် ဝတ္ထုခေတ်တွင် ထင်ရှားသော စာရေးဆရာကြီးများ ဖြစ်ကြသည်။ သူတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဦးစလုံးမှာ ၅၁ လမ်းထဲတွင်နေသဖြင့် ကျွန်တော်တို့နှင့် နေ့တိုင်းလိုလို တွေ့တတ်သည်။

'မဟာဆွေ'မှာ ညနေ(၄)နာရီထိုးပြီးသည်နှင့် အောက်သို့ဆင်း လာကာ လမ်းထိပ်သို့ထွက်သွားသည်ကို မြင်ရတတ်သည်။ 'မဟာဆွေ' သည် မနက်ပိုင်းတွင်ကျွန်တော်တို့နှင့်အတူ ဗိုလ်မြတ်ထွန်းလမ်း (ကရို လမ်း) နှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ မက်သဒစ်ကဖီးတွင် လာထိုင်တတ်ပြီး နေ့လယ်ပိုင်းတွင် သိပ်မထွက်တော့ဘဲ အိမ်မှာတစ်နေကုန် စာရေးသည်။

'မဟာဆွေ'သည် သူ့အချိန်နှင့်သူစာရေးပြီး သူ့အချိန်နှင့်သူနား သည်။ ကိစ္စဝိစ္စအရေးမကြီးလျှင်'မဟာဆွေ'သည် သူစာရေးနေချိန်တွင် ဘယ်ဧည့်သည်ကိုမျှ အတွေ့မခံ။ နေ့တိုင်းညနေ(၄)နာရီထိုးသည်နှင့် 'မဟာဆွေ'သည်အလုပ်သိမ်းပြီး ကျွန်တော်တို့စခန်းချသည့် ရေကျော် ဂျာနယ်တိုက်ကို ရှေ့ကဖြတ်ပြီး လမ်းထိပ်သို့ထွက်သွားတတ်သည်။ အရပ်ထောင်ထောင်မောင်းမောင်း၊ ဝဝဖိုင့်ဖိုင့်၊ အသားကကြေးနီရောင်၊ ဆံပင်ကနောက်မြင့် ခပ်တိုတို။ ဖွပ်ကျယ်လက်ပြတ် အင်္ကျီနှင့် နှစ်တစ် ရာလုံချည်အကွက်တုံးကြီးကို ဝတ်ထားတတ်သည်။

ခဏနေလျှင်'မဟာဆွေ'သည် လမ်းထဲသို့ပြန်ဝင်လာကာ ကျွန် တော်တို့စခန်းချရာ ရေကျော်ဂျာနယ်တိုက်သို့ရောက်လာပြီး စကားပြော တတ်သည်။ သူ့မျက်နှာသည်ပို၍ ကြေးနီရောင်သန်းလာကာ သူ့အသံ သည် ပို၍ကျယ်လာသည်။ စူးဝါးသည့် ချက်အရက်နံ့သည် မျက်နှာပေါ် မှဝေ့ဝိုက် ဖြတ်သန်းသွားတတ်သည်။

သူသည် စာရေးဆရာဘဝကို မကြာခဏ ဂုဏ်ယူ၍ ပြောလေ့ရှိ သည်။ စာရေးဆရာဘဝတွင် တစ်ခါတစ်ရံ ချာပါတီကို စားခဲ့ရကြောင်း သို့ရာတွင် သူကိုယ်တိုင်ရွေးချယ်ခဲ့သော အလုပ်ဖြစ်၍ စာရေးဆရာဘဝ ကို သူဂုဏ်ယူကြောင်း၊ စာရေးဆရာတစ်ယောက်အနေဖြင့် ဆင်းရဲမွဲတေ ရခြင်းသည် ဂုဏ်သိက္ခာရှိသော ဆင်းရဲမွဲတေခြင်းဖြစ်ကြောင်း၊ အချို့ သော လူချမ်းသာတို့၏ သိက္ခာမဲ့သောဘဝမျိုးနှင့် မလဲနိုင်ကြောင်းဖြင့် မကြာခဏပြောတတ်သည်။

'မဟာဆွေ'သည်စကားတွေကို တသွင်သွင်ပြောပြီးနောက် ထ၍ ပြန်သွားတတ်သည်။ ကျွန်တော်တို့ကတားလျှင်'ငါကအချိန်နဲ့အလုပ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကောင်ကွ . . . သောက်ပြီးရင် စောစောအိပ်ရမယ် . . . (၇)နာရီဆိုရင် ငါအိပ်ရာထဲရောက်နေပြီ' ဟုပြောပြီးပြန်သွားတတ်သည်။ လမ်းတွင်တွေ့သမျှလူကို အော်ဟစ်နှုတ်ဆက်သွားသံကို တစ်လျှောက်လုံးကြားနေရသည်။

'ဇဝန'မှာ ကျွန်တော်တို့စတည်းချသည့် ရန်ကျော်ဂျာနယ်တိုက်အပေါ်ထပ်တွင်နေသူဖြစ်၍ အမြဲလိုလိုတွေ့နေရသည်။ သူသည်ပျင်းလျှင်အောက်ထပ်လာပြီး ကျွန်တော်တို့နှင့် စကားပြောနေတတ်သည်။ တစ်ခါတစ်လေ လက်ဖက်ရည်ဆိုင်လိုက်ထိုင်တတ်သည်။ သူကတော့ မဟာဆွေလိုမဟုတ်။ ဝိုင်းကောင်းလျှင်ကောင်းသလို အကြာကြီးနေသည်။

[သူဆုံးမည့်နှစ်ကသူ့အိမ်တွင်မွေးနေ့ဖိတ်သဖြင့် ကျွန်တော်ရောက်သွားသည်။ ဝီစကီနှင့်ဧည့်ခံသည်။ နောက်တစ်လ၊ နှစ်လအကြာတွင် နောက်တစ်ခါ မွေးနေ့လုပ်ပြန်သည်။ ဝီစကီနှင့်ပင် ဧည့်ခံပြန်သည်။ ကျွန်တော်က"တလောကတင် ဆရာမွေးနေ့လုပ်ပြီးပြီ . . .ခုတစ်ခါလည်းမွေးနေ့ပဲလား" ဟုမေးသည်။ သူကမျက်မှန်ထဲက ပြုံးရယ်ရင်း"ဟဲ . . . ဟဲ . . . အရင်တစ်ခါတုန်းက အင်္ဂလိပ်ရက်နဲ့တွက်ပြီးလုပ်တဲ့ မွေးနေ့ဗျ . . . ခုမွေးနေ့က မြန်မာရက်နဲ့တွက်ပြီး လုပ်တာ"ဟုပြောသည်။ နောင်နှစ်လလောက်အကြာ သူဆုံးပြီဟု ကြားလိုက်ရသည့်အခါ၌ ကျွန်တော်သည်အံ့အားသင့်နေသည်။]

ထိုစဉ်က'ဇဝန'မှာ ပိန်ပိန်ကလေး။ ဆံပင်ကလည်း ကျီးကန်းသိုက်လို ဆံပင်အရှည်။ နောက်တွင်လည်းဂုတ်အထိရောက်သည်။ ရှေ့မှာလည်း နဖူးပေါ်ဝဲကျနေသည်။ လမ်းထွက်လျှင်အပေါ်အင်္ကျီ၊ ဇန်ကောက်လုံချည်၊ ပေတင့်ရှူးဖိနပ်တို့ဖြင့်ကျကျနန ဝတ်တတ်သည်။ ညနေမိုးချုပ်ဆိုလျှင်'ဇဝန'သည်လန်ချားပေါ်မှ ယိုင်တီးယိုင်တိုင်ဖြင့်ဆင်းလာခဲ့ပြီး ကျွန်တော်နှင့်စကားတွေ ဖောင်လောက်အောင် ပြောနေသည်။

သူသည်ထိုစဉ်က ဇဝနဂျာနယ်။ နောက်တော့ ဇဝနသတင်းစာ။ နောက် အိုးဝေသတင်းစာသို့ ရောက်သွားသည်။ အိုးဝေသတင်းစာသို့ရောက်သည့်အခါတွင် ကျွန်တော်တို့နှင့် သိပ်မတွေ့ဖြစ်တော့ . . .။ "ကောလိပ်ကျောင်းသား"၊ "ကောလိပ်ဂျင်"၊ "ကောလိပ်ကြမ်းပိုး"တို့ကိုဖတ်ပြီး သူ့ကို ဟာသဝတ္ထုရေးဆရာသက်သက်ဟု သဘောထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

သို့ရာတွင် စစ်မဖြစ်မီ သူရိယမဂ္ဂဇင်းထဲတွင် ပါသည့်သူ့အလွမ်းဝတ္ထုလေးကိုဖတ်ခဲ့ရဖူးသည်။ အလွမ်းဝတ္ထုကျတော့လည်း အရေးကောင်းသည်ပင်။ ဝတ္ထုအမည်က "လွမ်းငွေ့ဝေဝေ"လား၊ ဘာလားမသိ။

ကျွန်တော်တို့တစ်တွေစာရေးဆရာအသင်းမှာ အမှုဆောင်ဖြစ်ပြီး မြဝတီပြဇာတ်က,သည့်နှစ်တွင်'သုခ' နှင့် 'ဇဝန'တို့နှစ်ယောက်မပါ။ သူတို့နှစ်ယောက်မှာ စာရေးဆရာပြဇာတ်တွင် အခရာဖြစ်သည်။ ဇာတ်ခုံ၏ သဘောကို နားလည်သည်။ ပရိသတ်အထာကိုလည်း သိကြသည်။ သူတို့နှစ်ယောက်မှာ အများအားဖြင့် ဇာတ်လိုက်၏ သူငယ်ချင်းများဖြစ်ကြသည်။

စာရေးဆရာ ပြဇာတ်များတွင် ဇာတ်လိုက်မှာ အမြဲတမ်းလိုလို 'ရွှေညာမောင်' ဖြစ်သည်။ "နတ်သျှင်နောင်"ပြဇာတ်က,လျှင် 'ရွှေညာမောင်'က 'နတ်သျှင်နောင်'။ 'မြဝတီ'ပြဇာတ်က,လျှင် သူပင်'မြဝတီမင်းကြီး' 'ဝန်ဇင်းမင်းရာဇာ'ပြဇာတ်က,လျှင်သူပင် 'ဝန်ဇင်းမင်းရာဇာ'။ 'လှိုင်ထိပ်ခေါင်တင်' ပြဇာတ်က,လျှင် သူပင် 'ကနောင်မင်းသား'။ ထိုအခါတွင် 'သုခ'နှင့်'ဇဝန'တို့က ဇာတ်လိုက်၏ သူငယ်ချင်းတွေ။ သူတို့သုံးယောက်မှာ အပေးအယူညီသည်။ 'ဇဝန' နှင့်'သုခ'ထွက်လာလျှင် ပရိသတ်မှာ ပါးစပ်စေ့၍ မနေရတော့။ တဝါးဝါး ပွဲကျနေတော့သည်။

ထိုနှစ်ကမူ 'ဇဝန'နှင့်'သုခ'တို့ ကျွန်တော်တို့လူငယ်ထဲက တစ်ယောက်နှစ်ယောက်ကို စိတ်ခသွားကာ ပွဲလာမက,ကြ။ ပထမဆုံးရက် နေ့ပွဲနှင့်ညပွဲကို က,သည့်အခါတွင် သူတို့ နှစ်ယောက်အစား တခြားလူကို လူစားထိုးရသည်။ သို့ရာတွင် သူတို့နှစ်ယောက်ကို မမီနိုင်။ သူတို့နှစ်ယောက်မှာ အရှိန်အဝါကြီးသည့် စာရေးဆရာကြီးတွေလည်း ဖြစ်နေသည်။ ထို့ပြင် ဇာတ်သဘောကိုလည်းကောင်းကောင်း နားလည်ကျွမ်းကျင်သူများဖြစ်သည်။ သူတို့မပါသော ကျွန်တော်တို့ပြဇာတ်သည် ခြောက်ကပ်ကပ်ဖြစ်နေသည်။ ပရိသတ်မပြောနှင့် ကျွန်တော်တို့ကိုယ်တိုင်ပင် မကြိုက်ဘဲဖြစ်နေသည်။

ကျွန်တော်နှင့်'ဒေါ်မမလေး'လိုက်သွားပြီး သူတို့နှစ်ယောက်ကို ဝင်က,ပေးဖို့တောင်းပန်ရသည်။ 'ဇဝန'အိမ်သို့ရောက်သည့်အခါတွင်



www.burmeseclassic.com

www.burmeseclassic.com



သူက"ကျွန်တော်ကလည်း ဖိုးကချင်ဖြစ်နေတာ အတော်ပဲ"ဟု ရယ်မော ပြောပြီး ထ,လိုက်လာသည်။

၅၁လမ်းထဲမှာပင်'မဟာဆွေ' နှင့်မနီးမဝေးတွင်'မေမြို့မောင်'ရှိ သည်။ 'မေမြို့မောင်'မှာ အချစ်ဝတ္ထုတွေကို ရေးတတ်သည်။ သို့ရာတွင် 'မေမြို့မောင်'ထက်'ရွှေအ'ဆိုသည့် သူ့ဟာသကလောင်က ပို၍စူးရှသည်။ စစ်မဖြစ်မီတုန်းက"ရန်ကုန်ဆိုတာ"ဆိုသည့် ဟာသဝတ္ထု တစ်ပုဒ်ရေး သည်။ ဂျပန်ခေတ်မှာလားမသိ။ "ခေတ်သစ်ရန်ကုန်ဆိုတာ" ဆိုသည့် စာအုပ်တစ်အုပ်ထွက်သေးသည်။ ကွမ်းယာဆိုင်ရှေ့က ဆေးလိပ်မီးညှိရန် ထားသည့်ကြိုးစကို မီးလောင်နေသည်ဆိုပြီး မီးသွားငြိမ်းသည့် ရန်ကုန် ရောက်တောသားခပ်အအဖြစ်ပုံများမှာ သူ့ကလောင်ဖျားမှထွက်လာသော ပြက်လုံးများဖြစ်သည်။

နောက်ပိုင်းတွင်လည်း . . . သူသည်"ရွှေအ စာပြောင်"ဆိုသည့် ဟာသစာစောင်လေးတစ်ခုကို ထုတ်ဝေခဲ့သေးသည်။ သူသည် ကျွန် တော်တို့ လက်ဖက်ရည်ဝိုင်းကို တစ်ခါတစ်လေလာတတ်သည်။

'သာခု'မှာ ၄၈လမ်းမှနေ၍ သစ္စာမဂ္ဂဇင်းကိုထုတ်နေသည်။ စပယ်ယာတွေ လွယ်သည့် လွယ်အိတ်သေးသေးလေးကိုလွယ်ပြီး ကျွန်တော်တို့ လက်ဖက်ရည်ဝိုင်းသို့ ရောက်လာတတ်သည်။ သူလာလျှင် ကျွန်တော်တို့ကို လက်သီးနှင့်ထုတော့မလို ရွယ်ပြီးမှ ဆလံပေးတတ် သည်။

၅၁လမ်းထဲတွင်နေသော စာရေးဆရာ တစ်ယောက်ကျန်သေး သည်။'လင်းယုန်နီ'ဖြစ်သည်။ 'လင်းယုန်နီ'သည် ကျွန်တော်တို့နှင့်ခေတ် ပြိုင်ဖြစ်ပြီး သူကနည်းနည်းစောသည်။ သူ၏"ချစ်မမ"၊ "မမမြင့်"၊ "ချစ် သောမမ"၊ "ချစ်မမမြင့်"စသည်တို့မှာ ထိုစဉ်က လူငယ်တွေအသည်းစွဲ ခဲ့ကြသည့် အချစ်ဝတ္ထုများဖြစ်သည်။

သူ့ဇာတ်လိုက် 'မောင်စောလွင်'က ခပ်ပေပေ,ခပ်တေတေကောင် လေး။ "မမမြင့်'နှင့်ခွဲ၍ ပြန်ခါနီးတိုင်းဓာတ်တိုင်ကို ခဲဖြင့်ပေါက်၍ထွက် သွားတတ်သည်။ ဖိလစ်မောရစ်စီးကရက်ကို သောက်သည်။ 'မမမြင့်' က သူ့ကိုစွန့်ခွာသွားသည့်အခါ၌ . . .

"မမမြင့်ရယ် . . . မမမြင့်အတွက် မောင်စောလွင် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ငရဲကိုသွားတယ်ဆိုရင် ဘယ်အထပ်ကို သွားမှာလဲ ဆိုတာလောက်တော့ မေးလိုက်ဖို့ကောင်းပါတယ်" ဆိုသည့် စကားများဖြင့် သူ့ဝတ္ထုကို အဆုံးသတ်ထားသည်။

'လင်းယုန်နီ'သည်လည်း မက်သဒစ်ကဖီးက ကျွန်တော်တို့စားပွဲသို့လာ၍ထိုင်လေ့ရှိသည်။

၃

၄၅လမ်းမှာ ထိုစဉ်က တိုက်တာတွေ သိပ်မရှိသေး။ တဲတွေ၊ တိုက်ဟောင်းတွေ၊ တိုက်ပြိုတိုက်ပျက်တွေသာ ရှိသည်။ သွေးသောက်မဂ္ဂဇင်းတိုက်မှာ ၄၅လမ်းထိပ်က လမ်းကြားလေးထဲက တဲလေးတစ်လုံးတွင် ဖြစ်သည်။

ပြည့်စုံ(ကိုကျော်ရိုး)သည် တကယ့်ပိန်ပိန်လှပ်လှပ်ကလေး၊ သူ၏ ဖြူဖွေးသော အသားပေါ်တွင် ဖြူဖွေးသည့်စွပ်ကျယ်အင်္ကျီလေးကို ဝတ်ထားပြီးပလေကပ်လုံချည်လေးကို ဝတ်ထားတတ်သည်။ ရွှေကိုင်းတပ်ထားသော မျက်မှန်ထဲမှ အမြဲလိုလို ပြုံးနေသည်။ သူက ကောင်းကောင်း ကျန်းမာသည်ရယ်လို့ မရှိ။ တစ်ခါတစ်ခါတွင် ဖျားနေတတ်သည်။ တစ်ခါတစ်ခါတွင် မူးခနဲ မိုက်ခနဲဖြစ်သွား၍ မကြာခဏ ဆေးရုံတက်ရသည်။

ကျွန်တော်တို့က သူ့မဂ္ဂဇင်းတိုက်ကို ကော်ပီသွားပေးရင်း နောက်တော့ခင်သွားကြသည်။ သူမဂ္ဂဇင်းတိုက်မှာ လူများလျှင် ထိုင်စရာမရှိတော့။ ဧည့်သည်များ၍ ထိုင်စရာမရှိရင် ကျွန်တော်တို့သည် ဗိုလ်ချုပ်လမ်းပေါ်ရှိ နှစ်ထပ်သစ်သားတန်းလျားကြီးအောက်ထပ်ရှိ ကာကာ လက်ဖက်ရည်ဆိုင်တွင်သွားထိုင်တတ်သည်။ အပေါ်ထပ်အခန်းတစ်ခန်းတွင် 'မင်းဆွေ'နေသည်။ မင်းဆွေကိုကား ကျွန်တော်ကောင်းကောင်း အသိအကျွမ်းမဖြစ်လိုက်ရပါ။ တစ်ခါနှစ်ခါလောက်သာ ခပ်ခပ်လှမ်းလှမ်းက တွေ့လိုက်ရသည်။

ကျွန်တော်တို့ငယ်ငယ်က သူ့ဝတ္ထုတွေကို သဘောကျကြသည်။ 'ဖြေလည်းမပြေ'၊ 'မယ့်တစ်ကိုယ်'၊ 'မနိုင်ငံ'၊ 'လင်'၊ 'သွေး'၊ 'ဓား'၊ 'စစ်ပြေးမ'၊ 'စနေမ' စသည်တို့ . . .။

သွေးသောက်တိုက်သို့လာလေ့ရှိသူ တစ်ယောက်မှာ 'ဗန်းမော်



www.burmeseclassic.com

www.burmeseclassic.com



တင်အောင်'ဖြစ်သည်။ ဒီတုန်းက ဇန်းမော်တင်အောင်သည် ရန်ကုန်သို့ မရောက်သေး။ ပြည်တွင် သစ်ကုန်သည် လုပ်နေသည်။ သူက တကယ့် ဇာတ်လိုက်။ အရပ်ထောင်ထောင်မောင်းမောင်း၊ ရုပ်ဖြောင့်ဖြောင့်၊ စပို့ရှပ် လက်တို၊ နက်ပြာရောင်သက္ကလပ်ဘောင်းဘီတို၊ စကော့ကင်းခြေအိတ် ရှည်၊ ဖော့ဦးထုပ်၊ ရိုးအင်ကိုရှူးဖိနပ်တို့ကို ဝတ်ဆင်ထားကာ ဒန်ဟီးလ် ဆေးတံကိုခဲလျက်။

သူက 'ဘုန်းမောင်တစ်ယောက်ထဲရယ်'နှင့် 'လွမ်းရစ်တော့ သက်လယ်ရယ်' တို့ကို ရေးပြီးပြီ။ သူရောက်လာလျှင် လမ်းထိပ်က ကာကာဆိုင်သို့ခေါ်သွားကာ ကျွန်တော်တို့ကို လက်ဖက်ရည်တိုက်တတ်သည်။ အင်္ဂလိပ်ဒဿနဆရာ စီအီးအမ်ဂျုတ်နှင့် ဘားနက်ရှောတို့၏ စာများ အကြောင်းကို ပြောတတ်သည်။ သူသည် ဗြိတိသျှစစ်တပ်တွင် အမှုထမ်းခဲ့သူဖြစ်ပြီး အင်္ဂလိပ်စကားကို လုပသွက်လက်စွာ ပြောတတ်သူ ဖြစ်သည်။

အများအားဖြင့် ကျွန်တော်တို့ထိုင်လေ့ရှိသည်မှာ ဗိုလ်ချုပ်လမ်း နှင့် ဗိုလ်မြတ်ထွန်းလမ်း(ကရိလမ်း) ထောင့်ရှိ မက်သဒ်ဒ်ဘ၏ မက်သ ဒစ်ကဖီးဖြစ်သည်။ မက်သဒစ်ကဖီးက အဘဦးခင်မှာ ကျွန်တော်တို့ကို အလိုလိုက်သည်။ အကြွေးလည်းရသည်။ အလကားတိုက်သည့်အခါ လည်းတိုက်သည်။ လက်ဖက်ရည်ဆိုင်ဘေးတွင် ထမင်းကြော်ဆိုင် ရှိသည်။ ငါးသေတ္တာကြော်နှင့် ပဲပြုတ်ထမင်းကြော်တစ်ပွဲမှ တစ်မူးလား, သုံးပဲလား မသိ။ ငါးမူး(ပြားငါးဆယ်) လောက်ရှိလျှင် ထမင်းကြော်၊ လက်ဖက်ရည်၊ စီးကရက် ဝမ်းဆက်အပြည့်ရသည်။

တစ်ခါတစ်ရံ နှင်းပန်းလမ်းတွင်နေသည့် 'ဒဂုံဦးလှဘော'ရောက် လာတတ်သည်။ 'ဒဂုန်ဦးလှဘော'မှာ ကျွန်တော်တို့ထက် အသက်အများ ကြီးကြီးသည်။ သို့ရာတွင် သူသည် လက်ဖက်ရည်ဆိုင် မထိုင်ဘဲမနေနိုင် ပါ။ မက်သဒစ်ကဖီးတွင် စာရေးဆရာတွေအပြင် ပန်းချီဆရာတွေလည်း လာ ကြသည်။ ဇီဇဝါလမ်းတွင်နေသည့် 'ကိုစန်းလွင်'မှာ ကျွန်တော်တို့ မရောက်ခင်ကတည်းက မက်သဒစ်ကဖီးမှာ ထိုင်လေ့ရှိသည်။ သူရှိလျှင် 'ဗဂျီအောင်စိုး' 'ပန်းချီလှစိုး' တို့လည်း နေ့တိုင်းလိုလို ရောက်လာတတ် သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မြတ်ထွန်းလမ်း(ကရိလမ်း) သည်နွေဆိုလျှင် တော်တော်လှသည်။ ပိတောက်ရွက်တွေကြွေပြီး ပိတောက်ပင်များတွင် ရွက်နုသစ်လေးတွေ ဝေလာစပြုပြီ။

ကျွန်တော်သည် ၄၅လမ်းထဲက မဟောသီမဂ္ဂဇင်းတိုက်မှ ဆင်းလာရင်း လွန်ခဲ့သည့် ၄၅နှစ်လောက်က ရှုခင်းကိုမြင်ယောင်နေသည်။

နှစ်ပဲတန်၊လေးပဲတန်ဝတ္ထုခေတ်ကိုရှေ့ဆောင်ခဲ့သူများ၊ ရှစ်ပဲတန်၊ ဆယ့်နှစ်ပဲတန် ဝတ္ထုခေတ်ကို ရှေ့ဆောင်ခဲ့သူများ၊ နှစ်ကျပ်တန်မဂ္ဂဇင်းခေတ်ကို ရှေ့ဆောင်ခဲ့သူများသည် သည်နေရာတဝိုက်မှာ လာ၍စုစည်းမိနေကြသည်။

ကျွန်တော်သည် ၄၅လမ်းထိပ်မှထွက်ပြီး တစ်ခါက'မင်းဆွေ' နေခဲ့သည့်နေရာကိုကြည့်သည်။ ထိုနှစ်ထပ်တန်းလျားကြီးမရှိတော့ပါ။ မြို့မအုန်းနေခဲ့သည့်နေရာသို့ကြည့်သည်။ ဒေဝဆေးဆိုင်ဖွင့်ခဲ့သည့်နေရာကိုကြည့်သည်။ ကျွန်တော်တို့ထိုင်ခဲ့သည့် မက်သဒစ်ကဖီးနေရာကလေးကိုကြည့်သည်။

ဘာတစ်ခုကိုမျှမတွေ့ရတော့။ ၄၅နှစ်အတွင်းတွင် တံတားအောက်မှာ ရေတွေဘယ်လောက်များ စီးဆင်းသွားကြလေပြီမသိ။

သို့ရာတွင် . . .

ရေအလျဉ်သည် အစဉ်မပြတ် စီးဆင်းနေမည်သာ . . .။

■

(၁၉၉၃၊ ဖေဖော်ဝါရီ၊ မဟောသီ)



www.burmeseclassic.com

www.burmeseclassic.com

## ကြွေသွားသော ရွက်နုပွင့်သစ်များ

အချို့သော ရွက်ဟောင်းများသည် ကြွေလွင့်သွားကြကာ ရွက်နုပွင့်သစ်များ ဝေစပြုလာကြပြီ။ အချို့သော ရွက်နုပွင့်သစ်များသည် ဝေစည်ခြင်းမရှိတော့ဘဲ ညှိုးလျော်သွားကြသည်။ အချို့သော ရွက်နုပွင့်သစ်များမှာလည်း ညှိုးလျော်ရုံမျှမကတော့ပဲ သစ်ကိုင်းမှပြုတ်ကြွေကျသွားခဲ့ကြသည်။ အချို့သော ရွက်နုများကား လေဒဏ်၊ မိုးဒဏ်၊ နေဒဏ်စသည့် ရာသီဥတုဒဏ် အမျိုးမျိုးထဲကပင် လူးလွန့်လူးပ်ရှား ရှင်သန်ကျန်ရစ်ခဲ့ ကြသည်။

ကျွန်တော်သည် ရွက်နုပွင့်သစ်တွေဝေလာတိုင်း ကြည်နူးရသည်။ ဝေစည်နိုင်ပါစေဟု ဆုတောင်းရသည်။ ကိုယ်တတ်နိုင်သမျှပြုစုရသည်။ ယင်းမှာ ရေလောင်းသူ၊ မြေတောင်မြှောက်သူ၊ ပေါင်းသင်သူ၊ မြေသြဇာကျွေးသူဘက်က တတ်နိုင်သည့် ကိစ္စဖြစ်သည်။ ထိုရွက်နုပွင့်သစ်ကလေး တကယ်ကြာရှည်လန်းဆန်းခြင်း ရှိမရှိဆိုသည့် ကိစ္စသည် ယင်းအချက် တစ်ချက်တည်းပေါ်တွင် မူတည်သည်။ ထိုသစ်ပင်၏ ဗီဇ၊ ထိုသစ်ပင်၏ ပင်ကိုဓာတ်ခံအားပေါ်တွင်လည်း တည်သည်။ သူ့တွင် ပတ်ဝန်းကျင် ရာသီဥတုဒဏ်ကို ခံနိုင်သည့်ဗီဇအင်အား ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိသလဲ။ ရှင်သန်နိုင်သော စွမ်းအားသတ္တိ ဘယ်မျှရှိသလဲ။ ယင်းအချက်သည် အဓိကကျသော အချက်ဖြစ်သည်။ ဘေးမှ ဝိုင်းဝန်းမြေတောင်မြှောက်ခြင်း၊ ရေလောင်းခြင်းစသည့် ကိစ္စများသည် အဓိကကျသောအချက်များမဟုတ်ပေ။ အထောက်အကူပေးရုံမျှသာ ဖြစ်လေ သည်။

ယနေ့ခေတ်တွင် မဂ္ဂဇင်းတွေ အလျှိုလျှိုပေါ်လာကြသည်။ ကျွန်တော်တို့သည် ပွင့်လာသောရွက်နုပွင့်သစ်များကို ကြည့်၍ ဝမ်းသာကြရသည်။ ကျေနပ်အားရ ဖြစ်ကြရသည်။ မဂ္ဂဇင်းတွေ ပေါ်လာခြင်းသည် စာရေးဆရာအဖို့ ရေးစရာနေရာတစ်ခု ရလာခြင်းဖြစ်သဖြင့် စာရေးဆရာတွေ ဝမ်းသာသည်ဆိုလျှင် သဘာဝကျပေသည်။

သို့ရာတွင် ဝမ်းနည်းစရာကောင်းသည်မှာ တချို့ရွက်နုပွင့်သစ်များသည် နုလျက်နှင့်ကြွေကျသွားခြင်းဖြစ်သည်။

မဂ္ဂဇင်းတစ်စောင်၏ အသက်သည် အယ်ဒီတာဖြစ်ပေသည်။ (ငွေ အရင်းအနှီးကိစ္စမှာ ယခုဆောင်းပါးနှင့် မသက်ဆိုင်သဖြင့် မပြောလို။ အရင်းအနှီးရှိပြီးသား မဂ္ဂဇင်းဟု နားလည်လက်ခံပြီး ပြောနေခြင်းဖြစ်သည်) အယ်ဒီတာသည် မဂ္ဂဇင်း၏အယူအဆရေးရာ ပေါ်လစီကို ထိန်းထားသူဖြစ်သည်၊ မဂ္ဂဇင်းတွင် မည်သည့်စာမျိုးကို ထည့်မည်၊ မည်သည့်ဆောင်းပါးမျိုးကို ထည့်မည်၊ မည်သည့်ကဗျာမျိုးကို ထည့်မည်ဆိုသည့် ကိစ္စသည် အယူအဆနှင့်ပတ်သက်သော ပေါ်လစီဖြစ်သည်။ စာဖတ်သူအတွက် အကျိုးရှိမည့်စာလား၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်သည့်စာလား၊ ဓမ္မဓိဋ္ဌာန်ကျသည့်စာလား ဆိုသည်ကို ရွေးတတ်ဖို့ အရေးကြီးသည်။

အယ်ဒီတာသည် မဂ္ဂဇင်း၏အယူအဆဆိုင်ရာ ပေါ်လစီကိုသာမက လုပ်ငန်းဆိုင်ရာပေါ်လစီကိုလည်း ထိန်းထားသူ ဖြစ်သည်။ ကိုယ့်မဂ္ဂဇင်းတွင် ဝတ္ထုတို ဘယ်လောက်ထည့်မလဲ။ ဘယ်အမျိုးအစားကို ဘယ်လောက်ထည့်မလဲ၊ ဘယ်ကဗျာအမျိုးအစားကို ဘယ်လောက်ထည့်မလဲ။ ဆောင်းပါးမှာကော ဘယ်အမျိုးအစားကို ဘယ်လောက်ထည့်မလဲ မဂ္ဂဇင်းထဲတွင်ပါသည့် စာတို့၏ အတိမ်အနက်အပေါ့အငန်အချိုအချဉ်တို့ကို မျှတအောင်ထည့်ပေးတတ်ဖို့လိုသည်။ တစ်အုပ်လုံးစာပေါ့တွေချည်း ထည့်၍လည်းမဖြစ်။ မဂ္ဂဇင်းသည် အဆင့်အသီးသီးရှိသော



www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ပရိသတ်ထိအောင် နက်ရှိုင်းစွာ ဆင်းသက်သွားခြင်းဖြစ်ရာ ယင်းတို့နောက်ခံအဆင့်ဆင့်ရှိသော ပရိသတ်အားလုံးကို ထိတွေ့နိုင်အောင် ကြိုးစားရပေလိမ့်မည်။

အယ်ဒီတာသည် စာဖတ်သူတစ်ဦးလည်း ဖြစ်သင့်သည်။ ထို့ထက်ပို၍ပြောရလျှင် အယ်ဒီတာသည် စာပေရသကို ထက်မြက်စွာခံစားတတ်သူဖြစ်ပေရလိမ့်မည်။ စာရေးဆရာတိုင်း၏ လက်ရာတိုင်းကို အလွတ်ကျက်မိနေသူဖြစ်လျှင် ပို၍ကောင်းပေသည်။ ကျွန်တော်တွေ့ဖူးသော အယ်ဒီတာတစ်ဦးမှာ သူနှင့်ခေတ်ပြိုင် စာရေးဆရာများ၏ဟန်ကို အလွတ်ရသူဖြစ်သည်။ သူသည် နားထောင်လိုက်ရုံနှင့် ထိုရေးဟန်သည် မည်သူ့ရေးဟန်ဖြစ်ကြောင်းကို ဆယ်ပုဒ်လျှင် ရှစ်ပုဒ်လောက်မှန်ကန်စွာ ခွဲခြားနိုင်သည်။ မည်သည့်ကလောင်သစ် စာရေးဆရာ အလားအလာရှိကြောင်းကိုလည်း သူတစ်ပုဒ်ဖတ်ရုံလောက်ဖြင့် သူမှန်းဆကြည့်တတ်သည်။ အယ်ဒီတာကောင်းတစ်ယောက်သည် စာကောင်းတစ်ပုဒ် မထည့်လိုက်ရသည်ကို စိတ်ဆင်းရဲတတ်သူဖြစ်သည်။

တစ်ခါက ရှမဝတိုက်သို့ ကျွန်တော် ရောက်သွားသည့်အခါ မျက်နှာမသာမယာဖြင့် ထိုင်နေသော ဦးကျော်ကိုတွေ့ရသည်။ ကျွန်တော်ကအကျိုးအကြောင်းကို မေးကြည့်ကာ ဦးကျော်က ခပ်ယဲ့ယဲ့ပြုံးရင်း

'ဆရာ . . . ပေါ့ဗျာ။ သူ့စာမူကို အရင်လူကမထည့်ရကောင်းလားဆိုပြီး စိတ်ဆိုးပြီး စာမူကို ပြန်ယူသွားတယ်။ ကျွန်တော်က မမီလို့ပါ။ ကျွန်တော်သိပ်ကြိုက်ပါတယ်။ ထည့်ပါရစေဆိုတာ မရဘူး။ အခုသူ့စာမူကို ပြန်ယူသွားပြီ။ နမြောလိုက်တာဗျာ'ဟု စိတ်ပျက်လက်ပျက်ညည်းနေသည်။

အချို့သော မဂ္ဂဇင်းအယ်ဒီတာများကား စာရေးဆရာစာမူကို တောင်းပြီးထည့်၍မပေးကြပါ။ထိုမျှမက အဘယ်ကြောင့်မထည့်ကြောင်း ရှင်းလင်းချက်ကလေးမျှမပေး။ စာမူကိုပြန်ပေးဖော် မရကြပါ။ ယင်းသို့သော အယ်ဒီတာမျိုးသည် ဘယ်တော့မှ အယ်ဒီတာကောင်းမဖြစ်နိုင်ဟု ကျွန်တော်ထင်ပါသည်။

အယ်ဒီတာသည် စာရေးဆရာကို စာနာသင့်ပေသည်။ စာရေးဆရာက သူ့အဓိပ္ပါယ်နှင့်သူ သူ့နရီနှင့်သူ ရေးထားသောစာအုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်တောက်ခြင်းမပြုသင့်ပေ။ ဖြတ်တောက်လိုလျှင် စာရေးဆရာနှင့်တိုင်ပင် ညှိနှိုင်းသင့်ပေသည်။ ရှုမဝတွင် ကျွန်တော်စာရေးခဲ့သည့် တလျှောက်လုံး ရှုမဝဦးကျော်သည် ကျွန်တော့်စာကို တစ်ခါမျှ သူ့သဘောနှင့်ဖြတ်တောက်ခြင်း မပြုဖူးပေ။ ဖြတ်ချင်လျှင် တိုင်ပင်ပြီးမှသာ ဖြတ်တောက်ပေသည်။

တစ်ခါတစ်ရံတွင် သူနှင့်ကျွန်တော်ငြင်းကြ၊ ခုန်ကြသည်။ သူ့အကြောင်းပြချက်က မှန်သည့်အခါတွင် ကျွန်တော်ကအလျှော့ပေးပြီး ဖြတ်တောက်ခွင့်ပြုသည်။ ဖြတ်တောက်ပေးသည်။ ကျွန်တော့်အကြောင်းပြချက်က ခိုင်လုံသည့်အခါတွင် သူကအလျှော့ပေးပြီး ကျွန်တော်စာကို ဖြတ်တောက်ခြင်းမပြု။ ထည့်ပေးသည်။ တစ်ခါတစ်ရံတွင်လည်း သူရော ကျွန်တော်ရော အပေးအယူမလုပ်နိုင်ကြသည့်အခါတွေရှိသည်။ ထိုအခါမျိုးတွင် ကျွန်တော်သည် ဖြတ်တောက်ခွင့်မပြုဘဲ စာမူကိုပြန်ယူလာခဲ့သည်။ သို့ရာတွင် ကျွန်တော်တို့ အခင်အမင်မပျက်ပါ။

အချို့သော အယ်ဒီတာတို့ကား ကိုယ့်သဘောနှင့်ကိုယ်ဖြတ်တောက်ကြသည်။ ခါတိုင်းဆိုလျှင် ကျွန်တော်သည် ကျွန်တော့်စာကို တစ်လုံးမှ ဖြတ်တောက်မခံပါ။ သို့တိုင်အောင် အယ်ဒီတာများသည် စာရေးဆရာကိုတော့ စာနာသင့်ပါသည်။

အချို့သော အယ်ဒီတာများသည် အခန်းဆက် ဝတ္ထုရှည်တစ်ပုဒ်သို့မဟုတ် အခန်းဆက်ဆောင်းပါးရှည်တစ်ပုဒ်ကို သူရပ်ပစ်ချင်သည့်အချိန်တွင် အကြောင်းပြချက်တစ်စုံတစ်ရာမပြဘဲ ရပ်ပစ်လိုက်ကြသည်။ ယခင်ကမူ အခန်းဆက်ဝတ္ထုရှည်တစ်ပုဒ်၊ အခန်းဆက်ဆောင်းပါးရှည်တစ်ပုဒ် တစ်လပျက်သွားသည်ဆိုရင် စာဖတ်ပရိသတ်ကို တောင်းပန်လေ့ရှိပါသည်။ စာရေးဆရာကြောင့်ပျက်သွားခြင်းဖြစ်လျှင် အကျိုးအကြောင်းရှင်းလင်းဖော်ပြရပါသည်။ ယခုမူ အချို့သော မဂ္ဂဇင်းများသည် ဘာအကြောင်းပြချက်မှမပြဘဲ သူတို့ရပ်ပစ်ချင်လျှင် ရပ်ပစ်လိုက်ကြပြီး သူတို့ထည့်ချင်လျှင် ပြန်ထည့်တတ်ကြပါသည်။

အယ်ဒီတာသည် စာဖတ်ပရိသတ်ကို စာနာလေးစားဖို့လိုပါသည်။

အချို့သောမဂ္ဂဇင်းထုတ်ဝေသူအယ်ဒီတာများသည် စာရေးဆရာ



www.burmeseclassic.com

www.burmeseclassic.com



ထံ စာမူတွေလိုက်တောင်းပြီး မထုတ်ဖြစ်သည့်အခါတွင် စာမူကိုပြန်မပေးကြတော့ပါ။ လူလုံးလည်းမပြတော့ပါ။ ထိုအခါတွင် စာရေးဆရာ သည် စာမူတစ်ပုဒ် အလဟဿဆုံးရှုံးခံလိုက်ရပါသည်။ တချို့မှာမူ ထိုထက်ပိုဆိုးပါသည်။ စာရေးဆရာ၏ စာမူကိုတောင်းပြီး မဂ္ဂဇင်းမထုတ်ဖြစ်သည့်အခါတွင် ထိုစာမူကို တစ်ခြားထုတ်ဝေသူတစ်ဦးသို့ လက်လွှဲရောင်းပစ်လိုက်ပါသည်။ စာရေးဆရာကို စာမူခပေးပြီးဖြစ်သဖြင့် သည်စာမူကို သူတို့ကြိုက်သလိုလုပ်နိုင်သည်ဟု ယူဆသလား မပြောတတ်ပါ။

အချို့သောအယ်ဒီတာများသည် စာရေးဆရာထံ ခွင့်တောင်းခြင်းမပြုဘဲ စာမူဟောင်းတစ်ပုဒ်ကို ကူးယူဖော်ပြတတ်ကြပေးသည်။ ဖော်ပြပြီး နောက်တွင်လည်း အကြောင်းကြားဖော်မရကြပါ။ ကော်ပီခမပြောနှင့် စာအုပ်ကလေးတစ်အုပ်ပင် လက်ဆောင်မပေးတတ်ကြပါ။

ကျွန်တော်သည် ရွက်နုပွင့်သစ်တွေဝေသည်ကို အမြဲကြိုဆိုသူဖြစ်ပါသည်။ အယ်ဒီတာသစ်တွေပေါ်လာသည်ကိုလည်း ဝမ်းမြောက်ဝမ်းသာ ဆီးကြိုသူဖြစ်ပါသည်။

သို့ရာတွင် ထိုရွက်နုပွင့်သစ်တွေ သစ်ပင်ကိုယ်ခေတ်ခံအားကောင်းဖို့လိုပါသည်။ အယ်ဒီတာကောင်းတွေ ပေါ်ထွက်စေချင်ပါသည်။

နုလျက်နှင့်ကြွေသွားသော ရွက်နုပွင့်သစ်များကိုမြင်လျှင် စိတ်မကောင်းဖြစ်ရပါသည်။

■

**(၁၉၉၁၊ အမှတ်(၂)၊ အလင်းထောင့်ဂျာနယ်)**



www.burmeseclassic.com

www.burmeseclassic.com

# သဇင်နံ့၊ နှင်းနံ့တို့ သင်းပျံ့သော ထွေလာခရီး

သင်းမြသောနှင်းနံ့၊ သဇင်နံ့များနှင့်အတူ စာဆိုတော်နေ့ရနံ့များ သည်လည်း လေထဲတွင်မျောပလာတတ်သည်။ ရောင်စုံမှန်ပြတင်း ပေါက်ရှည်ကြီးတွေ တပ်ထားသည့် မြို့လယ်ခမ်းမဆောင်မှ စာဆိုပွဲ၊ လယ်ကွင်းဘေး ခယောင်းတောထဲမှစင်မြင့်၊ ဆွေးနွေးပွဲမှ ပြင်းထန်သော ဝေဖန်သံ၊ စာရေးဆရာ၏စကားလုံးတစ်လုံးကို သဘောကျသွားသဖြင့် ဝေါခနဲရယ်မောလိုက်သည့်အသံ၊ စာရေးဆရာ အချင်းချင်း၏ရင်ဖွင့် သံ၊ စက်ရုံရှေ့ကွင်းပြင်မှပရိသတ်၊ ဓာတ်ရုံဟောင်းရှေ့ စာဆိုတော် ဟောပြော ပွဲနေ့၊ ပွဲဈေးတန်း ရေနံဆီမီးခွက်များမှ မီးရောင်မှိန်မှိန်၊ ဖုန်တထောင်း ထောင်းကြားထဲမှ(လယ်ထွန်စက်နောက်တွဲ) ထွေလာခရီး။

စာဆိုတော်နေ့နီးလာတိုင်း ထိုရှုခင်းများသည် မျက်စိထဲတွင် ပေါ်လာကြသည်။ ထိုရနံ့များသည် သင်းပျံ့လာကြသည်။ စာဆိုတော် နေ့သည် မြန်မာစာပေလောက၏ နေ့ထူးနေ့မြတ်။ စာဆိုတော်ဟော ပြောပွဲသည် မြန်မာစာရေးဆရာတို့ ပြည်သူ့ထံသွားသောခရီး။

စာဆိုတော်ဟောပြောပွဲကို ထွက်နေကျစာရေးဆရာကလည်း



www.burmeseclassic.com

www.burmeseclassic.com



အချိန်နီးလျှင် လက်ဆွဲအိတ် တပြင်ပြင်ဖြစ်လာသည်။ စာဆိုတော်ဟော ပြောပွဲတက်နေကျ စာဖတ်ပရိသတ်ကလည်း အချိန်နီးလာလျှင် စာဆို တော်ပွဲကို မျှော်လာသည်။

ဟောပြောပွဲစီစဉ်သူများမှာ အများအားဖြင့်လူငယ်များဖြစ်ကြ သည်။ တချို့က ဝတ္ထုတိုကလေးတွေ ကဗျာကလေးတွေ ရေးနေသူများ၊ အချို့ကလည်း ဘာစာမျှမရေးဘဲ ကြားထဲကအပင်ပန်းခံကာ ဟောပြောပွဲ စီစဉ်သည့်အလုပ်ကို ပျော်မွေ့စွာလုပ်နေကြသူများ။ သူတို့သည် စာရေး ဆရာနှင့်စာဖတ်ပရိသတ်များကြားတွင် တံတားခင်းပေးသူ၊ ပေါင်းကူး ပေးသူများဖြစ်ကြလေသည်။

၁၉၄၄ ခုနှစ်မှစ၍ ကျင်းပသည့်စာဆိုတော်နေ့ အထိမ်းအမှတ်ပွဲ အစဉ်အလာမှာ ပြဇာတ်ကခြင်းဖြစ်သည်။ ဝိဇယ၊ ဝန်ဇင်းရာဇာ၊ နတ်သျှင် နောင်၊ မြဝတီမင်းကြီးဦးစ၊ စလေဦးပုည၊ တောင်သမန်လယ်စားမောင်ဖေ ငယ်၊ လှိုင်ထိပ်ခေါင်တင်၊ လက်ဝဲသုန္ဒရ စသည်တို့ဖြစ်သည်။

စာဆိုတော်နေ့ပြဇာတ်အစဉ်အလာသည် ဂျပန်ခေတ် ၁၉၄၄ ခုနှစ် မှ ၁၉၅၆ ခုနှစ်အထိ ရှည်ကြာခဲ့သည်။ စာရေးဆရာတွေ စာဆို တော်နေ့ အထိမ်းအမှတ်ပြဇာတ်ကသည့် အစဉ်အလာမှာ ကောင်းသည်။ ထိုနည်းတူ လူထုကိုပညာပေးနည်း တစ်မျိုးဖြစ်သည့် စာဆိုတော် အတ္ထုပ္ပတ္တိအကြောင်းအရာများကို လူတိုင်းလူတိုင်း မဖတ်နိုင်။ မဖတ်ဖြစ်။ ပြဇာတ် ကိုကြည့်၍ သူတို့ဘဝနှင့်စာပေကို ယှဉ်တွဲ၍လေ့လာနိုင်သည်။ စာဆိုတော်ပြဇာတ်သည် ပရိသတ်အဖို့လည်း စာရေးဆရာများကို တွေ့မြင်ရသည်။ တေးဂီတ၊ အကအပြတို့ကို နားထောင်ရ ကြည့်ရသဖြင့် လည်းအပျင်းပြေသည်။ ထို့ကြောင့် စာဆိုတော်ပြဇာတ်သည် ပညာပေး အတွက်ရော ဖျော်ဖြေရေးအတွက်ပါ အသုံးဝင်သည်။ သို့ရာတွင် စာရေးဆရာ စာဆိုတော်ပြဇာတ်တွင် ချို့ယွင်းချက်တွေ ရှိနေသည်။ ဇာတ်တိုက်ရသဖြင့် စာရေးဆရာတွေ အလုပ်အကိုင်ပျက်ကြသည်။ အချိန်ပေးရသည်။ ပြဇာတ်ကရန်အတွက် ရန်ပုံငွေရှာရသည်။ စာရေး ဆရာအသင်း၏ သားရေအိတ်သည် အမြဲလိုလို ဟာလာ ဟင်းလင်းဖြစ် နေသဖြင့် ငွေရှာရ ခြင်းဖြစ်သည်။ နောက်တစ်ချက်မှာ ရန်ကုန်လူထု သက်သက်အတွက်သာ ဖြစ်နေပြီး နယ်ရှိလူထုနှင့်အလှမ်းဝေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၆ခုနှစ်လောက်က စာရေးဆရာအသင်း၌ ကျွန်တော်တို့ လူငယ်တွေ ဦးစီးဦးဆောင်ဖြစ်လာသည့်အခါတွင် ကျွန်တော်တို့သည် စာဆိုတော်နေ့အခမ်းအနားကို လူထုဆီသို့ ပိုမိုကျယ်ပြန့်စွာ ပို့ဆောင်ရန်စဉ်းစားခဲ့ကြသည်။ နယ်များသို့ဆင်း၍ ဟောပြောပွဲများကျင်းပရန် စဉ်းစားကြသည်။ သို့ရာတွင် စာရေးဆရာအများစုမှာ အရေးသာကျွမ်းကျင်သူများဖြစ်ပြီး အပြောကျွမ်းကျင်သူများ မဟုတ်။ သူတို့ပြောသည့်အကြောင်းအရာကလည်း စာပေအကြောင်းအရာ။ ဟောပြောသည့်အတတ်ပညာကလည်းကျွမ်းကျင်မှုမရှိ။ သို့ဆိုလျှင် မည်သူမျှနားထောင်မည့်သူရှိမည်မဟုတ်။ ဤတွင်ရေးသူနှင့် ဖတ်သူဆွေးနွေးပွဲများလုပ်ရန် စဉ်းစားကြပြန်သည်။ သို့ရာတွင် ယင်းသို့ဆွေးနွေးပွဲသက်သက်လုပ်လျှင်လည်း ကျဉ်းမြောင်းလွန်းနေသည်ဟု ယူဆသည်။

ဤတွင်ဟောပြောပွဲများ လုပ်သင့်မလုပ်သင့် ဆွေးနွေးကြသည်။ အငြင်းပွားကြသည်။ အဆိုတင်ကြသည်။ ချေဖျက်ကြသည်။ အချို့က ဟောပြောပွဲလုပ်သင့်သည်ဟု ဆိုကြသည်။ အချို့က မလုပ်သင့်ဟု ကန့်ကွက်ကြသည်။ အချို့က ဆွေးနွေးပွဲများလောက်သာ လုပ်သင့်သည်ဟု ပြင်ဆင်ကြသည်။ နောက်ဆုံးတွင် ဟောပြောပွဲရော ဆွေးနွေးပွဲပါ လုပ်ရေးမလုပ်ရေးကို သက်ဆိုင်ရာနယ်အလိုက် ဆုံးဖြတ်ပေစေ၊ နှစ်ခုလုံးလုပ်လျှင်လည်း လုပ်မည်ဟု ဆုံးဖြတ်ခဲ့ကြသည်။

သို့ဖြင့် ၁၉၅၆ခုနှစ်မှစ၍ ကျွန်တော်တို့သည် စာဆိုတော်ဟောပြောပွဲ၊ ဆွေးနွေးပွဲများကို ကျင်းပခဲ့ကြသည်။ အစတွင်တော့ အတော်အခက်အခဲရှိသည်။ စာဖတ်ပရိသတ်ကလည်း သိပ်သဘောမပေါက်သေး။ ထို့ကြောင့် မြို့ခံဝါသနာရှင် တစ်ဦး နှစ်ဦးက ကိုယ့်စရိတ်ကိုယ်အကုန်အကျခံကာ ဦးစီးကျင်းပကြသည်။ အချို့မြို့နယ်များတွင် ဟောပြောပွဲလုပ်ချင်သော်လည်း ကိုယ့်စရိတ်ဖြင့် ကိုယ်လိုက်ရသည်။ အချို့မြို့များတွင် ကိုယ်က စရိတ်ခံရပြီး မြို့ခံက စားသောက်စရိတ်တာဝန်ယူသည်။ အချို့မြို့နယ်များတွင် မြို့ခံက စားသောက်စရိတ်ပင် တာဝန်မယူနိုင်။ စာရေးဆရာသည် ကိုယ့်ခရီးစရိတ် ကိုယ်ခံပြီး ကိုယ့်စားသောက်စရိတ်ကို ကိုယ့်ဘာသာ ခံခဲ့ရသည်။ လက်ဆောင်ဆိုသည်မှာ ဝေလာဝေး။



www.burmeseclassic.com

www.burmeseclassic.com



ဟောပြောပွဲ၊ ဆွေးနွေးပွဲတွင်လာသည့်ပရိသတ်ကလည်း ကြက်ပွဲသာသာမျှသာ။ သို့ရာတွင် ကျွန်တော်တို့သည် စိတ်မပျက်ခဲ့ကြပါ။ ဟောပြောပွဲနှင့်ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်သည် စာရေးဆရာက အပေါ်စီးဖြင့် ပညာပေးရေးမဟုတ်။ လူထုထံ၊ စာပေပရိသတ်ထံမှ ပညာယူရန်နှင့် လူထုဘဝကိုလေ့လာရန်ဖြစ်သည်။ တစ်နည်းပြောရရင် မြန်မာစာပေ၏ ပြဿနာများကို စူးစမ်းရှာဖွေရန်ဖြစ်သည်။ စာရေးဆရာသည် သူပြောသမျှကို စာဖြင့်ပြောနိုင်သည်။ ဝတ္ထုဖြင့်ပြောနိုင်သည်။ ကဗျာဖြင့်ပြောနိုင်သည်။ ဆောင်းပါးဖြင့်ပြောနိုင်သည်။ စာအုပ်ထုတ်၍ပြောနိုင်သည်။ ထို့ကြောင့် ဟောပြောပွဲသည် အဓိကမဟုတ်။ ဖြစ်နိုင်လျှင် မဟောဘဲ နေချင်သည်။

သို့ရာတွင် ဤသည်မှာ စာရေးဆရာဘက်မှ ဆန္ဒဖြစ်သည်။ ပရိသတ်၏ဆန္ဒကထိုသို့မဟုတ်။ ငွေကြေးကုန်ကျခံပြီး ဖိတ်ရသည့်အတူတူ ဟောတာပြောတာလေးကို နားထောင်လိုက်ချင်သည်။ လူတိုင်းစာမဖတ်ဖြစ်။ လူတိုင်းဝတ္ထုမဖတ်ဖြစ်။ လူတိုင်းမဂ္ဂဇင်း မဖတ်ဖြစ်။ ထို့ကြောင့်မဖတ်ဖြစ်သူတွေ ကြားနာစေလိုကြသည်။ ဤသို့ဖြင့် ဟောပြောပွဲများ ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

၁၉၆၀ပြည့်နှစ်လောက်မှစ၍ စာဆိုတော် ဟောပြောပွဲများသည် တဖြည်းဖြည်းကျယ်ပြန့်လာခဲ့သည်။ မြို့ကြီးများတွင်သာမက မြို့ငယ်များ စက်ရုံများ၊ ကျောင်းများ၊ ရွာငယ်များအထိ ကျင်းပလာခဲ့ကြသည်။ အများအားဖြင့် ဟောပြောပွဲများရော ဆွေးနွေးပွဲများပါ လုပ်ကြသည်။ ဟောပြောပွဲမှာ ပရိသတ်အတွက်လုပ်ရခြင်းဖြစ်သည်။ ပရိသတ်၏ အလိုကိုလိုက်ရခြင်းဖြစ်သည်။ ပရိသတ်သည်ဟောပြောပွဲမှ သူလိုချင်သည့်အရာကိုယူပြီး မလိုချင်သည့်အရာကိုပယ်သည်။ စာရေးဆရာ၏စိတ္တဗေဒကို အကဲခတ်သည်။ စာရေးဆရာ၏ ရိုးသားမှုကို သူ့စာနှင့်ယှဉ်တွဲ လေ့လာသည်။ တချို့လည်း လူကိုတွေ့ပြီးမှ စာကိုကြိုက်တာမျိုးတွေ ရှိသည်။ တချို့လည်း လူကိုတွေ့တော့မှ စိတ်ပျက်သွားတာမျိုးလည်း ရှိသည်။ "စာရေးဆရာတစ်ယောက်၏စာကို သဘောကျလျှင် သူနှင့်မျက်နှာချင်းဆိုင်အိမ် သွားမနေပါနှင့်" ဟုတောလ်စတွိုင်းက နောက်ပြောင် ပြောဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဖြစ်စေ၊ ပရိသတ်အဖို့မှ သူဟောပြောသည်ကို နားထောင်လိုက်သဖြင့်စာရေးဆရာကို သူ့စာနှင့်ယှဉ်တွဲ၍ လေ့လာခွင့်ရသွားသည်မှာ အမှန်ဖြစ်သည်။ ယင်းမှာ စာဖတ်သူရလိုက်သည့် အတွေ့အကြုံဖြစ်သည်။

စာရေးဆရာဘက်တွင်စာဖတ်ပရိသတ်နှင့် ထိတွေ့လိုက်ရသဖြင့် သူတို့၏ စာပေအဆင့်အတန်းများကို အကဲခတ်ခွင့် ရလိုက်သည်။ စာဖတ်သူ၏ ဝေဖန်ချက်ကို ကြားနာရသည်။ စာဖတ်ပရိသတ်၏ စာပေအရသာခံမှုကို ပြဒါးတိုင်ဖြင့် တိုင်းတာခွင့်ရလိုက်သည်။ လူတို့၏ အထွေထွေ အခြေအနေကို လေ့လာနိုင်သည်။ ရေးစရာ ကုန်ကြမ်းတွေရလာသည်။ ယင်းမှာ စာရေးဆရာဘက်က ရလိုက်သည့်အတွေ့အကြုံဖြစ်သည်။

စာရေးဆရာသည် အိမ်ခန်းကလေးထဲတွင် ထိုင်နေ၍မရ။ စာအုပ်ပုံတွေထဲမှာချည်း ထိုင်နေ၍မဖြစ်။ စာရေးစရာအကြောင်းအရာသည် ဘဝမှ အကြမ်းထည်အတိုင်း ရသည့်အခါရှိသည်။ တစ်ခါတစ်ရံတွင် စာအုပ်ထဲမှရသည့်အခါလည်းရှိသည်။ စာရေးဆရာသည် စာရေးစရာကုန်ကြမ်းကိုဘဝမှရော၊စာအုပ်ထဲမှပါ ရှာဖွေရပေလိမ့်မည်။ စာရေးဆရာသည် ခေတ်ပြိုင်ခံစားမှုကို ဖော်ထုတ်သူဖြစ်သည်။ သူ့စာသည် ခေတ်ပြိုင်ခံစားမှုကို ဖော်ပြရပေလိမ့်မည်။ သူ့ရင်ခုန်သံသည် ခေတ်၏ရင်ခုန်သံဖြစ်နေရပေလိမ့်မည်။

စာရေးဆရာသည် သူတွေ့ခဲ့၊ မြင်ခဲ့ရသည်ကို အနုပညာဖြင့်ဖွဲ့ သည်။ ထိုအတွေ့အကြုံမှ ပေါ်ပေါက်လာသော သူ့ခံစားချက်ကို အနုပညာဖြင့် ရေးဖွဲ့သူဖြစ်သည်။ သူတွေ့မြင်ခြင်းမရှိသောအရာကို ရေးဖွဲ့ခြင်းသည် မရိုးသားရာရောက်သည်။ သူခံစားခြင်းမရှိသော အရာကိုရေးဖွဲ့ခြင်းသည်လည်း မရိုးသားရာရောက်သည်။ သူတွေ့မြင်ခံစားခဲ့ရသည့် အတွေ့အကြုံကို မရေးဘဲထိန်ချန်ထားခြင်းသည် အနည်းဆုံး သူ့ကိုယ်သူလိမ်ညာရာရောက်သည်။

ကျွန်တော်သည် လွန်ခဲ့သည့် ၁၅နှစ်လောက်က မုံရွာ တမူးလမ်းပေါ်တွင် တွေ့ခဲ့သည့် မှောင်ခိုမလေးတစ်ယောက်အကြောင်း ကြည့်၍ 'မာယာဘုံ' ဝတ္ထုကို ရေးခဲ့ဖူးသည်။ မိတ်ဆွေတစ်ယောက်က 'ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ဟာ မှောင်ခိုအပြင် ရေးစရာမရှိတော့ဘူးလား' ဟု ကျွန်တော့်ကို မေးဖူးသည်။

ကျွန်တော်က သူ့ကိုဘာမှမဖြေ။ ပုခုံးကိုသာတွန့်ပြလိုက်သည်။ ထိုမှောင်ခိုမလေးကို ကျွန်တော်တွေ့သည့်အခါတွင် ကျွန်တော်သည် ခံစားချက်အတိုင်း ရေးခဲ့ခြင်းဖြစ်သည်။ မှောင်ခိုမို့ရွေးပြီးရေးသည်မဟုတ်။ သူ့ဇာတ်လမ်းသည် ခေတ်ကိုထင်ဟပ်ပြသည်ဟု ခံစားမိ၍ ရေးလိုက် ဖြင်းဖြစ်သည်။ ကျွန်တော်ရေးဖွဲ့လိုက်သည့် ဝတ္ထုသည် ခေတ်ကိုတကယ် ထင်ဟပ်ပြနိုင်ခြင်းရှိမရှိမှာ အခြားကိစ္စဖြစ်သည်။ ခေတ်ကိုထင်ဟပ်ခြင်း မပြနိုင်ဟုဆိုလျှင် ကျွန်တော်အမြင်မှားသောကြောင့် ဖြစ်ပေလိမ့်မည်။ သို့မဟုတ်လျှင်လည်း ကျွန်တော်ရေးဖွဲ့နိုင်စွမ်းမရှိသောကြောင့် ဖြစ်ပေလိမ့်မည်။

နှင်းနှံ့တို့မွေးမြလာသည့် အခါတွင်ကျွန်တော်သည် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ခန့်က စခဲ့သော စာဆိုတော်ဟောပြောပွဲများကို သွား၍ သတိရနေသည်။

စာရေးဆရာအများစုသည် စာပေဟောပြောပွဲများကို ထွက်နေခြင်းမှာ ပျော်၍မဟုတ်။ အိတ်ထဲမှပိုက်ဆံမကုန်ဘဲ ခရီးသွားနေရခြင်းကြောင့်မဟုတ်။ စာကောင်းသောက်ဖွယ်တို့ တည်ခင်းထားသော ထမင်းစားပွဲများကြောင့် မဟုတ်။ လက်ဆောင်လိုချင်၍ မဟုတ်။

စာရေးဆရာအများစုသည် စာဆိုတော်ဟောပြောပွဲများသို့ သွားရင်းစာဖတ်ပရိသတ်၏ အခြေအနေကို အကဲခတ်ရန်၊ သူတို့ထံမှ ဝေဖန်ချက်များကို ကြားနာရန်နှင့် ရေးစရာအကြောင်းအရာ ရှာဖွေရန် ဖြစ်ပေသည်။ စင်မြင့်မှမီးရောင်အောက်တွင် ရပ်၍ ဟောပြောရခြင်းမှာ ဖိတ်ကြားသူများနှင့် စာဖတ်ပရိသတ်များ၏ ဆန္ဒကိုလိုက်လျောရခြင်းသာ ဖြစ်လေသည်။

စာရေးဆရာအများစုသည် ဤသို့ဖြင့် စာဆိုတော်ဟောပြောပွဲများ၏ အစဉ်အလာကို ထိန်းသိမ်းနေခြင်းသူ ဖြစ်ပေသည်။ စာဖတ်သူတို့ကို ဩဝါဒပေးရန်မဟုတ်၊ပညာပေးရန်မဟုတ်ဘဲ သူတို့ထံမှ သင်ယူရန်သာဖြစ်ပေသည်။ လူထု၏ဘဝကို လေ့လာရန်သာဖြစ်ပေသည်။ ပညာပေးသူသည် ပ[illegible]ည်ဆိုသည့် ခံယူချက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လေးနက်စွာလုပ်နေကြခြင်း ဖြစ်ပေသည်။ ကံကောင်းလျှင် တုံ့ပြန်မှု ထက်သန်သောစာရေးဆရာသည် ထိုဟောပြောပွဲများသို့သွားရင်းလူထု၏အခြေအနေကို လေ့လာကာ ဝတ္ထု တစ်ပုဒ်၊ ကဗျာတစ်ပုဒ်ကို ရေးဖွဲ့နိုင်ပေသည်။ လူထု၏အခြေအနေကို လူထုက စာရေးဆရာထက် ပိုသိပေသည်။ စပါးအကြောင်းကို စာရေးဆရာထက် လယ်သမားက ပိုသိသည်။ ရွှေကျင်သူ၏အကြောင်းကို စာရေးဆရာထက် ရွှေကျင်သူက ပို၍သိပေသည်။ ဆံပင်ညှပ်လုပ်ငန်းကို စာရေးဆရာထက် ဆံပင်ညှပ်သမားက ပို၍သိပေသည်။ မှောင်ခိုလုပ်ငန်းကို စာရေးဆရာထက် မှောင်ခိုကုန်သည်က ပို၍သိပေသည်။ သို့ရာတွင် သူတို့သည် စာရေးသူများ မဟုတ်ကြ။ သူတို့၏လုပ်ငန်းသည်လည်း စာရေးသည့်လုပ်ငန်း မဟုတ်ကြ။ သူတို့၏ဝါသနာသည်လည်း စာရေးသည့်ဝါသနာ မဟုတ်ကြ။ ခံစားမှု အရာတွင်လည်း သူတို့သည် စာရေးဆရာ၏ ခံစားမှုမျိုး မဟုတ်ကြ။

ထိုအခါတွင် သူတို့ဘဝကို ရေးဖွဲ့တင်ပြခြင်းကိစ္စသည် စာရေးဆရာ၏လုပ်ငန်းဖြစ်လာသည်။ စာရေးဆရာသည် ဆံပင်ညှပ်သမားအကြောင်းကို ဆံပင်ညှပ်သမားသိအောင် ရေးခြင်းမဟုတ်။ ဆံပင်ညှပ်သမား၏ ခံစားမှုကို အခြားသူများမျှဝေခံစားနိုင်ရန် ရေးခြင်းဖြစ်သည်။ စာရေးဆရာသည် လယ်သမားကြောင်းကို လယ်သမားသိအောင် ရေးခြင်းမဟုတ်။ လယ်သမား၏ ခံစားချက်ကို အခြားသူများ ခွဲဝေခံစားနိုင်အောင် ရေးခြင်းဖြစ်လေသည်။ စာရေးဆရာသည် ခေတ်၏အကြောင်းကို ခေတ်လူများမသိ၍ ရေးနေခြင်းမဟုတ်။ ခေတ်၏ခံစားမှုကို မျှဝေခံစားနိုင်အောင်ရေးနေခြင်းဖြစ်သည်။ ထို့ကြောင့်သာလျှင် ဝတ္ထု၊ ကဗျာစသည့် ရသစာပေတို့သည် ခေတ်ပြိုင်ခံစားမှုကို ထင်ဟပ်ဖော်ပြနေခြင်း ဖြစ်ပါသည်။ **စာရေးဆရာသည် ခေတ်ကို ကိုယ်စားပြု၍ စကားပြောသူဖြစ်လေသည်။ သူကိုယ်စားပြုနိုင်သော အတိုင်းအတာကိုလိုက်၍ ထိုစာရေးဆရာသည်ထင်ရှားကြီးကျယ်ပေသည်** ဟုအင်္ဂလိပ်စာပေဝေဖန်ရေးဆရာ လဲဗစ်က ပြောခဲ့ဖူးလေသည်။ ■

**(၁၉၉၁၊ ဇန်နဝါရီ၊ လုံမလေး)**



www.burmeseclassic.com

www.burmeseclassic.com

## ဆရာကြီး၏ ရှားပါးစာအုပ်တစ်အုပ်

လွန်ခဲ့သည့် ဒီဇင်ဘာလထဲက စာပေဟောပြောပွဲ တာဝန်ဖြင့် တောင်သာ၊ ဧကြမ်း–ကန်မြဲသို့ ကျွန်တော်တို့ ရောက်သွားကြသည်။ ကျွန်တော်တို့ဆိုသည်မှာ အောင်သင်း၊ ဂျူးနှင့် ကျွန်တော်တို့ဖြစ်သည်။ ညဟောပြောပွဲအပြီး နောက်တစ်နေ့မနက်၌ အောင်သင်းက အထက်တန်းကျောင်းတွင် မြန်မာစာဟောပြောပွဲလုပ်ရန် ကျန်ရစ်ခဲ့သည်။ကျွန်တော်၊ ဂျူးနှင့် အိမ်သည် မဂျစ်တို့က ဧကြမ်း–ကန်မြဲရှာ ကန်ပေါင်ရိုးမှာ လမ်းလျှောက်ကြသည်။ အနီးအနားက ရွာများအားလုံးကို ရေပေးဝေနေသည့် ကန်ကြီးဖြစ်သည်။

ဘုရားကြီးတိုက် တိုက်အုပ်ဆရာတော် ဦးပညာသီဟကို ဦးချပြီး စကားပြောနေကြစဉ် ဆရာတော်သည် တိုက်ခန်းထဲသို့ဝင်သွားကာ စာအုပ်တစ်အုပ် ယူလာသည်။

"ဟောဒီ မှာဗျ။ တော်တော်ရှားတဲ့ စာအုပ်တစ်အုပ်။ ကျုပ်မှာနှစ်အုပ် ရှိနေလို့ ဒကာကြီးတို့ကို တစ်အုပ်ပေးလိုက်မယ်"

ဆရာတော်က ဟောင်းနွမ်းဝါကျင့်ကာအဖုံးတွင်မင်တွေ စွန်းပေနေသည့် စာအုပ်တစ်အုပ်ကို လှမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဝမ်းသာသွားသည်။ ကျွန်တော်တစ်ခါမျှ မတွေ့ဖူးသေးသော စာအုပ်ကလေး။

စာအုပ်မာတိကာနှင့် ပုံနှိပ်ရာဇဝင်ကို လှန်ကြည့်သည်။ မန္တလေးမြို့၊ ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက်၊ ၁၂၉၇ ခု ဟုတွေ့ရသည်။ စာအုပ်အမည်မှာ 'ထေရုပ္ပတ္တိကထာ'ဖြစ်သည်။ 'မစ္ဆတာမောင်မှိုင်း ဘွဲ့ခံ မြန်မာဘာသာပရိဖက်ဆာ ဆရာလွန်း စီစဉ်ရေးသားသည်' ဟု အောက်တွင် ဖော်ပြထားသည်။ ကျမ်းနိဒါန်းအဆုံးတွင် . . .

မန္တလေးရတနာပုံ နေပြည်တော်ကြီးဝယ် အသီးသီးသောတပည့်သိဿအဝဝတို့၏ ပညာရင်နို့ သောက်စို့မှီခို အားထားရာဖြစ်သော ပိဋကတ္တယပါရဂူ၊ ဘာသန္တရဝိညူ ဖြစ်တော်မူသော အရှင်အာဒိစ္စရံသီမည်တော်မူသော ရွှေရေးဆောင် ဆရာတော်ဘုရားကြီး ဦးကြည်၏ ထေရုပ္ပတ္တိကထာကို စီစဉ်ကာ ရေးသားရန် ရန်ကုန်မြို့ ဘုရားလမ်းနံပါတ် ၁၀၃ နေ သူဌေးမင်း ဦးဘကျော်၊ သူဌေးကတော် ဒေါ်နှင်းဦးတို့က အထူးသဖြင့် အဘိယာစကာ ပြုလုပ်ကာ တောင်းပန်ရှာသည်ဖြစ်သောကြောင့် အရှင်အာဒိစ္စရံသီတည်းဟူသော ရွှေရေးဆောင်ဆရာတော်ဘုရားကြီး ဦးကြည်၏ ထေရုပ္ပတ္တိကထာ၊ ကျမ်းရွှေစာကို ကောင်းစွာရေးသားဖော်ပြပေအံ့သတည်း . . . ။

ဟု ထိုကျမ်းရေးသည့်အကြောင်းကို ဆရာကြီးက ရှင်းပြခဲ့သည်။ (မူရင်းသတ်ပုံအတိုင်း)

ဆရာကြီးပြုစုရေးသားသည့် ရွှေရေးဆောင် ဆရာတော်ဘုရားကြီး၏ 'ထေရုပ္ပတ္တိကထာ'တွင် အခန်းပေါင်း၃၆ခန်း ပါဝင်သည်။ ပါဝင်သည့် အခန်းခေါင်းစဉ်များမှာ အဘိယာစကနိဒါန်း၊ ပဏာမ၊ ဇာတိနှင့်ငယ်မည်၊ ရွှေရေးဆောင်ဆရာတော်ကြီး၏ ဇာတာပုံတော်၊ ၎င်းဇာတာပုံဇကေပိုဒ်ရတု၊ လောကီမင်္ဂလာ ၁၃ပါး၊ ပညာသင်ကြားခြင်း၊ သာမဏေဖြစ်ခြင်း၊ အရွယ်ဆယ်ပါး၊ စာပြန်ပွဲ၌ ဝင်နွှဲပုံများ၊ ရဟန်းဖြစ်ခြင်း၊ စလေမြို့စားလေ့သင်းတွင်းဝန်၏ အတ္ထုပ္ပတ္တိ၊ ရွှေရေးဆောင်ဆရာတော်ဘုရားကြီး၏ ဆရာစဉ်ဆက်ကို ပြခြင်း၊ ရွှေရေးဆောင်ဟု တွင်ခြင်း၊ ဆီးဘန်နီကျောင်းသစ်နှင့် နိဗဒ္ဓဝတ္ထု၊ စာချပုံနှင့် ဂုဏ်တော်တွေ၊ နည်းပြလွန်ကောင်းတပည့်ပေါင်း၊ ကျောင်းသစ်ကြီးနှင့် ဒါနရှင်တို့၊ ကျောင်းနှင့် အ



www.burmeseclassic.com

www.burmeseclassic.com



လွတ်နိစ္စဝတ်၊ စာလိုက်သံဃာများနှင့် ဒါယကာ ဒါယိကာမတို့၏စေတနာ၊ ဆရာတော်ဘုရားကြီးသည် စိတ်ချမ်းသာတော်မူရန် စီမံပုံ၊ ရေးသားပြုစုခဲ့သော ကျမ်းများ၊ သံဝေဂရာဘွယ်၊ ထီးဖြူတော်ဘွင့်၊ ထီးဖြူတော်ဘွင့်ဩဘာစာ၊ ထုတိမင်္ဂလဩဘာစာတမ်း၊ ဆရာတော် အရှင်ဦးပဏ္ဍဝ၏လုံ့လ၊ အရိုးတော်ဓာတ်စေတီ ဇကပိုဒ်၊ သာစုကီဋ္ဌနပွဲဝင် အစီအစဉ်၊ အဂ္ဂိစျာပနနှင့် ရိုးတော်သွင်း၊ ရွှေရေးဆောင်တမ်းချင်း မဟာကဗျာလေးချိုးကြီး၊ ကင်းကျော့၏ ဆေးလဘားဂျူဘလီပွဲနှင့် ရွှေရေးဆောင်ကိစ္စတော်ဘွဲ့လေးချိုးကြီး၊ တိုးတက်ရေးသဘင်က အရှင်ရွှေရေးဆောင်ဆရာတော်ကို ပူဇော်ကန်တော့ပန်း တမ်းချင်းလေးချိုးကြီး၊ ဩဘာရတုပိုဒ်စုံ၊ နိဂုံး စသည့်အခန်းများဖြစ်ပြီး စက္ကူဆယ့်ခြောက်ချိုးဖြင့် စာမျက်နှာ ၁၇၉ မျက်နှာရှိသည်။

ရွှေရေးဆောင်ဆရာတော် အလောင်းအလျာ ဦးကြည်သည် ပထမငယ်၊ ပထမလတ်၊ ပထမကြီးတို့ကို အစဉ်တစ်စိုက်အောင်မြင်လာသည့်အခါတွင် အသက်၁၃နှစ်၊ ၁၄နှစ်၊ ၁၅နှစ်သာ ရှိသေးသည်။ အသက်၁၈ နှစ်အရွယ်တွင် သုဓမ္မာစာပြန်ပွဲ ဝင်ရောက်ဖြေဆိုသည့်အခါတွင် ပထမကျော် အောင်ပန်းကို ဆွတ်ခူးခဲ့ပြန်သည်။

ဆရာကြီးသည် ရွှေရေးဆောင် ဆရာတော်အလောင်းအလျာ ရှင်အာဒိစ္စရံသီ၏ စာပေပရိယတ္တိ ထူးချွန်ပုံကို အကျယ်ရေးသွားသည်။ ထို့ပြင် ထိုစဉ်က ပထမကျော်တို့ ပြန်ဆိုရသော စာများကိုလည်း အသေးစိတ် ရေးသွားခဲ့သည်။ ပထမကျော်တွင် စာမေးပွဲတွင်ပြန်ဆိုရသောစာများမှာ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဆန်း၊ အလင်္ကာ၊ အဘိဓာန်၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ကစ္စသနသာရ၊ ဝစ္စဝါရက၊ ဝိဘတျတ္ထ၊ ဒွေမာတိကာ၊ မာတိကာ၊ ဓာတု ကထာ၊ ယမိုက်၊ ပဋ္ဌာန်းစသည့် ကျမ်းဆယ့်လေးစောင်ဖြစ်သည်။

လေ့သင်းဝန် အတွင်းဝန်မှာ ထိုစဉ်က သုဓမ္မာစာပြန်ပွဲတွင် နှစ်နှစ်တိုင်တိုင် ကြီးကြပ်ရသောကြောင့် ရွှေရေးဆရာတော် အလောင်းအလျာ အရှင်အာဒိစ္စရံသီ၏ အရည်အချင်းကို ကောင်းစွာသိနေသည်။ ထို့ကြောင့် သက္ကရာဇ် ၁၂၃၉ ခုနှစ်၊ အရှင်အာဒိစ္စရံသီ သက်တော် ၂၉ ပြည့်သည့်နှစ်တွင် စံကျောင်းဆရာတော်ကြီးနှင့် မိုင်းခိုင်းဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တို့အား လျှောက်ထားကာ ဥပသမ္ပဒရဟန်းဘဝသို့ ချီးမြှောက် သွတ်သွင်းခဲ့သည်။ ဥပဇ္ဈာယ် ဆရာမှာ စံကျောင်းဆရာတော်ဘုရားကြီးဖြစ်ပြီး ကမ္မဝါဆရာမှာ မိုင်းခိုင်းဆရာတော်ဘုရားကြီးနှင့် ဝိသုဒ္ဓသီလစာရ သီရိပဝရဓမ္မသေနာပတိ၊ မဟာသံဃရာဇာဘွဲ့တံဆိပ်တော်ရှိသည့် တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး ဖြစ်သည်။ ဆရာကြီးက ထေရုပ္ပတ္တိကထာတွင် ရွှေရေးဆောင်ဆရာတော်လောင်း ဦးကြည်၏ ဆွေမျိုး အစဉ်အဆက်နှင့် စာပေပရိယတ္တိသင်ကြားရပုံတို့သာမက အရှင်အာဒိစ္စရံသီအား ရဟန်းခံပေးသည့် ရဟန်းဒါယကာဖြစ်သော လေ့သင်းအတွင်းဝန်၏ အတ္ထုပ္ပတ္တိ ကိုလည်း သီးခြားဖော်ပြထားသည်။

ရွှေရေးဆောင်ဆရာတော်ဘုရားကြီးအလောင်းအလျာ၏ ရဟန်းဒါယကာအကြောင်းပြီးလျှင် ရွှေရေးဆောင်ဆရာတော်ဘုရား၏ ဆရာအစဉ်အဆက်ကို ဖော်ပြသည်။ ရွှေရေးဆောင် ဆရာတော်ဘုရားအလောင်းလျာ၏ဆရာအစဉ်အဆက်ကို **စန်–ဉာ–ဂု–နန်၊ ဆင့်ရန်တထွေ သူ–ဧ–သု–ပဏ်၊ ရှစ်တန်ထေရ်မော်၊ ကျွန်းလုံးကျော်တို့** ဟုဆိုကာ ဆရာတော်ကြီးရှစ်ပါး၏ ထေရုပ္ပတ္တိအကျဉ်းကိုလည်း ပြဆိုသွားသည်။

**စန်**မှာ စန္ဒြပဥ္ဇာသာ လင်္ကာရ တိပိဋကဓရေ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော တံဆိပ်တော်ရ ပထမ ပုဘာဆရာတော်ဘုရား။ (ပခန်းကြီးမြို့၊ ပိုက်သင်ရွာ ဇာတိ)

**ဉာ**မှာ ဉာဏာသာဂရကိတ္တိဇယ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဒိရာဇဂုရု,တံတိတော် တံဆိပ်တော်ရကျော်အောင်စံထား ဆရာတော်ဘုရား (ပခန်းကြီးမြို့၊ ပိုက်သင်ရွာ ဇာတိ)

**ဂု**မှာ ဂုဏာဘိအနန္တဓဇ မဟာဓမ္မရာဇာဓိပတိ ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ သာသနာပိုင် မင်းအိုဆရာတော်ဘုရား။ (ပခန်းကြီးမြို့၊ ဖက်တောကျည်းကန်ရွာ ဇာတိ)

**နန်**မှာ ရှင်နန္ဒမာလာဘွဲ့တော်ရှိ ပထမ ဗားကရာဆရာတော်ဘုရားကြီး။ (ပခန်းကြီးမြို့၊ မြိုင်ရွာဇာတိ)

**သူ**မှာ သူရိယာဘိ သီရိပဝရာ လင်္ကာရဓမ္မ သေနာပတိ, မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ကို ရရှိတော်မူသော သဲအင်း သာသနာပိုင်ဆရာတော်ဘုရားကြီး။ (ပခန်းကြီးမြို့၊ သဲအင်းရွာ ဇာတိ)



www.burmeseclassic.com

www.burmeseclassic.com



**ဒေ** မှာဒေယျဓမ္မာဘိဝံသ သီရိပဝရာ လင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး။ (ကန့်ဘလူမြို့၊ နတ်ရဲတောင်ရွာ ဇာတိ)

**သု**မှာ သုဒ္ဒသနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ကိုရရှိတော်မူသည့် စံကျောင်းဆရာတော် ဘုရားကြီး။ (ပခန်းကြီးမြို့၊ သစ်ပုပ်ရွာဇာတိ)

**ပဏ်** မှာပဏ္ဍိတဓဇသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ မိုင်းခိုင်းဆရာတော်ဘုရားကြီး တို့ဖြစ်ကြသည်။ (အလုံမြို့၊ သာစည်ရွာဇာတိ)

ဆရာကြီးသည် ရွှေရေးဆောင်ဆရာတော် ဘုရားအလောင်းအလျာ၏ ဆရာအစဉ်အဆက် ဆရာတော်ကြီးရှစ်ပါး၏ ထေရုပ္ပတ္တိအကျဉ်းတို့ ကိုလည်း ပြဆိုသွားသည်။ ထိုဆရာတော်ဘုရားကြီးများ၏ ထေရုပ္ပတ္တိအကျဉ်း၊ ကုန်းဘောင်ခေတ် သာသနာဝင်အကျဉ်းကို ရေးပြသွားသကဲ့သို့ရှိသည်။

ဆရာတော်ကြီး သီတင်းသုံးရာ ရွှေရေးဆောင်နှင့် ပတ်သက်၍ ဆရာကြီးက ရေးခဲ့ရာတွင် . . .

ထိုရွှေရေးဆောင် ကျောင်းတိုက်ကြီးကား ကောဇာသက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် ရွှေထီးကဒဏ်၊ ရှစ်တန်လွှင့်ထူ၊ ဧကရာဇ်အဖြစ်သို့ ရောက်တော်မူသော အမရပူရ ပဋ္ဌမမြို့တည်နန်းတည် သီရိပဝရဝိဇယာနန္တယသတြိ ဘဝနာဒိတျာဒိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇတံဆိပ်နာမတော်ရှိသောအောင်မြေလောက စေတီတော်၏ဒါယကာ ဘိုးတော်မင်းတရားကြီး၏ တောင်ရွှေရေးဆောင် မိဖုရားဖြစ်သော သီရိမဟာမင်္ဂလာ ဒေဝီက သုံးထပ်ဇေတဝန် ရွှေကျောင်းကို ကောဇာသက္ကရာဇ် ၁၁၅၃ခု၊ ပြာသိုလဆန်း ၁၁ရက်နေ့တွင် ဆောက်လုပ်လှူဒါန်းသောကြောင့် ကျောင်းဒါယိကာမကို အစွဲပြု၍ ရွှေရေးဆောင်ကျောင်းတိုက်ဟု ခေါ်ဝေါ် ပညတ်ကြလေသည် ဟု ရေးခဲ့သည်။ (သတ်ပုံ မူရင်းအတိုင်း)

အရှင်အာဒိစ္စရံသီသည် ဆရာတော်ရင်း ဖြစ်တော်မူသော မိုင်းခိုင်း ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် ၁၂၆၁ ခုနှစ်မှစ၍ ပျံလွန်တော်မူသည့် ၁၂၉၇ခုနှစ်တိုင်အောင် ကျောင်းတော်ကြီး၏ ဦးစီး



www.burmeseclassic.com

www.burmeseclassic.com



နာယက ဖြစ်ခဲ့သည်။

ထို့နောက် ဆရာတော်ကြီးက ရွှေရေးဆောင်ဆရာတော်ကြီး၏ စာချပုံကို အကျယ်ရေးပြသည်။ ရွှေရေးဆောင် ဆရာတော် စာချစာပြ ကောင်းပုံနှင့် ပတ်သက်၍ ဆရာကြီးက . . .

ထိုသို့ ပရိယတ္တိစာပေတို့ကို တပည့်သားတို့အား ချပို့လေရာ၌ လည်း မြတ်စွာဘုရားသခင်၏ ဇာတဒဂ်ရ၊ အရှင်ဥပသေန မထေရ်တို့၏ ဉာဏ်ကို တစိတ်တဒေသရလေဘိသကဲ့သို့ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက် ကြည်လင်စေတတ်သော မဓုရဝါစာ၊ ချိုမြိန်သော အရသာတို့ဖြင့်သာ ကောင်းစွာချပို့တော်မူသည့်အတွက် ဆရာတော်ဘုရားကြီး၏ ဂုဏ် ကျေးဇူးတို့သည် အထူးပင် ပျံ့နှံ့ကျော်ကြား၍ ချီးမွမ်းစကား ပြောကြား ဩဘာလည်း မာန်မာနတရား တက်ကြွခြင်းမရှိဘဲ အပိစ္ဆာဂုဏ်ရှင် သူတော် စင် ပုဂ္ဂိုလ်မြတ်တို့ကဲ့သို့ တည့်မတ်သော ဣန္ဒြေဖြင့်သာ နေထိုင်လေ သည်။

ထိုသို့သောဂုဏ်၊ ကျေးဇူးတော် အဖုံဖုံတို့နှင့်၊ ပြည့်စုံတော်မူသော အကြောင်းအရာ၊ အဖြာဖြာတို့၊ များစွာပင်ကျော်ကြားသောအခါ၊ အချို့ အချို့သောပုဂ္ဂိုလ်တို့က၊ မနာလို မနှစ်ခြိုက်သည့်အတွက်၊ ဂုဏ်တုဂုဏ် ပြိုင်၊ ငါနိုင်၊ သူရှုံး၊ တစ်ယူသန်သုံးပြီးလျှင်၊ လုံးလုံးချည်း ဆရာတော် ဘုရားကြီးအား၊ နှိမ်နင်းချိုးဖဲ့၊ ကဲ့ရဲ့ပြောဆိုကြသော စကားရပ်တို့ကို၊ ကြားသိရသောအခါတို့၌ကား၊ ရေပြည့်အိုးကြီးပမာ၊ လွန်စွာပင်တည် ငြိမ်လျက်၊ ဣန္ဒြေရရနှင့်၊ သည်းခံနိုင်လှသော ဝါသနာစိတ်ထားမှာ သူများ ထက် ထူးကဲလှလေသည်။

. . . ထိုသို့လျှင် တည်ငြိမ်သော ဣန္ဒြေဖြင့်သာ၊ တပည့်တပန်း တို့အား၊ နေ့ဝါ ညဝါ၊ ပို့ချကာ နေသောကြောင့်ငင်း၊ တစ်ကြောင်းလည်း၊ ဝတ်ကြီးဝတ်ငယ်၊ အသွယ်သွယ်တို့ကို၊ နေ့စဉ်ညစဉ်၊ အမြဲနိစ္စဗဒ် ပြုစု သော၊ တပည့်ရင်း၊ အရှင်အာသဘနှင့်၊ ဝတ်ဖြည့်ပြီးစီး၍၊ ကျိန်းစက် ခန်းဝင်တိုင်း ဝင်တိုင်း၊ အမြဲပင်လဟုက အာပတ်များအတွက် ဒေသနာ ကံပြုသောကြောင့်ငင်း၊ ပါတိမောက္ခ၊ စသည်ကျင့်ခြင်း၊ သီတင်းလေးပါး၊ ဆွထွားထွားဟု ဟူ၍ အရှင်မဟာ သီလဝံသအကျော်၊ ရေးသားစပ်ဆို တော်မူသော ပါရမီတော်ခန်းပျို့နှင့်အညီ (၁) အာပတ်ခုနစ်ပုံကို မှားလင့်



www.burmeseclassic.com

www.burmeseclassic.com



ရအောင် စောင့်ရှောက်ခြင်းဟု ဆိုအပ်သော ပါတိမောက္ခရသံဝရသီလ။ (၂)ရူပါရုံစသော အာရုံခြောက်ပါးတို့ကို စောင့်ရှောက်ခြင်းဟု ဆိုအပ်သော ဣန္ဒြိယသံဝရသီလ။ (၃) ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးစွဲခြင်းဟု ဆိုအပ်သော ပစ္စယာသန္နိသိတသီလ။(၄) ကုလဒူသက အနေသနကင်း၍ တရားနှင့်လျော်စွာရရှိသော ပစ္စည်းကိုသာ သုံးဆောင်မှီဝဲခြင်းဟု ဆိုအပ်သော အာဇီဝပါရိသုဒ္ဓိသီလ။ ဤသို့ဆိုအပ်ခဲ့ပြီးသော စတုပါရိသုဒ္ဓိသီလတို့ကိုလည်း၊ အထူးသဖြင့်၊ စင်ကြယ်သန့်ရှင်းစေလေသည့်ပြင် . . .

ဒါယကာ ဒါယကာမတို့က၊ စေတနာ ထက်သန်လှသဖြင့်၊ မည်ရွေ့မည်မျှလောက်ပင်၊ လာရောက်လှူဒါန်းသော၊ ပစ္စည်းဥစ္စာ၊ ရဟန်းပရိက္ခရာအသုံးအဆောင်တို့ကိုပင် ရငြားသော်လည်း၊ ထိုပစ္စည်းဥစ္စာ၊ ပရိက္ခရာတို့ကို၊ ထိုထိုရခါခဏ၊ ကာလအတွင်းမှာပင်၊ အဓိဋ္ဌာန်တင်ပြီးလျှင်၊ ဘဏ္ဍာဂါရိက တပည့်အား၊ လွှဲအပ်တော်မူသဖြင့် မသင့်သော ငါ့ဟာ–ငါ့ဥစ္စာဟု၊ စွဲလမ်းမှတ်ယူခြင်း မပြုသောကြောင့်၊ ကျောင်းတွင်ရှိသော ပစ္စည်းကိုပင် မည်ရွေ့မည်မျှရှိသည်ဟု၊ သတိတော် မရချေဘဲ၊ နှစ်ထွေနှစ်ဝ ဖြစ်ကုန်သော၊ လောကဓမ္မတို့၌၊ သိုက်မြိုက်လှပစေရန်၊ ရည်သန်ကာ၊ တပည့်လိမ္မာ ပေါင်းသိဿတို့၏ အလိုကိုလိုက်၍၊ နှစ်ခြိုက်စေခြင်းတို့ကြောင့် ပလိဗောဓ၊ ကြောင့်ကြငြိမ်းလေရကား . . .

. . .ဟူ၍ လာရှိသော တေမိယ ဇာတ်ဂါထာနှင့်အညီ ကောင်းသည်ဆိုးသည်ကို မရေတွက်မူ၍၊ ပစ္စုပ္ပန်၌ ကျရောက်သော၊ ပစ္စည်းလေးပါးတို့ဖြင့်သာ၊ နှစ်သက်အားရမ်း၊ ချမ်းမြေ့စွာ ရောင်းရဲတော် မူလေသည် . . .။ (သတ်ပုံ မူရင်းအတိုင်း)

ရွှေရေးဆောင် ဆရာတော်ဘုရားကြီး နိမ့်ချတတ်ပုံနှင့် ပတ်သက်၍ ဆရာကြီးက . . .

တို့ပြင်တဝ၊ ဆရာတော်ဘုရားကြီးသည်၊ မိမိကိုယ်ကို နိမ့်ချတော်မူသည်မှာလည်း၊ မိမိသည်ဂုဏ်အားဖြင့် မည်သို့ပင် ကြီးမားစေကာမူ မိမိထက်၊ အသက်သိက္ခာ၊ ထေရ်ဝါအားဖြင့်၊ ကြီးမြင့်သော ပုဂ္ဂိုလ်တို့အား၊ ဝစီကံမေတ္တာဖြင့်၊ ကောင်းစွာချီးမွမ်းထောပနာလျက်၊ ကာယကံမေတ္တာဖြင့်၊ လွန်စွာ ကိုင်းညွှတ်နိမ့်ချပြီးခါ၊ မနောကံမေတ္တာကိုလည်း၊



www.burmeseclassic.com

www.burmeseclassic.com



အခါခါပွားများလေ့ရှိသည့်ပြင်၊မိမိထက်ငယ်ရွယ်သော သူတို့အားလည်း၊ သုံးပါးသော မေတ္တာဖြင့်သာ၊ လွန်စွာ လိုက်လျောပြီးလျှင်၊ ပြုလေ့ပြုထ ရှိလေသည် . . . ဟုရေးခဲ့သည်။

ရွှေရေးဆောင် ဆရာတော်ဘုရားကြီး ပဋိပတ္တိ ပြည့်စုံပုံနှင့် ပတ်သက်၍လည်း ဆရာကြီးက ဤသို့ရေးသည်။

. . . ပရိယတ္တိကျမ်းဂန် အတန်တန်တို့ကို ပို့ချရုံသာမက ထိုမှတပါး၊ အားလပ်ခွင့်အခိုက်အခါတို့၌ကား ၁။ ဗုဒ္ဓါနုဿတိ၊ ၂။ အသုဘ ၃။ မေတ္တာ၊ ၄။ မရဏာနုဿတိ ဟုဆိုအပ်ကုန်သော စတုရာရက္ခ အချက်ကြီးလေးချက်တို့ကို၊ နှစ်သက်စွဲလမ်း၊ အမြဲတမ်းသက်ဝင်၍၊ ရှုလေ့ရှိသည့်ပြင်၊ ဆရာတော်ဘုရားကြီး အနီးအနားသို့ လာရောက်ကြကုန်သော ဥပါသကာ ဥပါသကီ၊ ထိုဤများစွာ၊ တပည့်သိဿတို့အားလည်း၊ စိတ်မှယူကျုံး၊ အမြဲသုံးရန်ပင်၊ အစဉ်မပြတ်၊ အထပ်ထပ်အဖန်ဖန်၊ အတန်တန်ပင် တိုက်တွန်းနှိုးဆော် ဆုံးမတော်မူလေ့ရှိသတည်း။

ထိုမှတပါးလည်း၊ ဥပသပ္ပဒကံ၊ ရဟန်းခံ သိမ်သမုတ် ဟုဆိုအပ်သော၊ ရဟန်းတို့ပြုလုပ်ဘွယ်၊ အသွယ်သွယ်တို့၌လည်း၊ မိမိထက် ဝါတော်ရရှိပြီးဖြစ်သော မထေရ်ကြီးများကိုငှင်း၊ မိမိထက် သီတင်းဝါငယ် အသွယ်သွယ်တို့ကိုငှင်း၊ ကောင်းစွာရှင်လန်း နှစ်သက်စေပြီးလျှင် တွယ်ကပ်မှုတည်းဟူသော အရာကိုမျှ မပြုလုပ်ဘဲ မိမိအား ပင်ပန်းဆင်းရဲမည်ကို ဂရုမထားမူ၍၊ တာဝန်ခံယူကာ . . . ကျမ်းဂန်လာသည့်အတိုင်း၊ ဌာန်ကရိုဏ်းပီသစွာဖြင့် ကောင်းစွာ ရွတ်ဖတ်ဆောင်ရွက်တော်မူလေ့ရှိခြင်း . . . (သတ်ပုံမှုရင်းအတိုင်း) စသဖြင့် ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ ပညာဂုဏ်၊ သမာဓိဂုဏ် တို့ကို အကျယ်ပြဆိုခဲ့သည်။

ဂဏဝါစက၊ ဂန္ထကာရက၊ ပိဋကတ္တယပါရဂူ၊ ဒဗ္ဗိပေသလ သိက္ခာကာမ ဖြစ်တော်မူသော ရွှေရေးဆောင်ဆရာတော်ဘုရားကြီးသည်ကား သက်တော် ၇၈နှစ်၊ သိက္ခာဝါတော် ၅၈ဝါအရ၊ ကောဇာသက္ကရာဇ် ၁၂၉၇ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၄ရက်၊ တနင်္ဂနွေနေ့ နံနက် ၇နာရီ မိနစ် ၂ဝဟု ဆိုအပ်သောအချိန်တွင် မုနိန်ထွတ်ထား၊ ရှင်တော်မြတ်ဘုရားကြီးတို့နှင့်တကွ၊ များစွာသော ဗြဟ္မာနတ်လူ၊ သုံးဘုံသူတို့တွင်၊ မည်သူ တစ်စုံတစ်ယောက်မျှ၊ ကင်းလွတ်ရန် မတတ်နိုင်စကောင်းသော၊ ဗမ္မ



www.burmeseclassic.com

www.burmeseclassic.com



သခ်ါရ၊ အနိစ္စသဘောသို့၊ ရွှေ့လျောပျံလွန်တော်မူလေသတည်း . . .။ ဟုဆရာကြီးက ရွှေရေးဆောင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသည့် နေ့စွဲကို မှတ်တမ်းတင်သည်။ (မူရင်း သတ်ပုံအတိုင်း)

ရွှေရေးဆောင် ဆရာတော်ဘုရားကြီးနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ဦးပဉ္ဇင်းနှင့် သာမဏေအရွယ်များ ဖြစ်ကြသည်။ ဆရာတော်ဘုရားကြီးက ကောဇာသက္ကရာဇ် ၁၂၁၉ ခုနှစ်တွင် မွေးပြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ၁၂၃၇ ခုနှစ်တွင် မွေးသည်။ ဆရာကြီးက ရွှေရေးဆောင် ဆရာတော်ဘုရားကြီးထက် ၁၈နှစ်ငယ်သည်။ ရွှေရေးဆောင်ဆရာတော်ဘုရားကြီး ၁၂၉၇ ခုနှစ် သက်တော် ၇၈နှစ်တွင် ပျံလွန်တော်မူသည့်အခါတွင် ဆရာကြီးသည် အသက် ၆၀ ရှိလေပြီ။ ထို့ကြောင့် ရွှေရေးဆောင်ဆရာတော်ဘုရားကြီးနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့ကို ခေတ်ပြိုင်ပုဂ္ဂိုလ်များဟု ပြောလျှင်ရနိုင်သည်။

အသက် ၆၀တွင်းသို့ရောက်နေပြီဖြစ်သည့် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ရွှေရေးဆောင်ဆရာတော်ဘုရားကြီးအား ကြည်ညိုသဒ္ဓါညွတ်ဟန်သည် သူ့'ထေရုပ္ပတ္တိကထာ'ထဲတွင် ပေါ်နေသည်။ ဆရာကြီးသည်သူရွှေးဦးဘကျော်တောင်းပန်၍'ထေရုပ္ပတ္တိကထာ' ကိုရေးသည့်တိုင် သာမန်ရေးရိုးရေးစဉ်ရေးပုံမျိုး မဟုတ်။ ဆရာတော်ဘုရားကြီးအား မိမိ၏စံပြပုဂ္ဂိုလ်မျိုးအဖြစ် ကြည်ညိုသဒ္ဓါစိတ် အပြည့်ဖြင့် ရေးခြင်းဖြစ်ကြောင်းထင်ရှားသည်။ ဆရာကြီးသည် သာမဏေဘဝမှသည် ပျံလွန်တော်မူ သည်အထိ စာပေပရိယတ္တိ ကျွမ်းကျင်နှံ့စပ်ပုံကို ရေးပြခြင်းဖြင့် ဆရာတော်ဘုရားကြီး၏ ပညာဂုဏ်ကို ဖွဲ့သည်။ မိမိအား ဝေဖန် တိုက်ခိုက်သူတို့ကို မည်မျှသည်းခံပုံ၊ ဝါကြီးသည့် မထေရ်များနှင့် ဝါငယ်သည့် မထေရ်မြတ်ကိုပါ ကိုယ့်ကိုယ်ကိုနှိမ့်ချဆက်ဆံတတ်ပုံ၊ ဒါယကာ ဒါယိကာမတို့ လှူဒါန်းသောပစ္စည်းများအား အဓိဋ္ဌာန်တင် လွှဲအပ်ပြီးနောက် ပစ္စည်းနှင့်ပတ်သက်၍ ပလိဗောဒကင်းပုံ၊ ကောင်းသည်ဆိုးသည်ကို မစဉ်းစားဘဲ ပစ္စုပ္ပန်တွင်ရှိသည့် ပစ္စည်းလေးပါးတို့ဖြင့်သာ တင်းတိမ်ရောင့်ရဲတော်မူပုံတို့ကို ရေးပြခြင်းဖြင့် ရွှေရေးဆောင် ဆရာတော်ဘုရားကြီး၏ သီလဂုဏ်ကိုဖွဲ့သည်။

ထိုနောက် ဗုဒ္ဓါနုဿတိ၊ အသုဘာနုဿတိ၊ မေတ္တာနုဿတိ၊



www.burmeseclassic.com

www.burmeseclassic.com



မရဏာနုဿတိ စသည့် စတုရာရက္ခ အချက်ကြီးလေးချက်ကို စွဲမှတ်ရှုကြည့်ရုံသာမက တပည့်ဒါယကာ၊ ဒါယိကာမတို့ကိုလည်း ထိုသို့ သတိတရားပွားများနိုင်ရန် အမြဲတစေ တိုက်တွန်း ဟောကြားတတ်ပုံကို အကျယ်ရေး ပြခြင်းဖြင့် ရွှေရေးဆောင်ဆရာတော်ဘုရားကြီး၏ သမာဓိဂုဏ်ကို ဖွဲ့သည်။

ဆရာကြီး၏ ပညာဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်တို့ကို ထိုမျှကြီးမား ထင်ရှားခြင်းမှာ ရွှေရေးဆောင် ဆရာတော်ဘုရားကြီးအား စံပြထား၍တည်ဆောက်သောကြောင့် ဖြစ်သည်ဟု ဆိုလျှင် ရတန်ရာသည်။

ဆရာကြီးသည် ရွှေရေးဆောင် ဆရာတော်ဘုရားကြီးနှင့်ပတ်သက်၍ လေးချိုးကြီး သုံးပုဒ်ကို ရေးသည်ကိုထောက်လျှင် ရွှေရေးဆောင်ဆရာတော်ဘုရားကြီးအားမည်မျှ ကြည်ညိုလေးစားကြောင်းကို သိနိုင်သည်။ ယင်းတို့မှာ ရွှေရေးဆောင် တမ်းချင်း မဟာကဗျာလေးချိုးကြီး၊ ကင်းဂျော့ဆေးလဘားဂျူဘလီပွဲနှင့်ရွှေရေးဆောင် ကိစ္စတော်ဘွဲ့လေးချိုးကြီး၊ တိုးတက်ရေးသဘင်က အရှင်ရွှေရေးဆောင် ဆရာတော်ကို ပူဇော်ကန်တော့ပန်း တမ်းချင်းလေးချိုးကြီးတို့ဖြစ်သည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းရေးသည့် 'ရွှေရေးဆောင်ဆရာတော်ဘုရားကြီး ဦးကြည်၏ ထေရုပ္ပတ္တိကထာ' ကိုဖတ်ပြီးသည့်အခါတွင် ကျွန်တော့်စိတ်ထဲ၌ အချက်သုံးချက်စွဲကျန်ရစ်ခဲ့သည်။ ပထမအချက်မှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဆရာကြီးသည်'ထေရုပ္ပတ္တိကထာ'ကို သဒ္ဓါရိုကျိုးစိတ်ဖြင့် ရေးသည်ဟုလည်းကောင်း၊ ဆရာကြီးသည် ရွှေရေးဆောင် ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို လွန်စွာတန်ဖိုးထား လေးစားသည်ဟုလည်းကောင်း၊ ဆရာကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် ထိုမျှထင်ရှား ကြီးကျယ်ရခြင်းမှာ သူကြည်ညိုလေးစားသည့် ရွှေရေးဆောင်ဆရာတော်ဘုရားကြီးကို စံပြထား၍ တည်ဆောက်သောကြောင့် ဖြစ်တန်ရာသည်ဟုလည်းကောင်း ထင်မိသည့် အချက်ဖြစ်သည်။

ဒုတိယအချက်မှာ ဆရာကြီးပြုစုသည့်'ထေရုပ္ပတ္တိကထာ'ထဲတွင် ရွှေရေးဆောင် ဆရာတော်ဘုရားကြီး ဦးကြည်၏ ဈာပနနှင့်ပတ်သက်၍ မဟာကဗျာလေးချိုးကြီးတစ်ပုဒ်မက၊ နှစ်ပုဒ်မက သုံးပုဒ်တိုင်အောင်ပါ



www.burmeseclassic.com

www.burmeseclassic.com



နေသည့်အချက် ဖြစ်သည်။

ပထမ တစ်ပုဒ်မှာ 'ရွှေရေးဆောင် တမ်းချင်း မဟာကဗျာလေးချိုးကြီး' ဟု ဆရာကြီးက အမည်ပေးထားသည့် ကဗျာရှည်ကြီး ဖြစ်သည်။ လေးချိုးကြီး၏အောက်တွင် 'မစ္စတာမောင်မှိုင်း ယောဂီဆရာကြီး၊ ခေတ္တ–ပုပ္ပါးတောင်' ဟူသော ဆရာကြီး၏လိပ်စာကို တွေ့ရသည်။

အမှန်ကတော့ ဆရာကြီးသည် ပုပ္ပါးတောင်စခန်းမှ ရေးခြင်းမဟုတ်ပါ။ ပုပ္ပါးတောင်တွင်သွား၍ တရားကျင့်နေရာမှ ရေးလိုက်သည့်ဟန်မျိုး ရေးထားခြင်းဖြစ်သည်။ ထိုကဗျာတွင် ဆရာကြီးက သူ့တပည့် ကေသာတို့၊ ဖေဒါတို့၊ ခေမာတို့ကို ရွှေရေးဆောင် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို ပြောပြသည့်ဟန်ရေးထားသည်။

. . . လှေသင်းပိုင် အတွင်းဝန် မင်းရယ်က
ရှင်ရင်းမြတ်စွာ သာသနာဘုံ၌
သဒ္ဓါဂုဏ် အစဉ် လန်းပေသနှင့်
ရှင်ရဟန်း အသွင်အဝါ အကြင် ဒကာခံလို့
ယခင်မြန်မာဆန်ဆန် ရှေးလက်ဟောင်းပေမို့
တောင်းဆုပြုလို အားတွေနှင့်
ကောင်းမှုကုသိုလ် ပွားကြတယ်
အားကျစရာ ပေနော်ကွယ်
အများဒကာမ ဝေနေယျတို့နဲ့တကွ
အနားက မထကြနဲ့အုံး ဟရို့
ကြားစ ကေသာ။ ။
(သတ်ပုံမူရင်းအတိုင်း)

ဆရာကြီးက သူ့တပည့်မဖြစ်သည့် ကေသာတို့၊ ဖေဒါတို့ မထကြနဲ့၊ နားထောင်ကြဆိုကာ ဆရာတော်ကြီးပျံလွန်တော်မူချိန်တွင် သာသနာ့ဒါယကာ မရှိချိန်ဖြစ်သည့်အတွက် မျက်နှာငယ်ရကြောင်း၊ သို့ရာတွင် နတ်ပြည်သို့ စံလွန်တော်မူခြင်းမှာ သိကြားပင့်သည့်ကိစ္စဖြစ်၍ မတားသာကြောင်း၊ တပည့်ကြီးဖြစ်သည့် မစ္စတာမောင်မှိုင်းသည် အလုပ်မအားသဖြင့် ဈာပနသို့ လိုက်မပို့နိုင်သော်လည်း ဦးခိုက်ကန်တော့လိုက်ပါကြောင်းဖြင့် ဤသို့ရေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



. . . စေတမန် ကပ္ပိယတွေနှင့်
နတ်ပြည် ခတ်စည်နှင့် အကြွတွင်ဖြင့်
ဒုက္ခ အဟုတ်များပေသနှင့်
ကျုပ်တပဲ့ အလုပ် မအားသော်လဲ
ပုပ္ပါးတစ်ဆောင် တောင်ကလပ်တွင်မှ
ချောင်ပတ်ရံ မြှောင်ချပ်ကမ္ဘယံအကူးဆီက
. . . . (သြော်) ရဟန်း မထေရ်တို့မဖြင့်
အလွမ်းစည်ကြမည့် မန်းပြည် မှန်းရည်စူးမိတဲ့ပြင်
အဥ္စလီတင် ချီးကျူးလို့ရယ်
(အမယ်မင်း) အဖူးမကိုင်ရှ တရထည်ထားရတဲ့
သာသနဆီ တအားပေမို့ . . .
(သြော်) ဦးတခိုက်ခိုက်နဲ့ ဖူးလိုက်ပါသည် ဘုရား။

ဆရာကြီးက ပုပ္ပါးယောဂီစခန်းတွင် အလုပ်များနေသဖြင့် မန္တလေးမြို့ရှိ ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနသို့ မလာရောက်နိုင်ကြောင်း၊ထို့ကြောင့်အဝေးမှ ဦးခိုက်ပူဇော်လိုက်ပါကြောင်းရေးထားသည်။

ဒုတိယ တစ်ပုဒ်မှာ တိုးတက်ရေးသဘင်က အရှင်ရွှေရေးဆောင် ဆရာတော်ကို ပူဇော်ကန်တော့ပန်း တမ်းချင်းလေးချိုးကြီးဆိုသည့် ကဗျာရှည်ကြီးဖြစ်သည်။

ယခု မဟာကဗျာကြီးအောက်တွင်မူ ဆရာကြီးက စစ်ကိုင်းယောဂီ၊သခင်ကိုယ်တော်မှိုင်းဟု လိပ်စာပေးထားပြီး စစ်ကိုင်းတွင် ရောက်နေသဖြင့် မလာအားသောကြောင့် အဝေးမှရေးသည့် တမ်းချင်းဟန်ဖြစ်သည်။

ဓမ္မခန်၊ စမုတ်၊ အဆောင်ဆောင်
ထောမနာ စရတွေနှင့်
သံယုတ်ချောင် တောသာစွဆီက
သြဘာလှုပေတဲ့ တကဲ့စစ်ကိုင်း ပြေတခို
(အိုကွယ်) ယောဂါဝစရ တောအညာ ဒကာမတွေနဲ့
သြကာသ လိုက်ပါရဲ့ တပဲ့မှိုင်းရွှေကိုယ်။
(သတ်ပုံမူရင်းအတိုင်း)



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက ရွှေရေးဆောင် ဆရာတော်ကြီး ရုပ်ကလာပ်မန္တမ်းခင် အတ္တုပ္ပတ္တိ တစ်ကျမ်းကို အလွမ်းပြေ ပူဇော်ချင်ကြောင်း၊ ထို့ကြောင့် ပျိုပျိုအိုအို ဒကာများကို ညချမ်းတွင် သမထကမ္မဋ္ဌာန်းဘာဝနာလည်း မပြုနိုင်ကြောင်း၊ သူတစ်သက်လုံး ဝါသနာကြီးကြီးဖြင့် လိုက်စားခဲ့သည့် အင်္ဂရိတ်ထိုးသည့် အလုပ်ကိုလည်း မလုပ်နိုင်ကြောင်း၊ တပည့်တပန်းများကိုလည်း စာတစ်ဝါမျှမချနိုင်ကြောင်း၊ နတ်တော်ပြာသိုလကြီးမှာပင် ချွေးတစ်ပြိုက်ပြိုက်ကျအောင် ထိုကျမ်းကိုရေးနေရကြောင်း၊ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူချိန်တွင် သခင် တက်လူကလေးများ၏ တို့ဗမာအရေးတော်ပုံကြီး နီးလာချိန်ဖြစ်ကြောင်း၊ သခင်တို့၏ အောင်လံကြီးလွှင့်ထူသည်ကို ရွှင်ရွှင်ပျပျမမြင်လိုက်ရသဖြင့် ပျံလွန်တော်မူသည့်အချိန် စောသွားကြောင်းဖြင့် ဆရာကြီးက ဤသို့ဖွဲ့ဆိုသည်။

သခင် တက်လူကလေးတွေရဲ့
သွေးမဖြုန် တို့ဗမာတည်းဟူသော
အရေးပုံ သို့အခါနီးပြီမို့
တို့တကာကြီး အများခေါင်းဆောင် ရွှေ(ဘ)ကုံ တို့ကိုဖြင့်
ပြေက သုံးလောက်အောင် သိုက်သိုက်မြိုက်မြိုက် မဖေးနိုင်သနဲ့
မိုက်ကြေးဆက်သဟာ ရပ်ချိန်ကျပြီမို့
နတ်ဣန္ဒာ သာသနာ ကောလီခေတ်တွင်ဖြင့်
(ဩ) တောမှီ သနစ်ကယ်လို့
လောကီကိုလဲ မပစ်သင့်ပါဘု
ယောဂီအစစ် စကိုင်းကသခင်ရယ်
တိုင်းတိုင်းဆဆနဲ့ မရိုင်းကြစေဖို့
ကသိုဏ်းပြေပါတော့လို့ 'မှိုင်း'ဝလျှင် တက်မှာပေါ့လို့
အထက်သူတတွေပါ တက်လူတွေ ထချိန်မှာ
အမရဝတိန် ပြေအဝေးဆီသို့
ရွှေရေးဆောင် ရှင်ပင် ကြွပြန်သနဲ့
ပြေမအေးအောင် အစဉ် တ မိတ့်ပြင်
(အမယ်မင်း) အထင်ကရ အမြင်လှကြမဲ့
သခင်များ အလံ ထူမ သော်ကောတွင်မှ



www.burmeseclassic.com

www.burmeseclassic.com



(သြော်) ရွှင်ရွှင်ပျပျနဲ့ မမြင်ရချည်ဘု
အရှင်ဘုရာ့ ပျံတော် အမူစော။ ။

ကျွန်တော်သည် တိုးတက်ရေးသဘင်က အရှင်ရွှေရေးဆောင် ဆရာတော်ကို ပူဇော်ကန်တော့ပန်း တမ်းချင်းကြီးကို ဖတ်ရသည့်အခါ၌ ဆရာကြီး၏ ဇာတိမာန်၊ စိတ်ဓာတ်နှင့်အမျိုးသားရေးစိတ်ဓာတ်ကို ပို၍ ထင်ရှားစွာမြင်ရသည်။ ဆရာကြီးသည် ပထမလေးချိုးကြီးတွင် သာသနာ့ဒါယကာ(မြန်မာမင်း)တို့ မရှိချိန်တွင် ဆရာတော်ကြီး ပျံလွန်တော်မူသည့်အတွက် စိတ်မကောင်းဖြစ်ရကြောင်းကိုဖွဲ့သည်။

ဒုတိယလေးချိုးကြီးတွင် သခင်တက်လူကလေးတို့၏ တို့ဗမာအရေးတော်ပုံကြီး နီးနေချိန်၊ သခင်တက်လူကလေးတို့၏ အောင်လံထူခါနီးအချိန်တွင် ပျံလွန်တော်မူသွားသည့်အတွက် ပျံလွန်တော်မူသည့် အချိန်စောကြောင်းကိုညည်းသည်။

ဤသည်ကိုကြည့်လျှင် ဆရာကြီးသည် ဘယ်ကဗျာကို စပ်စပ်၊ အမျိုးသားရေး၊ တိုင်းရေးပြည်ရေး၊ နိုင်ငံရေးသည် သူ့နှလုံးသားထဲတွင် အမြဲရှိနေကြောင်းကိုတွေ့နိုင်သည်။ သူ့ကဗျာများထဲတွင် ကိုယ်ရေးကိုယ်တာခံစားချက်ကို စပ်ဆိုသည့် ကဗျာဆို၍ မရှိသလောက်ရှားသည်။

နောက်လေးချိုးတစ်ပုဒ်မှာ 'ကင်းကျော့ဆေးလဘားဂျူဘလီပွဲနှင့် ရွှေရေးဆောင်ကိစ္စတော်ဘွဲ့ လေးချိုးကြီး' ဖြစ်သည်။

ရွှေရေးဆောင်ဆရာတော်ဘုရားကြီး၏ အန္တိမစျာပန ကျင်းပချိန်သည် ဆေးလဘားဂျူဘလီခေါ် ပဥ္စမမြောက် ဂျော့ဘုရင် နန်းတက်သည့် နှစ်ဆယ့်ငါးနှစ်မြောက် အထိမ်းအမှတ် ကျင်းပနေချိန်နှင့် သွား၍တိုက်ဆိုင်နေသည်။ ထိုဂျူဘလီပွဲကို ရန်ကုန်တွင် ကျင်းပရာ အထက်တန်းစားများပျော်ပျော်ပါးပါး ဆင်နွှဲကြသည်။ ဆရာကြီးသည် ပဥ္စမမြောက် ဂျော့ဘုရင်၏ဆေးလဘားဂျူဘလီပွဲကိုကြည့်၍ စိတ်ထဲတွင် မချိတင်ကဲဖြစ်ပုံရသည်။ထို့ကြောင့် ဆရာကြီးက ကင်းကျော့ဆေးလဘားဂျူဘလီနှင့် ရွှေရေးဆောင်ကိစ္စတော်ဘွဲ့လေးချိုးကြီးဟူသော အမည်ဖြင့် ကဗျာရှည်ကြီးတစ်ပုဒ်စပ်ကာ အောက်တွင် 'သခင်ကိုယ်တော်မှိုင်း–ပုပ္ပါးတောင်' ဟု လိပ်စာရေးထိုးသည်။

ထိုကဗျာတွင် ဆရာကြီးက ပုပ္ပါးတောင်တွင် တရားကျင့်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုဒကာမဒေါ်ဖော့က ဂျော့ဘုရင်၏ ငွေရတုသဘင်ရန် တက်ရန်ဖိတ်ကြောင်း၊ သို့ရာတွင် တိုင်းသူပြည်သားတွေ ဆင်းရဲကျပ်တည်းနေချိန်တွင် ထိုပျော်ပွဲကြီးသို့ သူလာဖို့မသင့်ဟု ယူဆကြောင်း၊ အရေးထဲတွင် သူ့တပည့်တွေကလည်း ဂျော့ဘုရင်၏ ငွေရတုသဘင်သို့တက်ပြီး ငွေတံဆိပ်တွေ၊ ရွှေတံဆိပ်တွေ၊ ဘွဲ့တံဆိပ်တွေ လိုချင်ကြသဖြင့် မနည်းငေါက်ထားရကြောင်းဖြင့် ပထမပိုင်းတွင်စပ်ဆိုသည်။

ပဥ္စမမြောက် ရှင်ဘုရင်ဒကာတော်'ဂျော့'ကိုဖြင့်
အတွင်ပဏာ ဖျော်ဖျော် ကန်တော့ရန်ဘို့
ဒေါ်ဖော့ ပင့်ဖို့လာသည်တွင်
(အိုကွယ်) သခင်ဆရာတော်တော့ဖြင့်
အင်ပါယာ ပျော်သပေါ့ရယ်လို့
အခွင့်သို့ သာမည်မထင်။
(သြော်) လုပ်လုပ်စားစားတွေမို့ အဟုတ်ရှားပေတဲ့
ပုပ္ပါးနယ် တချုပ်မှာတော့ လယ်လုပ်ခါ ယာကိုထွန်လို့မို့
ဗမာကျွန်ပီပီ ထင်းကိုခုတ်နိုင်မှ
ထမင်းကို တလုတ်အနိုင်နိုင်ခဲရတော့
ပြိုင်ပွဲဆိုင်ပွဲ အနည်းနည်းအားဖြင့်
အသီးအသီး ကြွားကြမည့် 'ဆီးလဘားဂျူဘလီ'ကို
သမီးအလား မြီးအလားတွေနဲ့
ကြီးကြီးထွားထွား ကူညီဖို့ မသင့်ပေဘူးလို့
သခင့်ဉာဏ်တွင် ကြံဆင်ခြင်သမို့
အတန်ခင်မင်သူ မိတ်သဟာတွေရဲ့
သမန်တွင် ဖိတ်စာရသော်လဲး
သပိတ်ဆရာ မကြွသည်ကို အာရုံမူကြတော့လို
ရတနာပုံသူတွေပါ နဂရာ ဒဂုန်သူတွေ ပြောပြောပြီး
တတောတချို ရဂုံချောင်တွေ မြောင်တွေကလဲး မနဲပေဘု
(သြော်) ဝတောဝရံ အချောစုံအောင်
ဂဒေါ်ဂမြော ဆုံကြမဲ့
တလောတဖုံ ကဆုန်ညောင်ရေပွဲ ရယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဆင်နွဲ့ရန် မဟာသမယကိုဖြင့်
လာကြသကို ထိုထို တပဲ့သပိတ်တို့ကတောင်မှ
တကယ့်ဟိတ်ထင်ကာ ဘွဲ့တံဆိပ် လိုချင်ပါတယ်လို့
လျှောက်ကြတော့
(သြော်)ဟောမရပြောမရနဲ့ လောလောထထကြအုံးမလားဟဲ့လို့
တောရဆရာမှာ ဒေါသပါပါနဲ့ ငေါက်မိတဲ့ပြင်
တကတဲ့ ကြံကြံဖန်ဖန် သဲးဒဏ်ရေဒဏ်နှင့် ခြောက်ရာမှ
နော်အခါ မကြာမီခင်က သာကီဝင်(တနေ)ဝေးသည်သို့
ရွှေရေးဆောင်ဆရာတော်ရဲ့ သာသနာပေါ်မှာ ကိစ္စကြီးကိုဖြင့်
ဒိဋ္ဌပြီးဘွယ် ဘယ့်နှယ့်လုပ်ကြမလဲး ဟရို့လို့
တချို့ချို့ကို သို့ကလိုပြောပြန်တော့
မောသေးတယ် ဆရာဘုရာ့တွေနှင့်
တောလေးဆယ် လာသမျှတွေမဖြင့်
(သြော်)သဒ္ဒါကျသော်လဲး  အညာဒကာမတွေမို့နော
ဘာကမှမတတ်နိုင် ခတ်မှိုင်မှိုင်ကြည့်ရတော့
အထိကရ ဘာဝနာ လက်ရှိတမျိုးပေပေါ့
ကဝိဓဇဆရာ အဂ္ဂိယ ထိုးတာကလဲး
အမျိုးအရိုးတောင် ကျွေးစရာ မွေးစရာဆိုလို့
တရွှေးသာသာမှ မဖြစ်တဲ့ပြင်
မိုးကြိုးတောင် ကြေးဝါဖြစ်ပြန်သနဲ့
တဆိတ်နော် စိတ်တော်ညစ်ရာက
သဒ္ဒါလွန်ကြတဲ့ တာဝန်ခံ အမတ်ကြီးမှာတော့
လာဘ်လဲး များစွာ အခြွေအရွှေတွေနဲ့
စားလော ကြွားလော်အောင် ရွှေငွေကလဲး မရှားချိန်မို့
ငွေ(၅၀၀၀)စီ အလှူခံလို့မို့
ကူရန် လှူရန် တလမ်းပေပေါလို့
ဘန်းသမ္မတ သခင်မှာနော်ကွယ်
ကမ္ဘဋ္ဌာန်း မရတရ(ဟောဒီက) ဆွမ်းအမ ကွမ်းအမတွေနဲ့
မှန်းဆဆင်ခြင်။ ။



www.burmeseclassic.com

www.burmeseclassic.com



(သတ်ပုံမူရင်းအတိုင်း)

ဆရာကြီးက ကဆုန်ညောင်ရေပွဲသို့ လာသည့်တပည့်တွေက ဆေးလဘားဂျူဘလီကို တက်ပြီး ဆုတွေတံဆိပ်တွေ လိုချင်သဖြင့် စိတ်ဆိုးဆိုးနှင့် ငေါက်ငမ်းထားရပုံ၊ သူတို့ကို သဲဒဏ်၊ ရေဒဏ်ပေးမည်ဟု ချောက်ရပုံ၊ ဂျူဘလီပွဲကို အသာထားပြီး ရွှေရေးဆောင်ဆရာတော်ဈာပနကိစ္စကို မည်သို့လုပ်ရမည်နည်းဟု တိုင်ပင်သည့်အခါတွင် ဒကာအချို့က ပင်ပန်းနေသည်ဟု ပြောကြပုံ၊ သူကိုယ်တိုင်ကလည်း အင်္ဂလိယထိုးသည့်တိုင် ရွှေတရွေးသားမျှ မဖြစ်သည့်အပြင် မိုးကြိုးကလေးတောင် ကြေးဝါဖြစ်သွားသဖြင့် စိတ်ညစ်ရပုံ၊ ထို့ကြောင့် လာဘ်များသူ၊ အခြွေအရံများသူ အမတ်ကြီးတွေ၊ ဝန်ကြီးတွေထံသွားပြီး ငွေငါးထောင်စီ လောက်အလှူခံရန် စိတ်ကူးပုံ၊ ဆရာတော်၏ရုပ်ကလာပ်ကို စိန်စီသည့်ခေါင်းဖြင့်ထည့်ပူဇော်လိုသည့်တိုင် တိုင်းသူပြည်သားတို့မှာ ပင်ပန်းဆင်းရဲသူတွေများနေသဖြင့် လက်မှိုင်ချနေရပုံ၊ ထို့ကြောင့်ဂျော့ဘုရင်၏ ဆေးလဘားငွေရတုသဘင်ပွဲကို မလာအားကြောင်းဖြင့် ရေးထားသည်။

ဆရာကြီးက ဂျော့ဘုရင်၏ နန်းတက်ပွဲငွေရတုသဘင်နှင့် ကြီးကျယ်ပုံ၊ ပျော်ပါးမြူးထူးကြပုံနှင့် ရွှေရေးဆောင်ဆရာတော်ဘုရားကြီး၏ နွမ်းပါးသော အန္တိမဈာပနတို့ကို နှိုင်းယှဉ်ကာ ထိုပွဲသဘင်သို့ သူမလာနိုင်ကြောင်း၊ ဆရာတော်၏ ဈာပနကိစ္စကို လုံးပမ်းရမည်ဖြစ်ကြောင်းဖြင့် ရေးထားသည်။ ငွေရတုသဘင်တွင် ပျော်ရွှင်နေကြသည့် မြန်မာအထက်တန်းစားတို့ကို ကြည့်၍ ဆရာကြီးရေးခြစ်ဖြစ်သည်ဟု ယူဆရလေသည်။

ဆရာကြီးပြုစုသည့် 'ရွှေရေးဆောင် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ' ကိုဖတ်ပြီး ကျွန်တော့်ခေါင်းထဲတွင် စွဲကျန်ရစ်သည့် တတိယအချက်မှာ ထိုလေးချိုးကြီးသုံးပုဒ်စလုံးသည် ဆရာကြီး၏ ဇာတိမာန်စိတ်၊ အမျိုးသားစိတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်တို့ကို ဖော်ပြနေသည်ဟူသော အချက်ဖြစ်သည်။

ရွှေရေးဆောင်ဆရာတော်ဘုရားကြီး၏ 'ထေရုပ္ပတ္တိကထာ' တွင် လေးချိုးကြီးသုံးပုဒ်ပါရှိရာ ပထမတစ်ပုဒ်သည် သာသာနာ့ဒါယကာ မြန်မာမင်းတို့ မရှိချိန်တွင် ပျံတော်မူရသည့်အတွက် ဝမ်းနည်းကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ရေးပြသည်။ သို့ရေးပြခြင်းဖြင့် ဆရာကြီးသည် ထိုလေးချိုးထဲတွင် ဇာတိမာန်ကို လှုံ့ဆော်သည်။

ဒုတိယလေးချိုးကြီးမှာ သခင်တက်လူကလေးများ၏ တို့ဗမာ အရေးတော်ပုံကြီးနီးချိန်၊ သခင်တို့၏အောင်လံလွှင့်ထူချိန် နီးကပ်မှ ဆရာတော်ကြီး ပျံလွန်တော်မူခြင်းဖြစ်သဖြင့် ပျံတော်မူစောသည်ဟု ဆရာကြီးရေးဖွဲ့သည်။ သို့ဖြင့် ဆရာကြီးသည် အမျိုးသားရေးစိတ်ဓာတ် ကို လှုံ့ဆော်သည်ဟု ယူဆနိုင်သည်။

တတိယလေးချိုးကြီးသည် ရွှေရေးဆောင်ဆရာတော်ဘုရားကြီး ၏ ဈာပနသဘင်စည်ကားသိုက်မြိုက်ရန် လုံးပန်းနေရသည့်အတွက် ဂျော့ဘုရင်၏ ငွေရတုသဘင်ပျော်ပွဲသို့ မတက်နိုင်ကြောင်းကို ရေးဖွဲ့ သည့်အလျောက် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ကို လှုံ့ဆော်သည်ဟု ဆိုနိုင်သည်။

ဤသို့ဖြင့် ထေရပ္ပတ္တိ ကျမ်းတစ်စောင်ကို ရေးဖွဲ့ရာမှာပင် ဆရာ ကြီးသည် ဇာတိမာန်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ နယ်ချဲ့ဆန့် ကျင်ရေးစိတ်ဓာတ်နှင့် ကင်း၍ရေးဖွဲ့ခြင်းမရှိကြောင်းကို ထင်ရှားစွာ သိ နိုင်သည်။

ယင်းအချက်သည်ပင်လျှင် ဆရာကြီးနှင့် အခြားသောခေတ်ပြိုင် စာဆိုများ၏ ခြားနားချက်ဖြစ်ပြီး ယင်းအချက်သည်ပင်လျှင် ဆရာကြီး ၏ကြီးမြတ်ခြင်း၊ မဟာဖြစ်ခြင်းတို့ကို ပြသလျက်ရှိသည့် အချက်ဖြစ် လေသည်။ ■

**(စာပေဂျာနယ်)**



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်ဂန္ဓဝင် ဝတ္ထုကြီးသုံးပုဒ်

၁။

တရုတ်ဂန္ဓဝင်မှာ ထင်ရှားတဲ့ ဝတ္ထုကြီးသုံးပုဒ်အကြောင်းကို ကျွန်တော်ပြောမယ်။

သိပ်သိလှလို့တော့ မဟုတ်ပါဘူး။ ဘာစိတ်ကူးကြောင့်မသိ။ 'စာပေလောက' စာစောင် အယ်ဒီတာအဖွဲ့က ကျွန်တော့်ကို တရုတ်စာပေနဲ့ ပတ်သက်တဲ့ ထင်မြင်ချက်တချို့ကို အရေးခိုင်းတယ်။ ဒါကြောင့် ကျွန်တော်ဖတ်ဖူးတဲ့ တရုတ်ဂန္ဓဝင်ဝတ္ထုကြီး သုံးပုဒ်အကြောင်းကို ရေးလိုက်ရခြင်းပါ။

ဒီဝတ္ထုကြီးသုံးပုဒ်ဟာ သူ့ခေတ်နဲ့သူမှာ အလွန်ထင်ရှားတဲ့ ဝတ္ထုကြီးသုံးပုဒ်ဖြစ်ခဲ့တယ်။ သူ့ခေတ်နဲ့သူတွင်မကဘူး။ ဒီနေ့ တရုတ်ပြည်ရဲ့ နိုင်ငံရေးနဲ့ စာပေအနုပညာပေါ်မှာလဲ ဩဇာညောင်းနေတုန်းဆိုတာသွားတွေ့ရတယ်။ ဒီနေ့တရုတ်ပြည်က နိုင်ငံရေးအယူအဆ၊ စာပေဆိုင်ရာ အယူအဆငြင်းခုံမှုတွေထဲမှာ ဒီဝတ္ထုကြီးသုံးပုဒ်ကို ဘယ်လို သဘောထားသလဲ၊ ဘယ်လို သုံးသပ်သလဲ၊ ဘယ်လိုမြင်သလဲဆိုတဲ့ အချက်တွေလဲ အကျုံးဝင်နေတယ်။ ပစ္စည်းမဲ့ ယဉ်ကျေးမှုတော်လှန်ရေးကြီးတွင်းတုန်းက ဒီဝတ္ထုကြီး သုံးပုဒ်ပေါ်မှာ တည်ပြီး အငြင်းပွားခဲ့တာတွေ ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဒီဝတ္ထုကြီး သုံးပုဒ်အကြောင်းကို ကျွန်တော် နည်းနည်းပြောပါ့မယ်။

၂။

ပထမဝတ္ထုက **ခန်းဆောင်နီအိပ်မက်** ဆိုတဲ့ ဝတ္ထု။

တရုတ်ပြည် ချင် မင်းဆက်ခေတ်၊ ကျီလုန်ဆိုတဲ့ ဘုရင်လက်ထက်၊ တိတိကျကျပြောရရင် ခရစ်သက္ကရာဇ် ၁၇၆၅ ခုနှစ်လောက်မှာ ပေါ်လာတာဖြစ်တယ်။ အဲဒီဝတ္ထုရဲ့ မူရင်းနာမည်က 'ခန်းဆောင်နီအိပ်မက်' မဟုတ်သေးဘူး။ 'ကျောက်ခဲတစ်ခဲရဲ့အတ္ထုပ္ပတ္တိ' လဲ ခေါ်သတဲ့။ ဝတ္ထုထွက်စတုန်း လေး ငါး ခြောက်နှစ်လောက်မှာ လူကြိုက်များတယ်။ ဒါပေမယ့်အဲဒီဝတ္ထုက လက်ရေးနဲ့ကူးထားတာဖြစ်လေတော့ အလွန်အဖိုးတန်သတဲ့။ ဝတ္ထုတစ်အုပ်ကို ငွေပိဿာချိန်နဲ့ ပေးပြီး ဝယ်ဖတ်ရသတဲ့။ ဝတ္ထုမှာ အခန်းပေါင်း ၇၀ ပါတယ်။ မူလရေးတဲ့ စာရေးဆရာက ဆောင်ဆူချင်းဆိုတဲ့ စာရေးဆရာဖြစ်ပြီး ဝတ္ထုကို အဆုံးမသတ်ခဲ့ဘူး။ ဒါနဲ့ ကောက်ဝိုဆိုတဲ့ စာရေးဆရာက ဆက်ပြီးရေးတယ်။ တရုတ်ပြည်မှာရော ကမ္ဘာမှာပါအလွန်ထင်ရှားတဲ့ ဝတ္ထုကြီးတစ်ပုဒ်ပဲ။ 'ခန်းဆောင်နီအိပ်မက်' ဝတ္ထုကို တရုတ်လိုကျတော့ 'ဟွမ်လို့မိန်' လို့ ခေါ်ကြတယ်။ တရုတ်တွေကတော့ "ဟွမ်လို့မိန် အကြောင်းကို မပြောနိုင်ရင် စာတွေ ကဗျာတွေ ဘယ်လောက်ပဲ တတ်တတ် အလကားပဲ"လို့တောင် ဆိုကြတယ်။

ဝတ္ထုစတယ်ဆိုရင်ပဲ အမတ်ကြီးနှစ်ဦးရဲ့ စံအိမ်ကြီးတွေနဲ့ ဖွင့်လိုက်တယ်။ အစေခံတွေ၊ ကျေးကျွန်တွေကလဲ အများကြီး။ တရုတ်တို့ ထုံးစံ ဆွေမျိုးတွေ စုနေတော့ အိမ်မှာ သခင်တွေ သခင်မတွေကလည်း အများကြီး။ သူတို့ကပေါက်တဲ့ သားသမီးတွေကလည်းအများကြီး။ မြေရှင်ပဒေသရာဇ်တွေဆိုတော့ သီးစားခရတယ်။ ငွေတိုးရတယ်။ သီးစားခကလဲ သီးနှံရတယ်။ ငွေရတယ်။ ကြက် ဝက် စားစရာ ရတယ်။ အားဆေးနဲ့ စိမ်သောက်ဖို့ ဝက်ဝံလက်သဲရတယ်။ ဒရယ်လျှာရတယ်။ စုံလို့ပေါ့။ ဒီတော့ အိမ်ကြီးရှင် မှူးမတ် သခင်ကြီးက "ဒီလောက်ကလေးနဲ့ ဘာများ စားလောက်မှာလဲ" လို့ ညည်းသတဲ့။

သူတို့က ဒီလိုဖိမ်နဲ့ နေချိန် ကျေးလက်မှာ ရေကြီးလို့ မိုးခေါင်



www.burmeseclassic.com

www.burmeseclassic.com



လို့ သီးနှံပျက်လို့ လယ်သမားတွေ ငတ်သေနေကြတယ်။ ဒီလိုနဲ့ စာရေးဆရာက မြေရှင်ပဒေသရာဇ်တွေနဲ့ လယ်သမားတွေရဲ့ဘဝ ကွာခြားချက်ကိုပြတယ်။ ဒီထဲမှာအမတ်ကြီး'ချီ' အိမ်ထောင်စုဟာ တဖြည်းဖြည်းဆင်းရဲ လာတယ်။ အထည်ကြီးပျက် ဖြစ်လာတယ်။ ရှိတဲ့ပစ္စည်းကလေးတွေ မြေကလေးတွေ၊ ပေါင်နှံပြီး အခြေမပျက်အောင် ဟန်မပျက်အောင် လုပ်နေရတယ်။ အမတ်ကြီး'ချီ'ရဲ့ သမီးတစ်ယောက်ကို ဘုရင်က တော်ကောက်သွားတယ်။ တော်ကောက်ပေမယ့် မိဖုရားခေါင်ကြီးရဲ့အရာတော့ မရပေဘူးပေ့ါ။ သာမန် ကိုယ်လုပ်တော် တစ်ဦးဆိုပါတော့။

ဘုရင့်ရဲ့ ယောက္ခမဆိုတော့ အရပ်ထဲမှာ လူရှိသေ ရှင်ရိုသေဖြစ်အောင်နေရတယ်။ ဒါအတွက် ပိုက်ဆံကုန်တယ်။ ရှိတဲ့ပစ္စည်းလေးတွေကုန်ရတယ်။ အမတ်ကြီး 'ချီ'မှာ သားတစ်ယောက်ရှိတယ်။ သူ့နာမည်က ချီပေါင်ယုတဲ့။ သူ့ချစ်သူက လင်ထိုက်ယုတဲ့။ ပေါင်ယုနဲ့ ထိုက်ယုလို့ လွယ်လွယ်ခေါ်ကြပါစို့။ ဖအေကြီးက သူ့သား ပေါင်ယုကို ကျမ်းတတ် စာတတ် ပညာရှိဖြစ်စေချင်တယ်။ လောကီဆန္ဒ၊ ရာဇ စတဲ့ အရေးတွေကို ကျွမ်းကျင်စေချင်တယ်။ စာပြန်ပွဲမှာဝင်ပြီး မင်းခယောကျ်ားလုပ်စေချင်တယ်။ ယောကျ်ားပီသစေချင်တယ်။ ဒါပေမယ့် ပေါင်ယုကို သူ့ဖွားအေကြီးက အလိုလိုက်တော့ ပေါင်ယုဟာ အိမ်အပြင်တောင် မထွက်ရဘူး။ အိမ်မှာပဲ ညီမလေးတွေ အစ်မတွေနဲ့ ကစားစေတယ်။ တစ်ဝမ်းကွဲ အစ်မတွေ ညီမတွေနဲ့ နေစေတယ်။ အထိန်းတော် မိန်းကလေးထိန်းတွေနဲ့အချိန်ကုန်ရတယ်။ ဒီလိုနဲ့ပေါင်ယုဟာ ရာဇရေး ဆန္ဒရေးမှာ ယောကျ်ားတစ်ယောက်အနေနဲ့ ပါရမှာကို စက်ဆုပ်လာတယ်။ မင်းခယောကျ်ားလည်း မဖြစ်ချင်တော့ဘူး။ ပညာရှိလည်း မဖြစ်ချင်တော့ဘူး။ သူ့ပတ်ဝန်းကျင်က ပဒေသရာဇ်အရိုက်အရာတွေ ထုံးတမ်းအစဉ်အလာတွေကို စက်ဆုပ်လာတယ်။

ပဒေသရာဇ်အစဉ်အလာတွေက လွတ်ကင်းတဲ့ဘဝမျိုးကို တောင့်တလာတယ်။ စိတ်ရဲ့ငြိမ်းချမ်းမှုကိုရှာလာတယ်။ မေတ္တာစစ်ကို ရှာလာတယ်။ 'စာပြန်ပွဲဝင်ပြီး ကြီးပွားလမ်းရှာသူ' အစဉ်အလာသမားတွေဟာ'ဘုန်းတန်ခိုးအာဏာရဲ့ ကျေးကျွန်တွေ' ဖြစ်နေတယ်။ ပေါင်ယုဟာ သူတို့နဲ့လဲ အပေါင်းအသင်း မလုပ်တော့ဘူး။ ဘုရင်ဓကေရာဇ်



www.burmeseclassic.com

www.burmeseclassic.com



အတွက် သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းသွားကြတဲ့ မင်းမှုထမ်း စစ်ဗိုလ်စစ်သားတွေကို လှောင်ပြောင်လာသတဲ့။

ဒါပေမယ့် ပေါင်ယုဟာ ပဒေသရာဇ် လူ့အဖွဲ့အစည်းမှာ ဖိနှိပ်ခံရတဲ့ အပြစ်မဲ့ အမျိုးသမီးတွေကို ကြင်နာတယ်၊ သနားတယ်၊ လေးစားတယ်။ မိန်းမငယ်တိုင်းဟာ ရုပ်ရော၊ စိတ်ရော အလှနှစ်ရပ်နဲ့ ပြည့်စုံတယ်လို့ သူယုံကြည်တယ်။ အိမ်ထောင်မှာ မိသားစုဟာ ယောကျ်ားဦးစီးတွေကို အစဉ်လို ဆန့်ကျင်လျက်သား ဖြစ်နေတယ်။

ဒါပေမယ့် အဲဒီခေတ်တုန်းက ပေါင်ယုရဲ့ အမြင်တွေဟာ ထူးဆန်းနေတယ်။ ဒီအမြင်မျိုးရှိတဲ့လူ သိပ်ရှားတယ်။ ဒီတော့ သူ့အစ်ကို သူ့ အစ်မတွေ အထိန်းတွေက ပေါင်ယုကို နားမလည်နိုင်ကြဘူး။ သူဟာ သူ့အသိုင်းအဝိုင်းမှာ လူ့ခွစာဖြစ်နေတယ်။ ဒါပေမယ့် ပေါင်ယုဟာ ပဒေသရာဇ်မျိုးနွယ် ဖြစ်နေတော့ ဒီအသိုင်းအဝိုင်း ဒီအစွဲအလန်းကြီးကို မလွန်ဆန်နိုင်ဘူး။ မကျော်လွှားနိုင်ဘူး။ အဲဒါနဲ့ နောက်ဆုံးမှာ ထိုက်ယုဆိုတဲ့ မိန်းကလေးနဲ့ ကြိုက်မိကြတယ်။ မိဘက သဘောမတူဘူး။ မိဘနဲ့ ကွဲကြတယ်။

ထိုက်ယုက ပေါင်ယုရဲ့ ဝမ်းကွဲညီမ၊ ရုပ်ချောတယ်။ သဘောကောင်းတယ်။ အမြော်အမြင်ရှိတယ်။ ငယ်ငယ်ကလေးထဲက မိဘတွေဆုံးသွားတာနဲ့ ပေါင်ယုအိမ်မှာ လာပြီး ကပ်ရပ်နေရတာ။ မျက်နှာငယ်မပေါ့။ ပေးတာယူ ကျွေးတာစား ခိုင်းတာလုပ်ရတဲ့ဘဝ။ ဒီတော့ သူ့ဘဝကို စိတ်နာတယ်။ စိတ်ဆတ်တယ်။ မာနကြီးတယ်။ သတ္တိရှိတယ်။ မဟုတ်မတရားတာကို မခံဘူး။ သူများကို အောက်မကျို့ဘူး။ ပတ်ဝန်းကျင့်ကို ဂရုမစိုက်ဘူး။ မိန်းမတွေကို ဖိနှိပ်တတ်တဲ့ ပဒေသရာဇ်ထုံးတမ်းအစဉ်အလာတွေကို ဆန့်ကျင်တယ်။ ကျန်းမာရေးကလဲ မကောင်းရှာဘူး။

ပေါင်ယုနဲ့ ထိုက်ယုက ငယ်ငယ်ကလေးထဲက အတူတူနေခဲ့ကြတာ။ တစ်ယောက်နဲ့ တစ်ယောက် စရိုက်ချင်း စိတ်သဘောချင်းလဲ တူကြတယ်။ သူတို့နှစ်ဦးက ပဒေသရာဇ်ရဲ့ အစဉ်အလာတွေ ပဒေသရာဇ် ပတ်ဝန်းကျင်တွေကို ဆန့်ကျင်ကြတယ်။ ဒီလိုအမြင်ချင်း၊ စရိုက်ချင်း၊ သဘောချင်း တူရာကနေပြီး သူတို့နှစ်ယောက်ရဲ့ အကြားမှာ နက်ရှိုင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အချက်ပေါ်ပေါက်လာတယ်။

သူတို့ကြားထဲမှာ ရောက်လာသူကတော့ ပေါင်ချီဆိုတဲ့ မိန်းကလေး။ သူကလဲ ထိုက်ယုလိုပဲ ပေါင်ယုနဲ့ဝမ်းကွဲမောင်နှမတော်တယ်။ လှတယ်။ ဉာဏ်ထက်တယ်။ ဒါပေမယ့် သူက ပဒေသရာဇ်အစဉ်အလာတွေ ပဒေသရာဇ်ပတ်ဝန်းကျင်တွေကို ခုံမင်တယ်။ တစ်အိမ်လုံးမှာ လူကြီးဖြင့် လူကြီးမို့လို့၊ အစေခံကဖြင့် အစေခံမို့လို့ချစ်ကြတယ်။ လူတိုင်းနဲ့ သင့်အောင်ပေါင်းတတ်တယ်။ ပွဲလယ်တင့်တဲ့မိန်းကလေးမျိုး။ ပေါင်ယုကို ချစ်ပေမယ့် မချစ်ဟန်ဆောင်တယ်။ ပေါင်ယုကို စာပြန်ပွဲတွေ ဘာတွေဝင်ပြီး မင်းခစား မှူးကြီး၊ မတ်ကြီး၊ ဖြစ်စေချင်တယ်။

ပေါင်ယုနဲ့ ထိုက်ယုတို့ ကြိုက်နေကြတာကို တစ်အိမ်လုံးက သိကြတယ်။ ဒါပေမယ့် လူကြီးတွေက သဘောမတူဘူး။ ဒါနဲ့ တစ်နေ့တော့ ပေါင်ယုကို ထိုက်ယုနဲ့ လက်ထပ်ပေးမယ် ပြောပြီး ညာခေါ်သွားကြတယ်။ နောက်တကယ် လက်ထပ်တော့ ပေါင်ချီနဲ့ လက်ထပ်ပေးလိုက်တယ်။ အဲဒီသတင်းကို ကြားတော့ ထိုက်ယု မကျန်းမမာ ဖြစ်နေရာက စိတ်ထိခိုက်သွားပြီး ကွယ်လွန်သွားတယ်။ ပေါင်ယုလဲ မိဘပေးစားတဲ့ ပေါင်ချီကို မယူတော့ဘူး။ ချစ်သူကလည်း ဆုံး။ ပဒေသရာဇ်စနစ် ပတ်ဝန်းကျင်မှာလဲ မပျော်တော့ဘူး။ ရဟန်းဝတ်သွားတယ်။

ဇာတ်လမ်းက ဘာမှ မဟုတ်ပါဘူး။ တြိဂံအချစ် ဇာတ်လမ်းသဘောလောက်ပါပဲ။ တရုတ်ပြည်မှာရော ကမ္ဘာမှာရော ဟိုရှေးကတည်းက ဒီနေ့အထိ လူကြိုက်များတယ်။ အလွန်ပဲဖတ်လို့ ကောင်းတယ်။

ဒီဝတ္ထုကိုဖတ်ပြီး ရှေးခေတ်စာပေပညာရှင်တွေက အမျိုးမျိုးဋီကာ ဖွင့်ကြတယ်။ အချို့ကလည်း ခန်းဆောင်နီအိပ်မက် ဝတ္ထုဟာ၊ အချစ်ဝတ္ထုတဲ့၊ အချို့ကတော့ ဒီဝတ္ထုဟာ စိတ်ရဲငြိမ်းချမ်းရေး လွတ်မြောက်ရေးကို လမ်းပြတဲ့ ဝတ္ထုတဲ့ အသီးသီးအဓိပ္ပါယ်ဖွင့်ဆိုကြတယ်။ အဲဒီဂိုဏ်းက တရုတ်စာပေပါမောက္ခဒေါက်တာ ဟူရှီးတို့ရဲ့ 'စာပေသည် စာပေသက်သက်' ဆိုတဲ့ဂိုဏ်း။

ဒါကို မော်စီတုန်းက လက်မခံဘူး။ ခန်းဆောင်နီ အိပ်မက် ဝတ္ထုကြီးဟာ ပဒေသရာဇ် လူ့အဖွဲ့အစည်းကြီးကို ကန့်ကွက်လိုက်တဲ့ ကန့်ကွက်ချက်ကြီးတစ်ခု ဖြစ်တယ်။ စွဲချက်ကြီးတစ်ခုဖြစ်တယ် လို့ပြောခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီခေတ်မှာ အလွန်ရှားပါးသေးတဲ့ ဝေဖန်ရေးသရုပ်ဖော် စာပေ အမျိုးအစားဖြစ်တယ်။ တရုတ်စာပေသမိုင်းမှာ ပဒေသရာဇ်စနစ်ကို ခွန်အားရှိရှိနဲ့ ဆန့်ကျင်တိုက်ဖျက်ရာမှာ ဒီဝတ္ထုလိုစာပေမျိုးရှားတယ်လို့ ဆိုတယ်။

ယဉ်ကျေးမှုတော်လှန်ရေး ကာလတုန်းက ရှေးဟောင်းစာပေတွေ ပြန်ပြီး အကဲဖြတ်တဲ့အခါမှာ မော်စီတုန်းက 'ခန်းဆောင်နီအိပ်မက်'ကို စံပြုပြီး အကဲဖြတ်ခဲ့တယ်။

၃။

နောက်တစ်ပုဒ်ကတော့ **ကမ်းနားရေစပ်** ဆိုတဲ့ ဝတ္ထုဖြစ်တယ်။ ဒီဝတ္ထုဟာလဲ ယဉ်ကျေးမှု တော်လှန်ရေးတုန်းက ပြဿနာဖြစ်တာပဲ။ ယဉ်ကျေးမှုတော်လှန်ရေး လုပ်ပြီဆိုတော့ ဂန္ထဝင်တွေကို ပြန်ပြီးအကဲ ဖြတ်ကြတယ်။ မော်စီတုန်းက 'ခန်းဆောင်နီအိပ်မက်' ဝတ္ထုကို ချီးကျူး ပြီး 'ကမ်းနားရေစပ်' ဝတ္ထုကိုတော့ ရှုတ်ချတယ်။ ဒီဝတ္ထုကို ပါးလ်ဘတ် က 'လူသားအားလုံး ညီနောင်တွေ' ဆိုတဲ့ အမည်နဲ့ ဘာသာပြန်တယ်။

ဒီဝတ္ထုကို တရုတ်လို 'ရှီဟူ' လို့ခေါ်ကြတယ်။ စာလုံးရေ တစ် သန်းလောက်ရှိပြီး မြောက်ဖက်စွန်မင်းဆက်ခေတ် (၉၆၀–၁၁၂၇) မှာ ရေးခဲ့တာ ဖြစ်တယ်။ ဝတ္ထုက အဲဒီခေတ်က လယ်သမား သူပုန်တစ်စု ရဲ့အကြောင်း။

ဝတ္ထုဇာတ်လမ်းကတော့ ချောခိုင်၊ ဝုယုန်၊ ချွေ့အား၊ ချွေ့ယူနဲ့ ချွေ့ချီဆိုတဲ့ လယ်သမားတစ်သိုက် လမ်းမှာ အစိုးရရဲ့ ဘဏ္ဍာတွေ ဆီးလု ကြတယ်။ သူတို့ကို လိုက်ဖမ်းတဲ့ ဘုရင်တပ်တွေကို သတ်ပြီး လျန်ရှန်း ဆိုတဲ့ တောင်ရိုးကို ထွက်ပြေးရင်း တောပုန်းကြီးတွေ ဖြစ်သွားကြတယ်။ လျန်ရှန်းတောင်ရောက်ရိုးရောက်တော့ 'တစ်စိတ်ထဲ တစ်ကိုယ်ထဲ လူ တစ်ယောက်လို သွေးစည်းညီညွတ်ပြီး ဘုရင်ကို ပုန်ကန်မယ်လို့' ဆန္ဒပြု ကြတယ်။ သူတို့နောက်မှာ လယ်သမားတွေ ပါလာပြီး နောက်ဆုံးမှာ အင်အားကောင်းတဲ့ လယ်သမား သူပုန်တပ်ကြီးဖွဲ့နိုင်ခဲ့တယ်။ သူတို့ သူပုန်စခန်းကို 'ချူယီ' စခန်းလို့ ခေါ်ကြတယ်။ ချူယီဆိုတာ 'ညီညွတ်ပြီး ပုန်ကန်ကြလို့ အဓိပ္ပါယ်ထွက်သတဲ့။

ဒီအတွင်း သူတို့ဆီကို လူတစ်ယောက်ရောက်လာတယ်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



နာမည်က စွန်ချန်တဲ့၊ အဲဒီလူက မြေရှင်လူတန်းစားကလာတာ။ အရာရှိ တစ်ယောက် ဖြစ်ခဲ့ဖူးတယ်။ သူ့မယားငယ်ကို သတ်မှုနဲ့ သူ့ကိုတရားရုံး က စစ်ဆေးပြီး မဲဇာကိုပို့လိုက်တယ်။ နောက်ဘုရင့် ကို ဆန့်ကျင်တဲ့ ကဗျာတွေရေးလို့ သူ့ကို သေဒဏ်ပေးလိုက်တယ်။ အဲဒီလို ဖြစ်နေတုန်း သူ့ကို ချောခိုင်ခေါင်းဆောင်တဲ့ လယ်သမားသူပုန်တွေက ကယ်ခဲ့တယ်။ သူလည်း သူပုန်တပ်ထဲပါလာတယ်။ ပညာလဲတတ်၊ ထင်ရှားတဲ့သူ ဆိုတော့ မကြာခင်ပဲ သူပုန်တပ်ထဲမှာ ဒုတိယတပ်မှူးဆိုတဲ့နေရာရလာ တယ်။ တိုက်ပွဲတစ်ပွဲမှာ ချောခိုင်ကျသွားတော့ စွန်ချန် တပ်မှူးဖြစ်လာ တယ်။

သူလည်း ခေါင်းဆောင်ဖြစ်ရော စွန်ချန်က သူပုန်စခန်းကို (ချူယိ) လို့ခေါ်ရာက ချန်ယီလို့ နာမည်ပြောင်းသတဲ့။ အဓိပ္ပာယ်က 'ဘုရင့် သစ္စာခံ' လို့ အဓိပ္ပာယ်ထွက်တယ်။ သူ့တပ်ထဲကို ဘုရင့်အမှုထမ်းတွေ စုတယ်။ မြေရှင်တွေကို သွင်းတယ်။ လူချမ်းသာ သား၊ ကြေးရတတ် သား၊ စာတတ် ကျမ်းတတ်တွေမှ ခေါင်းဆောင်ခန့်သတဲ့။ ဘုရင့်တပ်က အရာရှိတွေ ဘာတွေကို ဖမ်းမိရင် ခုလိုပုန်ကန်မိတာ မှားပါတယ်။ ကျွန် တော်တို့လက်နက်ချချင်လှပါပြီ။ ဘုရင်ဧကရာဇ်က လွတ်ငြိမ်းချမ်းသာ ခွင့်ပေးမယ့်အချိန်ကို စောင့်နေတာပါ။ ကျွန်တော်တို့ ဘုရင့်တပ်ထဲ ဝင် ပါ့မယ်လို့ ပြောဆိုလေ့ရှိသတဲ့။ သူပုန်တွေရဲ့ အစည်းအဝေးတစ်ခုမှာ လည်း သူက သူတို့တပ်တွေ လက်နက်ချမယ်လို့ ကြေငြာသတဲ့။

ဒါကို နဂိုက သူပုန်တွေဖြစ်တဲ့ ဝုယုန်၊ ဇွေ့အား၊ ဇွေ့ယူ၊ ဇွေ့ချီ စတဲ့ သူပုန်ခေါင်းဆောင်တွေက လက်မခံကြဘူး။ ဘုရင့်ရဲ့ လွတ်ငြိမ်း ချမ်းသာခွင့် အမိန့်ပြန်တမ်း စာရွက်တွေရရင် ဒေါပွပြီးဆုတ်ဖြဲ ပစ်ကြ တယ်။ အဲဒီဝတ္ထုထဲမှာ စာရေးဆရာက သူတို့တစ်သိုက်ကို လူကြမ်းကြီး တွေ၊ လူရိုင်းကြီးတွေ၊ လူဆိုးကြီးတွေလို့ ဖော်ပြထားတယ်။ စွန်ချန်က သူ့ကို ဆန့်ကျင်သူတွေကို ချော့လို့တစ်မျိုး၊ ခြောက်လို့တစ်ဖုံ နည်းအမျိုး မျိုးနဲ့ သူ့ဘက်ပါအောင် သိမ်းသွင်းတယ်။ ဒါပေမယ့် မရဘူး။

ဒါနဲ့ စွန်ချန်ဟာ လက်နက်ချဖို့အတွက် ဘုရင့်ဆီကို ကြားက အောင်သွယ် တစ်ယောက်ရှာတယ်။ သူ့ကို ရွှေမြို့တော်ထဲကို ရုပ်ဖျက် ဝင်ပြီး ဘုရင့်ရဲ့ ကိုယ်လုပ်တော် ပြည့်တန်ဆာနဲ့ သွားတွေ့ပြီး ဘုရင်ကို



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပေးဖို့ပြောတယ်။ နောက်ဆုံးမှာ ဈေးတည့်သွားကြပြီး စွန်ချန်ဟာ ဘုရင့်တပ်တွေနဲ့အတူ ရှေ့ဆုံးကပါလာပြီး လယ်သမား သူပုန်တွေကို နှိမ်နင်းတယ်။ သူ့ကိုကျေးဇူးဆပ်တဲ့အနေနဲ့ ဘုရင်က စွန်ချန်ကို ခရိုင်တစ်ခုမှာ မြို့ဝန်နဲ့ တပ်မှူးရာထူးပေးလိုက်တယ်။ ဒါကို နဂိုက ဘုရင့်အမှုထမ်းတွေက မနာလိုကြဘူး။ တစ်နေ့မှာ စွန်ချန်ကို ဘုရင့်ရဲ့ဝန်ကြီးတစ်ယောက်က အရက်ထဲ အဆိပ်ခပ်သတ်တယ်။ သူ အဆိပ်ခပ်ခံရမှန်းသိတော့ ဆွန်ချန်က သူ့လက်အောက်က ဖွေ့ချီတို့ ဖွေ့အားတို့ ဖွေ့ယူတို့ကို ခေါ်ပြီး သူတို့ကိုလည်း သောက်ခိုင်းတယ်။ သူ့မရှိရင် ကျန်တဲ့သူတွေကလည်း ဘုရင့်ကို ပုန်ကန်ခြင်း မပြုနိုင်အောင်တဲ့လေ။

စွန်ချန် သေသွားတော့ ဘုရင်က သူ့ရဲ့ကောင်းဘွဲ့ပေးပြီး သူ့အတွက် ဗိမာန်ကြီးဆောက်တယ်။ စာရေးဆရာက စွန်ချန်ဟာ တော်တည့်မှန်ကန်ခြင်း၊ သစ္စာရှိခြင်းရဲ့ ပြယုတ်တဲ့။ ဒါကြောင့် သေတဲ့အခါ တောင် ဘုန်းတန်ခိုးကြီးတယ်လို့ နိဂုံးချုပ်တယ်။

ယဉ်ကျေးမှုတော်လှန်ရေးတုန်းက ‘ကမ်းနားရေစပ်’ ကို အကဲဖြတ်ကြတော့ အချို့က ဒီဝတ္ထုက ‘လယ်သမားတွေရဲ့ တော်လှန်ရေးတိုက်ပွဲကို ချီးကျူးဂုဏ်ပြုထားတာတဲ့ဝတ္ထု’ လို့ အကဲဖြတ်ကြတယ်။

မော်စီတုန်းကတော့ ဒါကိုငြင်းတယ်။ ဒီဝတ္ထုဟာ လယ်သမားတွေရဲ့တော်လှန်ရေးကို ဖွဲ့တာမဟုတ်ဘူး။ ဒီဝတ္ထုရဲ့ အနှစ်သာရဟာ အညံ့ခံရေးကို ရှေ့နေလိုက်ပေးတာ ဖြစ်တယ်လို့ ဝေဖန်တယ်။

၄။

နောက်တစ်ပုဒ်ကတော့ **အနောက်ဖက်သို့ ဘုရားဖူးထွက်ခြင်း** ဆိုတဲ့ဝတ္ထု။ စာရေးဆရာက ဝူချိန်အန်တဲ့။ ၁၆ ရာစုထဲမှာ ရေးတာ။ အဲဒီဝတ္ထုကလဲပဲ ကျွန်တော်ပြောတဲ့ ဝတ္ထုနှစ်ပုဒ်လို ဖတ်လို့လဲကောင်းတယ်။ တရုတ်ပြည်မှာရော၊ ကမ္ဘာမှာရော ထင်ရှားတဲ့ ဝတ္ထုကြီးတစ်ပုဒ် ဖြစ်တယ်။ ဝတ္ထုက ခရစ်သက္ကရာဇ် ၆၀၂–၆၆၄ မှာ အသက်ထင်ရှားရှိခဲ့တဲ့ ထန်ဆိုင်းလို့ခေါ်တဲ့ ရဟန်းတစ်ပါးအကြောင်းပါ။ သူ့ကို စွန်ဆိုင်းလို့လဲခေါ်ကြတယ်။ အချို့က ရွှန်ကျင့်လို့ ခေါ်ကြတယ်။ ရှင်တြိပိဋကလို့လဲခေါ်ကြတယ်။ တရုတ်ပြည်က အိန္ဒိယပြည်ကို ခရီးသွားတဲ့ ရဟန်းတော်တွေထဲမှာ ပထမရဟန်းတော်က အားလုံးသိကြတဲ့အတိုင်း ဖာဟိ



www.burmeseclassic.com

www.burmeseclassic.com



ယန်ဆိုတဲ့ ရဟန်းတော်။ ခု ရွှန်ကျင့်လို့ခေါ်တဲ့ ရှင်တြိပိဋကက ကတော့ ဒုတိယ ရဟန်းတော်ပါ။ ရှင်ပိဋကကဟာ ၇ ရာစုလောက်မှာ ဗုဒ္ဓရဲ့နှုတ်ခါးပတ်တော်ကျမ်းများကိုပင့်ဖို့ အိန္ဒိယကိုကြွတယ်။ 'အနောက်ဖက်သို့ဘုရားဖူး' ဆိုတဲ့ ဝတ္ထုဟာ ရှင်တြိပိဋကရဲ့ခရီးစဉ်ကို နောက်ခံပြုပြီး ရေးတဲ့ ဝတ္ထုဖြစ်တယ်။ ဒီစာအုပ်ကို ဆာအာသာဝယ်လေက 'မျောက်ကြီး' ဆိုတဲ့ အမည်နှင့် အင်္ဂလိပ်လိုပြန်ခဲ့တယ်။ ဝတ္ထုက နည်းနည်းတော့ဒဏ္ဍာရီဆန်တယ်။

ဝတ္ထုပထမပိုင်းမှာ မျောက်ဘုရင် ဆွန်ဝူကွန်း အကြောင်းကိုဖွဲ့တယ်။ မျောက်ဘုရင်ဟာ ကျောက်လွှာကြီး တစ်လွှာက မွေးတာဖြစ်ပြီး ရုပ်ပြောင်းရုပ်လွဲ ၇၂ မျိုးတတ်သတဲ့။ ဂျွမ်းတစ်ခါပစ်ရင် ခရီးယူဇနာ တစ်သိန်းအကွာအထိ ရောက်သတဲ့။ တစ်ခါတော့ မျောက်ဘုရင်ဟာ အရှေ့သမုဒ္ဒရာအောက်က နဂါးပြည်ရောက်သွားပြီး အဲဒီက ပဥ္စလက်တောင်ဝှေးတစ်ချောင်းရလာတယ်။ အဲဒီပဥ္စလက်တောင်ဝှေးနဲ့ ငရဲပြည်သွားပြီး ယမမင်းကြီးရဲ့ ခွေးရေပုရပိုဒ်ထဲက သူ့နာမည်ကို ဖျက်သတဲ့။ ဒီတွင် ကောင်းကင်က သိကြားမင်းစိတ်ဆိုးပြီး မျောက်ကြီးကိုနှိမ်နင်းဖို့ နတ်စစ်သည်တွေကို လွှတ်လိုက်တယ်။ ဒါပေမယ့် နတ်စစ်တွေ ရှုံးပြီး ပြန်လာတယ်။ ဒါနဲ့ သိကြားမင်းက သွေးဆောင်ဖြားယောင်းပြီး နတ်ပြည်ခေါ်လာတယ်။ သူ့ကို နတ်စစ်သည်တွေရဲ့ မြင်းဝန်ခန့်သတဲ့။ ဒါပေမယ့် မျောက်ကြီးက အလုပ်ကောင်းကောင်းမလုပ်ဘူး။ သိကြားမင်းမယ်တော်ရဲ့ အာဟာရ သိဒ္ဓိပြီးတဲ့ သစ်သီးတွေ ခိုးစားလားစားရဲ့။ သာသနာစောင့် နတ်မင်းကြီးရဲ့ နတ်သုဒ္ဓါရည်ကို ခိုးသောက်လားသောက်ရဲ့။ သိကြားမင်းကို အမျိုးမျိုးဒုက္ခပေးနေတယ်။ ဒါနဲ့ မတတ်နိုင်တော့သိကြားမင်းက ဗုဒ္ဓဆီသွားလျှောက်ပြီး အကူအညီတောင်းရတယ်။ ဗုဒ္ဓက သူ့ကို တောင်ကြီးတစ်လုံး ရွက်ထားစေဖို့ ဒဏ်ချထားသတဲ့။

နောင်အနှစ် ငါးရာလောက်ကြာတော့ ရှင်တြိပိဋက က ဗုဒ္ဓရဲ့ ပိဋကတော်တွေကို ရှာဖို့ ခရီးထွက်ရင်း အဲဒီအနားရောက်လာတယ်။ ဒါနဲ့ ဘုရားက သူ့ကိုဒဏ်ကလွှတ်ပြီး ရှင်တြိပိဋကကို စောင့်ရှောက်ဖို့ ထည့်ပေးလိုက်တယ်။ ရှင်တြိပိဋကရယ်၊ မျောက်ကြီးရယ်၊ ဝက်ကလေးရယ်၊ ဆန္ဒဆိုတဲ့ တပည့်တစ်ယောက်ရယ် အတူသွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟိမဝန္တာကို ဖြတ်ကြရတော့ သားရဲတိရစ္ဆာန်ကလည်း အလွန်များတယ်။ တောထဲရောက်တော့ မျောက်က သစ်သီးရှာထွက်ရင် သူတို့သုံးယောက်ကို စည်းသုံးတန်တားပြီးပေးခဲ့တယ်။ ဘယ်မှ မထွက်ပါနဲ့လို့လဲ အထပ်ထပ်မှာတယ်။ အဲဒီတောမှာ အရိုးဖြူဘီလူးက ဘီလူးဘုရင်ကြီးလုပ်ပြီး သူ့အောက်မှာ ခြသေ့်ဘီလူး၊ ကျားဘီလူး၊ ဝက်ဝံဘီလူး၊ ဝံပုလွေဘီလူး စသဖြင့် ဘီလူးတွေ ရှိကြတယ်။ ဘီလူးအမျိုးမျိုး သွားဖမ်းချင်ကြတယ်။

ဒါပေမယ့် မျောက်ကြီးက စည်းသုံးတန်တားခဲ့လို့ မဝင်နိုင်ကြဘူး။ နောက်ဆုံးကျတော့ အရိုးဖြူဘီလူးကိုယ်တိုင်သွားတယ်။ မိန်းမလှလေး အယောင်ဆောင်သွားတယ်။ ခေါင်းမှာ ပန်းတွေက ဝေလို့။ စားဖွယ်သောက်ဖွယ်တွေကို ခြင်းထဲထည့်လို့ မျက်နှာကလေးကလဲ ပြုံးလို့ ဗုဒ္ဓရဲ့ တရားတော်တွေကို ရွတ်ဖတ်သရဇ္ဈာယ်လို့။ စည်းဝိုင်းနားရောက်တော့ ဝက်ကလေးက ဆာလည်းဆာဆိုတော့ ထွက်လိုက်တယ်။ စားစရာလိုက်ပြီး အလှူခံတယ်။ မိန်းကလေးကလည်း လန့်သလိုလို ဘာလိုလိုလုပ်ပြီးတောထဲဝင်ပြေးတယ်။ သူ ဘုရားကို သွားလှူမလို့ လို့ပြောတယ်။ ဒီတော့ သူတို့လဲ လိုက်မယ်ဆိုပြီး စည်းပြင်ဘက် ထွက် လိုက်ကြတယ်။

ဒီတုန်း ကောင်းကင်က မျောက်ကြီး သစ်သီးရှာပြန်လာပြီး "ဟဲ့ ဘီလူး နင်ဘာလာလုပ်တာလဲ" ဆိုပြီး အရိုးဖြူဘီလူးကို ကြိမ်းတယ်။ တောင်ဝှေးနဲ့တို့တယ်။ သည်တွင် မိန်းကလေးဝိညာဉ်ထဲက ဘီလူးထွက်ပြေးတယ်။ မျောက်ကြီးက ဘီလူးကို သတ်လိုက်တော့ ရှင်တြိပိဋ္ဋကက သူ့တပည့်မျောက်ကြီးကို ဆူတယ်။ သူတစ်ပါး အသက်ကို သတ်ရင် အပါယ်ငရဲကျမယ်ပေါ့။ ဒီတုန်းမှာ အဘွားကြီးတစ်ယောက် ရောက်လာတယ်။ သူ့သမီးပျောက်လို့ လိုက်ရှာတယ်တဲ့။ အသက်ပျောက်နေတဲ့ သူ့သမီးအလောင်းကိုတွေ့တော့ငိုတာပေါ့။ သူ့သမီးကို သတ်ရမလား ဆိုပြီး ဝက်ကလေးကို အပြစ်တင်တယ်။ ဒီတော့ ရှင်တြိပိဋ္ဋကက သူ့အပြစ်မဟုတ်ဘူး။ ကျုပ်တပည့် မျောက်ကြီးကြောင့်ဖြစ်ရတာ မျောက်ကြီးကို ဆုံးမပါ့မယ်လို့ပြောတယ်။

ဒါဖြင့် ဒီနားက ရွာမှာ လူသေခေါင်းသွားဝယ်မယ် လိုက်ခဲ့ပါလို့


www.burmeseclassic.com

www.burmeseclassic.com



ခေါ်လို့ ရှင်တြိပိဋ္ဋက က လိုက်သွားတယ်။ ဒီတုန်း သစ်ပင်နောက်က ရယ်သံကြီးတစ်ခု ထွက်လာပြီး မျောက်ကြီးခုန်ထွက်လာတယ်။ နောက် မိန်းမအိုကြီးကို တောင်ဝှေးနဲ့တို့တယ်။ အဘွားကြီးလဲကျသွားပြီး ဘီလူး ရဲ့ ဝိညာဉ်က ထွက်ပြေးတယ်။ ဒီတွင်ရှင်တြိပိဋ္ဋက က သူ့တပည့်မျောက် ကြီးကိုဆူပြန်တယ်။ ဗုဒ္ဓဘာသာဝင်ဆိုတာ သူတစ်ပါးအသက်ကို မသတ် ကောင်းဘူး ဘာဘူးပေါ့။ ဒီလိုဆိုရင် မင်းကို ငါ အပြစ်ပေးရမယ်ဆိုပြီး မျောက်ကြီးခေါင်းကို လက်ဖွဲ့နဲ့စွပ်လိုက်တယ်။ မျောက်ကြီးခင်မျာ နာ လွန်းလို့ လူးလိမ့်နေသတဲ့။ ဆန္ဒနဲ့ ဝက်ကလေးက တောင်းပန်တော့မှ လက်ဖွဲ့ကို ဖြုတ်လိုက်တယ်။

ဒါနဲ့မျောက်ကြီးက တပည့်တော် ရှေ့ကသွားနှင့်မယ်ဆိုပြီး သွား တော့ ရှေ့မှာ အဘိုးအိုတစ်ယောက်နဲ့ တွေ့ပြန်တယ်။ ဘယ်သူဖြစ်မလဲ။ အရိုးဖြူ ဘီလူးပေါ့။ သည်တွင် အရိုးဖြူဘီလူးကို တောင်ဝှေးနဲ့ထိုး သတ်တာ အဘိုးကြီးသေသွားပြန်ရော။ ဘီလူးဝိညာဉ် ထွက်ပြေးပြန် ရော။ ရှင်တြိပိဋ္ဋက ရောက်လာတော့ မျောက်ကြီးကို ဆူပြန်တယ်။ ဒဏ် ခတ်ပြန်တယ်။ နင်ဟာ သမီးလဲသတ်၊ အမေလဲ သတ်၊ အဖေလဲသတ် တဲ့ကောင်၊ နင့်ကို ငါချွတ်တောင် မကျွတ်တော့ဘူး ဆိုပြီး ကြိမ်းမောင်း တယ်။ ဒီတုန်း တိမ်မဲမဲကြီး တစ်ခုပေါ်လာပြီး အဲဒီတိမ်ဆီက စာလွှာတစ် ခုကျလာတယ်။ မျောက်ကြီးက မိစ္ဆာဒိဋ္ဌိဖြစ်တယ်။ ဒီလောက် အကုသိုလ် များတဲ့သူကို ခေါ်ပြီး ဗုဒ္ဓရဲ့ ပိဋ္ဋကတ်တော်တွေ လိုက်ရှာရင် ဘယ်တော့ မှ တွေ့မှာမဟုတ်ဘူးလို့ စာထဲမှာပါတယ်။

ဝက်ကလေးကရော၊ ဆန္ဒကရော ဒါဟာ ဘီလူးတွေရဲ့ပရိယာယ် နေမှာပါလို့ ပြောပေမယ့် ရှင်တြိပိဋ္ဋက က လက်မခံဘူး။ ဒါနဲ့ မျောက် ကြီး ဆက်လိုက်ခွင့်မရတော့ဘဲ သူ့တိုင်းပြည်မှာ နေရစ်ခဲ့ရတယ်။ ဆန္ဒနဲ့ ဝက်ကလေးကိုတော့ ရှင်တြိပိဋ္ဋကကို စောင့်ရှောက်ဖို့ တဖွဖွမှာလိုက် တယ်။ မိတ်ဆွေနဲ့ ရန်သူကို ခွဲခြားသိဖို့၊ အဆိုးနဲ့ အကောင်းကို ခွဲခြား သိဖို့မှာလိုက်တယ်။

ရှေ့လမ်းခရီးမှာ ဒီလိုပဲ အခက်အခဲ အမျိုးမျိုးနဲ့တွေ့ရပြီး နောက် ဆုံးတော့ ရှင်တြိပိဋ္ဋက ဘီးတွေ လက်ထဲပါသွားတယ်။ ဆန္ဒက ထွက် ပြေးပြီး မျောက်ကြီးကိုလာခေါ်တယ်။ သူတို့ကို သတ်မဲ့ဆဲဆဲမှာ မျောက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးက သူ့စစ်သည်တွေနဲ့ ဘီလူးပြည်ကို အတင်းဝင်တိုက်ပြီး ရှင်ဘြိပိဋ္ဋက ဝက်ကလေးနဲ့ ဆန္ဒတို့ကို ကယ်ခဲ့တယ်။

ဒီဝတ္ထုမှာ ဘီလူးစည်းနဲ့ လူ့စည်း မခွဲခြားတတ်လို့ ရှင်ဘြိပိဋ္ဋက ဒုက္ခရောက်ရတယ်။ ရန်သူကို မိတ်ဆွေထင်မိလို့၊ အဆိုးကို အကောင်း ထင်မိလို့ ဒုက္ခရောက်ရတယ်ဆိုတဲ့ သင်ခန်းစာကိုပေးတယ်။

မော်စီတုန်းက ပြန်လည်ပြင်ဆင်ရေးဝါဒကို တိုက်တဲ့အခါကျ တော့ ဒီဝတ္ထုကို ထုတ်လာတယ်။ "ကူမိုးကြိုးသို့ ပြန်ကြားချက်"ဆိုတဲ့ သူ့ကဗျာထဲမှာ ပြန်လည်ပြင်ဆင်ရေးဝါဒ သမားကို "အရိုးဖြူဘီလူး"နဲ့ နှိုင်းတယ်။ ရှင်ဘြိပိဋ္ဋကကို ကြားထဲမှာ တွေဝေနေသူနဲ့ နှိုင်းတယ်။ သူ့ ကို သူတော့ ဘီလူးအသက်ကို ရိုက်တဲ့ မျောက်ဘုရင် "စွန်းဝူကွန်း" နဲ့ နှိုင်းတယ်။

ဒီဝတ္ထုကြီးသုံးပုဒ်ဟာ ကမ္ဘာမှာရော၊ တရုတ်ပြည်မှာရော ထင် ရှားတဲ့ ဝတ္ထုကြီးသုံးပုဒ်ဖြစ်တယ်။

တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေးကာလတုန်းကလဲ လူငယ်တွေ လေ့လာခဲ့ကြတဲ့ ဝတ္ထုကြီးသုံးပုဒ်ဖြစ်တယ်။ ■

**(စာပေလောက၊**

**၁၃၄၁၊ အမျိုးသားစာဆိုတော်နေ့အထိမ်းအမှတ်)**

**မြသန်းတင့်**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com